www.burmeseclassic.com

# ငွေနှယ်စင်မြိုင်


မေကြော့သက်ထားဝေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




ထုတ်ဝေသူ ။ မောင်ဟန်(၁၈၇၆)
ကမ္ဘာလုံးစာပေ
အမှတ် ၂၅၉ နဝဒေးလမ်း
ဒေါပုံ၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ။ ဒေါ်သိန်းဆိုင်(ဝ၁၆၅၂)
မြတ်လေးပုံနှိပ်တိုက်
အမှတ် ၁၂၄၊ မြတ်လေး၏
ပြည်ထောင်စုရိပ်သာလမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

မောင်ကျော်လှိုင်
[illegible]စာပေ
မှ စီစဉ်ထုတ်လုပ်သည်၊

(၃၅)အုပ်မြောက် “စိန်ရတု” အထိမ်းအမှတ်

# ဇေနံ့နွယ်ရင်ပြင့်



## မေနကြာသက်ထားဝေ

www.burmeseclassic.com

www.burmeseclassic.com

"ခွေးတွေဟောင်လိုက်တာ၊ မိုးကလဲ အရမ်းသဲလို့၊ ဦးလေးထူး ... ခြံတံခါးပိတ်မထားရသေးဘူးနဲ့တူတယ်"

"စိုး" က ခလုတ်တစ်ခုထဲနှိပ်ချလိုက်ရုံနှင့် ပြုထောင့်လေးခုလုံးမှာ ထိန်ကျသွားစေသည့် မီးလုံးကြီးလေးလုံး၏ မီးခလုတ်ကိုဖွင့်လိုက်၏။

"ဟောတော့"

"ပိတ်ထားပြီးပြီ စိုးစိုးရဲ့၊ ဒါပေမယ့် ... ကားတစ်စီးမောင်းဝင်လာနေတယ်၊ သူ့ဘာသာဆင်းဖွင့်ပြီးဝင်လာတာနေမှာပေါ့"

စိုးက ခြံထဲသို့မောင်းဝင်လာသည့်ကားကို

ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



သည်းငွေမှုန်ကြားထဲမှာ တွေ့လိုက်ရသည်မို့ "ဟောတော့" မိခြင်းဖြစ်ပါ၏။

"ဦးလေးထူးကသော့ခပ်မထားဘူးလား"

"စောသေးလို့ကလေးရယ်"

ဟုတ်တော့ဟုတ်၏။ ခုမှ ညနေငါးနာရီခွဲ။ စိုးတောင် ညလုံးပေါက်ဖွင့်သည့်ခြံထဲ မီးတွေမဖွင့်ရသေးပါ။ မှောင်တာကတော့ တော်တော့်ကိုမှောင်နေပြီ။ မိုးသည်းလွန်းလို့ဖြစ်မည်။ ခြံထောင့်လေးခုမှ တစ်ခြံလုံး ထိန်ခနဲလင်းသွားမည့် မီးကြီးတွေက အကြောင်းကိစ္စရှိမှ ထထွန်းတာပါ။ မီးကြီးတွေက ခဏကြာလျှင် ပြန်ပိတ်ဖြစ်မှာမို့ မီးလေးတွေလည်းထွန်းလိုက်၏။ မိုးသံတဝေါဝေါကြောင့် ကားတစ်စီးလုံးမောင်းဝင်လာသံကိုတောင် မကြားရပါ။ ပေါ်တီကို မီးထိန်ထိန်အောက်မှာ ကားကထိုးဆိုက်လိုက်သည်။

"ဦးလေးထူး"

ဖေဖေရှိစဉ်ကထဲက ဖေဖေ့တပည့်လည်းဖြစ်၊ ဆွေရိပ်မျိုးရိပ်လည်းမကင်း၊ အတူနေကြာ လူယုံကြီးမို့ ခြံထဲနှင့်အိမ်ကြီးပေါ်မှာ တစ်နေကုန်နေခွင့်ရသည်။ ညအိပ်တော့သာ ခြံထဲမှသူ့အိမ်ကလေးဆီသို့ ပြန်အိပ်ရသည်။ မနက်စာ၊ နေ့လည်စာနှင့် ညစာကို စိုးတို့သားအမိနှင့် တန်းတူခွင့်ပေးထားသည်။ ဆွေမျိုးသားချင်းလို အားကိုးရသည် စိုးက ဦးလေးထူးကို အားကိုးတကြီးခေါ်လိုက်၏။





"တံခါးကို အရမ်းမဖွင့်နဲ့၊ သမီးကိုလဲ မြင်မသွားစေနဲ့၊ အကွယ်ကကြည့်"

စိုးတို့ညှိခန်းက မီးလုံးတွေအများကြီး၊ ဝပ်..ားတွေအများကြီးထွန်းထားပေမယ့်၊ အလင်းရောင် သိပ်..ရှိပါ။ မီးလုံးတွေက ချောင်ကြိုချောင်ကြားရောက်လိုရောက်၊ ..ျက်နှာကျက်ဆီသို့သာ ပင့်ထွန်းလိုထွန်းမို့၊ စိုးမေမေပြော..လေ့ရှိသည့် ...

"ငွေကုန်ရကြီး၊ မီတာကုန်ရကြီးမနပ်လိုက်တဲ့..ိုက်ဆံဖြုန်းစနစ်" ... ဖြစ်လျက် မှိန်ပျနေ၏။ ပေါ်တီကို..ီးကတော့ တကယ့်ကို ထိန်ပါ၏။ ပေါ်တီကိုမှလှသည် ..ိုးတို့ညှိခန်းကို မှန်တံခါးတစ်ထပ်၊ သံတံခါးတစ်ထပ်ကို ..ွင်းဖောက်လျက် မြင်သာဖို့မလွယ်ပေမယ့်၊ စိုးတို့ကတော့ ပေါ်တီကိုအောက်မြင်ကွင်းကို ထင်းထင်းကြီး ရှင်းစွာတွေ့..နေရသည်။

ပထမဦးစွာ ...

ရှေ့ခန်းတံခါးပွင့်လာသည်။ လူတစ်ယောက်..င်းလာ၏။ အရပ်မြင့်မား၍ ကိုယ်လုံးကိုယ်ထည်တောင့်..င်းသောယောကျ်ားတစ်ယောက်။ မိုးခံဂျာကင်အနက်ရောင်..နှင့် ဂျင်းဘောင်းဘီအနက်ကို တွေ့လိုက်ရ၏။ မျက်နှာကို..မမြင်ရသေးပါ။ ကိုယ်ကိုကိုင်း၍ ကားနောက်ခန်းတံခါးဖွင့်..ပြီး ပစ္စည်းတစ်ခုခုလှမ်းယူနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အော် … ဆွဲချင်းတစ်ခု။

ပလပ်စတစ်ဆွဲချင်း၊ တော်တော်ကြီး၏။ ပြီးတော့ လေးထောင့်ကျလုနီးပါး၊ အလျားရှည်၍ အနံလည်း မတိုသောခြင်းထဲမှာ အဝတ်ပုံဖြူဖြူဖွေးဖွေးကို တွေ့ရသည်။ ခြင်းကို ကားထဲမှထုတ်၍ သူ့ခြေရင်းမှာချ၏။ ပြီးတော့ ထပ်ယူနေပြန်သည်။ ဘာမှန်းမသိ။

ဟိုက်။

အဝတ်ဖြူထုပ်တစ်ထုပ်။ သူ … လက်ဝါးဖက်နှင့်ပွေ့လိုက်ပုံက၊ ကလေးတစ်ယောက်ကိုပွေ့ထားသလို၊ အဝတ်ဖြူ၏ထုပ်ထားပုံကလည်း ကလေးတစ်ယောက်ကို အနှီးများများနှင့်ထွေးထားသလို။ ကားမောင်းလာပါလျှက်၊ ဘာကြောင့်မှန်းမသိ၊ ဦးထုပ်ဆောင်းထားသည်မို့၊ ခုချိန်ထိ သူ့မျက်နှာကို မမြင်ရသေးပါ။ အဝိုက်ကျယ်သော ဦးထုပ်နှုတ်ခမ်းသားက မျက်နှာပြင်တစ်ဝက်ကျော်ကျော်ကို မှောင်ရိပ်ကျနေစေ၏။ အနှီးထုပ်ကို တစ်ဖက်ပွေ့၊ အဝတ်ဖြူတစ်ပုံပါသောခြင်းတောင်းကို တစ်ဖက်ကဆွဲ၊ တံခါးရွက်ကြီးသောမှာကပ်လျက်တပ်ထားသော လူခေါ်လျှပ်စစ်ခေါင်းလောင်းကို မဖိအားတော့သည်မို့ ပါးစပ်ကိုပဲ အသုံးပြုလိုက်ပုံရသည်။

"ရွှေပြည်စိုး"

"ဟင်"

စိုးကို ရွှေပြည်စိုးဟုခေါ်သူက ဤကမ္ဘာမပေါ်မှာ





နှစ်ယောက်ထဲရှိသည်။ သိန်းသန်းထိုက်နှင့်သူဇာဦး။ အဲသည်သူငယ်ချင်းနှစ်ယောက်ဟာ စိုးပါနှင့်ဆိုလျှင် စုစုပေါင်းသုံးယောက်။

စိုးနာမည်က စိုးစိုးရီ။ သူဇာ့နာမည်က သူဇာဦး၊ အဲဒီကောင်နာမည်က သိန်းသန်းထိုက်။ အလွန်ခင်ခဲ့သည့် သူငယ်ချင်းသုံးယောက်။ သူများတွေက "ရှိးသားစွာခင်ပါသည်" … ဟု ဘယ်လောက်ပြောပြော၊ ဘယ်သူမှ မယုံကြည်။

"မိန်းမနှစ်ယောက်က ယောကျ်ားတစ်ယောက်ကိုဝိုင်းကြိုက်နေတာ၊ သိန်းသန်းထိုက်ဆိုတဲ့ကောင်ကတော့ ကံစားကြီး၊ တကယ့်ကိုကံကောင်းတဲ့ကောင်၊ အရင်ဘဝက ဘာလှူခဲ့တဲ့ကံကို ဒီဘဝမှာ လာစားမှန်းမသိ" … တဲ့။

ရစရာမရှိအောင်ပြောကြလွန်းသည်မို့ စိုးနှင့်သူဇာတို့မိဘတွေက မိန်းကလေးရှင်တွေမို့ တားမြစ်ယူရသည်။ အကျိုးနှင့်အကြောင်းနှင့် ဆုံးမသည်။ နားဝင်အောင်ပြောသည်။ မရသည့်အခါကျတော့ ဆူပူကြိမ်းမောင်း၏။ အမိန့်သုံး၏။ ဒီကြားထဲမှာ မခွဲနိုင်မခွာရက်ချစ်ကြသော သူငယ်ချင်းသုံးယောက်အဖို့ကလည်း ဘယ်ဘဝကရေစက်မှန်းမသိ။ တစ်ယောက်ကောင်းစားဖို့နှင့် စိတ်ချမ်းသာဖို့အတွက်ဆိုလျှင် ကျန်နှစ်ယောက်က ကိုယ်ကျိုးစွန့်ဖို့ အဆင်သင့်လိုဖြစ်နေသည်။ လောကအလယ်မှာ ရစရာမရှိအောင် ဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



ခံရသူနှစ်ဦးက စိုးစိုးရီနှင့်သူဇာဦးပါ။

စိုးစိုးရီမိဘတွေက ချမ်းသာသည်။ ရိုးရိုးရှင်းရှင်းပြောရလျှင် "တောသူဌေး"တွေဟု ဆိုနိုင်၏။ ပစ္စည်းဥစ္စာစုဆောင်းရာတွင် အိမ်၊ ခြံမြေဝယ်ဖို့လည်း ဆန္ဒမရှိ၊ စိန်နှင့်ကျောက်မျက်ရတနာတွေလည်း မမက်မော။ ရွှေမှရွှေ။ ရွှေတစ်မျိုးတည်းကိုသာ တန်ဖိုးထားပြီး စုဆောင်း၏။

"ရွှေရှိရင်ငွေရှိတာပဲ" ... တဲ့။

ရွှေသည် ဝယ်ရလွယ်၏။ သိမ်းရလွယ်၏။ ပြန်ရောင်းရလွယ်၏။ ဘဏ်တိုက်လိုနေရာမျိုးသည် ကိုယ်နှင့်တစိမ်းပြင်ပြင်လူသားတွေမို့ ကိုယ့်ပိုက်ဆံတွေသွားအပ်ထားရမှာ စိတ်မချ ... ဟုဆို၏။ ကိုယ့်အိမ်ထဲမှာပဲ ရွှေတွေကို အတုံးလိုက်အတစ်လိုက်စု၏။ ရွှေသူဌေးမလေးစိုးစိုးရီကို "ရွှေပြည်စိုး" ... ဟုခေါ်ကြသည်။

သူတို့သုံးယောက်ထဲမှာ အလိမ္မာဆုံး၊ အပိုးအကျိုးဆုံးနှင့် ဝီရိယအရှိဆုံးက သူဇာဦး။ သုံးယောက်သားဆုံကြတိုင်း သူဇာဦးက အရင်ဆုံးရောက်သည်မို့ သူ့နာမည်ကို "စောသူဇာ" ... ဟု နာမည်ပေးလိုက်ကြသည်။ မိန်းမသားနှစ်ဦးက "ရွှေပြည်စိုး" နှင့် "စောသူဇာ" နာမည်ကောင်းလေးတွေရကြပေမယ့် သိန်းသန်းထိုက်ကျတော့ နာမည်ကောင်းမရရှာ။ မိန်းမသားနှစ်ဦးက ...

"နာမည်ကသာ သိန်းသန်းထိုက်၊ လူတစ်ကိုယ်





လုံးက ဆယ်ပြားပြည့်အောင်မထိုက်တော့၊ နင့်နာမည် ငါးပြားထိုက်" ... ဟု ရယ်စရာလိုလို အတည်ပြောခဲ့သည့်နေ့မှစ၍ ... ရွှေပြည်စိုး၊ စောသူဇာနှင့် ငါးပြားထိုက်ရယ်လို့၊ ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးလို တကယ့်မိတ်ဆွေစစ်တွေဖြစ်ခဲ့ကြပါ၏။ မောင်နှမလိုပါ ... သူငယ်ချင်းတွေပါ ... ဘယ်လိုပြောပြော၊ ဘယ်သူမှမယုံကြည်။ လောကမှာ "ဖြူစင်သောမေတ္တာ" ... ဆိုတာ တကယ့်ကိုရှားပါးထိတ်သုဉ်းခဲ့ပြီလား။ ဒါကို လူသားတွေလက်ခံနားလည်မပေးနိုင်ကြတော့ဘူးလား၊ တစ်မိသားနှင့်တစ်မိသား၊ တစိမ်းတွေချစ်ကြပြီဆိုတိုင်း၊ သမီးရည်းစားတော်ဖို့ လက်ထပ်ဖို့ချည်း ထင်မြင်ကြတာတော့ ဘောင်ကျဉ်းလွန်းသည်ထင်ပါ၏။ နောက်ဆုံးမှာ သိန်းသန်းထိုက်ရော သူဇာဦးပါ၊ ကိုယ့်အိမ်ထောင်ကိုယ်ဦးလေ့မှ၊ သူတို့တွေ၏ ဖြူစင်သောမေတ္တာကို အသိအမှတ်ပြုသူကပြုသည်။

ဒါတောင် ...

"အလကား၊ လူပြောများလွန်းလို့ ဖောက်ထွက်သွားကြတာ" ... ဟု ကဲ့ရဲ့သူက ရှိသေး။ သူတို့အိမ်ထောင်ဘက်တွေက နားလည်ကြလို့သာပဲ။

"ခုဆို ... ငါတို့ဟာ သူငယ်ချင်းသုံးယောက်မဟုတ်တော့ဘူး၊ ငါးယောက်ဖြစ်သွားပြီ"

ရည်းစားထားဖို့ထက်၊ စိပ်ပုတီးစိပ်ဖို့နှင့်ဥပုသ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်၊ သတ်သတ်လွတ်စားဖို့သာ စိတ်သန်နေသူ စိုးကတော့ ဒီတစ်သက်မှာ အိမ်ထောင်ပြုဖို့ သိပ်မလွယ်ပါ။

"နင်တို့ကလေးတွေရရင်၊ ငါက သားထောက်သမီးခံမရှိတော့၊ ငါ့ကို အမေလိုသဘောထားပြီး ပြုစုကြဖို့လဲ မှာထားကြဦး"

စိုးက ပွပွပင်ပင်ပြောရှာ၏။

"ငါတို့သူငယ်ချင်းတွေ တကယ့်ကို ဖြူဖြူစင်စင်ချစ်ခဲ့ကြတာကို လူတွေက မယုံကြဘူး၊ ငါတို့တွေက မွေးတဲ့ကလေးတွေကျရင်တော့ ပေးကိုပေးစားမယ်ကွာ"

ဤအကြံကို စတင်ရရှိသူက "စောသူဇာ"ပါပဲ။ သူက သူများထက်ကို "စော"တတ်သူလေ။

"ဘယ့်နှယ်လဲ" သဉာဏ်။

စိုးက မျက်နှာရဲရဲနှင့် ရှက်နေမိစဉ်မှာ သိန်းသန်းထိုက်က "ဟား"ခနဲ ထအော်၏။

"ဗဲရီးဂွဒ်"

ပြောင်ချော်ချော်ပြောပြီး လက်သီးလက်မောင်းတွေထ,တန်းပြနေပေမယ့် သူတကယ်ပဲ ဝမ်းသာလှိုက်လှဲစွာသဘောတူခဲ့ခြင်းဖြစ်သည်။ ကိုယ့်အိုးကိုယ့်အိမ်တွေနှင့်ဖြစ်သွားပြီးသည့်နောက်ပိုင်းမှာ သူငယ်ချင်းသုံးဦးက တွေ့နိုင်ဆုံနိုင်ချိန် နည်းပါးသွားရ၏။ ဒီကြားထဲ စီးပွားရေးအတွက်၊





ကိုယ့်အလုပ်အတွက်၊ နယ်ပြောင်းသူကပြောင်း၊ နိုင်ငံခြားကို ပညာတော်သင်သွားသူကသွား၊ စိုးကိုယ်တိုင် မြစ်ဝကျွန်းပေါ်ဇာတိမြို့ကလေးမှ သည်ရန်ကုန်သို့ရောက်လာခဲ့ပြီမို့၊ ငယ်သူငယ်ချင်းသုံးယောက် မတွေ့ရတာ သိပ်ကြီးများကို ကြာခဲ့ပြီလေ။

"ရွှေပြည်စိုး"

ဒုတိယအခွန်းကို အသံမြှင့်၍ ထပ်ခေါ်လိုက်သည်။ အသံကိုကောင်းစွာမှတ်မိပေမယ့် ခုချိန်ထိ သူ့မျက်နှာကို သုံးပုံတစ်ပုံပဲ မြင်ရသေးသည်။ မေးစေ့နှစ်ခွလေးက သိန်းသန်းထိုက်ဆိုတာ သေချာပြနေ၏။

"အေး ... အေး"

စိုးက တံခါးချက်ကို ဖွင့်လိုက်၏။

"နေဦးလေ"

ဦးလေးထူးက သေချာချင်သေးပုံနှင့်တား၏။ စိုးအတွက်ကတော့ သေချာပြီးသားပါ။ စိုးခင်လှစွာသော သူငယ်ချင်းငါးပြားထိုက်၏အသံကို စိုး ငါးမိုင်အကွာမှ နားထောင်ရလျှင်လည်း မှတ်မိပါ၏။

"ငါးပြားထိုက်"

စိုးက ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ သိန်းသန်းထိုက်က တစ်ချက် ..., လွန့်လွန့်ပြီး၏။ ခြင်းတောင်းတစ်ဖက်၊ လက်ဆွဲတစ်ဖက်နှင့် အိမ်ထဲသို့ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင်ဘယ်ကလာတာလဲ၊ ဒါကဘာတွေလဲ၊ ခင်မာ ရော"

စိုးက မေးခွန်းတွေ အများကြီးထုတ်လိုက်၏။ ဘာမှန်းသေချာမသိသေးသောအထုပ်အပိုးတွေကို ကြည့်၏။ လှမ်းယူရကောင်းမလားတွေးရင်း လက်တစ်ဖက်ကို ယောင် ရမ်းကမ်းမိတော့ သိန်းသန်းထိုက်က ခေါင်းတစ်ချက်ငုံ့၍ ခြေတစ်လှမ်းဆုတ်သည်။

"ထိုင်လေ"

သိန်းသန်းထိုက် ခေါင်းခါ၏။ စိုးပါမထိုင်ဖြစ် သေးဘဲ၊ ညှိခန်းအလယ်မှာ မျက်နှာချင်းဆိုင်ရပ်ဖြစ်နေသည့် အနေအထားမှာ ဦးလေးထူးပါ ရပ်ဆဲဖြစ်နေ၏။

"သိန်းသန်းထိုက်"

စိုး ... စိုးရိမ်တကြီးခေါ်လိုက်သည်။ လက် တစ်ဖက်ဖြင့် သူ့ဦးထုပ်ကို ပင့်လှန်လိုက်ချိန်မှာ မြင်လိုက်ရ သောသူ့မျက်နှာက ပျက်ယွင်းလွန်း၏။ သိန်းသန်းထိုက်က နီးကပ်စွာ မျက်နှာချင်းဆိုင်ရပ်နေရာမှ နောက်သို့ နှစ်လှမ်း ဆုတ်၍၊ သူ့လက်တစ်ဖက်ဖြင့် ပွေ့ထားသောအဝတ်ဖြူထုပ် ကို တစ်ဆနှစ်ဆ ဆကြည့်လိုက်သေး၏။

"ရော့"

"ဟဲ့"

........................................





စိုး အလန့်တကြား ဆီးဖမ်းလိုက်ရသည်။

"အူဝဲ"

"မြတ်စွာဘုရား"

ကလေးတစ်ယောက်လုံးကို ဒီလိုပဲပစ်ပေးလိုက် ရသလား။ မဖမ်းမိဘဲ လွတ်ကျသွားရင် ဘယ်လိုလုပ်မလဲ အမိုက်ကောင်ရဲ့ဟု ကျိတ်ဆဲရင်း ကလေးကိုကြည့်လိုက်၏။

"ဟင်"

ကလေးက ငိုသံတစ်ချက်ပဲထွက်သည်။

သိန်းသန်းထိုက်ရယ်၊ သူဇာဦးရယ်၊ စိုးစိုးရီ ရယ်၊ ငယ်ငယ်ကထဲက အိမ်နီးပါးချင်းတွေ၊ ကစားဖက် တွေမို့ မိဘချင်းကလည်း ရင်းနှီးသည်။ မိဘတစ်ဦးဦးက အစားအစာပဲဖြစ်ဖြစ်၊ ကစားစရာပဲဖြစ်ဖြစ်၊ အဝတ်အစားပဲ ဖြစ်ဖြစ်၊ ဝယ်ပေးပြီဆိုလျှင် သုံးယောက်စာ တစ်ခါထဲဝယ် ပေးနေကျဖြစ်၏။ သူတို့တွေ ခုနစ်တန်းအောင်စဉ်က ဘာ ယူမလဲဟု ... သူဇာဦးအဖေကမေးတော့ စိုးက ...

"အရုပ်ယူမယ်၊ မွေးကာစကလေးလောက်ရှိတဲ့ အရုပ်၊ လှုပ်လိုက်ရင်ငိုတတ်တယ်၊ သူ့ကိုချီရတာ ကလေး လောက်ပဲလေးတယ်၊ အဲဒါ ... ရန်ကုန်မှာရှိတယ်တဲ့၊ သူ့ ဝယ်ပေးပါ ဦးလေး" ... ဟု ပူဆာခဲ့၏။

"ကြိကြိဖန်ဖန် ... ငါမယူဘူး"

"ငါယူမယ်"

........................................



www.burmeseclassic.com

www.burmeseclassic.com



သိန်းသန်းထိုက်က ယောကျ်ားလေးမို့ ကလေးရုပ်မကြိုက်ပါ။ သူဇာဦးက မိန်းကလေးမို့ ကြိုက်၏။ နှစ်မဲတစ်မဲနှင့် သိန်းသန့်ထိုက်ရှုံးသည်။ သူဇာဦးအဖေက ရန်ကုန်တက်ပြီး တကယ်ရှာဝယ်ပေးခဲ့ရတာ၊ ကလေးရုပ်က မွေးကာစအရွယ်ထက်တောင်ကြီးနေသေးသည်။ ကိုယ်ထဲမှာ ငိုတတ်သောစက်ကလေးနှင့် ဓာတ်ခဲကြောင့် အလေးချိန်က လည်းစီးသည်။

ယောကျ်ားရုပ်တစ်ခု၊ မိန်းမရုပ်နှစ်ခု၊ သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်ခုစီရခဲ့တာမို့ သိန်းသန်းထိုက်အရုပ်က ယောကျ်ားရုပ်ဖြစ်နေရမည်။ ခုတော့ ... ကလေးတစ်ယောက်ကဲ့သို့ ပီပြင်စွာထုပ်ထွေးထားသည့်အနီးပုံလေးထဲမှ ကော်ပြော့ရုပ်လှလှလေးသည် ပြောင်းဖူးမွေးဆံပင်ကောက်ကောက်၊ ဂါဝန်လှလှလေးနှင့် မိန်းမရုပ်ကလေးဖြစ်နေသည်။ စိုး ... အနီးထုပ်ကို သာသာဖြေ၏။ ဘိုမလှလှလေး၏ဂါဝန်လှလှလေး ရင်ဘတ်နားမှာ ရင်ထိုးလေးတစ်ခု။ ရွှေကို နန်းကျစ်၍ အသဲပုံလေးရအောင်ခွေပြီးမှ အလယ်မှာ မြကလေးတစ်လုံးတည်း။ ဒါဟာ ... ဝီရိယကြီးလှစွာသောသူငယ်ချင်းစောသူဇာ၏ ရင်ထိုးလေးပဲ။

"သိန်းသန်းထိုက်"

စိုး ... နားမလည်နိုင်လွန်းစွာ ခံစားရင်း၊ ဘာမေးရမှန်းမသိတိုင်း၊ နာမည်ကိုပဲခေါ်ဖြစ်သည်။ သိန်း





…န်းထိုက်က ဧည့်ခန်းအလယ်မှာ မှဆိုးထိုင် ထိုင်ချ၏။ …လေးထောင့်ပလပ်စတစ်ခြင်းကြီး၏ ကိုင်းနှစ်ခုကိုထောင်ပြီး …ထားသောကြိုးကိုဖြေသည်။ အပေါ်မှအုပ်ထားသော ဇာ…ပါးလေးကိုလှန်သည်။

"အို"

ကလေးလေးပါလား။ နွေးထွေးစွာအိပ်ပျော်နေ…သည့် သက်ရှိကလေးအစစ်ကလေး။

"နင့်ကလေးလား"

"သမီးလေး"

သိန်းသန်းထိုက် ခေါင်းညိတ်၍ဖြေ၏။

"ခင်မာရော"

"သေပြီ"

"ဘာ"

"ငါတို့ လမ်းမှာဒမြတိုက်ခံရတယ်၊ ခင်မာက ကလေးဖေနဲ့၊ ဒမြကို မိုက်မိုက်မဲမဲဝင်လုံးတယ်၊ ခင်မာသေတယ်၊ အဲဒီကောင် ခုထိမဖမ်းမိသေးဘူး၊ ငါ အဝီစိထိ လိုက်သတ်မလို့"

"နေပါဦးဟယ်"

အရုပ် ကလေးထုပ်ကို နီးရာဆိုဖာတစ်လုံးပေါ်…ပ်းတင်လိုက်ကာ စိုးလည်း သိန်းသန်းထိုက်နားမှာ ထိုင်…လိုက်၏။ ချင်းတောင်းထဲမှ ကလေးကိုကောက်ပွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ချစ်စရာလေး"

ခင်မှာ ဘယ်တုံးကသားသမီးရလိုက်မှန်းတောင် မသိပါ။ သိန်းသန်းထိုက်နှင့်ခင်မာနှင့် လက်ထပ်ခါနီးမှာပဲ စိုးဖေဖေဆုံး၍ စိုးတို့သားအမိက ရန်ကုန်မှာ မေမေ့ဆွေမျိုးတွေရှိလို့ ရန်ကုန်ပြန်ပြောင်းလာခဲ့ကြပြီး ဆွေမျိုးအားကိုးနှင့်နေခဲ့ကြတာ။ မင်္ဂလာဆောင်ကိုတောင် ရန်ကုန်ကနေမှပြန်သွားခဲ့ရတာ။ နှစ်နှစ်လောက်ရှိပြီထင်သည်။ သူ့ဇာက သိန်းသန်းထိုက်နောက်မှ မင်္ဂလာဆောင်ဖြစ်သည်။ ခြောက်လလောက်နောက်ကျ၏။ သူ့ဇာ မင်္ဂလာဆောင်တော့ စိုးကမြို့ကို တစ်ခေါက်ပြန်ရသေးသည်။ ဒီနောက်ပိုင်း တစ်ခါမှကို မတွေ့ရတော့တာ။

သိန်းသန်းထိုက်တို့က ကုန်သည်မျိုးရိုးမို့၊ သူ့စီးပွားရေးက ရှမ်းပြည်နှင့် ကုန်ကူးရသည်။ အဲဒီအလုပ်ပဲ သူဆက်လုပ်၏။ အိမ်ထောင်သည်ဖြစ်လာတော့ စီးပွားရေးကို ဇောက်ချရပြီမို့ စိုးတို့ဆီ လာပြုလည်နိုင်တာတွေမရှိတော့ပါ။ စာရေးခြင်း၊ ဖုန်းဆက်ခြင်းဆိုတာတော့ ယောကျ်ားလေးတွေလုပ်တတ်သည့်အရာမဟုတ်သလိုပါပဲ။ စိုးကလည်း စာမရေး၊ ဖုန်းမဆက်ဖြစ်ပါ။ ခင်မာက စိုးတို့နှင့်လည်း ရွယ်တူတန်းတူသူငယ်ချင်းပေမယ့် အစကထဲက သိရုံကျွမ်းရုံသိပ်ခင်ခဲ့တာမဟုတ်ရသည့်ကြားထဲ၊ သူ့ယောကျ်ားကို သူ





ဟုန်နေအောင်ချစ်ကာ မည်သူနှင့်မျှ စိတ်မချ။ ဟိုလူနှင့်သဝန်တို၊ ဒီလူနှင့်သဝန်တို၊ တွေ့ကရာမိန်းမတွေရန်လုပ်ဖြစ်နေသည်ဆိုသောကြောင့်၊ စိုးကလည်း ခပ်အေးအေးပဲနေဖြစ်ခဲ့သည်။ အဆက်အသွယ်ပြတ်သလိုဖြစ်နေခဲ့ရတာကြာပြီလေ။

"ငါပြန်ရောက်တဲ့အချိန်ထိ၊ ဒီကလေးကို နင့်ဆီမှာ ငါအပ်ထားခဲ့မယ်"

"နင်က ဘယ်သွားမှာမို့လဲ"

သိန်းသန်းထိုက် ခေါင်းခါလိုက်သည်။

သူ့မှာ မိဘနှင့်ဆွေမျိုးအသိုင်းအဝိုင်းနှင့်ရှိပါလျက်၊ သူ့မိဘ သူ့ဆွေမျိုးထံတော့မအပ်ဘဲ၊ စိုးလိုအပျိုကြီးတစ်ယောက်ထံမှာ လာအပ်တာ နည်းနည်းတော့ ခွကျနေ၏။

"ပြောတော့သာဒမြ။ တကယ်က ခင်မာ့ရန်သူ။ အေးလေ ... ဒမြလဲဒမြပါပဲ၊ အစကထဲက လူဆိုးပဲဟာ၊ ခင်မာ့ရန်ငြိုးနဲ့ ငါတို့သားအမိသားအဖသုံးယောက်လုံးကို သေစေချင်တာ"

ခင်မှာ ... တော်တော်လေးရှုပ်ခဲ့ဘူးတာ၊ ကြားဘူးနားဝမကပါ။ သိန်းသန်းထိုက်ကိုတောင် တားခဲ့ဖူးသေးတာပဲ။

"နင် ... တွေ့ကရာတွေရှောက်မလုပ်



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ငါ့အိမ်မှာရော၊ ခင်မာ့အိမ်မှာပါစိတ်မချလို့ နင့်ဆီလာပို့တာ၊ တစ်နေ့ လာပြန်ခေါ်မယ်"

ငါးပြားထိုက်ရယ် ... အပျိုကြီးမကို၊ ကလေးပေါက်စတစ်ယောက်တာဝန် ယူနိုင်ရဲ့လားလဲ မမေးမစမ်း။ အေးလေ ... နင့်မိသားစု၊ နင့်ယောကျ်ားမိသားစုထက် ပိုပြီး ငါ့ကိုမှစိတ်ချတယ်ဆိုတာကို ဝမ်းသာလိုက်ပါတယ်။

"ငါသွားမယ်"

"ဟဲ့ နေပါအုံး၊ တစ်ညတလေ အိပ်အုံးလေ၊ မေမေနဲ့လဲတွေ့သွားအုံး"

"ငါ့ကို တရားချမယ့် ... ဘယ်လူကြီးသူမနဲ့မှ ငါမတွေ့ချင်ဘူး"

"နင်က ဘာလုပ်မှာမို့လို့လဲ"

"အင်ဂျီအိုတွင်းထူးပြီး မိုက်မလို့"

"နင် ... မိန်းမစိတ်မွှန်နေပြီ၊ လူဆိုးနဲ့လူကောင်းအသက်ချင်းလဲဖို့ တန်သလား"

စိုးက ကလေးလေးကိုပွေ့ထားရင်း၊ ကလေးအဖေအတွက် တအားကြီးပူလိုက်မိ ၏။

"သူစာရော"

"အမေရိကားမှာ"

"ဒါတော့ သိတာပေါ့"

ဒီကိစ္စ ... သူစာသိမသိ၊ သိချင်တာ။ သူစာ





သိရင်ဘာပြောမလဲ။ သိန်းသန်းထိုက်ကို ဘယ်လောက်ထိ ထိန်းနိုင်မလဲဆိုတာ သိချင်သည်။

သူစာဦးတို့ကကျတော့ ပညာတတ်မျိုးရိုး၊ မြစ်ဝကျွန်းပေါ်သူ မြစ်ဝကျွန်းပေါ်သားအသိုင်းအဝိုင်းပေမယ့်၊ ရန်ကုန်တက်ပြီး ကျောင်းနေကြ၊ ပညာရှင်တွေဖြစ်ကြ၊ တက္ကသိုလ်မှာ ဆရာဆရာမတွေပြန်လုပ်ကြ၊ နိုင်ငံခြားတွေမှာ ဘွဲ့လွန်တွေသွားသင်ကြ၊ လူကြီးပိုင်းတွေလောက်သာ မြို့မှာကျန်၍ လူငယ်ပိုင်းတွေက ရန်ကုန်နှင့်နိုင်ငံခြားတွေမှာများသည်။ သူစာဦးက ဘွဲ့တစ်ခုရပြီး ကျေနပ်ရောင့်ရဲနေပေမယ့်၊ သူ့ယောကျ်ားက ဒီမှာ မဟာဘွဲ့ရပြီးသားကို မကျေနပ်သေးဘဲ၊ နိုင်ငံခြားမှာ ပီအိပ်ချ်ဒီဒေါက်တာဘွဲ့ယူဖို့ ထပ်သွားချင်သည်။ သူစာ့ကို ခေါ်သည်။ ကိုထွန်းသာတို့ အမျိုးတွေက အမေရိကားမှာရှိသည်။

ကျောထောက်နောက်ခံရှိရာ အရင်သွားပြီးမှ၊ အလုပ်လုပ်ဖို့ ကျောင်းတက်ဖို့ ဘယ်တိုင်းဘယ်ပြည်မှာ ဆက်လက်နေထိုင်မည်မသိ။ ရောက်စက သူစာ့ဆီမှ စာတွေနည်းနည်းပါးပါးလာသေးသည်။ ခုမလာတာကြာပြီ။ ကြာဆို ... တော်တော်လေးကိုကြာပြီမို့ မူလလိပ်စာမှာမရှိတော့ဘူးလို့ထင်ပါသည်။

"မနက်မိုးလင်းတာနဲ့ အဆာပြေစားသွားဖို့ပြင်ဆင်ရတယ်၊ ဘရိတ်ဖတ်စ် (Brakefast) မနက်စာဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ပြီးတာနဲ့အလုပ်သွား၊ အလုပ်ထဲမှာပဲ အစာတစ်ထပ်စားရတယ်၊ ဒီမှာတော့ နေ့လည်စာလို့ခေါ်တယ်၊ အဲမှန်က ငါတို့ဆီမှာဆို၊ အိမ်မှာစားခဲ့တာက အဆာပြေ၊ ဒါကမှ မနက်စာဖြစ်ရမှာနေစ်၊ အဲဒါကို ဖြစ်သလိုကြုံသလို၊ ဗိုက်ဝပြီးရော စားတယ်၊ အလုပ်က ပြန်လာပြီးမှ ချက်ပြုတ်၊ ညစာတစ်နပ် လူလိုသူလို စားရတာ၊ စားပြီးတာနဲ့ အချိန်လဲ ညဉ့်နက်နေပြီ၊ လူလဲမောပြီ၊ တီဗီတွေဘာတွေတောင် ကြည့်ချင်စိတ်မရှိဘူး၊ ထိုးအိပ်တာပဲ၊ နင့်ဆီတောင် ဘယ်အချိန်စာရေးရမှန်းမသိဘူး …

"နိုင်ငံခြား၊ နိုင်ငံခြားနဲ့ မြန်မာတွေပါးစပ်ဖျားမှာပြောလို့သာကောင်းတာ၊ နေဖို့ကျတော့ ဇိမ်မရှိဘူး၊ လုပ်နိုင်မှစားရတယ်၊ နည်းနည်းလေးမှ အချောင်ခိုလို့မရဘူး၊ မြန်မာပြည်မှာ ထမင်းပွဲရှေ့ရောက်စားရတယ်၊ ထမင်းစားပြီးထသွားရုံပဲ၊ အခိုင်းအစေအပြည့်နဲ့နေနိုင်သေမယ့်၊ ဒီမှာတော့၊ ကိုယ့်ဘာသာချက်၊ ကိုယ့်ပန်းကန်ကိုယ်ဆေး၊ ဒုက္ခရောက်ပါတယ်ကွာ …

"ကိုယ့်တိုင်းပြည်မှာ ကိုယ်သူဌေးလုပ်ပြီး ဇိမ်နဲ့နေနိုင်ပါလျက်၊ သူများတိုင်းပြည်မှာ ဒုက္ခလာခံကြတဲ့လူတွေကို အံ့သြတယ်၊ တချို့ကျတော့ ပညာကိုမွဲလို့ကိုယ့်တိုင်းပြည်မှာကိုယ်ဆိုက်ကားမနင်းချင်လို့ ဂျပန်





သွားပြီး အိုးတိုက်ပန်းကန်ဆေးတာထားပါတော့၊ ကိုထွန်းသာကျတော့ ပညာမက်လို့ ငါပါလိုက်ပြီး ဒုက္ခ-ခံရတာ၊ ပညာရတဲ့တစ်နေ့၊ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ပြေးလာမှာပဲ …

"တစ်နေ့မှ တစ်နာရီမှမပျော်ဘူး၊ ပျော်နေတဲ့လူတွေအများကြီး၊ ငါတော့ အဲဒီ မြန်မာလူမျိုးတွေကို အံ့တာပဲ၊ မကြာခင် အင်္ဂလန်ကို ပြောင်းမယ်၊ ဘွဲ့ထပ်ယူဖို့ပဲ။ ငါတော့ ဘွဲ့မက်လွန်းတဲ့ကိုထွန်းသာကို အံ့လဲသြပါတယ်။ အဲဒီကျမှ စာထပ်ရေးမယ်၊ ငါးပြားထိုက် ကလေးရပလား၊ ငါတော့ ကလေးမယူနိုင်သေးဘူး၊ ကလေးတစ်ယောက်ကို ကျွေးမွေးပြုစုဖို့၊ အချိန်လဲမရှိဘူး၊ စရိတ်လဲမတတ်နိုင်ဘူး၊ ကိုယ့်တိုင်းပြည်ကိုယ်ပြန်ရောက်မှ၊ မြန်မာလူမျိုးပေါက်စလေးကို မြန်မာပြည်မှာပဲ ငါမွေးမယ် …

"ငါးပြားထိုက်နဲ့ ငါနဲ့က မွေးတဲ့ကလေးချင်း ပေးစားရမှာ၊ တစ်ဦးကို သုံးလေးယောက်စီမွေးရင် တစ်တွဲမချိတ် တစ်တွဲချိတ်ပေါ့ဟာ၊ တစ်ယောက်စီပဲမွေးရင်၊ ယောကျ်ားလေးနဲ့မိန်းမလေးဆို ပေးစားရမယ်၊ မိန်းကလေးချည်း၊ ယောကျ်ားလေးချည်းဆိုလဲ နင်တို့ငါတို့လို သွေးသောက်သူငယ်ချင်းတွေပေါ့ …

"နင်စိတ်ပြောင်းပြီးယောကျ်ားယူတော့မယ်စိတ်ကူးရင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဆီ ဆက်ဆက်ဖိတ်စာပို့နော်၊ ဒါပဲဟာ … ဒီစာတစ်စောင်ရေးချင်လွန်းလို့ အိပ်ရေးဖျက်ပြီး ရေးရတာ၊ မနက်ဖြန်ကျ အလုပ်ထဲမှာ ဘယ်လောက်မှုးနောက်နေလိုက်မလဲ” … တဲ့။

အဲဒီစာဟာ သူဇာ့ဆီမှ နောက်ဆုံးရသောစာပါ။

“ဟဲ့ … သား”

ဦးလေးထူးသွားပြောလာသည့်ထင်ပါရဲ့။ စိုးမေမေက အပေါ်ထပ်မှ ဆင်းလာသည်။

“ဒေါ်ဒေါ်”

သိန်းသန်းထိုက် ကြမ်းပြင်မှာ ဆောင့်ကြောင့်ထိုင်၍ ဦးသုံးကြိမ်ချလေ၏။ ပြီးတော့ … နောက်ကြောင်းပြတ် ချာခနဲလှည့်ထွက်သွားလိုက်တာ …

“ဟဲ့ … နေဦး”

စိုးလိုက်တားပေမယ့် မမီတော့ပါ။ မိုးထဲမှာပဲကားကို ဝေါခနဲမောင်းထွက်သွားတော့သည်။ စိုးပွေ့ထားသည့်ကလေးလေးက အိပ်တုန်း၊ အိပ်မောကျလို့ကောင်းတုန်း၊ သူ့မိခင် လူ့လောကထဲမှာမရှိတော့တာ၊ သူ့ဖခင်က သူ့ကိုတစ်မိန်းတစ်ယောက်ရဲ့ရင်ခွင်ထဲ ထားခဲ့တာ၊ သူ့မိဘဆွေမျိုးအသိုင်းအဝိုင်းတွေနှင့် ကင်းစိမ်းပြတ်တောက်လိုက်ရတာ၊ ဒါတွေကို ဘာမှမသိရှာ၊ အပြစ်မဲ့စွာ အိပ်ပျော်နေရှာလေခြင်းရယ်လေ။





အနှီးထုပ်ပေါ်သို့ … အံကြိတ်ထားသောစိုးထံမှ မျက်ရည်တစ်ပွင့်၊ ဖေါက်ခနဲကြွေလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အိမ်နေရန်အခက်အခဲရှိနေသော အမျိုးသမီး (အပျို)၊ လေးငါးယောက်ခန့် တစ်အိမ်တည်းမှာ စုပေါင်း၍ သွေးစည်းညီညွတ်စွာ နေထိုင်လိုပါသည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံနိုင်ခြင်း၊ ရန်မစွာခြင်း၊ ရန်မလိုခြင်း၊ စိတ်ဓာတ် အဆင့်အတန်းမြင့်မား၍ ကိုယ်ကျင့်တရားလည်း ကောင်းမွန်ကြောင်း၊ ကိုယ့်ကိုကိုယ် ယုံကြည်စွာအာမခံနိုင်သူများ အောက်ပါလိပ်စာသို့ ဆက်သွယ်ပါ။

မေသိဂီရည်
ကမာရွတ်မြို့နယ်





သတင်းစာပါကြော်ငြာက ဆန်းနေသည်။ တချို့က ရုပ်ရှင်ဗီဒီယိုတစ်ခုခုက လူစိတ်ဝင်စားအောင် စတန့်ထွင်တာဟုဆို၏။ တချို့ယုံ၍ တချို့မယုံ။ တချို့ စိတ်ပါ၍ တချို့က စိတ်မပါ။ ဘာပဲဖြစ်ဖြစ် မေသိဂီရည်ထံရောက်လာသူ အမျိုးသမီးဦးရေက ငါးဆယ်ကျော်ရှိခဲ့၏။ မေ ... ရုပ်ရည်ကို ကြည့်သည်။ မျက်ဝန်းကို လေ့လာသည်။ စကားတွေအများကြီးပြောကြည့်သည်။ ကိုယ့်အကြောင်းကိုယ် အကျဉ်းချုပ်၊ လူသိခံနိုင်သလောက်၊ ပြောပြနိုင်သလောက် ပြောပြခိုင်း၏။ ငါးပါးသီလမှာ ဘယ်နှစ်ပါးမြဲလဲဟု မေမေးခဲ့၏။ ငါးပါးလုံးမြဲပါသည် ... ဟုပြောသူများ၊ မုသာဝါဒကံ ... ကျိုးပေါက်ပြီဟု မေယုံ၏။ မမြဲဘဲနှင့်မြဲသည်ဟုပြောလျှင် မုသာဝါဒ။

ဘာကယ်တမ်းမြဲသူများဆိုလျှင် ဒီ့ထက်ပို၍ထိန်းနိုင်ဖို့ တရားကျောင်းရောက်နေပြီ၊ ရိပ်သာရောက်နေပြီ၊ ကြိုးစားနေပြီဟု မေယုံ၏။ မေ ... လူရွေးရင်းနှင့် နောက်ဆုံးမှာ လေးယောက်ပဲကျန်သည်။ မေနှင့်ပါမှ ငါးယောက်။ တော်လောက်ပြီ။ မြန်မာ့မိရိုးဖလာထုံးစံက မိန်းမသားတစ်ဦးတည်းနေလျှင် မသင့်တော် ... တဲ့။ ငါးယောက်နေမည်ဆိုတော့၊ သင့်တော်ပြီ။

"လက်မောင်းသွေး ဖောက်မသောက်ပေမယ့်သောက်ထားတာထက် ပိုပြီးသွေးစည်းညီညွတ်ရမယ်၊ တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်နဲ့တစ်ယောက်ဟာ အမြဲနားလည်ခွင့်လွှတ်နေရမယ်၊ ညီအစ်မချင်းတောင် တူတူနေရင် မတွေ့ကြဘူးဆိုပေမယ့်၊ တို့သူငယ်ချင်းညီအစ်မငါးယောက်ကြားမှာ မတည့်ဘူးဆိုတာ လုံးဝမရှိစေရဘူး"

သည်လိုနှင့် မိန်းမသားငါးဦး အတူနေဖြစ်သွားခဲ့ကြသည်။

မေသိဂီရှည်။

ကြော့ရှင်းခင်။

သက်နှင်းကြင်။

ခင်ထားတင်။

အကြင်နာဝေ။

ခြံဝမှာ ဆိုင်းဘုတ်တစ်ခုချိတ်၏။ "မေကြော့သက်ထားဝေ"။ ငါးယောက်ပေါင်းမှ တစ်ယောက်ဖြစ်သော မိန်းမသားငါးယောက် သူတို့ငါးယောက်လုံးမှာ တူညီသောအချက်တွေရှိနေကြသည်။ သူတို့အားလုံး မိဘမဲ့ကြသည်။ နေဖို့ထိုင်ဖို့ အခက်အခဲဖြစ်နေကြသည်။ ပြီးတော့ ယောကျ်ားတွေကို စိတ်နာနေကြသည်။ ယောကျ်ားတွေကို တစ်ယောက်တစ်မျိုး စိတ်နာလျက်၊ ဟက်တက်ကွဲအသည်းများကို မာနဖြင့် ပြန်လည်ဖာထေးဆက်စပ်ထားကြသော၊ ငါးယောက်ပေါင်းမှ တစ်ယောက်ဖြစ်သည်။ "မေကြော့သက်ထားဝေ"။





ထမင်းစားစားပွဲသို့ ပထမဆုံးရောက်လာသူက "မေ"ပါ။ ခါတိုင်းဆို ... မေက အိပ်ရာထဲ ပျင်းပျင်းနှင့် ဆက်နှပ်နေတတ်မြဲမို့၊ ထမင်းစားစားပွဲမှ ခလုပ်နှိပ်ပြီးပြောလျှင် အခန်းငါးခန်းလုံးသို့ ဝင်သည့်စကားပြောခွက်မှ ...

"စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့ ... တင်းတောင်၊ တင်းတောင်" .. ဆိုသောအသံကိုကြားရမြဲ။ တင်းတောင်၊ တင်းတောင်ဆိုတာ တူရိယာတစ်ခုခု တီးခတ်သံ၊ ခေါင်းလောင်းလှုပ်ခတ်သံမဟုတ်ဘဲ နှုတ်ဖျားမှ အချိုးမကျအော်ဟစ်သံမို့ ပြုံးကြရမြဲ။

"အိပ်ပုတ်ရေ ... ထပါတော့၊ ရောင်နီလာလှပေါ့၊ တစ်ကြော့နှစ်ကြော့ ... တေးကိုသီ၊ ဗိုက်ကဆာလှပြီ" ... ဟူသည့် သံသေးသံကြောင်နှင့် သီချင်းသံကိုလည်းကြားရ၏။ သူက မေတို့အချစ်ဆုံးသူငယ်ချင်းငါးယောက်ထဲမှ "ကြော့"ဆိုသော "ကြော့ရှင်းခင်"။ အဆိုတော်မို့ သူ့လောက်အသံကို ကောင်းအောင်ဆိုနိုင်သူ မေတို့အုပ်စုထဲမှာမရှိပါ။ ပြီးတော့ ... သူ့လိုအသံကို စူးခြစ်ကြောင်စီအောင်လုပ်တတ်သူလည်းမရှိပါ။ သူ အဆိုတော်မို့သာ သူလုပ်ချင်သည့်အသံကိုရအောင်လုပ်နိုင်ခြင်းဖြစ်သည်။ ညဘက်အိပ်ရေးပျက်လည်း မနက်(၆)နာရီဆို သူ ပုံမှန်နိုး၏။ သူ့အရင်ဆုံး ထမင်းစားပွဲသို့ရောက်ကာ ကျန်သူတွေကို[illegible]ရသည်။

မေ့နာမည်အပြည့်အစုံက "မေသိဂီရှည်"။ မေ



www.burmeseclassic.com

www.burmeseclassic.com

က ငါးယောက်ထဲမှာ အသက်အကြီးဆုံးဖြစ်၏။ မေကြော့သက်ထားဝေ ... ဟု ဆိုင်းဘုတ်တပ်ထားသောတစ်ထပ်ခွဲတိုက်ကလေးကို ပိုင်ဆိုင်သူလည်းဖြစ်၏။ ဒီနေ့တော့ ထမင်းစားပွဲသို့ မေ အစောဆုံးရောက်သည်။ ငါးယောက်ထဲမှာ အငယ်ဆုံးဖြစ်သော ဝေ ... သူ့နာမည်အပြည့်အစုံက အကြင်နာဝေ ... သူက ဒီမနက်၊ ဆန်လှော်ဟင်းချက်ပြီး မုန့်ဟင်းခါးဖတ်နှင့်ကျွေးမည်ဟုပြောထားပေမယ့်၊ ခုထက်ထိ အိပ်ရာထဲမှ ထွက်မလာသည်မို့ မေက ... မီးဖိုထဲမှ ပေါက်စမကို စက်ဘီးနှင့်လမ်းထိပ်ထွက်၊ မုန့်ဟင်းခါးသွားဝယ်ချေလို့တောင်ခိုင်းပြီးပြီ။ မုန့်ဟင်းခါးတွေလဲ အဆင်သင့်ဖြစ်နေပြီ၊ ခုထက်ထိ သွေးသောက်ညီအစ်မတွေက မထကြသေး။ မေက စကားပြောခွက်ကို မ,လိုက်၏။

"စောစောအိပ်လို့ ... ခ ... ခ"

ကြော့လို သံသေးသံကြောင်ဖြစ်အောင်လုပ်ဆိုရင်း၊ ကိုယ့်အသံကိုယ်ရယ်ချင်စိတ်ကြောင့် ရှယ်ထည့်လိုက်တော့သည်။

"သဏ္ဍာရာဇ်နှစ်ထောင်ပြည့်တဲ့ထိ မုန့်ဟင်းခါးနဲ့ဆန်လှော်ဟင်းလဲ စားရမယ်မထင်ပါဘူး၊ အိပ်ပုတ်မတွေ၊ ကာလနဂါးတွေ ထကြပါတော့ဗျို့"

ရယ်သံတွေပြန်ကြားရသည်။

"ပေါတော့ ... ဘွာတေး၊ ဇီဝတို့က ကျွေး





ဖို့ဆိုမေ့ပြီ။ ပြဿနာပဲ" ... ဆိုသည့်အသံလည်း ကြားရ၏။ မေ၊ ကြော့၊ သက်၊ ထား၊ နှင့် ဝေတို့ငါးယောက်မှာ ကြော့နှင့်သက် တစ်ခန်း၊ ထားနှင့်ဝေက တစ်ခန်း၊ မေက တစ်ခန်းသပ်သပ်နေ၏။ တစ်ခန်းနှင့်တစ်ခန်းလည်း စကားပြောလို့ရသည်။ ထမင်းစားပွဲမှ လှမ်းနိုးနိုင်ဖို့အတွက် စကားပြောလို့ရအောင်လည်း လုပ်ထားသည်။ မေက အိမ်ပိုင်ရှင်။ ကြော့၊ သက်၊ ထား နှင့် ဝေတို့က မေ့အိမ်မှာ တကယ်တော့ ဘော်ဒါလာနေသူတွေပဲဆိုပါတော့။ မေက အိမ်ကိုပြင်၍ ဘော်ဒါတွေ အများကြီးထားနိုင်ပေမယ့်၊ မထားချင်ပါ။ စိတ်ချင်းသဘောချင်းမတိုက်ဆိုင်သူတွေ ပါလာမှာစိုး၏။ စိတ်တူကိုယ်တူ လေးငါးယောက်ဆိုတော်ပြီ။ မေ ... တစ်ယောက်ထဲနှင့် နေဖို့သင့်တော်လောက်ရုံ ဘော်ဒါရပြီဆိုလျှင် တော်ပြီ။ မေ ... လေးယောက်ပဲ လက်ခံခဲ့၏။ မေနှင့်ဆိုတော့မှ ငါးယောက်။

အိမ်အလုပ်အတွက် အလုပ်သမားနှစ်ယောက်ရှိသည်။ ဒေါ်လေးလှက ထမင်းချက်သည်။ ဈေးသွားသည်။ ပီးပူတိုက်သည်။ ဈေးက တစ်ခါတလေ မေတို့အုပ်စုကလည်း စိတ်ပါလျှင်သွားပေးသည်။ ပေါက်စက လူငယ်မို့ အဝတ်လျှော်သည်။ တံမြက်စည်းလှဲသည်။ တောက်တိုမယ်ရအိုပြေးပါဦး၊ ဒီပြေးပါဦး ခိုင်းရသည်။ ကြော့၊ သက်နှင့်ထားတို့က အိမ်မှ နေ့စဉ်ထွက်ရသူတွေမို့ အိမ်မှုကိစ္စမှာ သိပ်မ



www.burmeseclassic.com

www.burmeseclassic.com



ကျူနိုင်မှာစိုးသည့်အတွက်၊ ပြီးတော့ ... သူတို့က မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နေဖို့ ဝါသနာပါတတ်သူတွေမဟုတ်လို့လဲ အိမ်ဖော်နှစ်ယောက်ငှားထားခြင်းဖြစ်၏။ အားလုံးထဲမှာ သက်က ဝင်ငွေအနည်းဆုံးဖြစ်သူမို့ သက်ကို ညှာကြသည်။ အိမ်စားရိတ်မှာ သက်ကို လျှော့ထည့်စေလျက်၊ ငါးယောက်မျှခံရာတွင် မေက အများဆုံးထည့်ဝင်၏။

မေကြော့သက်ထားဝေဆိုတာ သွေးသောက်ညီအစ်မငါးယောက်၊ တစ်ယောက်၏ကိစ္စ၊ တစ်ယောက်၏ဒုက္ခသောက၊ တစ်ယောက်၏အခက်အခဲပြဿနာ၊ ဆိုတာတွေသည် ငါးယောက်လုံးနှင့်ဆိုင်၏။ မေဆိုတာမရှိ၊ ကြော့ဆိုတာမရှိ၊ သက်ဆိုတာမရှိ၊ ထားဆိုတာမရှိ၊ ဝေဆိုတာမရှိ။ ငါးယောက်ပေါင်းသည် တစ်ယောက်ထဲပဲဖြစ်၏။ ထိုတစ်ယောက်ထဲသည် "မေကြော့သက်ထားဝေ" ဖြစ်၏။ ငါးယောက်ဆိုလဲဟုတ်၊ တစ်ယောက်ထဲဆိုလဲဟုတ်သော မေကြော့သက်ထားဝေ။

"သင်္ကြန်ရာစ်နှစ်ထောင်မှာ လူတိုင်းကျန်းမာတော့မှ တို့ဆန်လှော်ပေါင်းကိုစားတော့ကွာ"

လေးယောက်လုံးရောက်လာကြသည်။ သူတို့အားလုံးပျော်နေကြ၏။ သူတို့မျက်နှာတွေအားလုံး ပြုံးနေကြ၏။ သူတို့ အမြဲလိုပဲ ရယ်စရာစကားတွေကို ပြောကာ ပျော်ပျော်ရွှင်ရွှင်နေကြ၏။ သို့ပေမယ့် ... တစ်ခါတစ်ရံကျ





လျှင်တော့၊ သူတို့ ကြေကွဲနေတတ်သည်။ ဝမ်းနည်းနေတတ်သည်။ မျက်ရည်ကျနေတတ်သည်။ အဲသည်အခါမှာ သူတို့အိမ်ကို မီးမှောင်ချထားလိုက်ကြသည်။ တစ်နေရာရာမှာစု၍ ဖယောင်းတိုင်ကလေးတစ်တိုင်ထွန်းလျက်၊ အလင်းရောင်မှ ထွက်ပြေးနေတတ်ကြသည်။ အမှောင်ထဲမှာ နာကျင်နေတတ်ကြသည်။ စင်စစ် ... သူတို့၏နောက်ကွယ်မှာ ကြေကွဲဝမ်းနည်းဖွယ်၊ နာကျင်နာကြည်းဖွယ်၊ အရိပ်ဆိုးကလေးတွေကိုယ်စီရှိကြလေ၏။ ဒီငါးယောက်သာ တစ်ယောက်ထဲအဖြစ်ပေါင်းမိလိုက်ဘူးဆိုလျှင်၊ ငါးယောက်လုံး တစ်ယောက်လျှင်အစပေါင်းများစွာ ပုံထွက်လွင့်စင်သွားနိုင်လောက်၏။ ခုတော့သူတို့စုစည်းမိသွားကြသည်။ သစ္စာဆိုကြ၏။ သူတို့သည်သွေးသောက်ညီအစ်မငါးယောက်မို့၊ တစ်ယောက်ထဲလို့ပြောလျှင်လည်းရ၏။ ငါးယောက်ပေါင်းမှ တစ်ယောက်ဖြစ်သော "မေကြော့သက်ထားဝေ" ... ဆိုသည့် ကမ္ဘာလေးကို သူတို့ငါးယောက် အသက်နှင့်အမျှ ရှင်သန်တည်ဆောက်ဖို့ ဆန္ဒရှိကြ၏။

သူတို့ငါးယောက် ဆုံဆည်း နေထိုင်ကြပုံကလည်း ဆန်းသည်ဇလ။ မဆန်းဘူးလို့ပြောလျှင်လည်းရ၏။ လောကမှာ အရိုးသားဆုံးသည်သာ အဆန်းပြားဆုံးဖြစ်နေတတ်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မိုးက ဝေါခနဲရွာချလိုက်၏။

မေကြော့သက်ထားဝေမှာ တူညီသောအချက် တယ်ချက်ရှိသေး၏။ မိုးကို ကြောက်ခြင်းပါ။ သူတို့မှာ ဝတ်ဖို့စားဖို့နေဖို့ ဒုက္ခသုက္ခ အကြီးအကျယ်ရောက်လောက်အောင် ပြဿနာဆိုးကြီး၊ လောလောဆယ်မှာ မရှိကြပေမယ့်၊ သူတို့သည် လောကဓံ၏ ရိုက်ပုတ်ထုထောင်ညှင်းဆဲနှိပ်စက်မှုကို တစ်ယောက်တစ်မျိုးခံခဲ့ရသူချည်းဖြစ်၏။ မည်သူမပြု မိမိမှုပါ … ဟုဆိုလျှင် ကိုယ့်ကိုကိုယ် "ကံဆိုးမများ" ဟူ၍သာ အမည်ခံယူလိုပါ၏။ "ကံဆိုးမ" သွားလျှင် မိုးက နောက်မှလိုက်၍ ရွာတတ်မြဲဖြစ်၏။ ထို့ကြောင့် … မေကြော့သက်ထားဝေ … မိုးကို ကြောက်ပါသည်။

သွေးသောက်ညီအစ်မ ငါးယောက်လုံးသည် လောကဓံ၏ ဖိစီးနှိပ်စက်မှုကို ခံခဲ့ကြရသည်ဆိုပေမယ့် ခုတော့ … သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်ပဲဖြစ်၏။ သူတို့ ပျော်နေကြသည်။ ရံဖန်ရံခါ ကိုယ့်ဘဝဟောင်းလေး ကိုယ့်အရိပ်ကလေးက ခြောက်လှန့်မှုကြောင့် နာကျင်ခံစားရပေမယ့် အမြဲတမ်းမှာတော့ သူတို့ ပျော်ရွှင်ချမ်းမြေ့ခြင်းများကိုပဲ အပိုင်ယူထားလိုက်တော့သည်။

လေပြင်းတစ်ချက် တိုက်လိုက်၏။

"ဟောတော့"

လျှပ်စစ်မီးက ပြတ်သွားသည်။ မေက အရေး





ပေါ် မီးချောင်းအိမ်ကိုထွန်း၏။ ကြော့က ဖယောင်းတိုင်ကို ပြန်ဆုံးပြေးယူလိုက်သည်။ အားသွင်းရသောအရေးပေါ်မီး မိုက တစ်ခါထွန်းလျှင် လေးနာရီ ငါးနာရီလောက်သာ ခံ၏။ အားပြန်သွင်းဖို့ကျတော့ ဆယ့်ရှစ်နာရီလောက် အချိန် ယူတတ်သည်မို့ မုန်းဖို့ကောင်း၏။ သက်တို့ မကြိုက်ကြပါ။

"အတော်ပဲ … မီးလာရင်တောင် မှိတ်ပြီး ဖယောင်းတိုင်မီးနဲ့ ကျင်းပမလို့"

"တို့စည့်ခန်းမှာပဲ အားလုံးစုလိုက်ကြမယ်"

အသက်အရွယ်အားဖြင့် နည်းနည်းကြီး၊ များများကြီး၊ နည်းနည်းငယ်၊ များများငယ်လေးတွေရှိကြသည်။ ဒါပေမယ့် သွေးသောက်ညီအစ်မတွေလို၊ သူ ကြီးသည် ငါငယ်သည်တွေ လုပ်မနေတော့။ အားလုံးဟာ တူတူပဲ။ ရွယ်တူပဲ။ ဘယ်သူ့ဘယ်သူမှ အစ်မ,မခေါ်ကြပါ။ မေ၊ ကြော့၊ သက်၊ ထား၊ ဝေ … တစ်ခွန်းစီပဲသုံးသည့် သူငယ်ချင်း ညီအစ်မငါးယောက်လေ။

ဒီနေ့က မေ့မွေးနေ့ပါ။ မေ့မွေးနေ့ကို ဖယောင်းတိုင်မီးနှင့် ညီအစ်မငါးယောက်ထဲ ကျင်းပဖို့၊ ဒေါ်လေးလှနှင့် ပေါက်စကိုလည်း အိပ်ခိုင်းလိုက်ပြီ။ ဒေါ်လေးလှနှင့်ပေါက်စက မီးဖိုနှင့်ကပ်လျက်အခန်းမှာ အိပ်ကြသည်။ သူတို့အခန်းနှင့် ကပ်လျက် နောက်တစ်ခန်းက စတိုခန်းဖြစ်၏။ သူတို့ချက် ပြုတ်ဖို့အတွက် အိမ်မကြီးနှင့်မပတ်သက်ဘဲ စီစဉ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းမှ မီးဖိုခန်းသို့ဝင်သော အဆောင်တံခါးကို ဒီ ဘက်မှ ဂျက်ထိုးပိတ်ထားလိုက်လျှင် လုံးဝ တခြားစီဖြစ် သွားတော့၏။

"ဒေါ်လေးလှနဲ့ပေါက်စ၊ ဒီနေ့ညနေစာ မေဝတို့ အတွက် ထမင်းရောဟင်းပါ မချက်နဲ့နော်၊ ဒေါ်လေးလှတို့ တူဝရီးပဲ ချက်စားကြတော့" ... ဟု မှာပြီးသားမို့ ချက် ပြုတ်စားသောက်ပြီးစီးသော ဒေါ်လေးလှနှင့်ပေါက်စတို့လည်း အိပ်ပြီ။

"မေက ဖာလူဒါငါးထုပ်ဝယ်ထားတယ်၊ ကူလ်ဖီးငါး တောင့်ဝယ်ထားတယ်"

"ကြော့က မြီးရှည်ငါးပွဲနဲ့ တို့ဟူးသုတ်ငါးပွဲ ဝယ် လာတယ်"

"သက်က အအေအင်တီဖရုတ်ကီတ်တစ်လုံးနဲ့ ယုဇန လက်ဖက်ထုပ် အလုံအလောက်၊ နေကြာစေ့အလုံအ လောက်"

"ထားက ... ဖရုံစေ့အလုံအလောက်။ မီးလေး၊ ချစ် ချစ်၊ ကိုကြီး၊ ရှမ်းမ၊ ကျွန်မချစ်သူ၊ စိန်သုံးလုံး ကျီကုန်း ... ယိုစုံများ အလုံအလောက်ဝယ်လာ တယ်"

"ဝေက ဘဲကင်တစ်ကောင်ဝယ်လာတယ်၊ ဒေါ်လေးလှ က ကော်ဖီတစ်ကရားဖျော်ပေးသွားတယ်၊ ဖာလူဒါ





နဲ့ ကူလ်ဖီးတွေ ရေခဲသေတ္တာထဲထည့်ပေးသွားတယ်၊ သူတို့အလှည့်ကျမှ သွားထုတ်ယူလိုက်မယ်၊ ပေါက်စ က သူ့မမမေ့အတွက် မွေးနေ့လက်ဆောင်တဲ့ ယိုး ဒယားကလာတဲ့ ဆားငံသီးတစ်ဗူးပေးသွားတယ်၊ ဒေါ် လေးလှရဲ့လက်ဆောင်ကတော့ ပိုကာဆယ်ဗူး"

ကလေးတွေလို လက်ခုပ်တီးလိုက်ကြ၏။ တွေ့ ကရာတွေ မုန့်ပေါက်စနီးပေါက်စနတွေ စားချင်သည်ဟု မေ ကပြော၍ သူတို့အားလုံးကြိုက်သော မြီးရှည်၊ တို့ဟူးသုတ် နှင့် ဖာလူဒါ၊ ကော်ဖီတို့ ပင်တိုင်ထားပြီး အရံစားစရာတွေ စုံအောင်ဝယ်လိုက်ခြင်းဖြစ်၏။

"မေ့မွေးနေ့ အကျွေးအမွေးတွေက ရယ်ရတယ်"

"စားချင်လွန်းလို့ ငိုနေတဲ့သူတွေတောင်ရှိနိုင်တယ်"

"မိုးညမှောင်ထဲမှာ ဖယောင်းတိုင်လေးနဲ့နေရတာ ကဗျာ ဆန်တယ်နော်"

"ညကလေးက လှသွားတယ်"

"မေ့ကိုပေးမယ့် မွေးနေ့လက်ဆောင်တွေ ထုတ်ကြကွ"

ဧည့်ခန်းကြမ်းခင်းကော်ဇောပေါ်မှာ အားလုံး ဝိုင်ချပြီး စားစရာတွေကို တချို့က ဗန်းထဲထဲ့ပြီး ကော်ဇော ပေါ်ပဲချသည်။ တချို့ကျတော့ စားပွဲပုကလေးများနှင့်တင် သည်။ ပတ်ပတ်လည်မှာ ဝါဆိုဖယောင်းတိုင်တွေတိုင်ထွန်း လိုက်၏။ မေ့အတွက် မွေးနေ့လက်ဆောင်လေးတွေကို မေ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာချလိုက်ကြသည်။

"မွေးနေ့ တရာ့နှစ်ဆယ်တိုင်ပါစေ"

"များလွန်းတယ် နည်းနည်းလျှော့၊ မေက သိပ်လောဘမကြီးပါဘူး၊ ရှစ်ဆယ်လောက်ဆိုတော်ပြီ"

"ဒါဖြင့်လဲ မွေးနေ့ရှစ်ဆယ်တိုင်ပါစေ"

သူတို့ ရယ်လိုက်ကြ၏။ သူတို့မှာ အယူသီးတာတွေဘာတွေမရှိ။ တစ်ယောက်နှင့်တစ်ယောက် ဘာပြောလို့မှလည်း မနာကြ။ စိတ်ညစ်စိတ်ဆိုး စိတ်အနှောင့်အယှက်ဖြစ်တာမျိုး မရှိကြ။ တစ်စိတ်ဝမ်းတစ်လက်ညီ။

"ဒါ ... ဘယ်နှစ်နှစ်မြောက်မွေးနေ့လဲလို့ မမေးကြတော့ဘူးလား"

"မမေးတော့ဘူး၊ ပေါက်ကြားမှာစိုးလို့"

"ဘယ်သူမသိစေချင်လို့လဲ"

"သေမင်းအပါအဝင် ဘယ်လူသားမှမသိစေချင်ဘူး၊ သက်လဲ မသိချင်ဘူး၊ မေလဲ သတိတရဖြစ်မနေစေချင်ဘူး"

"အကောင်းဆုံးပဲ"

"ကြော့တို့ တစ်သက်လုံးနေသွားနိုင်ရင်ကောင်းမယ်နော်"

"ဘာလို့မနေနိုင်ရမှာလဲ"

"တစ်ယောက်ယောက်က ဖောက်ပြီးစွံသွားရင် မေ





ကြော့သက်ထားဝေဆိုတဲ့ နာမည်လှလှလေးပျက်ပြီပေါ့၊ ဘယ်စာလုံးက စပျက်မယ်မသိဘူး"

"မဖောက်ကြေး"

"စိန်တယ်"

"ဖောက်ပြီဆိုရင်လဲ ငါးယောက်လုံးဖောက်နိုင်တဲ့နေ့မှာမှ အတူတကွ ဖောက်ခွင့်ရှိတယ်"

"အရမ်းကောင်းတယ်"

"သဘောတူလား"

"တူသလားမမေးနဲ့၊ တူလွန်းလို့ တူတောင်ကိုင်ထားပြီ။ မြီးရှည်က စစားမယ်"

"အချိုရည်လေးနဲ့တောင် အာမစွတ်တော့ဘူးလား"

"စားရင်းသောက်မှာ"

"သနားစရာပဲ၊ အစားအသောက်ပျက်ရှာတယ်"

"မေမေရှိတုံးကပြောတဲ့ ... အိပ်လို့ရယ်မပျော် ... ဆင်အော်လို့မနိုး။ စားလို့ရယ်မဝင် ... ဆန်တစ်ပြည်ချက်တောင်မှမဝချင် ... ဆိုတာမျိုးထင်ပါရဲ့"

"ကြော့နဲ့ဝေက အလုပြရတဲ့သူတွေ လျှော့စားနော်၊ အဲဒီခွဲတမ်းတွေ ထားတာဝန်ယူလိုက်မယ်"

"ရှင်ကကျတော့ရော ... အလုပြင်ဆရာမကိုယ်တိုင်က ခါးတုတ်ကြီးနဲ့ဆိုရင် ဘယ်သူကလာပြီး မိတ်ကပ်လိမ်းချင်တော့မှာလဲ၊ ထားရယ် ထားနာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သက်တာဝန်ပဲထားပါ၊ သက်က အလှပြစရာမလို ဘူး"

"မေ့မွေးနေ့ပဲကွယ်၊ မေအားလုံးကို စားပစ်လိုက်မှာ ပေါ့"

"စကားနည်းနည်းပြော၊ အစားနဲ့လက်တွေ့ပြ"

"အဲဒါအကောင်းဆုံးပဲ"

သူတို့ဖန်ခွက်တွေထဲ ပိုက်ဘ်ပူးတွေဖောက်ထည့် ရေခဲတုံးထည့်ပြီး၊ မြီးရှည်က စား၏။

"တို့ဟူးသုတ်ဆက်လိုက်မယ်၊ ဘယ့်နှယ်လဲ"

"ဂွဒ်အိုင်ဒီယာပါပဲ"

ဗိုက်ဝံသည့်အစာနှစ်မျိုးကို ဆက်တိုက်သွင်း လိုက်သည်မို့ ဗိုက်က တော်တော်တောင့်သွားကြသည်။

"ကော်ဖီသောက်မယ် ... ကော်ဖီသောက်ရင်း ကိတ် မုန့်စား၊ ဘဲကင်လဲစား၊ ဘဲကင်စားပြီး ကော်ဖီသောက် ရတဲ့အရသာကို ကော်ဖီသမားတွေပဲသိတာ"

"ဖြေးဖြေးချင်းနော်"

"မိုးအလင်းနေကြမှာပဲဟာ၊ အစီအစဉ်ကိုပြောတာ၊ ပြီး ရင်၊ ကူလ်ဖီး၊ ပြီးတော့ ဖာလူဒါ"

"လက်ဖက်နဲ့ ပါးစပ်အငြိမ်မနေနိုင်လို့ ဝါးရမယ့် ပစ္စည်းတွေက နောက်ဆုံးပိတ် အိတ်နဲ့လွယ်"

"တူတယ်"



"တူကဏ္ဍက ပျောက်ဆုံးသွားပါပြီ။ အခု ကော်ဖီ သောက်တော့မလို့"

"ပြီးရင် မေက မွေးနေ့လက်ဆောင်ပြန်ပေးမယ်"

"တန်ဖိုးမသေးစေနဲ့နော်"

"ဘယ်သေးလိမ့်မလဲ၊ မေ့ဘဝကိုပေးမှာ"

"ဘုရားရေ"

"သက်စေ့သပ္ပါယ်လဲ အလှူငွေကန့်သတ်ချက်မရှိပါ ဘူး"

"စိန်ရောင်းနေပါတယ် ကန်စွန်းရွက်သယ်က မီးရ ထားသံလမ်းပေါ် ကန့်လန့်ခံမနေပါနဲ့"

"သေချင်တယ်"

"စောများနေမလား"

ဝါးခနဲ ရယ်လိုက်ကြသည်။

"မေတို့ အတူတူနေလာကြတာ ... တစ်နှစ်ရှိခဲ့ပြီ။ စတွေ့ကထဲက ကိုယ့်အကြောင်းကိုယ်သဘောလောက် အပေါ်ယံလောက်ပဲ ပြောခဲ့ကြတာ၊ စိတ်ချင်းညီမယ် ထင်လို့ တူတူနေခဲ့ကြတာ၊ ညီလဲညီတယ်။ နေရတာ လဲပျော်တယ်။ ဒီနေ့ ... မေ့မွေးနေ့မှာ မေ့ကို မွေး နေ့လက်ဆောင်ဝိုင်းပေးကြတော့ ... မေကလဲ [illegible] နေ့လက်ဆောင်အဖြစ်၊ မေ့ဘဝကို ပြောပြမယ်။ [illegible]ဟာ လူ့လောကမှာ ဘာဖြစ်လို့ အထီးကျန် [illegible]ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲဖြစ်ဖနေရသလဲဆိုတဲ့အကြောင်း"

မိုးက ပိုသည်းလာ၏။ တံခါးတွေ အားလုံး ပိတ်ထားပေမယ့် မှန်တံခါးကို တဖြန်းဖြန်းလာပက်သော မိုးသံက ဆူညံ၏။ မေက အသံနည်းနည်းမြှင့်၍ပြောရသည်။

"တစ်ယောက်ယောက်သာ ချောင်းနားထောင်နေရင်တော့ ကြားပြီ"

"ဘယ်သူက လာချောင်းမှာလဲ၊ ဒီအချိန်"

"အမေ့"

ဗီဒီယိုကြည့်လျှင်တောင် မင်းသမီးဒုက္ခရောက်ခန်းမှာ မျက်ရည်ကျတတ်သည့်ထားက လန့်အော်၏။

"တယ်လီဖုန်းပါကွယ်၊ ဗန္ဓုလမြေးရယ်"

အနီးဆုံးဖြစ်နေသော ကြော့က လှမ်းကိုင်လိုက်၏။

"ဟုတ်ပါတယ် … မေ့ကြော့သက်ထားဝေပါ"

"ရှင်"

"ဘာ … မောင်ပျော့ချက်နားပေ … ဟုတ်လား"

ဝါးခနဲ ဝိုင်းရယ်ပေးလိုက်ရင်း၊ သက်က လက်ကို တို့၍ ခပ်တိုးတိုးပြောသည်။

"ပျော့ရတဲ့ကြားထဲ ချက်နားမှာပေနေတာဆိုရင် အီးအီးပဲဖြစ်မယ်"

ဝိုင်းရယ်ကြပြန်၏။





"တိုးတိုးကွ … ဒီမှာ ဘာမှမကြားရဘူး၊ ဟိုဘက်ကပြောချင်တဲ့ဆန္ဒရှိသေးရင်လဲ အော်ပါ၊ မိုးသံနဲ့ မကြားရလို့ပါ"

"တူတူပဲ၊ မေကြော့သက်ထားဝေဆိုတာ တစ်ယောက်ထဲဆိုလဲဟုတ်ပါတယ်၊ ငါးယောက်ဆိုလဲ ဟုတ်ပါတယ်"

"ဘယ်သူ့ကိုပဲ ပြောချင်ချင် … ရပါတယ်၊ ပြောပါ"

"ချစ်တယ် … အော် … မေကြော့သက်ထားဝေကို ချစ်တယ်၊ ကောင်းသားပဲ၊ မဆိုးပါဘူး၊ တစ်ဖက်သတ်စိတ်ကူးလေးနဲ့ အိပ်ရေးဝအောင်အိပ်လိုက်ပေါ့"

"ခုပြောနေတာ … မေကြော့သက်ထားဝေ"

"ဝိုင်းရယ်နေတာလဲ မေကြော့သက်ထားဝေပဲ"

"တစ်အိမ်လုံးမှာ မေကြော့သက်ထားဝေ ငါးယောက်တိတိရှိပါတယ်၊ ဟုတ်ကဲ့ … ဆင်တူကြီးတွေ"

မေက "ငါးမြွာပူး" … ဟု ဝင်အော်ပေးလိုက်သည်။

"ဟုတ်ကဲ့ရှင့် … စုံစမ်းထားပါ့မယ်။ ကျေးဇူးပါပဲ၊ ရှင်နဲ့စကားပြောလိုက်ရတဲ့အတွက် ဗိုက်တော်တော်ချောင်သွားပါတယ်၊ မကြာမီအချိန်အတွင်းမှာ ကျွန်မဟာ ဖရုကီတ်တစ်ချပ်ကို ထပ်စားနိုင်ပါတော့မယ်"

"ဟုတ်ကဲ့ … ဂွဒ်နိုက်၊ ဒါပေမယ့် … ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီမှာတော့ ဒါ့ခ်ိနိုက်ဖြစ်နေတယ်၊ မီးမလာဘူး၊ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ နောက်ဘယ်တော့မှ မဆက်တော့ရင် ပိုပြီးကျေးဇူးတင်ပါတယ်၊ ဒါပဲ … ဒါပဲ"

ကြော့က ဖုန်းချလိုက်၏။

ဒါမျိုးက မေကြော့သက်ထားဝေမှာ ရိုးနေပြီ။ မိန်းမသားတွေချည်းနေသည့်အိမ်၏ တယ်လီဖုန်းနံပါတ်ကို ဘယ်လိုအကြားအမြင်ရပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ ရသွားကြသည်မသိပါ။ အချင်းချင်းပင် ပြန့်ပွားကုန်ကြသလား မသိ။ တစ်နေ့ လေးငါးခါဆိုသလိုတော့ ဖုန်းဆက်ပြီး ရည်းစားစကားပြောတာကို ခံရသည်ချည်းပဲ။

"မေရေ … ဖုန်းပိတ်ထားလိုက်တော့မယ်"

မေက ခေါင်းညိတ်၏။ မေ့မျက်နှာလေး ညှိုးနွမ်းကျသွားတာကို ဖယောင်းတိုင်မီးနှင့်ပေမယ့် မြင်သာ၏။ မေကြော့သက်ထားဝေဆိုတာ၊ ဒီလိုပါပဲ၊ ဘဝရေစီးမှာ အထိန်းအကွပ်မဲ့စွာမျောပါမသွားလိုသူများမို့၊ ကိုယ့်ဘဝလေး ကိုယ်ပျော်အောင်နေကြရပေမယ့်၊ စိတ်ဆန္ဒအတိုင်း ပြုမူနေထိုင်ပါဆိုလျှင်၊ စက္ကန့်နှင့်အမျှ နွမ်းယိဆွေးမြေ့လျက် မျက်ရည်စက်လက်နှင့်နေကြရမည့်သူတွေချည်းပါ။ အဲသည်လိုမှ ငိုမနေချင်လျှင်တော့၊ လူသတ်ချင်လောက်အောင် စိတ်ဆိုးဒေါသထွက်ပြီး အံတကြိတ်ကြိတ် လက်သီးတဆုပ်ဆုပ်နေကြရမည့်





သူတွေဖြစ်ပြန်၏။

မေ့က … တက်တစ်ချက်ခေါက်လျက် အံကြိတ်ပစ်လိုက်လေ၏။

တစ်ရက်ငှားခ(      )ကျပ်
ညှစ်ပေ-စုတ်ပြဲ-ပျောက်ဆုံးလျှင်
တန်ဖိုးနှစ်ဆပေးလျော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

လောကထဲမှာ မေပိုင်ဆိုင်တာဆိုလို့ ဒီခြံနှင့် ဒီတိုက်ကလေးတစ်လုံးပဲရှိသည်။ မေ့မှာ အမေမရှိပါ။ အဖေလည်းမရှိပါ ... ဟု ပြောရမလား၊ ရှိသည်ဟုပြောရမလား။ ရှိတော့ရှိနေသည်။ ဤကမ္ဘာမှာ အသက်ရှင်လျက်တော့ ရှိနေသေးသည်။ သို့ပေမယ့် ... မေ့ဖခင်အဖြစ်နှင့် မဟုတ်တော့ပါ။

ရွှေလှ၊ ငွေလှနှင့် စိန်လှဆိုသော သားသုံး





ယောက်တို့၏ဖခင်အဖြစ်နှင့် တည်ရှိနေပါသည်။ မေ့မိခွေး ပင်တင်နီက သူ့နာမည်ကျတော့ မရိုးမဆန်း ခေတ်မီပါ လျက်၊ သားတွေကျမှ ရွှေလှ၊ ငွေလှ၊ စိန်လှရယ်လို့ မှည့် တာ ဘာသဘောမှန်းမသိသလို၊ ဖခင်မေတ္တာဆိုတာကိုလည်း ဘာသဘောမှန်း မေ နားလည်ဖို့ခက်ခဲနေရပါပြီဆိုလျှင်၊ မေ ရဲကြီးမှာလား၊ ဖခင်ဂိုဏ်းသင့်မှာလား။ အဖေ့ကို ဝေဖန်ရ မှာ မေ ကြောက်လှပါသည်။ သို့ပေမယ့် ... မေ့ကို တစ် ယောက်ထဲ ချန်ရစ်ခဲ့ရက်သူက "အဖေ" သာတည်း။

"အမေရယ် ... အမေရယ် ... "

အမေ့ သက်မဲ့ကိုယ်ခန္ဓာကို ဘယ်လိုပင် ကိုင် လှုပ်ပေမယ့် အမေ ရွှေပါမလာနိုင်တော့ပါ။ အမေသည် လောကအလယ်မှာ မေ့ကို အဖေ့ဆီမှာ စိတ်မချစွာ အပ်နှံ လျက်၊ သံသရာခရီးကို ထွက်သွားခဲ့ပေပြီ။ အမေ ... အမေ့ကို ကျွန်မ ဘယ်တော့မှ ပြန်မတွေ့နိုင်တော့ဘူးနော်၊ အမေ့စကားသံကို ဘယ်တော့မှ မကြားနိုင်တော့ဘူးနော်။ မပိုးမကျိုးလေခြင်းရယ်လို့ ဆူပါဦးအမေရယ်။ အမေ တ ပွတ်တွတ်သင်ကြားခဲ့စဉ်က နားပူလွန်းလို့ ညည်းညင်ခဲ့ဘူး ပေမယ့်၊ ခုချိန်ကျတော့ ... အမေ့ ဆူပူမောင်းမဲသံလေး ကိုကြားချင်လှပါတယ်အမေ၊ ကျွန်မကို ထဆူပါဦး။

အမေ့ဆွေမျိုးတွေက နယ်မှာမို့ ကုန်းစစ်တန် ရေတစ်တန်လာကြရမည်။



www.burmeseclassic.com

www.burmeseclassic.com



"သေတဲ့သူကသေပြီ၊ ဘာလုပ်တော့မှာလဲ"

"ဆွေမျိုးတွေက နောက်ဆုံးအနေနဲ့ တွေ့ချင်မှာပေါ့ ကိုဘလုရယ်"

"တွေ့တော့ရော သေတဲ့သူက ထပြီးစကားပြောနိုင်မှာမို့လို့လား"

"သေမှတော့ ဘယ်သူက ပြောနိုင်မှာလဲကွ၊ အဲဒီအလောင်းကိုပဲ ကြည့်ချင်တယ်ကွာ၊ ဘာဖြစ်လဲ၊ မင်းက အလောင်းတောင်မပြချင်တော့ရလောက်အောင် ဘာဖြစ်နေတာလဲ"

အဖေ နည်းနည်းပါးပါးရှိန်ရသော အဖေ့ဘကြီးက မနေသာဘဲ ဝင်ဟောက်တော့မှ အဖေ အသံတိတ်သွားသည်။ ဒါတောင် ...

"မိမေ ... နင်ကလဲ ငိုတာ တိတ်တော့၊ နင်သေအောင်ငိုနေလဲ နင့်အမေက ပြန်ရှင်လာမှာမဟုတ်တော့ဘူး" ... ဟု မမဲ့သာမဲ့သာ၊ မေ့ကို လှမ်းမဲ့လိုက်သေးသည်။ ဘကြီးက "မင်းပါးစပ်ပိတ်" ... ဆိုမှ အဖေ ငြိမ်ကျသွားလေ၏။ အမေ့အတွက် . မေက လိုက်ပါသေလုဘနန်း ကြေကွဲဝမ်းနည်းနေချိန်တွင် အဖေက မျက်နှာလေး တစ်ချက်တောင်မှျ မပျက်ခဲ့ချေ။ ဒါက ကိုယ့်မိသားစုချည်းရှိတဲ့အချိန်မှာလေ။ ဧည့်သည်တွေရှေ့ကျတော့ အဖေက ဟန်ဆောင်ကောင်းပါဘိ။





"သူ့ ဆွေမျိုးတွေစောင့်ရမယ်ဗျာ ... ငါးရက်ထားရမယ်၊ နောက်ဆုံးခရီးမဟုတ်လား၊ တွေ့ရှာကြပါစေ"

အဖေ့မျက်နှာလေး ငယ်နေသည်။

"ဝအောင်ကို ပြုလိုက်ရတာပါဗျာ ..." တစ်နှစ်ခွဲ နှစ်နှစ်နီးပါးအတွင်းမှာ၊ တစ်ညတစ်ညအိပ်ရတဲ့အချိန်က နှစ်နာရီ သုံးနာရီတောင် မပြည့်ဘူး၊ နေ့ဆိုလဲ နေ့ခင်းမို့လို့၊ သမီးလေးလဲ ပင်ပန်းရှာတယ်"

ကျောင်းကိုထွက်ပစ်လိုက်ရတာပါ။ ဆယ်တန်းကျောင်းသူ "မေ" ဟာ လေဖြတ်ထားသောအမေ့ကို စိတ်မချနိုင်လွန်းသည်မို့ အမေ မမာသည့် နှစ်နှစ်နီးပါးအတွင်းမှာ ကျောင်းထွက်လိုက်ရသည်။ မေတို့က ခြံနှင့်တိုက်နှင့်ကားနှင့် ချောင်ချောင်လည်လည်မို့ အမေ့အတွက် သူနာပြုဆရာမကို နေ့ရောညပါ ငှားထားနိုင်ခဲ့ပါသည်။ ငှားလည်းငှားခဲ့ပါ၏။ အဲသည်တုန်းကတော့ မေ ကျောင်းမထွက်ရသေးပါ။

"သမီး ... အမေ့ရင်ထဲ မကောင်းဘူး၊ ညည်းအဖေနဲ့ ဆရာမနဲ့ နေပုံထိုင်ပုံ မဟုတ်ဘူးကွယ်"

"ရှင် ... အမေ"

ဖြစ်မှဖြစ်ရလေ။ အမေ အထင်မှားတာတော့ ဖြစ်နိုင်ပါ။ အမေဟာ မမာမကျန်းမဖြစ်စဉ်ကတည်းက အလွန်သဘောထားသိမ်မွေ့နူးညံ့လျက် သည်းခံရှုတ်နားလည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းကြီးသော အမျိုးသမီးကြီးတစ်ဦးဖြစ်ခဲ့သည်။ အဖေ့ပွဲရုံမှာ အမေက မောင်တစ်ထမ်းမယ်တစ်ရွက် ကူညီခဲ့သည်။ အဖေက ရှေ့မှသွားလျှင် အမေက နောက်မှလိုက်၏။ မိသားစုတာဝန်တွေထဲမှာ မိန်းမသားမို့ရယ်လို့ ကျန်ရစ်နေခဲ့သူမဟုတ်ပါ။ အဲသည်တုန်းကတော့၊ အဖေက အမေ့ကိုချစ်လိုက်တာမှ ခိုက်ခိုက်တုန်။ အမေက အရွယ်တင်သလောက် နုပျိုကာ လှလည်းလှသည်လေ။

အမေ့မှာ သွေးတိုးရှိနေတာ ဆေးပညာဗဟုသုတနည်းပါးကြသည်မို့ မသိကြ။

"ခေါင်းကိုက်တယ်၊ နားထင်နားရင်းတွေက ပူသလိုလိုနဲ့ ခေါင်းနပန်းကြီးနေသလိုပဲ၊ မောလဲမောတယ်"

ဒီလောက်ပြောလျှင် အမေ့ကို အိပ်ရာထဲမှာ နားခိုင်းလိုက်သည်။ အမေက အိပ်ပျော်အောင်အိပ်လိုက်၏။ အိပ်ရာကနိုးလာချိန်မှာ အကြည်လင်အလန်းဆန်းကြီးမဟုတ်တောင် တော်တော်လေး သက်သာနေပြီမို့ ဆေးခန်းသွားဖို့ ဆရာဝန်ပြဖို့ကို သတိတရရှိမနေကြတော့ပါ။ ဘိုင်းဘိုင်းကြီးလဲကျ၊ သတိတွေပါလစ်ပြီဆိုမှ၊ အမေ့သွေးတိုးက အမေ့ကို ဒုက္ခပေးသွားကြောင်း သိရတော့သည်။ မြန်မာလိုတော့ ... လေဖြတ်သည်ပေါ့။ လေဖြတ်သောဝေဒနာရှင်တစ်ယောက်၊ လူတွဲနှင့် ထနိုင်ဖို့၊ မပီသသော်ငြား၊ သူပြောလိုသည့်စကားကို ပြောနိုင်ဖို့ထိ မနည်းကြီး ကြိုးစားလုပ်ယူခဲ့ရတာပါ။





"ဟုတ်ရဲ့လားအမေရယ်၊ အမေက မကျန်းမာတော့ အလိုလို စိတ်ငယ်ပြီး ... "

အမေက လက်ကာ၏။

"မမသိန်းကိုမေး" ... တဲ့။ အမေ့ခမျာ စကားကို များများမပြောနိုင်ရှာ။

"ညည်းက သမီးဆိုတော့ အဖေ့အပေါ် စိတ်ကွက်ရင် ငရဲကြီးမှာစိုးလို့ ညည်းကို အမေက ဘာမှမပြောခဲ့တာ၊ ညည်းအဖေဟာ ဘယ်တုံးကမှ ခြေငြိမ်ခဲ့တာ မဟုတ်ဘူး။ စွဲစွဲမြဲမြဲလဲမရှိဘူး၊ တစ်ယောက်ပြီးတစ်ယောက်။ ညည်းအမေ ... ကိုယ့်အိမ်မှာကိုယ် စိမ်နဲ့ထိုင်မနေနိုင်ဘဲ ပွဲရုံလိုက်နေရတာလဲ ဒါပဲ၊ ပိုက်ဆံရှိရဲ့သားနဲ့ အိမ်ဖော်မငှားဘဲ ကိုယ်ချည်းကျုံးလုပ်နေရတာလဲ ဒါပဲ"

အော် ... ။

မေ ဝမ်းနည်းသွားရသည်။ ကြုံမှဖြစ်ရလေ အမေရယ်။

"ဒီဆရာမကို ဖြုတ်လိုက်တော့၊ နောက်တစ်ယောက်ရှာ ညည်းအဖေကို ကြိုမပြောနဲ့၊ ကိုယ့်သဘောနဲ့ ကိုယ်လုပ်" ... တဲ့။

မေက ဆရာမကိုဖြုတ်တော့ အဖေ့ ... လောင်ပီးကျလိုက်ပုံများ ဝုန်းဒိုင်းကိုကြဲပါရော။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ ငါရှာကျွေးနေတာ၊ ငါ အိမ်ဦးနတ်၊ ငါမသေသေးဘူး၊ ငါ့ကို မတိုင်ပင်ဘဲ ကိုယ့်သဘောနဲ့ကိုယ် ဘာမှမလုပ်ကြနဲ့၊ ငါ့ဆီမှာ ခွင့်တောင်းပြီး ငါခွင့်ပြုမှလုပ်ရမယ်၊ ငါ့သဘောမတူရင်၊ ရိုးရိုးဝင်းကို ဆေးကုဖို့တောင် လုပ်ခွင့်မရှိဘူး၊ ဒါပဲ"

အမေ့ဆီ နေ့တိုင်းလာကြည့်ပေးရှာသောဆရာဝန်အတွက် ခေါကြွနှင့်စမ်းသပ်ခပေးဖို့တောင် ပိုက်ဆံထုတ်မပေးဘဲထားသည်မို့ အမေ သူ့ဘာသာစုသိမ်းထားသောငွေထဲမှသုံးရသည်။ အဲသည်လိုနှင့် ဆရာမ နောက်တစ်ယောက်ခေါ်ပြန်ရော။

"ကျွန်မ အလုပ်ကထွက်ပါရစေ" ... တဲ့။

တစ်ပတ်ပဲကြာလိုက်သည်။ ဆရာမက ထွက်ခွင့်တောင်းလေ၏။

"ဘာများမကျေနပ်တာရှိလို့လဲ ဆရာမရယ်၊ လိုတာရှိရင်ပြောပါ၊ ကျွန်မမှာ ဆရာမရှိတော့ ကျောင်းတက်ရတာ စိတ်ဖြောင့်ပါတယ်၊ အမေကလဲ ဟိုဘက်နဲ့ ဒီဘက်တောင် သူများလှည့်ပေးမှ လှည့်နိုင်တာပါ"

"လိုအပ်လို့ပြောပြမှာနော်၊ မေသီရီ၊ ဘယ်လိုမှမအောင့်မေ့ပါနဲ့၊ ညီမအဖေက အနေအထိုင်မဆင်ခြင်ဘူး၊ ဒီအိမ်မှာ ဆရာမအတွက် အန္တရာယ်မလုံခြုံဘူး၊ ဘာမှထပြီး ကန့်ကွက်တားဆီးခြင်းမပြုနိုင်ဘဲ ငေးကြည့်





ပြီး မျက်ရည်သံာ တွင်တွင်ကျရတဲ့ ညီမအမေလဲ အသေဆောသွားလိမ့်မယ်"

ဒီလိုနှင့်ပြောင်းရပြန်သည်။ ဆရာမ သုံးလေးယောက်ပြောင်းပြီးသည့်အခါမှာတော့ မေက ကျောင်းမှထွက်လိုက်ရတော့သည်။

"သမီးကို သနားလိုက်တာ၊ ပညာရေးလဲ နှမြောလိုက်တာ၊ ဖြစ်မှဖြစ်ရလေ"

အမေငိုရင်း သတိလစ်မလိုဖြစ်သည်မို့ ဆရာဝန်ပြေးခေါ်ရသည်။ အဖေက ... သူနာပြုဆရာမတွေရှိစဉ်က အမေ့အခန်းထဲ တစ်နေ့နှစ်ခေါက်၊ သုံးခေါက်၊ လေးပေါက်ဆိုသလို ရောက်တတ်ပေမယ့် မေကိုယ်တိုင်ပြုစုသည့်အကျိန်မှစ၍ တစ်ခါမျှ ဝင်မလာခဲ့တော့ပါ။

"နင့်အမေ ဘယ့်နှယ်နေလဲ"

မေးဖော်တော့ရသည်။

"နေကောင်းစေချင်လို့မေးတာ မဟုတ်ဘူး၊ မသေသေးဘူးလားလို့မေးတာ"

"ကြီးကြီးရယ်၊ အဲဒီလိုတော့ဟုတ်မယ်မထင်ပါဘူး၊ ကြီးကြီးတို့ကိုယ်တိုင်က အဖေ့ကို မျက်မုန်းကျိုးနေတာတွေလဲပါဝါတယ်၊ အဖေကလဲ ကျိုးလောက်ပါတယ်"

"လောကမှာ ယောကျ်ားတွေဟာ လူမှုရေးဖောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မှုကင်းတဲ့သူ တစ်ရာမှာ ဆယ်ယောက်လောက်ရှိတာ၊ ညည်းအဖေကတော့ ကိုးဆယ်ထဲမှာပါရင်"

"ဟင် … ဒါဆို ကြီးကြီးသိန်းရဲ့အဖေတော်ရော"

ကြီးကြီးသိန်းက အမေ့အစ်မဆုံးကွဲပါ။

"ဘယ်နေလိမ့်မလဲအေ။ ငယ်တုန်းကဆို ငယ်တဲ့အလျောက်ပေါ့၊ ဒါပေမယ့် ကိုးဆယ်ထဲမှာ သူက နောက်လိုက်လောက်ရှိမယ်၊ တော်လွန်းလို့တောမထင်နဲ့၊ ပိုက်ဆံသိပ်မရှိလို့"

ကြီးကြီးသိန်းက ပြော၍ရယ်၏။

"ခုတော့လဲ မီးစာကုန်ဆီခမ်းနေတော့၊ ပုတီးလေးတကိုင်ကိုင်ပေါ့။ ကိုင်သာကိုင်တာပါ၊ စိပ်တာလဲ မတွေ့ပါဘူး … "

ဟေး … ဟေး … ဟုရယ်ပြန်၏။ မေပါ အမေ့အတွက် စိတ်ညစ်ရသည့်ကြားထဲက ရောနှောရယ်မောရင်း စိတ်လက်ကလေးပေါ့ပါးရသေးသည်။

"ကြီးကြီးကလဲ ရယ်နိုင်မောနိုင်ရှိလိုက်တာ"

"ငိုနေရမလားအေ … ငိုလို့သာ ယောကျ်ားတွေသစ္စာရှိကုန်မယ်ဆိုရင်၊ ဒီကမ္ဘာပေါ်မှာရှိသမျှမိန်းမထုကြီးတစ်ရပ်လုံးဟာ ဘာမှမလုပ်တော့ဘဲ မီးလင်းကမီးချုပ် ထိုင်ချည်းငိုနေကြတော့မှာပေါ့။ ညည်းအမေလဲ တူတူပေါ့၊ ငိုယိုရန်တွေ့ခြင်းတို့ တစ်ဖက်မှာ





သွားရမ်းခြင်းတို့ကို ဘာမှမလုပ်ဘဲ၊ ကိုယ့်ယောကျ်ားကို မျက်စိအောက်က အပျောက်မခံတဲ့နည်းကို သုံးလိုက်တယ်။ ခွာမရအောင် ကပ်ထားတယ်၊ ဘယ်သွားသွားလိုက်တယ် …

"မျက်နှာတစ်ချက်မညိုးဘူး၊ ပြုံးပြုံး … ပြုံးပြုံးနဲ့ ပြုစုလိုက်ရတာ၊ ချော့လိုက်ရတာ၊ နောက်မှပေါ်တဲ့ ရွှေကြာပင်ကို ပြန်ပြိုင်ရတာလေ၊ ဘယ်လောက်ပင်ပန်းမလဲ သမီးစဉ်းစားကြည့်၊ ပြီးတော့ … အဲဒါ လုပ်ချင်လွန်းလို့လုပ်နေရတာ ဖြစ်နိုင်ပါ့မလား"

"ရှင်"

အဓိ လိုက်မမီနိုင်သော ပညာရပ်ပါတကား။

"ကိုယ့်အပေါ် ဖောက်ပြန်၊ သစ္စာမရှိတဲ့ယောကျ်ားကို ပါးနားပိတ်ရိုက်ပစ်ချင်တာပေါ့၊ ဒါးနဲ့တောင်ထိုးသတ်လိုက်ချင်သေးတယ်၊ အဲဒါ မိန်းမတိုင်းမှာ ဒီစိတ်ရှိတယ်၊ ဒါပေမယ့် … မိုက်မဲတဲ့မိန်းမတွေသာ စိတ်လိုက်မာန်ပါလုပ်ကြတယ်၊ ဒီတော့ ယောကျ်ားရဲ့စွန့်ပစ်ခြင်းကိုခံရတယ် …

"လင်ပစ်ခဆိုတဲ့နာမည်ထက်ဆိုးတာ ရှိဦးမလား၊ [illegible] တဲ့မိန်းမတွေကတော့ ရင်ထဲမှာရှိတာကို ဖုံးဖိ [illegible] ဖုံးဖိရတာ လွယ်တယ်မမှတ်နဲ့၊ ဓားနဲ့ထိုး [illegible] သလဲ လောက်အောင်မုန်းနေတဲ့သူကို ပြုံးပြနိုင် [illegible] …



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ကမ္ဘာပေါ်မှာ အခက်ခဲဆုံးပါသမီးရယ်"

ကြီးကြီးသ်နှံး မျက်နှာနည်းနည်းညှိုးရှာ၏။

"သမီးမေသိဂီမှာ ဖခင်ဆိုတာရှိနေရမယ်တဲ့။ မေသိဂီအတွက် ပစ္စည်းဥစ္စာပြည့်စုံဖို့ဆိုရင် ဖခင်မလိုပါဘူးတဲ့၊ သူရှာကျွေးနိုင်ပါတယ်တဲ့၊ ဒါပေမယ့် ... လူမှုရေးပေါ့တဲ့။ မိခိုဖနိုသဘသမီးဘဝနဲ့ လောကအလယ်မှာ တင့်တယ်စေချင်တယ်တဲ့ ...

"မိတကွဲဖတကွဲဘဝနဲ့ မျက်နှာမငယ်စေချင်ဘူးတဲ့။ သမီးအဖေက ကွာရှင်းပြတ်စဲစာချုပ်ကို ခဏခဏ လက်မှတ်ထိုးခိုင်းတယ်။ တစ်ယောက်တွေ့ရင် တစ်ခါတိုးခိုင်းတာပဲ၊ ရီရီဝင်းက ဘယ်တော့မှ ထိုးမပေးဘူး ...

"ကိုဘလှ ကြိုက်သလောက်ယူပါ၊ ကျွန်မကတော့ မယားကြီးပါပဲတဲ့။ ကိုဘလှဟာ မေသိဂီရဲ့ ဖခင်ပါပဲတဲ့။ ဒါကို ဒေါသနဲ့မောနဲ့ပြောတာမဟုတ်ဘူး၊ ချော့ကာမော့ကာပြောတာ၊ နှုတ်ခမ်းကပြုံးနေတဲ့အချိန်မှာ နှလုံးသားက မွဲရလွန်းလို့ ငိုကျနေပြီ ...

"ဆရာမနဲ့ အနေအထိုင်စတော်တာကို သမီးပြောပြီး တားခိုင်းရတာလဲ သူ့ယောကျ်ား သူ့သဝန်တိုလွန်းလို့ မဟုတ်ဘူး၊ ဒါမျိုး ရိုးလွန်းလို့ ဟုန်နေပြီ။ တုံနေပြီ။ ဆရာမက အပျိုကြီး၊ ဘဝမှာ နှာမည်ပျက်ပြီး





နစ်မွန်းမှာစိုးလို့ ဆရာမဘက်ကကြည့်ပြီး တားရှာတာ"

"ကြီးကြီးက ခုလိုလာဒိုင်းကူပေးတာ ကျေးဇူးတင်ပါတယ် ကြီးကြီးရယ်"

"ငါတို့မလဲ ... ဝမ်းကွဲဆိုပေမယ့်၊ နီးနီးစပ်စပ် ဒါပဲရှိတာပါအေ၊ ကိုယ်ချင်းလဲစာတယ်၊ လောကမှာ ဝဋ်ကြီးလွန်းလို့ မိန်းမလာဖြစ်ရတာ၊ အကုသိုလ်များလွန်းလို့ မိန်းမဖြစ်ရတာ၊ ယောကျ်ားတွေက မိန်းမတွေကို နှိမ်ပြီးပြောတဲ့စကားတစ်ခွန်းရှိပါတယ် ...

"ဘာတဲ့ ... အင်း၊ မိန်းမဆိုတာ ခွေးထီးလောက်မှ မမြင့်မြတ်ဘူးတဲ့၊ ကြီးကြီး ငယ်ငယ်တုန်းကတော့ ဒီစကားကို ဆတ်ဆတ်ခါနာခဲ့တာပေါ့၊ ခုကျတော့ လက်ခံချင်လာတယ် သမီးရဲ့၊ သိလား၊ ဘာဖြစ်လို့ လဲဆိုတော့ ... ယောကျ်ားနဲ့မိန်းမ၊ ဘူလဲလူအေ မိန်းမလဲလူပဲအေ ... တူတူမှာ ...

"သူက ပိုက်ဆံတစ်ခုပဲရှာတယ်၊ ဒါတောင် ပိုက်ဆံ ပါမရှာတဲ့ယောကျ်ားမျိုးကရှိသေး၊ ထားပါ ... ပိုက်ဆံရှာတယ်လို့ပဲ၊ မိန်းမကျတော့၊ ပိုက်ဆံဆိုလဲဝိုင်းရှာ၊ ထမင်းဟင်းချက်၊ အိမ်ထောင်ထိန်းသိမ်း၊ ဝေချာဝစ္စလုပ်၊ ဒီကြားထဲက၊ ကလေးမွေးရသေး၊ ကလေးမွေးတော့ရော၊ ဘယ်သူက အိပ်ရေးပျက်ခံရသလဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ပင်ပန်းခက္ခများလွန်းလို့ လူက စုတ်ပြတ်ပြီး မပြင်နိုင်မဆင်နိုင်ဖြစ်လာပလားဆိုရင်၊ သူတို့က မျက်စိထဲမလှတော့ဘူးဆိုပြီး အသစ်ရှာတယ်၊ ဒီဘက်ကာမီနီးဖရင်ထဲများ ဝင်ကြည့်စမ်းပါ ...

"ဝုန်းဒိုင်းအုန်းခွမ်း၊ ဂျိန်းဂျလိန်း၊ ဂျုံးဆိုပြီးတော့ကို ပေါက်ကွဲတာ၊ မိုးကြိုးပစ်သံကမှ သက်သာဦးမယ်၊ အဲဒါကိုများ ဖွင့်မပြလိုက်ရဲ။ ဟော ... ကိုယ်တော်တွေက အိမ်ပေါ်က ကျောက်ကော့ဆင်းဖို့ အကွက်လောက် ချောင်းနေတာ ...

"ဒီတော့ ... ဘာလုပ်ရလဲ၊ ရင်ထဲမှာပစ်နေတဲ့မိုးကြိုးကို ရင်ညွှန့် လက်ရုံ့သောက်ပြီးဖိထား။ ရှေ့ကိုယ်တော်တွေကို ပြုံးပြ၊ ဖြီးပြ၊ ချော့ရမော့ရ၊ အဲဒီတော့မှ ကိုယ့်အိမ်ပေါ်ကမဆင်းမှာ၊ ဘာလို့လုပ်ရမှာလဲ၊ သွား ... လို့ ပြောလို့မရဘူးလား ...

"ရတယ်၊ ခေါင်းချနှင်ချလိုက်လို့ဖြစ်တယ်၊ ဒါပေမယ့် ... ကိုယ့်သားသမီးမှာ မိခင်မဲ့ဖြစ်ရမယ်၊ ကိုယ့်မှာ တစ်ခုလပ်မဖြစ်ရမယ်၊ လူမရှိသေရှင်မရှိသေတော့ဘူး၊ အဲဒါကလဲ နည်းနည်းနောနောအရှုံးရာယ်ကြီးမဟုတ်ဘူး၊ ဒါကိုကြောက်ပြီး ချော့ရမော့ရတော့တာပါ သမီးရယ် ...

"ချော့ပြန်မော့ပြန်တော့လဲ၊ ခေါင်းခေါင်းဆိုလေး တော်





တို့အမျိုးက ထီးရိုးရှည် ... ဆိုသလိုပါပဲ၊ ဒါပေမယ့် သူတို့ကျေးရူးမသိတတ်လို့ပါ၊ သူတို့ မင်းယောကျ်ား ဆိုတဲ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတွေကို ဘယ်သူက မွေးတာလဲ၊ ဒင်းတို့အဖေက မွေးသလား ...

"အမေကမွေးခဲ့တာလား၊ ပြန်စဉ်းစားရုံနဲ့ ကိုယ့်မိန်းမကိုယ်၊ ကြာကာလပ်ပေါ်တင်ပြီး စိန်စီထားသင့်ပါတယ်ဒေအ"

"ယောကျ်ားတိုင်း ဒီလိုချည်းပဲလား ကြီးကြီးရယ်"

"ယောကျ်ားတစ်ရာမှာ တစ်ရာလုံး တစ်ယောက်တစ်မျိုးတော့ ဆိုးကြတာချည်းပါပဲ၊ ကိုယ်ကျင့်တရားမထိန်းဘဲ လူမှုရေးဖောက်ပြန်တဲ့ယောကျ်ားကတော့ ကိုးဆယ်ရာခိုင်နှုန်းလောက်ရှိမယ်၊ ကာယကံမမြောက်ရင်တောင်၊ ဝစီကံနဲ့မနောကံတော့ ဘယ်သူမှမကင်းဘူး"

"ဒါပေမယ့် ... မကောင်းဘူး အပြောခံအရေးခံရတာကျတော့ မိန်းမတွေပါလား"

"ဘယ်သူတွေကရေးခဲ့တာလဲ၊ ယောကျ်ားစာဆိုတွေမဟုတ်ဘူးလား"

"ဟုတ်ပါရဲ့၊ အနောက်နန်းမတော် မမြလေးတို့၊ လှိုင်ထိပ်ခေါင်တင်တို့ ဘာဖြစ်လို့ ယောကျ်ားမကောင်းကြောင်းမရေးခဲ့တာလဲ မသိဘူးနော်"

"ကြောက်လို့ပေါ့။ ငါမှရှားတွေမဟုတ်ဘူး၊ အာသတဲ



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာပေါ့၊ သက်ဦးဆံပိုင်ဘုရင်ပဲ"

"ကြီးကြီးသိန်းရယ် ... မေတော့ အပျိုကြီးပဲလုပ်တော့မယ်"

"အဲဒါကျတော့လဲ တစ်ဒုက္ခကွယ့်၊ မိန်းမဟူသည် ထိုကလတ္တိကား၊ မရှိမကောင်း ရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်လို့ မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာကြီးမှာ ရေးခဲ့တယ်။ ကြီးကြီးသိန်းကတော့ ပြင်ချင်တယ်၊ တကယ် ... ယောကျ်ားဟူသည် ထိုပုရိကား၊ မရှိမကောင်း ရှိမကောင်းနှင့်၊ မပေါင်းလည်းခက် ပေါင်းလည်းခက်ဓါ်လို့။ ယောကျ်ားယူပြန်တော့လဲ တစ်ဒုက္ခ၊ မယူဘဲ တစ်ကိုယ်တည်းအပျိုကြီးလုပ်ပြန်တော့လဲ တစ်ဒုက္ခ"

"ဘာဖြစ်လို့လဲ"

"အပျိုကြီးတင်မဟုတ်ပါဘူး၊ လူပျိုကြီးလဲ ဒူတူပါပဲ၊ ကြီးလာရင် ဘယ်သူနဲ့နေမလဲ။ ညီမသားချင်း မိသားစုထဲမှာ တူတွေတူမတွေနဲ့ နေကြည့်ပါလား၊ ဖြစ်မလားလို့။ သူများမိသားစုထဲမှာ ကိုယ်က လူပိုကြီးဖြစ်နေရော။ ဒါဟာ ... တူ၊ တူမတွေကို ဆိုးတယ်လို့ပြောချင်တာ မဟုတ်ဘူး ...

"သူ့မှာလဲ သူ့မိသားစုတာဝန်၊ သူ့ဒုက္ခနဲ့သူဆိုတော့ ကိုယ့်ဘက် သိပ်မလှည့်နိုင်တာအမှန်ပဲ၊ အချိန်မရှိဘူး၊ ကိုယ့်သားသမီးအရင်းကျတော့ အချိန်မရှိရင်တောင် ရှိအောင်ဖန်တီးပေးမှာပေါ့၊ ဒါကျတော့ မိသားစုတစ်စုထဲကို ...

"ထားပါ ... ဘော်ဒါဆောင်နေမယ်၊ အသက်ကြီးရင် ဘိုးဘွားရိပ်သာသွားမယ်၊ တရားရိပ်သာတွေမှာ အရိုးထုတ်မယ်ပေါ့၊ မလွယ်ဘူး သမီးရေ၊ ဒုက္ခရောက်နေတဲ့ အိုကြီးအိုမတွေနဲ့ လူအိုရုံနဲ့က မလောက်ဘူး၊ ဆင့်ပါးစပ်နှမ်းပက်ပဲ။ ဒါကြောင့် ပိုက်ဆံရှိရင် ... လူအိုရုံတွေ လှူကြစမ်းပါ၊ ဆောက်ကြစမ်းပါလို့ ကြီးကြီးက တိုက်တွန်းချင်တယ်"

"လှူမယ်" ... ဟု ကျိတ်ဆုံးဖြတ်လိုက်သည်။

မေမေဒေါ်ရီရီခင်းက မိဘအစဉ်အဆက်ချမ်းသာခဲ့သူမို့ မြေပို၊ အိမ်ပိုတွေရှိပါသည်။ ဒါတွေထဲက တစ်ခုခုဟာတော့ လူအိုရုံဖြစ်ကိုဖြစ်ရမည် ... ဟု ဆုံးဖြတ်လိုက်သည်။ လောကကြီးမှာ စားဝတ်နေရေးဟာ အဓိက၊ အဲသည်စားဝတ်နေရေးကို ငွေနှင့်ဖြေရှင်းရသည်မို့ ငွေသည် အရေးပါသောကဏ္ဍဟု ဘယ်လိုပင်ဆိုငြား၊ လောကမှာ ငွေနှင့်ပေးဝယ်၍မရတာတွေ အများကြီးပဲလေ။

ဥပမာ ... ကျန်းမာရေး။

မေမေ့ဇာတ်ဂါအတွက် သမားတော်ကြီးများ၊ နေ့ညဆရာဝန်နှင့် သူနာပြုများ (မေကိုယ်တိုင်ကျောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



ကာ့ အိမ်မှာနေပြီဆိုတော့၊ ဆရာမများခမျာလည်း အနွံ့ရာယ် ကင်းသွားရပြီဖြစ်သည်) နှင့် ဘယ်လိုပဲ ငွေကိုရေသွန်သလို လောင်းချအကုန်ခံနေပေမယ့် စိတ်ကျေနပ်လောက်ဖွယ်ရာ တိုးတက်လာခြင်းမရှိပါ။

"အနိစ္စသဘောကို၊ ပိုက်ဆံနဲ့လဲတားလို့မရ၊ ပညာနဲ့ လဲတားလို့မရ"

ကြီးကြီးသိန်းက တရားစကားကို ဆိုရှာ၏။

နောက်တစ်ခု၊ ငွေပေးဝယ်လို့မရတာ "မေတ္တာ" ပါ။ မေတ္တာဟူသည် သူ့အလိုအလျောက်သာ ပေါက်ဖွားဖြစ်တည်ပါလိမ့်မည်။ "ကျွန်မကိုချစ်ပါ" ဆိုပြီး၊ မေမေက စိန်လည်တုံတစ်ခုထုတ်ပေးလျက် ဖေဖေ့ဆီမှာ မေတ္တာတောင်း ကြည့်ပါလား။ "အေး ... အေး" ... ဟုဆိုကာ အဲသည် စိန်လည်တုံက ဖေဖေ့မြတ်နိုးရာလူသားဆီသို့သာ ရောက်ရှိ သွားပါလိမ့်မည်။ ချစ်စဉ်က တုန်နေသလားထင်ရသော ဖေ ဖေသည် စိတ်ကုန်ပြီဆိုတော့လည်း မေမေ့အခန်းထဲ သတင်း မေးကလေးမှ တစ်နေ့တစ်ခေါက် မှန်မှန်မရောက်ခဲ့။

"သမီးရည်းစားတို့၊ လင်မယားတို့ဆိုတာ ချစ်ကြစို့ ဆို အတုမရှိ၊ ခွေပစ်မျိုးပစ်၊ မိဘကိုတောင်ပစ်ပြီး ချစ်ကြတာ၊ ပြတ်ကြစို့ဆိုတော့၊ သူနဲ့ ကိုယ်နဲ့တစိမ်း ကြီး။ ဘာတော်တာမှတ်လို့၊ သွေးမတော်သားမစပ်၊ ဘာအကြောင်းနဲ့မှ ပြန်ငဲ့စရာမရှိဘူး၊ အိမ်ထောင်များ





လဲမပြုဒုက္ခ၊ ပြုဒုက္ခပါအေ ...

"ဒါကြောင့်လဲ မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံ မှာကျင်လည်သံ၍ ဒုက္ခလို့ဟောခဲ့တာ၊ တခြားဘဝ တွေတော့ မပြောတတ်ဘူး၊ လူ့ဘဝမှာ လူလာဖြစ် ရင်တော့၊ ဒါ ... ကြီးကြီးအတွေ့အကြုံအရပြောတာ နော် ...

"လူမိန်းမဖြစ်ရတဲ့ဒုက္ခက ပိုကြီးတယ်၊ လူယောကျ်ား ဖြစ်ရတဲ့ဒုက္ခက နည်းနည်းတော်တယ်"

ကြီးကြီးသိန်းက တရားစကားကို ရယ်၍ပြော ရင်း စို့ဝဲလာသည့်မျက်ရည်စကို တို့သိမ်း၏။ ကြီးကြီးရင် ထဲမှာ ဆန့်ကျင်ဘက်ခံစားမှုများ အားပြိုင်လျက် နာကျင် ကြေကွဲနေမှာကို မေ တွေးယူနိုင်သည်။ မေမေ့ရင်ထဲမှာလည်း ဒီလိုပဲ တစ်စစီကြေွနေမှာပါ။ "နှလုံးရောဂါ" လို့ ဆရာဝန် သမားတော်ကြီးများကပြော၏။ သွေးတိုးကြောင့် ဦးနှောက် သွေးကြောပြတ်၍ ကိုယ်တစ်ခြမ်းသေသလိုဖြစ်သွားရတာဟု ပြော၏။ ဒါဟာ ဆေးပညာရှုထောင့်က မေမေ့ရောဂါတွေ ပါ။ "မေတ္တာရှုထောင့်" မှ ကြည့်ပေးရလျှင်တော့ မေမေ့ နှလုံးဟာ အက်ကြောင်းများစွာဖြင့် ပုံကြေလျက် သွေးစိမ်း ရှင်ရှင်ထွက်နေမှာပါ။ ရင်ထဲမှာ မနှစ်မြို့နိုင်သလောက် ဟန် ဆောင်ပြုံးလျက် ဖေဖေ့နောက် တကောက်ကောက်လိုက်နေ ရသည့်အတွက် ဦးနှောက်သွေးကြောတွေ ပွက်ပွက်ဆူပြီး ပြတ်



www.burmeseclassic.com

www.burmeseclassic.com



တောက်ကုန်ကြတာဖြစ်မှာပါ။ ဇနီးမယားတစ်ယောက်၏တာဝန်ကို အဆမတန်ထမ်းရလွန်းလို့ ရုပ်သေးကြိုးပြတ်ဖြစ်လျက် အရိုးအကြောများ အပိုင်းပိုင်းကြေပြီး မလှုပ်ရှားနိုင်တော့တာဖြစ်မှာပါ။

မေ … အပျိုကြီးလုပ်ဖြစ်တော့မှာထင်ပါရဲ့။

"မေသိင်္ဂီနှင့် ထပ်တူကြေကွဲဝမ်းနည်းပါသည်" တဲ့။

သံကြိုးစာလေးတစ်စောင် ရောက်လာခဲ့သည်။ မေမေ့ရှာပနကိုချတော့လည်း "လွမ်းသူ့လက်ဆောင်" … ဆိုသောပန်းခြင်းတစ်ခုမှာ သစ်ခွမျိုးကောင်း ဈေးကြီးတွေ ဝေလျက် ရောက်ရှိလာခဲ့သည်။ ပေးပို့သူ၏အမည်နေရာမှာ "သားနှင့်ထပ်တူ" … တဲ့။ သားရင်းကဲ့သို့မခြားသော၊ သားမဟုတ်သည့် လူတစ်ယောက်ပေါ့လေ။ အားလုံးက သတိထားမိကာ၊ သို့လော … သို့လော … တွေ တွေးကြ၊ မေးကြ၊ ပြောကြ၊ ကိုယ်တိုင် မိန်းမရှုပ်လှပါသည်ဆိုသော အဖေကတောင် မျက်ထောက်နီကြီးနှင့် …





"နှင့်ကောင်လား" … ဟု လာမေးနေသေး၏။ မေ့မှာ ဘယ်က "နှင့်ကောင်" ရှိရမှာလဲ။ ယောကျာ်းတို့အကြောင်းများ၊ အမေတစ်ယောက်ထဲနှင့်တင် နားလည်သွားရလွန်းလို့၊ ရီသုံ့သုံ့တွေကိုလည်း စိမ်းစိမ်းပြတ်ပြတ်ကို ဖြတ်ချထားခဲ့တာ။ ဘယ်ယောကျာ်းကိုမှ မေမယုံ၊ ဘယ်ယောကျာ်းတစ်ယောက်၏အချစ်ကိုမှ မေ လက်မခံနိုင်၊ ယောကျာ်းတို့နှုတ်များမှ အချစ်စကားဆိုတာ မုသားတွေပါဟုပြောရလျှင်၊ စကားက ဖြစ်ရပ်ထက် ပေါ့တိမ်နေဦးမှာမို့ သောပြောတတ်လျှင် ဒီ့ထက်လေးနက်စွာ ပြောချင်လှပါသေးသည်။

"မေသိင်္ဂီနှင့် ထပ်တူကြေကွဲဝမ်းနည်းပါသည်" ဆိုသော၊ အောက်မှာ "မောင်မောင်" … ဟု လက်မှတ်ရေးထိုးထားသောပုဂ္ဂိုလ်သည်၊ လွမ်းသူ့လက်ဆောင်ပန်းခြင်းပို့သည့် "သားနှင့်ထပ်တူ" ဆိုသော ပုဂ္ဂိုလ်ပဲဖြစ်မှာဟုတော့ နားလည်လက်ခံလိုက်ဖြစ်ပါ၏။ ဘယ်သူများပါလိမ့်။ ရှုပ်ယှက်ယှက်၊ စပ်စပ်စုစု။

"ညည်းတို့မိသားစုအကြောင်းလဲ သိနေရမယ်၊ ညည်းအဖေဆိုးတာလဲသိတော့၊ ညည်းအမေကိုလဲ သနားနေပါလိမ့်မယ်၊ ညည်းလဲ ကြိုက်နေလိမ့်မယ်၊ ပြောမပြောရဲ၊ အဲဒါကြောင့် ဒီလိုလုပ်တာဖြစ်မယ်၊ မပြောရဲဘူးဆိုကထဲက ကိုယ့်ထက်နိမ့်ကျသူဖြစ်နိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါရယ်လို့ သိသွားတဲ့တစ်နေ့မှာ လွယ်လွယ်နဲ့မဆုံးဖြတ်နဲ့အေ"

ကြီးကြီးသိန်းက ဆုံးမသည်။ မေက ရင်ထဲမှာ ခေါင်းခါနေသည်။ လွယ်လွယ်နဲ့ရော၊ ခက်ခက်နဲ့ပါ၊ မေ ဘယ်လိုမှမဆုံးဖြတ်ပါဘူး ... ဟု ပြောနေမိခဲ့သည်။ ဖေဖေကတော့ ရက်လည်ဆွမ်းကျွေးပြီးသည့်ညနေမှာပဲ သူ့ဆန္ဒကို တင်ပြလေတော့သည်။

"တင်တင်နီတို့သားအမိတွေကို အိမ်ပေါ်ခေါ်တင်လိုက်တော့မယ်"

ဇခင်မို့ သမီးကိုတိုင်ပင်ခြင်းမဟုတ်ပါ။ ဖွင့်ပြောခြင်းသာဖြစ်၏။ ဖေဖေပြောသည့် တင်တင်နီဆိုတာ ဘယ်သူမှန်း မေမသိပါ။ သို့သော်မယ့် ... မှန်းဆလိုက်မိပါသည်။ ပြန်တော့မည်ဟု ... ရှုတ်ဆက်ပြီးဖြစ်နေသော ကြီးကြီးသိန်းလက်ကို ဆုပ်ညှစ်ဆွဲထားလိုက်ရသည်။

"ဖိုးလေးကို ခေါ်ပေးပါ"

ဖေဖေ့ဘကြီးလေ။ ဖေဖေ့အပေါ် ညြစေသွောင်း၏။ တစ်ရာမှာ ဆယ်ယောက်ထဲပါပြီး အဲသည်ဆယ်ယောက်ထဲမှာမှ "ဘုရင်" ဟုပြောနိုင်သော အဖိုးလေး။ ဖိုးလေး၏ တစ်သက်တာမှာ စီးပွားဥစ္စာကို ကောင်းကောင်းရှာခဲ့သည်။ ဖိုးလေးတို့ခေတ်က၊ ဖိုးလေးတစ်ယောက်အလုပ်လုပ်လျှင် တစ်မိသားစုလုံး ထိုင်စားနိုင်သည့်ခေတ်မို့၊ ကွယ်လွန်ခဲ့ပြီဖြစ်သော





ဖွားလေး ... သည်၊ အိမ်ပေါ်မှာတင်ကျွေးထားသောဆွေမျိုးစုအကူအညီကြောင့် ထမင်းမချက်ရ၊ အဝတ်မလျှော်ရ၊ ဖိုးလေးကိုပြုစုသည့်အလုပ်တစ်ခုတည်းကိုသာ လုပ်ခဲ့ရသူမို့၊ ဖွားလေး၏အုတ်ဂူကိုသွားဖွင့်ကာ၊ အရိုးစုကို ရွှေချလျက်၊ နောင်လာနောက်သမီး အမျိုးသမီးထုကြီးအားကျဖို့ ပြတိုက်ဆောက်၍ထားချင်၏။

ဖိုးလေးသည် ဖွားလေးကို အလွန်ချစ်ခဲ့သည်။ ညှာတာကြင်နာသည်။ အလိုလိုက်သည်။ သားသမီးတွေအပေါ်မှာ စည်းကမ်းပေးကောင်းသည်။ အမေကို နည်းနည်းလေးမှ လေသံမာမာဖြင့် ပြန်မပြောရ။ တစ်ခွန်းပြောရုံဖြင့် အသေအရိုက်ခံရပြီသာမှတ်။ ဖိုးလေးသည် အရက်မသောက်၊ ဖဲမရိုက်၊ မဟုတ်တာ ဘာမျှမလုပ်၊ ဖွားလေးကွယ်လွန်ချိန်ထိ လူမှုရေးဖောက်ပြန်မှုမရှိ။ ခုချိန်မှာ တရားကျောင်းသွားလိုက်၊ အိမ်ပြန်လာပြီး မြေးထိန်းလိုက်လုပ်နေပေမယ့် မည်သူ့ပိုက်ဆံကိုမျှ စားခရာခလို။ သူကသာ ... ရော့အင့်၊ ရော့အင့် ... ရှင့် ညာတကာ့နှဥ္ဆသက်ဟောလုပ်နေနိုင်သူ။

ညြစေမသွောင်းပဲရှိပါတော့မလား။

"ဘဝမှာ ... အရှက်ရှိရင် အိမ်ပေါ်ကဆင်း"

"ဒါ ... ဂရုမိုခေတ့်အိမ်ပဲ ဘကြီးရဲ့"

"ရိုရိုဝင်းမီးသလက်ထက်ကထဲက ပါလာတာ"

"မယားပစ္စည်း လင်တစ်ဝက်ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ပိတ်စမ်း ... ဒါ ယောကျာ်းပါးစပ်လား"

ဖိုးလေးကတော့ ဒေါသနှင့် ကျူးအော်နေသည်။ ဖေဖေက ဒေါသမပါစေရပေပဲ လေသံအေးအေးနှင့်ပေမယ့် ဆန္ဒက ခိုင်မာ၏။

"မင်းတစ်ဝက်ဆိုင်တယ်ဆိုရင်တောင်၊ မင်းရဲ့တစ်ဝက်ဟာ မင်းရဲ့ ရောက်ခိန်းမှာ တစ်စိတ်၊ ရီရီဝင်း သမီး မေသီဂီကတစ်စိတ်၊ ဒီတော့ ဒီအိမ်ဟာ ရီရီဝင်းရဲ့တစ်ဝက်ခွဲပေါင်းရင် မေသီဂီက သုံးစိတ် မင်းကတစ်စိတ်ပဲဆိုင်တော့တယ်၊ အဲဒါ ... ရှုံးရောက်ရဲ့ရောက်အမှုဆိုင်မလား၊ အိမ်တန်ဖိုး တစ်စိတ်ယူပြီး အိမ်ပေါ်ကဆင်းမလား"

"သမီးကို တစ်ယောက်ထဲပေးတာလို့ ဘယ့်ရမလဲ ဘကြီးရဲ့"

"အောင်မယ် ... အောင်မယ်"

ဖိုးလေးက တော်တော်ကြီးကို စိတ်ဆိုးသည်။ မေတို့အဖြစ်က ရှက်စရာလည်းကောင်း၏။ ဖိုးလေးက ဤအိမ်မှာလည်း လာနေမပေးနိုင်။ ဖိုးလေးအိမ်ပေါ်မှဆင်းတာနှင့် တင်တင်နီမည်သော ဖေဖေ့လက်ရှိဇနီးက အိမ်ပေါ်ရောက်သည်။ မေက ဖခင်ရင်းကို တော်လှန်လို့ဖြစ်သည်လည်းမဟုတ်။ ဖခင်သည် ဖခင်သာပဲမို့ ငရဲကမနေ။ အသုဘအိမ်တွင်သည့်တွမ်းသွတ်သောနေ့၊ ညွှန်စဲချိန်မှစ၍ဖြစ်သောရန်ပွဲ





က ညဘက်မီးတွန်းချိန်ထိသာ ရောက်လာခဲ့သည်။ ဖိုးလေးလည်း အိမ်မပြန်ရသေး။

"မမမေသီဂီတဲ့ ... ဖုန်း"

မေ ကျောင်းထွက်ပြီး မေမေ့ကိုပြုစုမှခေါ်သည့် ဒေါ်မိဖော်ခလေးက ဆေနှင့်တူတူအိပ်၊ မေ့အဖော်လိုဖြစ်နေသည့် ခုထိ အိမ်မှာမြဲတုန်းဖြစ်၏။

"မေ ... ပါ"

"မောင်မောင် ... ပါ"

"ရှင်"

"ဒေါ်လေးဆုံးတုန်းက သံကြိုးရိုက်လိုက်တဲ့ မောင်မောင်ပါ"

"အော် ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ မေမေနဲ့ဆွေမျိုးများတော်စပ်ပါသလားရှင်၊ မေမေ့ဆွေမျိုးတချို့က နယ်တွေမှာရှိတယ်ဆိုတာသာကြားဖူးရပြီး၊ မေမသိလို့ပါ"

"မဟုတ်ပါဘူး၊ ဒေါ်လေးဆွေမျိုးမဟုတ်ပါဘူး၊ မေ့ကိုခင်လို့ပါ။ မေနဲ့မတော်ရသေးသောသူငယ်ချင်းတစ်ယောက်လို့ သတ်မှတ်ပေးပါ။ မေ့သူငယ်ချင်းဖြစ်ချင်ပါတယ်၊ မေ့မှာ အကူအညီလိုရင်လဲ ပေးချင်ပါတယ်"

"အော် ... ဟုတ်ကဲ့၊ ခုတော့ ဖိုးလေးတို့ ကြီးကြီးတို့နဲ့၊ ဖေဖေလဲရှိတော့၊ မလိုပါဘူး၊ ကျေးဇူးတင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လိုရင်ပြောပါမယ်"

"ကျွန်တော် ... လွှမ်းသူ့လက်ဆောင်ပို့ပါသေးတယ်"

"ဟို ... သားနဲ့ ထပ်တူဆိုတာလားဟင်"

"ဟုတ်ပါတယ်"

"ကျေးဇူးတင်ပါတယ်"

"ကျွန်တော် ... တစ်ခုအကြံပေးချင်ပါတယ်၊ မေ လက်ခံနိုင်ရင်ပေါ့၊ မေ့အဖိုးလေးနဲ့လဲ တိုင်ပင်ကြည့်ပါ၊ လောလောဆယ်မှာ၊ မေက ကြီးကြီးသိန်းရဲ့ဖြစ်ဖြစ်၊ ဖိုးလေးနဲ့ဖြစ်ဖြစ် လိုက်သွားနေပြီး၊ မေပိုင်ဆိုင်သမျှ၊ တိုက်တွေ၊ ပွဲရုံတွေအားလုံး ယာယီ၊ လူကြီးသူမတွေရှေ့မှာ ချိတ်ပိတ်၊ သားအဖရပိုင်ခွင့်ခွဲပြီးမှ ကိုယ်ရတာ ကိုယ်ပြန်ယူပြီး၊ ကိုယ့်သဘောနဲ့ကိုယ်သုံးစွဲ ... ဆိုရင်မကောင်းဘူးလား၊ ကျွန်တော်အကြံပေးတာပါ"

"ကျွန်မတော့ ခေါင်းတွေပူနေလို့ ဘာမှမပြောတတ်ပါဘူးရှင်"

"အဖိုးလေးနဲ့ တိုင်ပင်ကြည့်ပါ၊ ကျွန်တော့်အကူအညီလိုရင်လဲပြောပါ"

"အကူအညီလိုချင်ပြီပဲထားပါ၊ ရှင့်ကို ဘယ်မှာလိုက်ရှာရမှာပဲ"

"ကျွန်တော် ... နေ့တိုင်းဖုန်းဆက်မှာပါ၊ ဒါပဲနော်





မေ၊ မေ့အမျိုးတွေနဲ့ တိုင်ပင်ပါ"

ဖုန်းကို သူ့ဘက်ကာစချသွားသည်မို့ မေ ဘာမှဆက်ပြောခွင့်မရတော့ပါ၊ သူ ... ဘယ်သူလဲ၊ မေသိချင်လှပါသည်။

"ဝမ်းသာတယ်မေ ... ကြီးကြီးသိန်းဟာ မေ့ကိုကူညီနိုင်ရုံမကဘူး၊ စောင့်လဲစောင့်ရှောက်နိုင်မှာပါ၊ မေတို့အမှုတွေပြီးသွားပြီနော်၊ ကျွန်တော်ပေးတဲ့အကြံဉာဏ်ကို လက်ခံတဲ့အတွက် မေနဲ့တကွ မေတို့တစ်မျိုးလုံးကို ကျေးဇူးတင်ပါတယ်၊ မေ့အတွက်ပါ"

"ကျေးဇူးပါပဲ ကိုမောင်မောင်ရယ် ... ရှင်က ဒီကြားထဲမှာ အသံတိတ်ပြီး ရက်ကြောရှည်ကြီး ဘယ်ပျောက်နေရတာလဲ"

မောင်မောင့်အကြံဉာဏ်ကို ဖိုးလေးကစပြီး သဘောတူခဲ့သည်။ မေတို့သားအဖက ရှက်စရာကောင်းလှသော အမှုကိုရင်ဆိုင်ရသည်။ လူကြားလို့လဲမကောင်းပါ။ ပေးသနားအရသာဆို၊ လက်ရှိတိုက်ကလေးတစ်လုံးသာယူထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး၊ အဖေ့ကို အကုန်ပေးလိုက်ချင်ပါသည်။ ဘာပဲဖြစ်ဖြစ် ... အဖေဟာ မေ့ကို တစ်သက်လုံးရှာဖွေကျွေးမွေးလာသူပဲဖြစ်၏။ မေ့အတွက်တော့ အနန္တဂိုဏ်းဝင်ပါ။ သို့ပေမယ့် ... ဖေဖေ့ဇနီးနှင့်တော့ တစ်အိမ်ထဲ တူတူမနေလိုပါ။

ပြုပ်သီး၊ ကြက်သွန်နှင့် ပဲပွဲရုံရယ်၊ ဆန်ပွဲရုံရယ်၊ ပွဲရုံနှစ်ခု၊ အဆောက်အဦးနှင့်တကွ အရင်းအနှီးအားလုံးပါဦး ဘာလှရသည်။ မေက လက်ရှိနေထိုင်သောတိုက်နှင့်ခြံရယ်၊ ရွှေတောင်ကြားမှာ နိုင်ငံခြားသားငှားထားသော တိုက်နှင့်ခြံရယ်၊ မေမေ့လက်ဝတ်လက်စားတွေရယ်၊ ပြီးတော့ ဒေါ်ရီရီဝင်းနာမည်နှင့် ဝယ်ထားသောငွေစုလက်မှတ် ဆယ်သိန်းဖိုးက ဆယ့်နှစ်နှစ်ပြည့်တော့မှာမို့ သိန်းသုံးဆယ်ကျော်ရမည်။ အဲဒါတွေရယ်ရလိုက်သည်။ ကားကိုတော့ ဖေဖေ့ကိုပဲ ပေးလိုက်ပါသည်။ ဖေဖေက ကားလိုသည်။ မေက ကားရှိနေလျှင်တောင် မမောင်းတတ်သေးသည်မို့ ယာဉ်မောင်းရှာရဦးမည့်ဒုက္ခရှိသည်။ ကားမောင်းသင်ဖို့တော့ ဆုံးဖြတ်ချက်ကျ၏။

"မေ့မှာ အဆင်ပြေနေတော့လဲ ဝမ်းသာစိတ်နဲ့ ဖုန်းမဆက်ဖြစ်ဘူးပေါ့မေ"

"ဩ ... မေ ဒုက္ခရောက်မှ ရှင့်အသံကိုကြားရမယ်ဆိုတော့၊ ရှင့်အသံကြားချင်ရင် မေကပဲ ဒုက္ခရောက်



ပေးရမှာလို့"

"ဒီသဘောမဟုတ်ပါဘူး မေရဲ့"

"ကျေးဇူးတင်ပါတယ် ကိုမောင်မောင်ပေးတဲ့အကြံဉာဏ်အတိုင်း ဖိုးလေးကစီစဉ်ပေးတာ၊ တကယ်တမ်းဆို မေက ပိုရသလိုတောင်ဖြစ်နေပါတယ်၊ စိတ်တောင်မကောင်းပါဘူး၊ ဖေဖေ့ကိုလဲ ရစေချင်ပါတယ်၊ ဖေဖေက သူ့မိန်းမကို အိမ်ပေါ်ခေါ်တင်လာမယ်ဆိုတာကိုသာ မကျေနပ်တာပါ"

"ဘာယ်ကျေနပ်လို့ဖြစ်မလဲ၊ ဒီမိန်းမက \မေ့အမေမဆုံးခင်ကထဲကယူထားတဲ့မိန်းမ၊ မေ့အမေဆုံးရတဲ့အထဲမှာ ဒီစိတ်တွေအများကြီးပါတယ်"

အော် ... ဆရာ။ ဒေါ်တင်တင်နီရှိလျှက်သားနှင့်တောင် အိမ်မှာရောက်လာသည့် သူနာပြုဆရာမတွေဆီခြေဦးကလှည့်ချင်သေး၊ ဝေဖန်မနေတော့ပါဘူးလေ။ သားသတ်မုဆိုးပင်ဖြစ်လင့်ကစား၊ ပြည့်ကြီးတန်ဆာပင်ဖြစ်လင့်ကစား၊ ထိုဖခင်နှင့်ထိုမိခင်သည် အနန္တဂိုဏ်းဝင်တွေဖြစ်သည်သာတည်း ... တဲ့။

"ဒေါ်တင်တင်နီမှာ သားသုံးယောက်ရှိတာ မေသိလား"

"ရှင် ... မေ့မောင်လေးတွေလား"

"မဟုတ်ဘူး၊ အရင်အိမ်ထောင်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပေါ့" ... တဲ့။

မေသင်္ဂီရည်ဆိုသည့်နာမည်က ကျောင်းခေါ်ကြိမ်စာရင်းစာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထဲမှာသာ ရှိလျက်၊ နည်းနည်းပါးပါးစိမ်းသူတွေက မေသင်္ဂီခေါ်ပြီး၊ များသောအားဖြင့်ကတော့ "မေ"ပဲ ခေါ်ကြကာများသည်။ ခုတော့ ... ရှေလှတွေ ရှေလှတွေ စိန်လှငွေတောင်ဖြစ်ကုန်ပါရောလား ဖေဖေ။

"မေ့အဖေက ... ဒီမိန်းမနဲ့တော့ မြဲလိမ့်မယ်ထင်တယ်"

မေမေနဲ့တုန်းကလည်း မြဲခဲ့တာပါပဲ၊ မမြဲတာမှမဟုတ်တာ၊ နောက်ထပ်အသစ်၊ အသစ်ကလေးတွေသာ မွားတာလေ။

"ငယ်လဲ တော်တော်ငယ်သေးတယ်၊ မေ့အဖေနဲ့ဆိုရင် အသက်ချင်းကွာတာပေါ့၊ ပြီးတော့ အမြွာနှစ်ကောင်က ခုမှ လေးနှစ်ခွဲတွေ၊ ဒီတစ်ခါကျောင်းဖွင့်မှ သူငယ်တန်းတက်ရမှာ၊ အငယ်ကောင်က နှစ်နှစ်"

မေ မျက်နှာလေးရှုံ့သွားရသည်။ ကလေးတွေ၏ အသက်တွေနှင့် အိမ်ထောင်ဆက်တွေကို တွက်ကြည့်နေလိုက်မိ၏၊ အကြီးနှစ်ယောက် နှစ်နှစ်ခွဲမှာ ဒုတိယအိမ်ထောင်။ ပထမအိမ်ထောင်နှင့် ဘယ်နှစ်နှစ်ပေါင်းလိုက်ရသလဲ။ မေမေ့ဦးဉာဏ်ကထဲက ဖေဖေနှင့်ပတ်သက်သည်ဆိုတော့၊



လွန်ခဲ့သည့်တစ်နှစ်ခွဲလောက်ကထား၊ ဒုတိယအိမ်ထောင်နှင့် တစ်နှစ်၊ တစ်နှစ်ခွဲလောက်ပဲပေါင်းလိုက်ရသလား၊ ကလေးအကြီး လေးနှစ်ခွဲမှာ အိမ်ထောင်သုံးဆက်ပြောင်းခဲ့ပြီဆိုသော အမျိုးသမီးက ဘယ်အရွယ်ပါနည်း။ မေက မတွေ့ချင်မသိချင်လွန်းလို့ကို၊ ဖေဖေ့ဆီမှာ ဒီတစ်ခုတော့ တောင်းပန်ခဲ့သည်။

"မေနဲ့မိတ်ဆက်မပေးပါနဲ့ဖေဖေ" ... ဟူ၍။

တစ်ပင်လဲလျှင် တစ်ပင်ထူပါ။ မေမေဆုံးပြီးလျှင် ဖေဖေကြိုက်သည့်သူနှင့် အိမ်ထောင်ပြုပါ။ ဖေဖေတာပဲဖြစ်ဖြစ် အထီးကျန်ဆန်နိုဖို့၊ စိပ်ပုတီးကိုင်ဖို့စောနေပါသေးသည်။ သို့ပေမယ့် ... မေမေ လေမဖြတ်ခင်ကထဲက ဆိုတာကိုတော့ မေ နည်းနည်းကလေးမျှ ခွင့်မလွှတ်နိုင်ခဲ့ပါ။ မေမေလေဖြတ်သွားရတာ၊ နှလုံးရောဂါကြီးဖြစ်သွားရတာဟာ "ဒီသံတင်း" ကြောင့် မဟုတ်ပါဘူးလို့ ဖေဖေ သစ္စာဆို ကျမ်းကျိန်ပြီး ပြောရဲမှာတဲ့လား။

"အဲဒီအမျိုးသမီးက အခု အသက်ဘယ်လောက်ရှိလဲဟင်"

ထိုအမျိုးသမီးနှင့်ပတ်သက်၍ မေ ... ပထမသုံးအကြိမ်စိတ်ဝင်စားစွာ မေးစုလိုက်မိသည်။

"ခုမှ ... ရှိလှနှစ်ဆယ့်ရှစ်ပေါ့၊ ပြည့်ပြီးရှိပဲရှိတယ်"

"ကိုမောင်မောင် ... ရှင်က သိပ်ရှုချည်လား"

www.burmeseclassic.com

www.burmeseclassic.com



“မေရယ် ... ကျွန်တော်က မေ့သူငယ်ချင်းလေး၊ မေနဲ့ပတ်သက်သမျှ၊ မေ့ကို အကျိုးပြုနိုင်သူတွေ၊ မေ့ကိုဒုက္ခပေးနိုင်သူတွေအားလုံးရဲ့အကြောင်း၊ အသေးစိပ်ကို ကျွန်တော် လိုက်စုံစမ်းထားပါတယ်”

“အဲဒါ ... ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲရှင့်”

“ခင်လို့ပေါ့မေရယ်၊ မေ့ကို ခင်လို့၊ ပြီးတော့ မေ့ကိုပြောရင် မေက ကြိုက်ချင်မှကြိုက်မယ်၊ တချို့သတ္တိကောင်းတဲ့အမျိုးသမီးတွေဟာ ဒီစကားကိုပြောရင် စိတ်ဆိုးကြတယ်”

“ဘာစကားမို့လို့လဲ”

“မေ့ကိုသနားလို့၊ မေ စိတ်ဆိုးလား”

“ဘာလို့ဆိုးရမှာလဲ၊ သနားတာပဲ၊ ရွံရှာတာမှမဟုတ်တာ”

“တချို့လူတွေရှိတယ် မေရဲ့၊ ဘယ်သူ့အသနားကိုမှ မခံချင်ကြဘူးတဲ့။ သူတို့ကိုသနားတယ်လို့သွားပြောရင် စိတ်ဆိုးကြတယ်”

“မေကတော့ မဆိုးပါဘူး၊ မေ့ဘဝဟာ သနားစရာဖြစ်နေတာလဲအမှန်ပဲ၊ မေ့ကိုယ်မေလဲ သနားတယ်၊ သေးလူတွေလဲသနားချင်တဲ့သူ၊ ဝင်သနားကြ၊ သနားခွင့်ပေးပါတယ်”

“ကျေးဇူးတင်ပါတယ်မေ”



“ဘာ့ကိုလဲ”

“သနားခွင့်ရတဲ့အတွက်ပါ။ မေ့အကြောင်းကို အမှတ်မထင်သိလိုက်ရတယ်၊ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေ တိုက်ဆိုင်လို့ပေါ့လေ၊ ဘယ်လိုသိသွားတာလဲလို့တော့ မေ မမေးနဲ့၊ ကျွန်တော် မဖြေဘူး၊ အမှတ်မထင်သိတယ်ပဲထားပါနော် ...

“သိလိုက်ရတဲ့အချိန်မှာ မေ့ကို အရမ်းသနားသွားတယ်၊ ဒေါ်တင်တင်နီကို အရမ်းစိတ်ဆိုးသွားတယ်၊ တကယ်တော့ အိမ်ပေါ်တက်လာပြီး တူတူနေဖို့ပြောတာ ဒေါ်တင်တင်နီရဲ့စိတ်ကူး”

“အော်”

“မေ့မှာ ကူညီမယ့်သူတွေတော့ရှိတာပေါ့နော်၊ ဒါပေမယ့်၊ ဘယ်လိုဆိုရင်အကောင်းဆုံးဖြစ်မယ်ဆိုတာ မတွေးမိမှာစိုးလို့ အကြံဉာဏ်ပေးရတာပါ၊ ဦးဘလှလဲ ပွဲရုံနှစ်ခုလောက်တော့ ရထိုက်ပါတယ်”

“ရထိုက်ပါတယ်၊ စီးပွားရေးက ဖေဖေပဲလုပ်လာတာ၊ မေမေပါလိုက်ကူတာတော့ပါတာပေါ့လေ၊ ဒါက ... စီးပွားရေးကူတာထက်၊ ဖေဖေ့ကို လိုက်ထိန်းတယ်ဆိုတာက ပိုမှန်မှာပါ။ ဟိုအမျိုးသမီးနဲ့သာရင်မဆိုင်ခဲ့တာ၊ ဖေဖေ့မှာလိုအပ်ရင် မေက ကြည့်မနေပါဘူး၊ ကူရ်တော့မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"သာခုသုံးကြိမ်လုံးခေါ်ပြီးသားပါမေ"

"မေတို့ရွှေနေလေးကလဲ သိပ်တော်တာပဲ၊ အသက်ကလေးက ငယ်ငယ်လေး"

"ကျောင်းပြီးကာစ၊ အလုပ်ဝင်ကာစဆိုတာ သိပ်တက်ကြွနေတဲ့အချိန်ပေါ့ မေရဲ့၊ အလုပ်ကို အရမ်းကြိုးစားပြီး အရည်အချင်းကို အရမ်းပြချင်နေတဲ့အချိန်"

"ဦးကျော်ရဲနီတဲ့ ... သူ့ကိုလဲ သိလိုက်တာပဲလား"

"ပြောခဲ့ပြီကောမေရယ် ... မေက ကျွန်တော့်ဆီမှာ အဲဒီလူအကြောင်းပြောတော့သာ ဦးကျော်ရဲနီလို့ပြန်ပြောတာ၊ ခေါ်တော့ဖြင့် အဲဒီလိုမဟုတ်ဘဲနဲ့"

"ကိုကျော်ရဲနီလို့ ... မေခေါ်ပါတယ်၊ မေက ဦးကျော်ရဲနီလို့ခေါ်ပါသေးတယ်၊ သူက ကျော်ရဲနီလို့ပဲခေါ်ပါဆိုတာနဲ့ "ကို" တပ်ပြီးခေါ်တာပါ"

ကပ်ကပ်သပ်သပ် ... သဝန်တိုတာလား ... ဟု တွေးမိရင်း ရှက်သွေးဖြန်းကာ မေ့မျက်နှာလေး ရဲသွားရသည်။

"ကိုကျော်ရဲနီကို၊ ဖိုးလေးရော ကြီးကြီးသိန်းကပါ သိပ်ခင်ပြီး၊ တော်တော်လေးအားကိုးကြတယ်၊ တော်တယ်လို့တောင် ပြောကြပါတယ်" ... ဆိုတာများ ဖြည့်စွက်ပြောရင် သူ ... ပိုပြီးသဝန်တိုသွားမှာ မြင်ယောင်သေး။ မေ့မှာ တစ်ယောက်ထဲအတွေးနှင့် မျက်နှာတွတ်တွတ်





ရဲ့ပါ၏။ ကိုမောင်အောင်ဆိုတဲ့ ကျေးဇူးရှင်ရယ် ... ရှင့်ကို ကျွန်မ စိတ်ဝင်စားနေမိပါပြီ။ တကယ်ဆို ... ကိုကျော်ရဲနီဟာလဲ စိတ်ဝင်စားစရာကောင်းလောက်အောင်၊ တစ်ယောက်တာအားကိုးနိုင်လောက်အောင်၊ အရည်အချင်းပြည့်ပုဂ္ဂိုလ်တစ်ယောက်ပါပဲရှင်ရဲ့၊ ဖိုးလေးနဲ့ကြီးသိန်းကဆို တမြစ်တောက်တောက်။

"ကောင်းလေးနယ် ... ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တောင်ပြုစောရန်ကော" ... တဲ့။

သူက ... ဒီအမှုကိစ္စကို ကိုင်ပါရစေလို့ သူ့ဆရာရွှေနေကြီးဆီမှာ ဗော်လန်တီယာလုပ်ပြီး ခွင့်တောင်းတာလိုပဲ။ ဖိုးလေးတို့အပ်တာကတော့ ရွှေနေကြီးကိုပေါ့လေ။ နောက်တော့လဲ ရွှေနေကြီးနဲ့ တွေ့တောင်မတွေ့ရတော့ပါဘူး။ ကိုကျော်ရဲနီပဲ ... သူ့ရုံးခန်းလိုက်သွားဖို့လဲမလို၊ သူကသာ အိမ်ကို ချောင်းပေါက်အောင်လာ၊ အမှုနိုင်ဖို့ ကူညီ။ လာလာပြောတာထဲက ...

"ကျွန်တော့်ဆရာရွှေနေကြီးကိုယ်တိုင်မဟုတ်လို့ စိတ်ပျက်မသွားပါနဲ့ ဘာဘရယ် ... ကျွန်တော်က တက်လူမို့ အစွမ်းအစလဲသိပ်ပြချင်နေတာပါ။ ကျွန်တော့်အတွက် အကျိုးဆောင်ခဆိုတာ ဘယ်ရွေ့ဘယ်မျှမ ပြောပါဘူး၊ ဘာဘတို့သဒ္ဓါသလောက်သာပေးပါ ..."

"မပေးလဲရပါတယ်၊ ကျွန်တော်က နာမည်ယူချင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အချိန်မို့ပါ၊ ပိုက်ဆံထက် နာမည်ကိုပဲ ပိုယူချင်နေပါတယ်၊ ကျွန်တော့်စနီးက ချမ်းသာတယ် ဘဘရဲ့ …

"သူ့အတွက် ငွေမလိုပါဘူး၊ အောင်မြင်ကျော်ကြားမှုပဲလိုတယ်တဲ့၊ ကျွန်တော်က နာမည်ကြီးရှေ့နေဖြစ်အောင်လုပ်ပြပေးရမယ်၊ ကျွန်တော့်ဇနီးအတွက်" တဲ့။

"အော် … သားသမီးများရောရှိပြီလား" … ဆိုတော့၊ "ကန်တော့ပါရဲ့ဘဘရယ်၊ ခုမှလွယ်ကာစ၊ နှစ်လလားရှိသေးတာမို့ မွေးဝေအော့အန်နဲ့ သူ့ကိုလဲ ဂရုစိုက်ပေးနေရပါတယ်" … တဲ့။

အလုပ်ခွင်မှာ … ယောကျ်ားတွေဟာ ဘယ်တော့မှ ကိုယ့်သားကိုယ့်မယားအကြောင်း ပြောတတ်တာမဟုတ်၊ မိန်းမတွေသာ၊ ယောကျ်ားကဘယ်လို၊ သမီးကဘယ်လို၊ သားကဘယ်လို ပြောမဆုံးပေါင်၊ တောသုံးတောင်လေး ရှိးသားဖြူစင်လွန်းတဲ့ ရှေ့နေပေါက်စလေးဆိုပြီး၊ ဖိုးလေးနဲ့ ကြီးကြီးသိန်းကများဆို "ငါတို့သားလေးပဲဖြစ်ပါတော့" … တဲ့။ အဲဒီလောက်ခင်ကြတာ။

ဒါတွေကို ဖွင့်ပြောပြရင် ရှင်သဝန်တိုမှာလား၊ မတိုချင်စမ်းနဲ့တော့ ကိုမောင်မောင်ရေ၊ ရှေ့နေပေါက်စလေးက, အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ရုပ်ကချောချောနဲ့ရှင်၊ ဒါပေမယ့် … မကြာခင် ကလေးအဖေဖြစ်တော့မှာမို့ ရှင်





သဝန်တိုရင် ငရဲကြီးတာပဲ အဖတ်တင်တော့မှာ။

"ခု … မေက ကိုယ်ပိုင်တဲ့အိမ်မှာ ကိုယ်ပြန်နေတော့မှာလား"

"နေချင်ပြီ။ ကြီးသိန်းအိမ်မှာက မီသားစုများတယ်၊ ကြီးသိန်းရဲ့မြေးတွေကချည်းပဲ သုံးယောက်၊ မေ မနေတတ်ဘူး၊ ဒါပေမယ့် … မေတစ်ယောက်ထဲ"

ဝါကျအဆုံးမှာ ရင်ထဲ နာသွားရသည်။

မေ့မှာ ငြီးစီမ်ဥစ္စာတစ်ပုံတပင်ကျန်ရစ်ခဲ့ပေမယ့်၊ မေမေဆုံးတာနှင့် သေဘင်ပြင်လွှတ်သည့်ခွေးလိုဖြစ်ခဲ့ရပြီလေ။ ဖိုးလေးနှင့်ကြီးသိန်းက မေ့အတွက် သင့်တော်မည့်သူကို အစွတပြင်းရှာနေကြသည်။ မေလက်ထပ်ရမည်တဲ့။ မေဟာ … ယောကျ်ားတစ်ယောက်ကို သူများရှာပေးတာ ကမန်းကတန်းကောက်ယူရလောက်အောင် မေ့ဘဝအဖြစ်ဆိုးနေပြီလား။ တကယ်တန်းကျ … မေ အိမ်ထောင်ပြုဖို့စောနေပါသေးသည်။ မေ အိမ်ထောင်မပြုချင်သေးပါ။ မေ့မှာ ချစ်သူလည်းမရှိသေးပါ။ မေ ချစ်နိုင်မည့်သူကို မေလေးလေးဆေးဆေးရွေးချယ်ချင်ပါသေးသည်။ အိမ်ထောင်ဆိုတာ၊ ခုပြုလှျင်ခုဖြစ်၏။ ပြန်ပိုချင်ပါသည်ဆိုလို့ကျတော့ ရနိုင်မှာဦးတဲ့လား။

ကိုမောင်မောင်ရယ် … ရှင့်ကို ကျွန်မ အဲဒါတွေရှင်းပြချင်လိုက်တာ။ တိုင်ပင်ချင်လိုက်တာ။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တောင် လာမပြ၊ အသံလေးတစ်ခု ပို့လွှတ်ရုံနဲ့၊ မေ့ကိုသနား လှပါသည်ဆိုသော ကိုယ်ပျောက်ပုဂ္ဂိုလ်ကို မေ စိတ်ဝင်စား နေမိတာတောင ရှက်ရလှပါပြီလေ။

ကြီးကြီးသိန်းတို့အိမ်မှာပဲ နေခဲဆိုတော့၊ တယ်လီဖုန်းကို ဒီလောက်ကြာအောင်သုံးနေတာ မေ မျက်နှာပူ အားနာရတာပေါ့ရှင်၊ ကျွန်မတို့ ဖုန်းချကြပါစို့။

"ဒါပဲနော် ကိုမောင်မောင်"

"ဟုတ်ကဲ့ ... မေ့ကို ကျွန်တော် အရမ်းခင်ပါတယ်"

မေက "ဒါပဲနော်" စပြောသူပေမယ့်၊ ဖုန်းကို ဦးစွာချသွားသူကတော့ ကိုမောင်မောင်ပါ။ နောက်တစ်ကြိမ်ထပ်ဆက်တဲ့အထိ ဒီအသံကို ထာဝရတမ်းတနေအောင် ဖန်ဆင်းနေတာလား။

ရှင် ... ပညာပြပြီနော်။

"မေ"

"အမလေး ကိုမောင်မောင်ရယ်၊ ပေါ်တော်မူကြီး"

"မလုပ်ပါနဲ့မေ ... ပေါ်တော်မူဆိုတာ"



"မှိုလေ ... မှို၊ စကားထာတောင်ရှိသေးတယ်၊ တစ်နှစ်တစ်ခါပေါ်လို့လား၊ ငါလျှင်မင်းလောင်း ထိုးဖြူဆောင်းတဲ့။ မှိုကိုပြောတာ၊ ရှင်တစ်ယောက်ဟာလဲ မှိုတစ်ပွင့်လိုပါပဲလား"

"တစ်နှစ်တစ်ခါတော့မဟုတ်ပါဘူး၊ ကိုးရက်ပဲရှိသေးတယ် ဖုန်းမဆက်တာ"

"ရှင်ပြောတော့ နေ့တိုင်းဆက်မှာဆို"

"ကြီးကြီးသိန်းအိမ်မှာဆိုတော့ ... "

"မေလဲ ပြန်နေချင်လှပါပြီ၊ ကိုယ့်အိမ်ကိုယ်"

မေမေကလည်း စိတ်ဆိုးပြီး အဆက်အဆံဖြတ်ထားသည်။ သားအဖချင်း ရုံးမှာဆိုင်ပြီး အမြွေလုံရတာကို သည်းနာလွန်းလို့တဲ့။ သူ့မှာ သမီးမရှိဘူးတဲ့။ သားသုံးယောက်ပဲရှိသတဲ့။ သူမျှား ... သူမျှားဆိုတာတောင် တစ်ယောက်ထဲမဟုတ်၊ နှစ်ယောက်ဆိုတော့၊ သူမျှားနှစ်မျှားဆိုပါတော့၊ သူမျှားနှစ်မျှားရဲ့ အကြွင်းအကျန်လေးတွေကို သွားပြီးယူယနေသလေ။ အတွင်းထရံကို အပြင်ထုတ်ကာတဲ့ အမေတဲ့။ ကြီးသိန်းက။ ကြီးသိန်းအိမ်မှာ မေမျက်နှာမငယ်ရပါ။ မေက ဈေးဆိုလဲ သွားလိုက်တာပဲ၊ ဆန်ဆိုလဲ ဝယ်လိုက်တာပဲ၊ ဆီဆိုလဲ ဝယ်လိုက်တာပဲ၊ ရိုးရိုးကော်ဖီမှုန့်ကို ရေပ်နို့မှုန့်နှင့်ဖျော်သောက်နေသော ကြီးသိန်းတို့အိမ်မှာ၊ ခုတို့ ပူပါကော်ဖီမစ်ကစ်မှ လျှာထဲစွဲနေပြီ။ မေဝယ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာတွေပါ။ မေက အကုန်အကျခံတာများလွန်းသည်မို့ ကြီးသိန်းတို့အိမ်မှာ အားစရိတ်ပျောက်သလောက်တောင်ဖြစ်နေသည်။ မေ့ကို တစ်အိမ်သားလုံးက ဖူးဖူးမှုတ်အရေးပေးကြပါ၏။

အစကတဲက ကြီးသိန်းဆိုတာ မေမေ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ညီအစ်မ၊ မေ့ကိုလည်း ချစ်၏။ ခုဆို အသနားပို၏။ ပြီးတော့ ... မေက မတန်တဆထုတ်သုံးပေးနေတော့လည်း အားနာ၏။ အားလုံးပေါင်းကာ မေသည် ကြီးသိန်းအိမ်မှာ ဘုရင်မတစ်ပါးလို နေခွင့်ရပါသည်။ သို့ပေမယ့် ... မေ စိတ်ကျဉ်းကြပ်သည်။ ကျဉ်းကြပ်မှုန်းကို ကြီးသိန်းရော ဖိုးလေးပါသိသည်။ မေတစ်ယောက်ထဲတာလည်း နေလို့မဖြစ်။ မေ့မှာ ခက်လိုက်ရတာခလေ။

"ကြီးသိန်းတို့က မေ့အတွက် ခင်ပွန်းလောင်းကို တွေ့ပြီလား"

"ရှင် ... ကိုမောင်မောင်ရယ်၊ ရှင်ဟာ သိကြားမင်းလား၊ စုံထောက်လား၊ တစ်ခုခုပဲ"

"မေ့ကိုခင်တဲ့သူ၊ သနားတဲ့သူ"

"ကြီးသိန်းတို့အပူတပြင်းလိုက်ရှာပြီး ခပ်ပေးတဲ့သူကို မေ ဘယ်လိုလုပ်ပြီးလက်ခံနိုင်မှာလဲ၊ ပြီးတော့ ... မေ အိမ်ထောင်မပြုချင်သေးပါဘူး၊ မေ့အသက်ငယ်သေးတယ်၊ နောက်ပြီး ... မေက ယောကျ်ားတွေကို မယုံဘူး၊ ကြောက်တယ်"

"ယောကျ်ားကောင်းတွေ အများကြီးရှိပါတယ်မေ၊ မိန်းမနှိပ်စက်လို့ဘဝပျက်ပြီး ဒုက္ခရောက်ကြရတဲ့ယောကျ်ားတွေလဲရှိပါတယ်၊ အဓိက ... က ယောကျ်ားရယ် မိန်းမရယ်မဟုတ်ပါဘူး၊ ကောင်းတဲ့သူက ကောင်းပြီး ဆိုးတဲ့သူက ဆိုးတာပါပဲ"

"မေ့အိမ်မှာ မေတစ်ယောက်ထဲပြန်နေမယ်ဆိုတာ ဘာလို့မဖြစ်ရတာတဲ့လဲ၊ အဲဒါကို မေသဘောမပေါက်ဘူး"

"မေရယ် ... ကျွန်တော်"

"ကိုမောင်မောင်"

"ခုနေ ... ကျွန်တော် စကားတစ်ခွန်းကို ပြောလိုက်ရင် မေစိတ်ဆိုးဦးမယ်၊ မေ့ကိုသနားတယ်လို့ပြောစဉ်က မေစိတ်မဆိုးပဲနေမယ်ဆိုရင် ကျွန်တော် ... တစ်ခုပြောချင်တယ်"

"ဆိုးမယ်မထင်ပါဘူး၊ ကိုမောင်မောင် ပြောလေ"

"မေ့ကိုချစ်တယ်"

"ရှင်"

ဒီတစ်ခါတော့ "ဒါပဲနော်" လို့ မေ မပြောဖြစ်တော့ပါ။ မေကပဲ စကားပြောခွက်ကို ချပစ်လိုက်ပါတော့သည်။

နှုတ်မြောလိုက်တာ ကိုမောင်မောင်ရယ်။







www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို မေက စိတ်ဝင်စားနေပြီ။ ကျေးဇူးတွေ လဲတင်နေပြီ။ သူငယ်ချင်းအရင်းအချာလိုပဲ အားကိုးနေပြီ။ ဒါပေမယ့် ... မေဟာ ယောကျ်ားဆိုတဲ့လူတန်းစားကို ကြောက်နေတဲ့သူ၊ အချစ်ရဲ့နောက်မှာပါလာမယ့် လက်ထပ်ခြင်းဆိုတာကို အကြောက်ကြီးကြောက်နေတဲ့သူ၊ လက်မထပ်ဘဲ ချစ်ရုံချစ်တတ်တဲ့ မိန်းမသားအဖြစ်ထိလဲ မေက ကိုယ့်သိက္ခာ ကိုယ်လျှော့မချချင်တော့၊ ယောကျ်ားတစ်ယောက်ကို ချစ်ပြီဆိုရင် လက်ထပ်ဖို့ထိ စဉ်းစားမယ့်သူ၊ အဲဒီလိုစဉ်းစားရမှာကိုပဲ ကြောက်နေပါတယ်ဆိုမှ၊ ဒီကိစ္စကို အရင်လိုရသတဲ့လားရှင်။ ခုဆိုရင် ... ရှင်ဟာ မေ့ဘဝထဲရှိသမျှ တစ်မိမ်းယောကျ်ားလေးတွေထဲမှာ ရှေ့ဆုံးကိုရောက်နေတဲ့သူဖြစ်နေပါပြီ။ ရှင့်အတွက် ပန်းတိုင်ဆိုတာ လက်တစ်ကမ်းလောက်သာလိုတော့တာတောင် ရှင်မစောင့်နိုင်ဘူးနော်။

အပြီးသပ်ကျတော့ ကိုမောင်မောင်ဆိုသူတစ်ယောက်ဟာလဲ ဒီပုတ်ထဲက ဒီပဲလိုမျိုးပါပဲ။ မေ ဝမ်းနည်းကြေကွဲရပါတယ်ရှင်။



ဒီစာ့ကို ဆုံးအောင်ဖတ်ပါမေ။

တောင်းပန်ပါတယ်။

ဒီလောက်ဆိုရင် ဒီစာရေးတဲ့သူဟာ မောင်မောင်ဆိုတာ မေသိလောက်ပါပြီ။ ဖုန်းဆက်လို့လဲ အကြာကြီးပြောမကောင်းလို့ ဒီစာကိုရေးရပါတယ်မေ။

အစကစပြီးပြောရရင်တော့၊ တစ်နေ့မှာ ကျွန်တော်ဟာ မိန်းကလေးတစ်ယောက်ကို တစ်နေရာမှာတွေ့လိုက်တယ်။ ငယ်လိုက်တာ။ လှလိုက်တာ။

"မေသိဂီရှည်တဲ့"

ဟောဗျား ... လို့တောင် အာမေဋိတ်ကျယ်ကျယ်ကြီးရွတ်လိုက်ချင်ရဲ့။ နာမည်လေးကပါလှလိုက်တာပါလားကွာ။ ကျွန်တော် ... မေ့နောက်ကို တကောက်ကောက်လိုက်ပါတယ်၊ မေနဲ့မနီးမဝေးမလှမ်းမကမ်းလိုနေရာမျိုးမှာ ကျွန်တော် အမြဲလိုလိုရှိနေတတ်ပါတယ်၊ ရေစက်ဆိုတာကို ယုံလားမေ၊ ဖူးစာဆိုတာကို ယုံလားမေ။

မေ့ကို ကျွန်တော်ချစ်တယ်။

မြင်မြင်ချင်းကိုပဲ ချစ်ပါတယ်။

ကျွန်တော်ဟာ တက္ကသိုလ်ကနေ သာမန်ဘွဲ့တစ်ခုကို ခုချိန်မှာ ရထားပြီးပါပြီ။ တက္ကသိုလ်သက်တမ်းတစ်လျှောက်မှာ ကျွန်တော် ရည်းစားတစ်ယောက်ရခဲ့ဖူးပါတယ်၊ အရုပ်နဲ့ကစားနေတဲ့ကလေးဟာ ဂေါ်လီရိုက်ကြည့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောမျိုး၊ စိတ်ဝင်စားမှုအသစ်အဆန်းတစ်ခုထဲကို နှစ်ဦး သဘောတူ စူးစမ်းကြည့်တဲ့သဘောပါပဲ။ အချစ်ဆိုတာကို သူလည်း နားမလည်၊ ကိုယ်လည်းနားမလည်၊ ရည်းစား မထားဖူးလို့ ထားကြည့်တဲ့ကလေးနှစ်ယောက်လို၊ ပျင်းပြီး ပြတ်စဲသွားကြချိန်မှာ၊ နှစ်ယောက်လုံးဟာ ဖြူစင်သန့်ရှင်း စွာ ခွဲခွာခြင်းပါမေ။ ယုံပါ။

အဲဒီနောက် ...

ပထမဆုံးဖြစ်သလို၊ နောက်ဆုံးချစ်မိခြင်းလည်း ဖြစ်မယ့်အချစ်ကို ကျွန်တော် မမွေ့ရာဘဲတွေ့ရှိခဲ့ရပါတယ် မေ။ အဲဒါ မေပါပဲ။ မေသည်သာလျှင် ကျွန်တော့်အချစ်ဦးပါ။ မေ့ထံမှ အချစ်ကို ရသည်ဖြစ်စေ၊ မရဘူးပဲဖြစ်စေ၊ ဒီတစ်သက် ... ကျွန်တော်၊ နောက်ထပ် ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပါဘူးမေ။ ဖူးစာမပါလို့ မေ့ဆီကအချစ်ကိုမရဘဲ မေနဲ့လက်မထပ်ဖြစ်ဘူးဆိုရင်လဲ ကျွန်တော်ဟာ ချစ်တတ် သူလုံလူတန်းစားမဖြစ်နိုင်တော့ပါဘူး။ အိမ်ထောင်တစ်ခုတည် ဆောက်ကောင်းတည်ဆောက်မိမယ်။ ဒါပေမယ့် ... ကျွန် တော့်အချစ်တွေဟာ မေ့ဆီမှာပဲကျန်ခဲ့မယ်။ နောက်ထပ် ဒါ ပေမယ့် ... ကျွန်တော့်အိမ်ထောင်နဲ့ ကျွန်တော့်မိသားစုအ ပေါ်မှာ ကျွန်တော် သစ္စာရှိယောကျ်ားကောင်းတစ်ယောက် အဖြစ် ရပ်တည်ပါမယ်မေ။

မေရယ်။



ကျွန်တော့်လှောက်လှဲချက်တွေဟာ သာမန်မိန်း ...သားနားဝင်မချိုနိုင်ပါဘူး။ ရှင်းလင်းလွန်းလို့၊ ဘွင်းဘွင်း ...ကျလွန်းလို့၊ လူအများလက်ခံနိုင်ချင်စဖွယ်မရှိပါဘူး မေ။ ကျွန်တော် အရိုးသားဆုံး တင်ပြနေတာပါ။

ကျွန်တော်ချစ်တဲ့ မေ့ဘာဝဟာ အလွန်သနားစ ...ရာကောင်းပါလား မေလေးရယ်။ စည်းစိမ်ဥစ္စာချမ်းသာပါ ...လျက် မိခင်လူမမာကို ပြုစုဖို့ ကျောင်းထွက်ရတယ်တဲ့၊ ...တစ်နည်းအားဖြင့်တော့လဲ မေဟာ မိခင်ကျေးဇူးကို သူမတူ ...အောင်ဆပ်ခွင့်ရလိုက်ခြင်းဖြစ့် ကျေနပ်ကြည်နူးစရာပေါ့လေ။ ...မေရယ် ... ကျွန်တော်ချစ်တဲ့ မေလေးရယ်။ ကျွန်တော် ...ဟာ မေ့ရဲ့အရိပ်ပါ။ မေ့နားမှာ ကျွန်တော် အမြဲရှိနေပါတယ်။ ...သတင်းကို အမြဲနားစွင့်နေပါတယ်။ မေ့မှာ အစစပြီးပြည့် ...နေတဲ့အခါ၊ ကျွန်တော်ဆိုတဲ့အရိပ်ကလေးဟာ မှုန်းတည့် ...ချိန်လို ငုပ်လျှိုးနေလိုက်ပါတယ်။ မေ့မှာ အကူအညီလိုတဲ့ ...အချိန်တွေမှာ ကိုယ်ထင်မပြနိုင်သော်လည်း ကန့်လန့်ကာ ...နောက်ကွယ်ကနေ အမြဲကူညီခဲ့ပါတယ်။ မေ့ဆီဖုန်းဆက်ပြီး ...အကြံဉာဏ်ပေးတယ်ဆိုတာ အပရိကပါမေ။ မေ မသိသော ...ထက်မကတဲ့လေးနက်မှုမျိုးနဲ့လဲ ကျွန်တော် ကူညီခဲ့ပါတယ်။

ဥပမာ ...

မေမနှစ်မြို့နိုင်သော အမျိုးသမီးက မေ့အဖေ ...နောက်ကွယ်မှာ မားမားရပ်ပြီး ရပိုင်ခွင့်တွေယူသွားလာဖို့ ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုင်မယ့်ကိစ္စရှိုး။ ကျွန်တော် ... အလကားကောင်ပါမေ၊ သို့ပေမယ့် ... ဆိုင်ရာဆိုင်ရာဆိုတာရှိပါတယ်။ မေလက်မခံနိုင်တဲ့ အမျိုးသမီး မေ့အိမ်ပေါ်ရောက်မလာစေဖို့၊ သူကိုယ်တိုင်က တက်မသွားတော့ပါဘူး ... ဆိုတဲ့ ကတိကိုပေးဖို့၊ အဲဒီကတိတည်မြဲဖို့၊ ကျွန်တော် ကြိုးစားခဲ့ပါတယ်မေ။ ယုံပါ။

ကျွန်တော် ... မေ့ကို ချစ်လည်းအလွန်ချစ်တယ်၊ သနားလည်း အလွန်သနားပါတယ်။ မေကောင်းစားစေချင်တဲ့စေတနာလည်း အများကြီးရှိပါတယ်။ မေ့ကို ရွှေရေးပန်းဆက်၊ ရွှေပေါ်မြတင်ကလပ်ကလေးပေါ်တင်ထားရင် မေပြုံးရယ်နေတာလေး ကျွန်တော် တစ်သက်တာမြင်ခွင့်ရချင်ပါတယ်၊ ဒါပေမယ့် ... "ချစ်တယ်" လို့ပြောမိတဲ့နေ့ဟာ၊ ကျွန်တော့်စေတနာ၊ မေ့ရွာနဲ့ ကူညီမှုတွေအားလုံးသဲထဲရေသွန်ဖြစ်မယ်ဆိုတာလဲ မျှော်လင့်ထားခဲ့ပါတယ်။ ကြိုတင်ကြေကွဲပြီးသားပါမေ။ အဲဒါကြောင့် ... မေ့ကိုလက်ထပ်ပြီး ရာသက်ပန်စောင့်ရှောက်ခွင့်ပြုပါလို့ ခွင့်တောင်းမိရင်တောင် ...

ကျွန်တော်သည်သာလျှင် ဣတ္ထိယသိုက်သမားဖြစ်မှာပါမေ၊ မေ့အယုံအကြည်ကို ကျွန်တော် ရာသက်ပန်စွန့်လွှတ်လိုက်ရတော့မှာပါ။ ကျွန်တော် ခင်းရဲပါတယ်မေရယ်၊ မြန်မာရပ်ကွက်ကလေးတစ်ခုမှာ၊ ဆယ့်နှစ်ပေ၊ ပေ





ါးဆယ်ကျယ်တဲ့တိုက်ခန်း၊ သုံးလွှာနဲ့လေ ၁၊ နှစ်လွှာ ပေါင်းလေးမှာ ကျွန်တော့်မိဘနှစ်ပါးရယ်၊ ကျွန်တော်ရယ်၊ ဘွဲ့မရသေးတဲ့ ကျွန်တော့်ညီမလေးရယ်၊ လေးယောက်နေကြရပါတယ်မေ။ ကိုယ်ပိုင်ကားမရှိပါဘူး။ မော်တော်ဆိုင်ကယ်တစ်စီး ကျွန်တော့်မှာရှိပါတယ်၊ ညဆိုရင် အောက်ထပ်မှာ လခပေးပြီးအပ်နှံထားရပါတယ်၊ ကျွန်တော့်မှာ "မကောင်းမဆိုး" များလှတယ်လဲမဟုတ်၊ နည်းလှတယ်လဲမဟုတ်သောဝင်ငွေလေးရှိပါတယ်၊ ဖေဖေ့မှာလဲ နည်းနည်းရှိပါတယ်၊ မေမေ့မှာ မရှိပါဘူး၊ ဒါဟာ ကျွန်တော်တို့မိသားစုရဲ့ စီးပွားရေးပါ။

မေလေးရယ် ...

ကျွန်တော်တို့မိသားစုရဲ့ချမ်းသာသမှုအစုစုဟာ တို့အိမ်က ရေချိုးခန်းတစ်ခန်းစာလောက်သာရှိမှာပါ။ ကျွန်တော်ဟာ မမီတဲ့ပန်းကို တုံးချပြီး လှမ်းချင်သူလဲမဟုတ်ရပါ။ မေ့ကို ကျွန်တော်ချစ်မိတာ၊ ညေးစိမ်ဥစ္စာတွေ တစ်ပုံတပင်ရှိပါလျက် အနေခက်အစားခက်ပြီး အထီးကျန်မလေးဖြစ်နေရတဲ့အတွက် အလွန်အမင်းသနားမိတာတွေဟာ တကယ်ပဲ ဖြူစင်ပါကြောင်း သစ္စာဆိုရဲပါတယ် မေ။ မေ့ကိုမျက်ရှုသာချစ်နိုင်ပြီး၊ လက်ထပ်ခွင့်ကိုတောင်းရဲသူမဟုတ်လို့ (မေနဲ့ကျွန်တော်နဲ့ မတူမတန်လို့) ကျွန်တော် ... ယ်သူကယ်ဝါဆိုတာ မေ့ရှေ့မှာ မျက်နှာလာမပြတော့တာပါမေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိတာလေးတစ်ခုကိုတော့ နားလည်ပေးပါ။ မေပြန်မချစ်ရင်လဲ နေပါ။ ကူညီတတ်သူ သူငယ်ချင်းရယ်လို့ပဲ သဘောထားပါ၊ ကျွန်တော့်ဘက်ကတော့ ချစ်နေခွင့်ရပါရစေမေရယ်၊ ကျွန်တော် ရင်ဖွင့်တော့မယ်။ မချိုသိပ်နိုင်တော့ဘူး။ မေနဲ့ဖုန်းဆက်တဲ့အခါမှာ ကျွန်တော့်ရင်ထဲက အချစ်တွေကိုမှ ပြောပြခွင့်မရရင် ရင်ပွင့်သေမယ့်အသုဘအလောင်းကို မေ သင်္ဂြိုဟ်နေရလိမ့်မယ် ... လို့ ကျွန်တော် ပြောရင် မေ့ရယ်မှာလား မေရယ်။

ချစ်လို့ပါမေ။ သိပ်ချစ်လို့ပါ မေရယ်။

ဖုန်းလဲ ခါတိုင်းလိုဆက်ပါရစေ။ ချစ်တဲ့အကြောင်းလေးတွေလဲ ပြောပါရစေ။ နားထောင်ပေးတယ်ဆိုရင်ပဲ ကျွန်တော်ဟာ မဟာကံထူးရှင်ပါမေ။ မေ့ကိုချစ်သလို မေ့အမေ ဒေါ်ရီရီဝင်းကိုလဲ ကျွန်တော် မိခင်နဲ့မခြား ခင်မင်မိခဲ့ပါတယ်၊ မေ စိတ်မဆိုးနဲ့နော်၊ ပြောပါရစေ။ သနားလဲ သနားမိပါတယ်။ စကားပုံတစ်ခုရှိတယ်မေ ... "လင်ဆိုးမယားတဖားဖား" ... တဲ့။ တဖားဖားဖြစ်နေရှာတဲ့ လင်ဆိုးမယားတစ်ယောက်ကို သနားစိတ်နဲ့ ခင်မင်လေးစားမိလို့ မေ့မိခင်ရဲ့ ရှာပနမှာ ကျွန်တော် လွှမ်းသူ့လက်ဆောင်ပေးခဲ့တာပါ။ "လွှမ်းသူ့ပန်းခြင်း" ဆိုပြီး တာဝန်ကျေ ပို့ပေးခဲ့တာမဟုတ်ဘူးမေ၊ သံသရာခရီးကို သွားလေသူအတွက်၊ ကျွန်ရစ်သူက ကြေကွဲဝမ်းနည်းစွာ ထည့်ပေးလိုက်တဲ့ လက်





ဆောင်ပါမေ။ "သားနဲ့ထပ်တူ" ... ဆိုတာ မေ့အပေါ် ချစ်ခြင်းနှင့်ဘာမျှမဆိုင်တဲ့၊ မေ့အမေပေါ်ထားမိတဲ့ သနားခြင်းနဲ့ခင်မင်ခြင်းတို့ကြောင့် မိခင်ရင်းလို့ တွယ်တာမိခဲ့လို့ပါ။ အဲဒါကြောင့် သားနဲ့ထပ်တူရဲ့ ရေးခဲ့မိပါတယ်မေ။

မေရယ်။

ကျွန်တော်နဲ့မေနဲ့ မတန်ပါဘူး။ အဲဒါကြောင့် ကျွန်တော် လက်ထပ်ခွင့်မတောင်းပါဘူး၊ ချစ်နေခွင့်နဲ့ချစ်ကြောင်းလေးတွေပြောဆိုခွင့်ကလေးပဲ မေ့ဆီက ကျွန်တော် တောင်းပါတယ်။ မေရယ် ... လေနဲ့သာချစ်ရတဲ့သူပါ၊ သွားခြေလေးတွေစုပြီး နီရဲနေတတ်တဲ့ မေ့လက်ဖဝါး နူးနူးညံ့ညံ့ ချောချောမွတ်မွတ် ထွေးထွေးအိအိကလေးကိုတောင် ကိုင်ခွင့်ရမယ့်သူမဟုတ်ပါဘဲ။ မေရယ်။ စကားနဲ့သာတောင်းဆိုနေရတဲ့ ချစ်ခွင့်လေးကို မေ လိုက်လျောပေးပါ။

အော် ... မေ၊ မေတစ်ယောက်ထဲ အိမ်ပြန်ရမှာဖို့အခက်အခဲရှိရင်၊ ဘော်ဒါဆောင့်ဖွင့်ပါလားမေ၊ မေက ဘော်ဒါအုပ်လေ။ အဲဒါ သင့်တော်ပါတယ်၊ လူရှိသေရှင်ရှိသလဲရှိပါတယ်။ မေ့မှာလဲ မိန်းမဖော်တွေ အများကြီးရပါတယ်။ ဘယ်သူကမှလဲ ကဲ့ရဲ့မယ်မထင်ပါဘူး။ တစ်မိန်းယောကျ်ားတစ်ယောက်ယောက်ရဲ့အန္တရာယ်ဆိုရင်တောင် မိန်းမသားအုပ်စုက တောင့်တောင့်တင်းတင်းနဲ့ ပြန်လှန်တိုက်ခိုက်နိုင်မှာပါမေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါက ကျွန်တော်ပေးတဲ့အကြံဉာဏ်ပေါက်စ လေးပါ။ တာဝန်အရလေမေ၊ နှလုံးသားက တာဝန်ပေးပြီး စေခိုင်းထားတော့ ကျွန်တော် အကြံဉာဏ်မပေးဘဲ မနေနိုင် လို့ပါ။

ချစ်တယ်မေ။ မေ့ကို ကျွန်တော်ချစ်တယ်။

ကျွန်တော် ... မေ့ကိုချစ်တယ်။

မေ့ကို ကျွန်တော်ချစ်တယ်။

စကားနဲ့နော် မေ ... အချစ်ကလေးတစ်ခု ကို ပြောခွင့်မရရင်၊ ရင်ပွင့်သေတဲ့အသုဘတစ်လောင်းကို မေ သင်္ဂြိုဟ်နေရလိမ့်မယ်။ တကယ်၊ ယုံနော်၊ မေ။

ချစ်လိုက်ရတာမေရယ်။

တယ်လီဖုန်းနှင့် ရည်းစားထားခြင်းဟာ၊ မိန်းမ ကောင်းတို့ရဲ့လုပ်ရပ်မှ ဟုတ်ရဲ့လား။

"ချစ်ပါပြီ ကိုမောင်မောင်ရယ်" ... လို့ မေ အဖြေမပေးရသေးပါ။ မြင်တောင်မမြင်ဘူးသေးသူတစ်ဦးကို အဖြေပေးသည်ထိလဲ မေ မမိုက်မဲချင်ပါ။ အဲသည်လောက်





ထိလဲ မေ့သိက္ခာနှင့်ဣန္ဒြေကို လူတကာခြေနင်းဖတ်ထဲ ချ ပစ်ချင်ပါ၊ သို့ပေမယ့် ... သူဟာ မေ့နှလုံးသားကို စိုး မိုးနေပါပြီ၊ ယောကျ်ားတစ်ယောက်ရဲ့အချစ်ကို သေလုအောင် ကြောက်တတ်ခဲ့တဲ့မေဟာ၊ ယောကျ်ားတစ်ယောက်ရဲ့အချစ် ကိုပဲ သေလုအောင်မက်မောတတ်နေပါပြီ။ မေနှင့် သူနှင့် တရားဝင်သမီးရည်းစားမဖြစ်ကြသေးပါ။ သို့ပေမယ့် ... တရားဝင်ကြေညာခြင်းမပြုကြရသေးသော ... ရည်းစား တွေလို့ပါပဲလေ။

"နေကောင်းရဲ့လားမေ"

"ကောင်းပါတယ် ... မေမေ့ကို သတိရတဲ့နေ့တွေ မှာ တစ်နေကုန်ငိုနေမိတာပဲရှိပါတယ်၊ သတိရတဲ့နေ့ လို့ပြောလို့၊ သတိမရတဲ့နေ့မရှိတာတော့ မဟုတ်ဘူး၊ နေ့တိုင်း သတိရတာပဲ ကိုမောင်မောင်ရယ် ... တချို့ နေ့တွေကျတော့ ပိုပြီးကြေကွဲနေတတ်တာ"

"ဖြစ်မှာပေါ့မေရယ် ... ဒါပေမယ့်၊ ဒီလိုပဲ စိတ် ကိုဖြေရတာပေါ့"

"မေ့မှာ အဖေတစ်ယောက်လုံးရှိပါလျက်နဲ့ တွေ့ခွင့် မရတာကိုလဲ ရင်ထဲမချိဘူးရှင်"

"မေ့အဖေက မေ့ကို ကြီးကြီးသိန်းတို့နဲ့ စိတ်ချလက်ချ ချရှိတဲ့သဘောပါ"

"စိတ်ချစရာလားဟင်၊ ဆွေမျိုးဘယ်လောက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မိရင်းဖရင်းနဲ့သာနေချင်တော့မှာပေါ့"

"ခက်တာပဲမေ ... မေ့အဖေကို လက်ရှိအိမ်ထောင်ကိုဖြိုခွဲပြီး သားအဖနှစ်ယောက် အေးအေးဆေးဆေး ပြန်နေပါ ... ဆိုတဲ့ထိတော့ ကျွန်တော် မတတ်နိုင်ဘူး၊ ကျွန်တော်လုပ်ပေးလို့ရရလို့ပါ။ ရရင်လုပ်ပေးပါတယ်"

"ဖေဖေတို့များ သိပ်ရက်စက်တာပဲ၊ မတွေ့ရတာလဲ ကြာပါပြီ"

"သူ ... နေကောင်းပါတယ်"

"ရှင်ကလဲ သိလိုက်ပြန်ပြီလား"

"မေမေးရင် ဖြေနိုင်ဖို့ ကျွန်တော့်မျက်စိနဲ့ သွားကြည့်ထားပါတယ်"

"မေ့အိမ်ကို ဘော်ဒါဆောင်ဖွင့်ဖို့ကိစ္စ၊ ကြီးသိန်းက သဘောတူတယ်၊ ဒါပေမယ့် ... မေတစ်ယောက်ထဲ ပြန်လွှတ်လိုက်ရမှာကျတော့ စိတ်မချဘူးတဲ့"

"မေ့ကိုချစ်ရေးဆိုတဲ့လူတွေထဲက လူကောင်းသူကောင်း တစ်ယောက်ယောက်များ မရှိဘူးလား"

"ရှင် ဘာစကားပြောတာလဲ ကိုမောင်မောင်"

"မေ့ကို လက်ထပ်လိုက်စေချင်လို့ပါ။ မေ့ကို အားကိုးရမယ့်သူဆီမှာ ကျွန်တော် ... စိတ်ချလက်ချ အပ်နှံလိုက်ချင်လို့ပါ။ ဒီနေရာကို ကျွန်တော် ရယူဖို့





အမြဲတမ်းဆန္ဒရှိပေမယ့်၊ ကျွန်တော် ဆင်းရဲတယ်မေရယ်၊ မေနဲ့ကျွန်တော်နဲ့ မတန်ဘူး၊ ခုနေ ... ကျွန်တော်သာ ဝင်ဒါမီယာတို့ ရွှေတောင်ကြားတို့မှာ ခြံတစ်ခြံ တိုက်တစ်လုံးရှိမယ်၊ စီးစရာကားကတစ်စင်း၊ ဝင်ငွေက ဒေါ်လာနဲ့ဆိုရင် အနည်းဆုံး တစ်လငါးရာလောက်ပေါ့ ...

"အဲဒီလောက်သာဆိုရင်၊ မေ့ကို ကျွန်တော် ခိုးပြေးပြီ။ ကားတင်ပြေးပြီ။ မေပြန်မချစ်လဲနေ၊ ကျွန်တော်တစ်ယောက်ထဲချစ်နေမယ်၊ ကျွန်တော့်မျက်စိအောက်မှာထားမယ်၊ မေ့ကို ပန်းလေးတစ်ပွင့်လို လန်းနေအောင်ထားခွင့်ရချင်တယ် ...

"ခုတော့ ... ဘာပြောပြောအပိုပဲမေရယ်၊ ကျွန်တော်ဆင်းရဲတဲ့အတွက် တစ်ခါမှ ကိုယ့်ကိုကိုယ်မကျေမနပ်မဖြစ်ခဲ့ဘူး၊ ခုလောက်နေနိုင်စားနိုင်တဲ့အပေါ်မှာ ကျွန်တော် ရောင့်ရဲခဲ့တာချည်းပါပဲ၊ မေ့ကိုချစ်မိမှ ...

"မေ့ကို မေနဲ့တန်တဲ့အဆင့်မှာ မထားနိုင်တဲ့ ကျွန်တော့်ဘဝကို ကျွန်တော် စိတ်ခုတ်ကျမိတယ်၊ မရောင့်ရဲနိုင်တော့ဘူးမေ"

"ရှင် ... တွေ့ကရာတွေ လျှောက်လုပ်မနေနဲ့ဦးနော်"

"အော် ... ဒေးပြတိုက်တာတို့ လာဘ်စားတာတို့၊ ဘိန်းဖြူချတာတို့၊ ကျောက်မှောင်ခိုတို့လား ... မ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါဘူး မေရဲ့၊ ထောင်ကျသွားရင် ထောင်ထဲကနေ မေ့ဆီ ဘယ်လိုဖုန်းဆက်တော့မလဲ"

"ကြီးသိန်းနဲ့ ဖိုးလေးက မေ့ကို အိမ်ထောင်ပြုဖို့ ပြောနေပါတယ်"

"မေ့စိတ်ကြိုက်မတွေ့ဘူးလားဟင်"

"မေ ... မချစ်ဘူးကိုမောင်မောင်ရယ်။ မေ စဉ်းစားပါတယ်။ မိန်းမတစ်ယောက်ဟာ ဘယ်လိုအခြေအနေမှာ အိမ်ထောင်ပြုသင့်သလဲဆိုတာ ... "

"ဘယ်လိုအခြေအနေမှာလဲမေ၊ မေက စဉ်းစားတယ်တဲ့ တော်လိုက်တာ၊ မောင့်မေလေး"

"ရှင်" ... ဆိုသည့် အာမေဋိတ်ကလေးကို ထိန်းလိုက်နိုင်၏။ "မောင့်မေလေး" ဆိုတာကို မကြားချင်ယောင်ဆောင်လိုက်၏။ သို့ပေမယ့် ... မေ့နားထဲ ပျားရည်မြစ်တစ်စင်းကတော့ ဖြတ်စီးသွားခဲ့ပါပြီ။

"ကိုယ့်ပါးစပ်တစ်ပေါက် ကိုယ်မကျွေးနိုင်တဲ့အခါ၊ ကိုယ့်ဝမ်းကိုယ် ရှာမစားနိုင်တဲ့အခါတွေမှာ မိန်းမတွေဟာ ထမင်းရှင်ကို ရှာတတ်ပါတယ်"

"မေ့မှာ ထမင်းရှင်မှ မလိုဘဲ"

"ကိုယ့်မှာ သိပ်ချစ်လိုက်မိတဲ့ချစ်သူကို တွေ့လာရင်လဲ၊ ဘဝထဲခုန်ဆင်းပြီး ဆိုးတူကောင်းဘက် ရင်ဆိုင်ဖို့ ဆုံးဖြတ်တတ်ကြပါတယ်"





"မေ့မှာ ... အဲဒါမျိုးရှိနေပြီလားမေရယ် ... ဘုရားသိကြားမလို့ မရှိပါစေနဲ့ဦး"

ပြောသည့်ပုံက ရယ်၍ပြောသည်မို့ မေက လည်း တခိခိရယ်လိုက်သည်။

"ဘဝထဲကို လက်တွဲခုန်ဆင်းချင်လှချည်ရဲ့ဆိုရင်တောင် အဲဒီလိုလူမျိုးကို မေ မတွေ့မမြင်သေးပါဘူး"

မေ့စကားက အဓိပ္ပါယ်နှစ်ခွထွက်သွားသည်။ ဟုတ်သည်လေ။ မောင့်ကို မေမှ မမြင်ဘူးသေးတာမောင်ရယ်။ ဒီလိုပဲ ရင်ထဲမှာခေါ်လိုက်တော့မယ်။ မေ မိုက်ပါတယ်။ မေဟာ အသိဉာဏ်နည်းပါတယ်၊ မေ့ကိုအထင်မကြီးပါနဲ့၊ မေ့လောက်မိုက်မဲပြီး အသိဉာဏ်နည်းပါးချို့ယွင်းတဲ့မိန်းမသားမျိုးရှိတော့မယ်မထင်ပါဘူးမောင်။ မမြင်ဘူးသေးတဲ့ ကိုယ်ပျောက်ချစ်သူကို မေ စွဲလမ်းတပ်မက်စွာ မြတ်နိုးကိုးကွယ်နေမိပြီ။ မောင်ဟာ မေ့သူငယ်ချင်းဖြစ်တယ်။ မေ့အကျိုးကို လိုလားသူဖြစ်တယ်။ မေ့ကို ကူညီသူဖြစ်တယ်။ အကြံကောင်းဉာဏ်ကောင်းတွေ ပေးသူဖြစ်တယ်။ မေ့ထံပါးမှာ အရိပ်လိုအမြဲရှိနေတတ်တယ်။ မေကသာ မမြင်ရတာ မောင့်ရဲ့အရိပ်ကလေးက မေ့ကျောပြင်မှာ။

မေ အားကိုးတာပေါ့ မောင်ရယ်။

မေချစ်တာပေါ့ မောင်ရယ်။

"ညတုံးက မောင် အိပ်မက်မက်တယ်မေ



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကြည့်။ လှလယ်။ သူ့ကိုယ်သူမောင် ... တဲ့။ မသိမသာကလေး တစ်ခွန်းသုံးသွားပြန်ပြီ။ ဘယ်လိုလဲရှင့် ... လို့ မေ ရန်တွေ့ရမလား။ မကြားချင်ယောင်ပဲ ဆက်လက်ဟန်ဆောင်နေရဦးမှာလား။

"အိပ်မက်ထဲမှာ မေက မောင့်ကိုချစ်တယ်တဲ့။ မောင်က မေ့ကို အတင်းမေးနေတယ်။ ချစ်လား၊ ချစ်လားနဲ့၊ မေက ခေါင်းလေးငုံ့ပြီး ဟုတ်ကဲ့တဲ့။ ချစ်လိုက်တာ မေရယ်။ ပျော်လွန်းလို့ ထခုန်တာ။ မောင်တကယ်ပဲ ခုတင်ပေါ်က လိမ့်ကျတယ်၊ မောင့်ကို ယေါ်ထင်နေပြီလား မေ"

မထင်ပါဘူးလို့ ဘယ်လိုပြောလို့ဖြစ်ပါ့မလဲ။ ထင်တယ်လို့လဲ မပြောရက်ပါဘူး၊ ပေါတော့ပေါတာပဲ ဦးလှ ပေါကြီးရဲ့။

မေ တခိခိရယ်ပေးလိုက်သည်။ မေလည်း ညက မောင့်ကို အိပ်မက်မက်တာပါပဲ။

"မေလဲ ရှင့်ကို ညကအိပ်မက်မက်တယ်"

"အိပ်မက်ထဲမှာ ချစ်တယ်လို့ဖြေလိုက်လား"

"ကြံကြံဖန်ဖန် ... ကျွန်မအိမ်ကို ဓားပြလာတိုက်တာ၊ ဓားပြကြီးက မျက်နှာကို ... သိတယ်မဟုတ်လား၊ လက်ကိုင်ပုဝါအမဲအကြီးကြီးကို သုံးထောင့်ဖြစ်အောင်ခေါက်ပြီး နှာခေါင်းပေါ်မှာစီးထားတယ်"





"အဲဒါ မောင်တဲ့လားကွယ် ... မေ့အိပ်မက်ကလဲ ဆိုးလိုက်တာ"

ကိုမောင်မောင့် ... မောင်ဆိုတဲ့နာမ်စားကို၊ ရှင်တစ်ဦးတည်း တစ်ဖက်သတ်အဆိုသွင်း၊ ထောက်ခံ၊ အတည်ပြုသုံးစွဲလိုက်ပြီလားရှင်။

"မေက ဓားပြကြီးကိုကြောက်လွန်းလို့ ရှိုက်ငိုနေတယ်၊ ဓားပြကြီးက ဘာမှလဲမတောင်းဘူး၊ ဓားကြီးနဲ့တော့ ထိုးမယ်တကဲကဲ ... အဲဒီတုန်းမှာ လူတစ်ယောက် ရောက်လာတယ် ကိုမောင်မောင်ရဲ့၊ ဓားပြကြီးရဲ့မျက်နှာဖုံးကို ဆွဲဖြုတ်လိုက်တယ်"

"အဲဒါ မောင်ဖြစ်မယ်"

"ထူးဆန်းတာကလေ၊ နှစ်ယောက်လုံးဟာ မျက်နှာဆင်တူကြီး၊ ချွတ်စွပ်"

"ဟောဗျား ... ချောရဲ့လား"

"ဆိုးလိုက်တဲ့ရုပ်တွေ၊ အသားကလဲမဲ၊ နှာခေါင်းကလဲပြား၊ မျက်စိကလဲ ခွေ့တွေကြီး၊ လေငန်းပဲဖြတ်ထားသလိုလို"

မေက တခိခိရယ်၍ မောင်က တဟားဟား [illegible]။ ခုမှသာ မေရယ်နိုင်တာပါ။ ညတုန်းက အိပ်မက် [illegible] ကျတော့ ကြောက်လွန်းလို့ မျက်ရည်တွေ [illegible]တောင် [illegible]ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"စေးမြကြီးက လာကျတဲ့သူကို၊ မောင်မောင် ... တဲ့"

"ဟုတ်ပြီ"

"လာကျတဲ့သူကလဲ စေးမြကြီးကို၊ မင်းသား ... မောင်မောင်တဲ့၊ ရုပ်တွေကလဲ ချာတ်စွတ်၊ ဆိုးလိုက်ကြတာလဲ တာတောလန်ရော၊ ခုပြန်ပြောတော့ ရယ်ချင်တယ်၊ ကိုမောင်မောင် ... ရှင် တော်တော်ရုပ်ဆိုးသလားဟင်"

မေ ... သူ့ကိုတွေ့ချင်နေပါပြီ။ သူ လှလယ်ပဲ၊ ဒါကိုမရိပ်မိဘဲနေပါ့မလား။ ရင်ထဲမှတွေ့လိုစိတ်က ပြင်းပျလွန်းလို့ အိပ်မက်ထဲထိရောက်သွားရတာမဟုတ်လား။ ပြီးတော့ ... ချောချောခန့်ခန့်ကြီးဖြစ်စေချင်လွန်းလို့ ရုပ်ဆိုးမှာစိုးလွန်းလို့၊ ရုပ်ဆိုးကြီးကို ကြောက်ကြောက်လန့်လန့်မက်တဲ့ အိပ်မက်မဟုတ်လား။

"ကိုယ့်ကိုကိုယ် အမွန်းတင်ရရင်တော့ သနားကမားလေးပါပဲ"

"ရှင် ဘာဖြစ်လို့ ကိုယ်ပျောက်ခေါရလုပ်နေတယ်ဆိုတာ မေ နားမလည်ဘူး"

"ဆင်းရဲလို့"

"ရှင့်လိုသာဆိုရင် ဆင်းရဲသားတွေအားလုံး ကိစ္စရှိလို့ လမ်းထွက်ရင်တောင် မျက်နှာဖုံးတပ်ပြီး ထောင်



ခြုံထွက်ရမလိုဖြစ်နေပြီ။ လောကကြီးမှာ ဆင်းရဲသားတွေအများကြီး။ ရှင်တစ်ယောက်ထဲ ဆင်းရဲနေတာမှမဟုတ်တာ။ ပြီးတော့ ... သူငယ်ချင်းမိတ်ဆွေဆိုတာ ဆင်းရဲဖို့ချမ်းသာဖို့မလိုပါဘူး၊ မိတ်ဆွေပါပဲ"

"မိတ်ဆွေအဆင့်ဆိုရင်တော့ ဟုတ်မှာပေါ့မေ၊ မောင်က မိတ်ဆွေမှမဟုတ်တာ။ မေ့ကိုချစ်နေတဲ့သူ၊ မေ့ကိုချစ်ခွင့်ရချင်သူက ဆင်းရဲနေတော့ မျက်နှာမပြရဲဘူး"

"ရှင့်မျက်နှာမပြတော့၊ ရှင် တစ်ခုခုကိုလိုချင်တယ်ဆိုရင်တောင်၊ ရှင် ဘယ်ပုံစံနဲ့ လက်ခံနိုင်မှာလဲ"

"မောင့်ကို ချစ်လားမေ"

"အဲဒီကိစ္စကို စဉ်းစားဖို့အတွက်၊ ရှင့်မျက်နှာကို အရင်ဆုံးတွေ့မြင်ရဖို့လိုတယ်၊ ရှင်ပြောပြတဲ့ ရှင့်အကြောင်းတွေ မှန်မမှန်စုံစမ်းဖို့လိုတယ်၊ ရှင့်ရဲ့စိတ်နေသဘောထားနဲ့ ကိုယ်ကျင့်တရားကို လေ့လာဖို့လိုတယ်"

"ဦးနှောက်ပိုင်းဆိုင်ရာကြီးပဲ မေ"

"စကားပုံတစ်ခုရှိတယ်လေ၊ ရှင်တို့ယောကျ်ားတွေ တီထွင်ခဲ့တာပဲဖြစ်မှာပါ။ မိန်းမတွေဟာ နှာခေါင်းသာမပါရင် မစင်တောင်စားမှာ ... တဲ့။ ဒါ ... ဦးနှောက်မသုံးကြဘူးလို့ စွပ်စွဲလိုက်တဲ့စကားပေါ့"

"မောင့်ကို နုနုဝဲဝဲ ကျူးကျူးကန်းကန်း၊ မျက်စိမှိတ်ပြီး မချစ်လိုက်နိုင်ဘူးလား မေရယ်"

www.burmeseclassic.com

www.burmeseclassic.com



ချစ်လိုက်ချင်နေပါပြီရှင် ... ဆိုတာကို မေဟာ မိုက်မဲစွာ ဝန်ခံမိလုနီးပါးပါ။ မေ့မှာ အခမဲ့ဆုံး၊ အဖေနဲ့ စီးပွားရေးအရ တရားဆိုင်ရ၊ မိသားစု အသိုက်အဝန်းက လေးပျက်ပြီး ရေမျောကမ်းတင်၊ ကိုယ့်ဘဝသာလဲ စားနိုင် ပါလျက်၊ ဆွေမျိုးအိမ် မှီခိုနေရသူမို့လဲ ရှင့်ကို မေဟာ ဒီ လောက် အလွယ်တကူ တိမ်းညွတ်သွားတာလဲ ဖြစ်နိုင်ပါ တယ်။ ဝန်ခံရရင်၊ မေဟာ မေ့အမေ့ကိစ္စ၊ အမှုကိစ္စအတွက် အစစကူညီတဲ့ ကိုကျော်ရဲနီဆိုတဲ့ ရှေ့နေတစ်ယောက်ကိုလဲ အားကိုးလိုက်မိပါတယ်။

သူဟာ လူချောတစ်ယောက်။ သူ့ပညာရပ်ပိုင်း ဆိုင်ရာမှာ လူတော်တစ်ယောက်၊ ပြီးတော့ ... အမူသည် ဆိက ခြိမ်းခြောက်ပြီး ယူမစားတတ်သောလူကောင်းတစ် ယောက်၊ ကျွန်မ တကယ်ပဲ စိတ်ကလေးယိမ်းခနဲ့ယိုင်ကျ သွားမိခဲ့ပါရဲ့။ ပြီးမှသိရတာက သူ့မှာ ဇနီးနဲ့တဲ့။ အိမ်ထောင် ရှင်တဲ့။ ဖွင့်ဟဝန်ခံပုံကို အထင်ကြီးလွန်းလို့ အစ်ကိုရင်းတစ် ယောက်ပဲဖြစ်လိုက်ပါတော့၊ ဒါမှမဟုတ်၊ ကျွန်မရဲ့အဖေပဲ တော်စပ်လိုက်ပါတော့၊ ကျွန်မဟာ ဦးကျော်ရဲနီရဲ့သမီးမွေး ကာပေါက်စလေးပဲဖြစ်လိုက်ပါတော့လို့တောင် အတွေးဝင်မိ ပါရဲ့။

ဖိုးလေးနဲ့ကြီးသိန်းတို့ စီစဉ်သမျှကို ခေါင်းခါ ပယ်ချနေမိတာကတော့ ရှင့်ကြောင့်ထင်ပါရဲ့။ ကိုမောင်မောင်



ရယ်။ ကျွန်မဟာ တကယ်တော့ ခပ်ညံ့ညံ့မိန်းမသားတစ် ယောက်ပါလား။ ရေနစ်နေတဲ့သူလဲဖြစ်ပါတယ်။ ကောက်ရိုး တစ်မျှင်ဆိုပေမယ့် ဆွဲငင်အားကိုးလိုက်ချင်နေတဲ့အခြေအနေ မှာရှိပါတယ်။

ရှင်အရုပ်ဆိုးကြီးဖြစ်နေရင်တောင်၊ ကျွန်မ ချစ် နိုင်မယ်ထင်ပါရဲ့၊ ရှင့်ကို ကျွန်မ ချစ်နေမိပါပြီ မောင်ရယ်။

"ဟော ... လာ၊ ကိုကျော်ရဲနီ၊ ကြီးကြီးတို့ကတောင် သတိတရဖြစ်နေတာ"

အိမ်ထောင်ရှင်ယောက်ျားတစ်ယောက်အနေနှင့် နှစ်လိုအားကိုးဖွယ်ပုံစံနှင့် ခန့်ခန့်ညားညားရှိလှသူကို မေ တကယ်ပဲ ဆွေမျိုးသားချင်းလို အားကိုးထားမိပါ၏။

"မေသိဂီနေကောင်းတယ်နော်"

"ဟုတ်ကဲ့ ... လာပြုံးများမလည်ဘူးရှင်၊ ကြီးသိန်း ရေ ... ဒီမှာ ကိုကျော်ရဲနီ"

"အော် ... မောင်ကျော်ရဲနီရေ၊ နေစိမ့်မယ်နော်၊ လာပြုံးများလည်ပါတော့၊ မိန်းမလဲခေါ်ပါအုံး၊ ကျေး

www.burmeseclassic.com

www.burmeseclassic.com



ရူးတွေတင်နေတာ၊ ခွေမျိုးတွေပေါ့ကွယ်"

"အလုပ်ကများပါတယ် ကြီးကြီးရယ်၊ အလုပ်များ သလောက်သာ ပိုက်ဆံရမယ်ဆိုရင်၊ မာစီဒီးစီးပြီး ဆယ်လူလာကိုင်နေပြီ၊ အဲဒါ မေ့အတွက်လျှောက် ထားတဲ့ ဆယ်လူလာရလို့လာပြောတာ"

"ကျေးရွှေးတင်လိုက်တာ မောင်ကျော်ရဲနိုရယ်၊ မင်း မလဲ၊ မေ့ကိစ္စတွေကချည်း တစ်ဝက်လောက်ဖြစ်နေ ပြီထင်တယ်၊ အားတောင်နာရော"

"အားနာစရာမလိုဘူးလေ ကြီးကြီးရဲ့၊ မေသီဂီရဲ့ကိစ္စ ဝိစ္စတွေအားလုံး၊ လုပ်ပေးနိုင်တဲ့သူမှမရှိတာ၊ ကျွန် တော်က အဲကျိုးဆောင်ပေးတယ်၊ အကျိုးဆောင်ခ ယူတာပဲဟာ၊ ကျွန်တော်ကတောင် မေသီဂီကို အလုပ် ရှင်အဖြစ် ပြန်ပြီးလေးစားရဦးမယ်"

"မဟုတ်တာ၊ ကျွန်မတို့က အကျိုးဆောင်ခပေးရ တယ်သဘောမထားပါဘူး၊ ကျေးဇူးကိုတင်နေတာပါ"

"မေသီဂီရဲ့အဖေဆီက လက်ဆောင်တစ်ခုလဲပါလာ တယ်"

"ရှင် ... ဖေဖေက"

"ဟုတ်တယ် ... စိန်လက်စွပ်တစ်ကွင်းနဲ့စာတစ် စောင်"

"ဟုတ်မှဟုတ်ရဲ့လားရှင်"



"ကိုယ့်အဖေကို ဒီလောက်လဲ မစိမ်းကားနဲ့ မေသီဂီ သူ့မှာလဲ သူ့အကြောင်းနဲ့သူပေါ့၊ သူ့သမီးအတွက် မွေးနေ့လက်ဆောင်ကို သွားပေးပေးပါဆိုပြီး ကျွန် တော့်ဆီရောက်လာလို့"

ကိုကျော်ရဲနိုက ကတ္တီပါအနီနှင့်လုပ်ထားသော ဗူးကလေးကို လှမ်းပေးသည်။ မေက လှမ်းယူ၍ ဖွင့်ကြည့် သည်။

"ဟောတော့"

စိန်လက်စွပ်ကလေးဆိုပေမယ့် ပုံကဆန်းသည်။ ...ကို တောင်ပံအပြားကြီးခံလိုက်ပြီးမှ အဲဒီအပေါ်မှာ အသဲ ပုံ ရွှေဖြူနှုတ်ခမ်းကွပ်ကလေးလုပ်ပြီး၊ အဲဒီထဲမှာ စိန်ပေါက် ကလေးတွေကို ကြပ်ညပ်ဖုထနေအောင်စီထားသည်။ တော် ...ကလေးကိုလှ၏။ ရွှေဝါအပြားခံမှာ ရွှေဖြူအသဲ၊ စိန် ...လေးက ကြွက်ကြွရွရွနှင့် လှပဆန်းသစ်ပါဘိခြင်း။

"လှလိုက်တာ၊ ဒါ ... ဖေဖေကပေးတာတဲ့လား၊ ဖေဖေက မွေးမွေးနေ့ကိုတော့ မှတ်မိသားပဲ၊ မေ့ကို ဒါပေးတော့ သူ့မိန်းမက ဘာပြောသေးလဲမသိဘူး၊ ဒါလေးကို မေသဘောကျပါတယ်၊ ဒါပေမယ့် ... ဒီလိုအဖိုးတန်ပစ္စည်းကို လူကြုံနဲ့ပေးမယ့်အစား၊ ဖေ ဖေကိုယ်တိုင် လာတိုက်မယ့်ရေတစ်ခွက်ကို မေက ပိုသောက်ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာပူတာတို့၊ ရှက်တာတို့၊ သူ့အိမ်သောင်ရေး ထိခိုက်မှာတို့အကြောင်းတွေရှိမှာပေါ့ မေသိင်္ဂီရယ်။ ကိုယ့်အဖေပဲ"

"မေက ကိုကျော်ရဲနိုင်ကို ညီကိုမောင်နှမလို ခင်မင် စိတ်နဲ့ တစ်ခုလောက်အကူအညီတောင်းချင်ပါတယ်"

"ရတယ်လေ ... ပြော"

"ကောက်ရိုးပုံထဲကအပ်ကို ရှာရသလိုတော့ဖြစ်မယ် ထင်တယ်၊ ပြောရတာလဲ အားနာတယ် ကိုကျော်ရဲ နိုင်ရယ်၊ အဲဒီအတွက် ကုန်ကျစရိတ်ကို မချွေတာဘဲ သုံးပါ၊ အကျိုးဆောင်ခလဲ စိတ်ကြိုက်ယူပါ"

"ကြည့်ရတာ ... ဝတ္ထုတွေထဲကလို အလွှတ်စုံထောက် လုပ်ရတော့မယ်ထင်တယ်၊ လူပျောက်ရှာခိုင်းမဲ့လို့လား"

"အစစ်ပဲ၊ ကိုကျော်ရဲနိုင်က တော်လိုက်တာ"

မေက မောင်မောင့်အကြောင်းတွေ ပြောပြသည်။ မောင်မောင် ချစ်ရေးဆိုတာနှင့် မေကပါ ပြန်လည် စိတ်ဝင်စားမိခြင်းကိုတော့ ချန်ထားရစ်ခဲ့၏။ ဒါကတော့ လူဆိုတာ ကိုယ့်အတွက် တစ်ကွက်ချန်မြဲလေ။

"သူနဲ့ပတ်သက်တဲ့အထောက်အထားဆိုလို့၊ မောင် မောင်ဆိုတဲ့နာမည်ရယ်၊ မေမေဆုံးတုန်းက သုံ့ရိုက် လိုက်တဲ့သံကြိုးစာရယ်၊ သူ့ စာတိုက်ကနေထည့်လိုက် တဲ့စာတစ်စောင်ရယ်၊ အဲဒီစာကိုတော့၊ မေ ... စာ





အိတ်ပဲပြနိုင်မယ်"

ကျော်ရဲနိုင်က ရယ်၏။

"ဒီလောက်ဆိုရင် အထဲကစာထဲမှာပါမယ့်အကြောင်း အရာကို ကျွန်တော် ခန့်မှန်းမိပါပြီဗျာ ... သူများ တွေရဲ့ရှေ့မှာနေလို့ "ရှေ့နေ" လို့ အခေါ်ခံရတဲ့သူ ပဲ"

မေက ရက်ပြုံးလေးပြုံးလိုက်သည်။

"ကျွန်တော် ... ဗေဒင်ဟောရရင်တော့၊ မေသိင်္ဂီ လဲ သူ့ကို စိတ်ဝင်စားနေပါပြီ၊ စိတ်မဆိုးနဲ့နော်၊ ဗေဒင်မှားရင် ကြိုက်တဲ့တုတ်နဲ့ရိုက်ပါ၊ မှန်ရင် ရှက် တဲ့စိတ်နဲ့ ခေါင်းငုံ့နေပါ"

"ကြည့် ... မေ မနေတတ်အောင်ပြောတော့တာပဲ ရှင်"

"ကျွန်တော် အရိုက်မခံရဘူးနော်"

ကျော်ရဲနိုင်က မေသိင်္ဂီဟု ရိုးရိုးသားသားခေါ် ပေးမယ့်၊ တရင်းတနှီးနောက်ရဲပြောင်ရဲထိ ရင်းနှီးပါ၏။ ကျိုးဆောင်ရှေ့နေ ဥပဒေသမားလည်းဖြစ်၏။ မေတို့ ကို အားလည်းကိုးခဲ့ရသည်။

"အမှန်ကိုဝန်ခံရရင် မေဟာ ယောကျ်ားမုန်းတီးရေး ပုပ်စုထဲမှာ ပါခဲ့သူပါ၊ မေမေ့ဒုက္ခက ကိုယ်တွေ့လေ။ အစကတည်းက ယောကျ်ားလေးသူငယ်ချင်းလဲ များများ



www.burmeseclassic.com

www.burmeseclassic.com



စားစားမရှိဘူး၊ ခယ်တန်းတောင်ဖြေဖြစ်ခဲ့သူမှမဟုတ်ဘဲ ...

"ခုတော့ ... မွေ့ဘဝထဲမှာ ခင်မင်အားကိုးတဲ့သူငယ်ချင်းနှစ်ယောက်ရပါပြီ။ ကိုကျော်ရဲနိုနဲ့ကိုမောင်မောင်ပဲ။ ကိုကျော်ရဲနိုကျတော့ ဆွေလိုမျိုးလိုရင်းနှီးအားကိုးလို့ရပြီး၊ အဲဒီလူတစ်ယောက်ကျတော့ ကိုယ်မျှောက်စောရဖြစ်နေတယ်"

"ကျွန်တော် စုံစမ်းပေးပါ့မယ်"

"ကောက်ရိုးပုံထဲကအပ်ကို ရှာရသလိုတော့ဖြစ်မှာပဲ"

"ကောက်ရိုးပုံထဲမှာ အပ်ရှာရတာ၊ လူ့ပြည်ကအပ်တစ်စင်းနဲ့ ဗြဟ္မာ့ပြည်က ကျချင်သလိုကျလာတဲ့ အပ်တစ်စင်းဆုံဖို့လောက် ခဲယဉ်းမယ်မထင်ပါဘူး"

"ဘာကိုဆိုလိုတာလဲဟင်"

"လူ့ပြည်ကအပ်တစ်စင်းနဲ့ဗြဟ္မာ့ပြည်ကအပ်တစ်စင်းဆုံမှ လူ့ဘဝတစ်ခုဖြစ်တယ်လို့ အဆိုရှိတယ်မဟုတ်လား၊ ဒါတောင် ... သားဖွားဆေးရုံတွေဟာ အားရတယ်မရှိဘူး၊ အဲဒီလောက် မခဲယဉ်းတဲ့ကိစ္စဆိုရင်ကျွန်တော့်အတွက်. အီးစီး (Easy) ပါ"

"ကျေးဇူးပါပဲရှင်"

"ကျွန်တော်ပြန်ဦးမယ်"

မေက ကျော်ရဲနိုပြန်သော့မည်ဖြစ်ကြောင်း အိမ်





ထဲဝင်သွားသည့် ကြီးသိန်းကို လှမ်းပြောၡ၏။ ကြီးသိန်းက လှက်နှုတ်ဆက်သည်။

"မကြာခဏလာပါ မောင်ကျော်ရဲနိုရယ် ... ကြီးသိန်းတို့က မင်းကို အားကိုးကြတာ" ... တဲ့။

ကြိုးဘော့ရို - ဝ၁ဝ၆
ဆေး(ဆေး)ဖက်ခု( )ကျပ်
ညှစ်ပေ-ရေ-ကျိ-ပျောက်ဆုံးလျှင်
လိုရိုးနှစ်ဆေဆေးပေးလျော်ရမည်

"ကိုကျော်ရဲနိုက ... မောင့်ကိုဘာတဲ့လဲ"

"ကြည့် ... သူသိလိုက်ပြန်ပြီ"

ကိုကျော်ရဲနိုထံမှ မောင့်အကြောင်းကို ကောင်းကောင်းကြီးသိလိုက်ရသည်။ ပြည့်စုံသလောက်ကြီးပါပဲ။ ခတ်တစ်ခုလည်း ယူလာပြသည်။ အဲဒါ ... ကိုမောင်မောင်တဲ့။

"မေသိဂီနားမှာ အရိပ်လိုရစ်ဝဲနေတတ်တဲ့ လူတစ်ယောက်ပဲ ဆယ်ရက်ပြည့်အောင်မစုံစမ်းရပါဘူးတဲ့"

သူနေသောတိုက်ခန်းလိပ်စာကိုရသည်။ သူ့အဖေ၊ သူ့အမေ၊ သူ့ညီမလေး၊ နာမည်တွေသိရသည်။ သူနေသောဘဲ့၊ သူလုပ်နေသောကုမ္ပဏီ၊ သူက ကုမ္ပဏီ[illegible] Sale promoter ခေါ်လပ်ပရိုမုတ်တာဟုခေါ်သော အ

www.burmeseclassic.com



ရောင်းမြှင့်တင်ရေး၊ အရောင်းစာရေးမို့ ဆိုင်ကယ်တစ်စင်းနှင့် အနှံ့လျှောက်သွားနေရသည်တဲ့။ သူ့လခက ကျပ်ခုနစ်ထောင်ခန့်ရသည်တဲ့။ သူ့အဖေက ဌာနဆိုင်ရာတစ်ခုမှာ အရာရှိတစ်ဦးတဲ့၊ သိပ်ရာထူးကြီးမဟုတ်၊ တော်ရုံအရာရှိပဲမို့ ဝင်ငွေများလှသည်မဆိုသာပါတဲ့။ သူ့ညီမက ကျောင်းမပြီးသေးပါ။ တက္ကသိုလ်တက်တုန်းတဲ့။ သူတို့မိသားစုတစ်စုလုံး သဘောကောင်းကြသည်၊ ရိုးသားအေးဆေးကြသည်။ သူ့အမေက ဝင်ငွေရသည့်အလုပ်ကို ထွက်မလုပ်သော အိမ်ရှင်မ၊ သားကိုသခင် လင်ကိုဘုရား၊ မြန်မာ့မိရိုးဖလာထဲ နစ်ဝင်လျက် အလွန်မြန်မာဆန်ယဉ်ကျေးသိမ်မွေ့ကာ ဘာသာရေးလည်း ကိုင်းရှိုင်းရှိသေကြသည်တဲ့။

"ပြောစရာဆိုလို့ ဆင်းရဲတာတစ်ခုပဲ မေသီဂီ၊ ဆင်းရဲတယ်ဆိုတာမှာ စုတ်ပြတ်သတ်ပြီး ငတ်နေတာတော့လဲမဟုတ်ဘူးပေါ့၊ သုံးလျှာနဲ့လေးလျှာတိုက်ခန်းလေးကအပိုင်ပါ၊ သူ ... လူကောင်းတစ်ယောက်ပဲ မေသီဂီ၊ သူ ... ဆင်းရဲလို့ မေသီဂီနဲ့ဆိုရင် အလှမ်းကွာလွန်းလို့ မျက်နှာချင်းဆိုင်ပြီးချစ်တဲ့အကြောင်း မပြောရဲပါဘူးတဲ့"

မေက ... အို ... ဟု အရှက်ကြီးတောင်ရှက်သွားရသေးသည်၊ ဆိုင်ကယ်စီးဦးထုပ်ကိုဆောင်းလျက် ဆိုင်ကယ်ကို ခွစီးထားသောယောကျ်ားတစ်ယောက်၏ အရုပ်





အမောင်းကို ခေတ်ပုံထဲမှာတော့ ထွားထွားကျိုင်းကျိုင်းဟု ...နှံ့မှန်းရပါသည်။ ပြီးတော့ ... ကိုမောင်မောင်ဟာ ... ...င်းသားတစ်ယောက်ဖြစ်လောက်အောင် ချောမောလှပမနေ ...ပမယ့်၊ ရုပ်ဆိုးသူတစ်ယောက်လဲမဟုတ်ပါ။ သန့်ရှင်းသပ် ...ရပ်လျက် ယောကျ်ားပီသစွာ ကြည့်ကောင်းသည့်သူတစ် ...ယောက်တော့ဖြစ်နေ၏။

"တစ်နေ့ ... ကျောင်းတက်လာတဲ့ကျောင်းသူလေးတစ်ယောက်၊ သူ့ကို လာပို့တဲ့ကားပေါ်ကဆင်းပြီး ကျောင်းဝင်ထဲဝင်သွားတာကိုမြင်ရတဲ့နေ့က စပြီး"

"အို ... တော်ပါတော့ ကိုကျော်ရဲနိုင်ရယ်"

"ကျွန်တော်က သူ့ရဲ့အရင်းနှီးဆုံးသူငယ်ချင်းကို ပုလင်းတူ ဖူးဆို့ဖြစ်အောင်လုပ်ပေါင်းပြီးတော့ကို ရိုက်နှိုက်ချွတ်ချွတ် စုံစမ်းလိုက်တာ၊ ကျွန်တော့်စကားတွေအားလုံး အမှန်ချည်းပဲ၊ မေသီဂီ စိတ်ချလက်ချယုံနိုင်ပါတယ်၊ ပြီးတော့ ... သူက လည်ဝယ်ချက်ချာသူလဲဖြစ်တော့၊ ခုလောက်ဆို ... မေသီဂီက သူ့အကြောင်း ကျွန်တော့်ကို စုံစမ်းခိုင်းတာ. သိပြီးဖြစ်နေလောက်ပါပြီ" ... တဲ့။

မေ ရှက်လိုက်ရတာ။ မေက သူ့အကြောင်း ...စုံစမ်းတယ်ဆိုတာ မွေဘက်က ဘယ်လောက်သိသွားကျ ...လဲနော်၊ ခုကြည့်လေ ... သူက မေးပြီ။ မေက



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေတတ်တိုင်း၊ သူသိလိုက်ပြန်ပြီပဲပြောရတော့ မေ … ဘာတွေပြောရမယ်မှန်းတောင် မသိ၊ ရင်ခုန်လိုက်တာ ကိုမောင်မောင်ရယ်။

"မောင့်ကို ထောက်ခံချက်တောင်တော်ပေးရဲ့လား"

"မပေးပါဘူး"

သူ မမြင်နိုင်မှန်းသိပေမယ့် မေ ချက်ချောင်းလေးခဲလိုက်ဖြစ်၏။

"ဒါတော့ .. ဆင်းရဲတာကိုး၊ ဆင်းရဲသားတစ်ယောက်မှာ တခြားဘယ်လိုအရည်အချင်းမျိုးတွေ တစ်ရာလောက်ပြည့်စုံနေပါစေ၊ ဆင်းရဲသောပုဒ်မနဲ့ကို ပယ်ချခံရတာပါပဲ"

"အဲဒီလိုဆို … ဆင်းရဲသူဆင်းရဲသားတွေ မချစ်ကြ၊ အိမ်ထောင်မပြုကြဘဲ၊ ဆင်းရဲသားမျိုးဆက်ကြီး ပြတ်သွားမှာပေါ့"

"ဒါတော့ … မျိုးဆက်မပြတ်ဘူး၊ ဆင်းရဲသူဆင်းရဲသားချင်းချင်းတော့ သင့်တင့်လျောက်ပတ်နေတယ်လေ မေရယ်၊ မသင့်တင့်မလျောက်ပတ်တာက သူဌေးမလေးတစ်ယောက်ရဲ့ထံမှောက်မှာပါ … "

"တခြားစကားပြောရအောင်"

"ချစ်လားမေ"

"ရှင် … မမေးဘူးဆို"





"ချစ်တယ်ဆိုရင်တောင် မချစ်ပါနဲ့လို့ … တားမလို့ပါ။ ကျွန်တော်က မေ့ချစ်သူဖြစ်လောက်တဲ့အရည်အချင်းမပြည့်စုံလို့ ရှေးအစဉ်အလာတုန်းက .မေ့ကိုအကြံပေးခဲ့ဖူးသလိုပဲ ပေးမလို့ပါ။ ကျွန်တော့်ကိုမချစ်နဲ့နော်မေ"

"ဘယ်သူက ချစ်ပါတယ် ဖွင့်လိုက်ပြောနေလို့လဲ"

"မပြောခင်က တားနှင့်တာပါ"

"ပြောတယ်ရှင် … ကဲ"

ဟောတော့ … မေ … ကိုယ့်နှုတ်ခမ်းလေးကိုယ်ယောင်ရမ်း၍ ပိတ်လိုက်မိသည်။ လက်ချောင်းကျဲလေးတွေကြားမှာ ပေါ်လွင်နေသည့်နှုတ်ခမ်းသားရဲရဲလေးတွေက ဆတ်ဆတ်တုန်ရှိနေ၏။ ပြီးတော့ … အပြန့်ကျယ်ကားသို့လွင့်ကားကား၊ ပြုံးပြုံးရယ်ရယ် ပုံစံလေးဖြစ်နေရပေမယ့် မျက်ဝန်းလေးတွေကျတော့ ရှက်ရိဝေကလေးနဲ့။

ချစ်လိုက်မိပြီမောင်ရယ်။

"ချစ်မေလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးရိုးသားသားခေါ်ပါ"

"မခေါ်နိုင်ဘူး၊ အမျိုးမျိုးအပြောင်းအလဲနဲ့ခေါ်မှာ"

"ဒီဘက်မှာ ... မေက မြူးပြူးကြီး၊ ရှက်စနိုးကြီး ဖြစ်နေတယ် မောင်ရဲ့၊ သူများမြင်လို့တောင် မကောင်းတော့ဘူး"

"မောင်လဲ ဒီဘက်မှာ မျက်နှာကြီးကို ပြုံးဖြဲထားလိုက်တာ၊ စုတ်ထွက်တော့မလားထင်ရတယ်၊ နဂိုကအရုပ်ဆိုးရတဲ့အထဲ၊ ရုပ်စုတ်ကြီးဖြစ်တော့မယ်၊ ရုပ်စုတ်ကြီးဆိုရင် မေချစ်တော့မှာမဟုတ်ဘူး၊ ဘုရား ... ဘုရား ... စုတ်ထွက်မသွားပါစေနဲ့"

"ကြည့် ... "

မေက တိုးတိုးလေး ကျိတ်ရယ်လိုက်သည်။

ယောကျ်ားတစ်ယောက်၏အချစ်ကို ယုံကြည်ကိုးကွယ်ဖို့ ... ဖေဖေ့တစ်ယောက်နှင့်ပင် အကြီးအကျယ်သင်ခန်းစာကြီးတစ်ဆူဖြစ်နေရသောမေက ... မျက်နှာချင်းတောင်မဆိုင်ဘူးသေးသော၊ လေထဲကအသံရှင်ကို ချစ်မိရတယ်တဲ့ရှင်။ အံ့ပါလေရော။ မေသိကြီးရည်တို့ မိုက်လိုက်ပုံက၊ မဲလိုက်ပုံက၊ ကိုယ့်ကိုကိုယ်လည်း အပြစ်တင်ပါသည်။ ပြီးတော့ အပြစ်လဲမတင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူက ... မောင်က၊ မတင်နဲ့တဲ့၊ သိလားတဲ့၊ အဲဒါကြောင့်မတင်တော့တာပါ။ မောင်ပြောခဲ့တယ်လေ ...

..................................................................





"မေ့ကိုယ်မေ၊ ရှက်လဲရှက်ပါရဲ့၊ အပြစ်လဲတင်မိပါရဲ့၊ လေထဲကအသံရှင်ကို ချစ်မိတဲ့မေ့လောက် အသုံးမကျပြီး ဣန္ဒြေနှစ်ပြားမတန်တဲ့မိန်းမသားမျိုးလဲရှိတော့မယ်မထင်ပါဘူး၊ တခြားတစ်ယောက်သာ အဲဒီလိုဆိုရင် မေ ... အရမ်းအပြစ်တင်မှာ" ... ဆိုတော့ ...

"မတင်နဲ့လေ မေရယ်၊ မေ့မှာ အပြစ်မရှိပါဘူး၊ မေချစ်တဲ့အကြောင်းကို အသံလေးနဲ့ဖြေတာပဲ။ ကိုယ့်ချစ်သူ ကိုယ့်ရည်းစားရယ်လို့ယုံကြည်ပြီး၊ ဟိုနေရာချိန်းတွေ့ ဒီနေရာချိန်းတွေ့၊ ကိုယ့်ချစ်သူမို့ကြည်ဖြူဆိုတဲ့မိန်းမသားမျိုးကိုသာ မိုက်မဲတယ်လို့အပြစ်တင်ရတာ၊ မေ့မှာက အပြစ်မရှိပါဘူး၊ ရင်ထဲကချစ်လာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ" ... တဲ့။

သူ့အပြောကောင်း၍လို့ မေလဲ မေ့ကိုယ်မေ ခွင့်ပျော်ခဲ့ရပါရဲ့။ မောင်ပြောသမျှ မေနားထောင်မိတော့တယ်ဟိုကထဲက၊ မောင်ဟာ မေ့ကို လွှမ်းမိုးပါပြီ။ ပိုင်စိုးပါပြီ။ မေ့တစ်ဘဝလုံးကိုတောင် မောင့်စိတ်တိုင်းကျ ပြုပြင်ဖန်တီးမှုကို မောင်ပိုင်ဆိုင်နေပါပြီ။

"ချစ်မေလေး"

"ရှင်"

"အား ... "

..................................................................



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲမောင်"

"ပျော်သွားတာဘဲ"

"တော်ပြီ ... သူဖြင့် မေ့ဆီလာမတွေ့ဘူး၊ ကြီးသိန်းတို့နဲ့မိတ်ဆက်ပြီး မျက်နှာလာပြဖို့ကောင်းနေပါပြီ မောင်ရယ်"

"ဘယ်ဖြစ်မလဲ၊ စောစောက အရမ်းပျော်ပြီးရယ်လိုက်ကာ ပါးစပ်ကြီးစုတ်ထွက်သွားလို့ အားခနဲအော်လိုက်သံမကြားဘူးလား၊ ဒီမှာ ရုပ်စုတ်ကြီးနဲ့"

"လုပ်မနေနဲ့မောင်၊ မေသိပ်စိတ်မရှည်တော့ဘူး၊ ရှက်လဲရှက်လာပြီ၊ ကိုယ့်ကိုကိုယ်လဲ မကြိုက်တော့ဘူး"

"မေရယ် ... မေကလီမွာပါတယ်၊ နည်းနည်းလေးသည်းခံစိတ်ရှည်ပေးပါ၊ ပြီးတော့ အချစ်ဆိုတာ ရင်ထဲက အလိုအလျောက်ပေါက်ဖွားလာတဲ့ ဖြပ်မဲ့ပစ္စည်းပါ။ အဲဒီပစ္စည်း မေပိုင်ဆိုင်ထားတာ ရှက်စရာမရှိပါဘူး၊ ကိုယ့်ကိုကိုယ်လဲ မကြိုက်မဖြစ်ပါနဲ့၊ မေမှာ ဘာအမှားတစ်ခုမှ မကျူးလွန်ဘူးပဲ"

"မောင့်ကိုချစ်မိတာတော့ မှားတယ်"

"မေရယ် ... အဲဒီလိုမပြောပါနဲ့၊ မောင့်ရင်ထဲမှာ မကောင်းဘူး၊ ခံစားရတယ်၊ မေ ... မောင့်ကိုချစ်တဲ့အတွက် ဘယ်လိုအမှားမျိုးမှ မဖြစ်သေးပါဘူး မေရယ်၊ မေ ... မောင်နဲ့ချိန်းတွေ့တာမျိုး၊ ကိုး





ကျင်းကိုးကြောင်လျှောက်သွားတာမျိုးမှမလုပ်တာ၊ အဲဒါမျိုးတွေကမှ ဣန္ဒြေမဲ့တာ၊ ဖုန်းထဲမှာ စကားပြောပြီးချစ်နေကြတဲ့ချစ်သူနှစ်ဦးဟာ၊ မှားတယ်ဆိုရင်တောင် ဝစီကံအမှားပဲ မေရဲ့၊ လေပဲ၊ ဘယ်သူမြင်နိုင်တာမှတ်လို့၊ သက်သေလဲမရှိပါဘူးလေဆိုတာ လေထဲမှာ ရောပြီး လေနဲ့အတူ လွင့်တတ်တာမျိုးပါ"

"ဩ ... မောင်က ခုတော့ ဒီစကားပြောပြီပေါ့၊ မေ့ကို လေထဲမှာရောပြီး လေနဲ့အတူ လွင့်မျောသွားမယ့်အချစ်မျိုးနဲ့ မောင်ချစ်တယ်ပေါ့"

"မဟုတ်ရပါဘူး မေရယ် "

"ဒါဖြင့် ... ဘာဖြစ်လို့ ကိုယ်ပျောက်နေသေးလဲ"

"မောင့်ရုပ်ကိုလဲ ဓာတ်ပုံထဲမှာ မေတွေ့ဖူးပြီ၊ မောင့်လိပ်စာနဲ့ မောင့်မိသားစုအကြောင်းလဲ မေသိနေပြီပဲ"

"ဒီတော့ ... ကျွန်မကာ ရှင့်အိမ်ကို ဖွတ်လိုက်လာပြီး ချစ်သူအသိအမှတ်ပြုပွဲ လာကျင်းပဖို့များ ရှင်မျှော်လင့်နေသေးလား ... ဝေးသေး"

"မမျှော်လင့်ပါဘူးမေ၊ မေက ဣန္ဒြေရှင်မိန်းမသားပဲ၊ ယောကျ်ားသားတစ်ယောက်အိမ်ကို ဘယ်လိုက်လာမှာလဲ၊ အိမ်ရှေ့ကတောင် ဖြတ်လျှောက်ဖွာမဟုတ်ဘူး၊ လျှောက်ပြန်ဦးပေး၊ ခြေအေးဝမ်းယောင်ဆိုတာ ယောကျ်ားတွေသာလုပ်တဲ့အလုပ်"



www.burmeseclassic.com

www.burmeseclassic.com



မေက … အဲဒီလိုလျှောက်ပြန်သံပေးလုပ်ဖို့ ထိတောင် စဉ်းစားထားမိတာပါ။ ကိုယ့်အတွေးကိုယ်ရှက်လိုက်တာရှင်။ ကြီးသိမ်းသမီးအငယ်မလေး၊ မေ့ညီမဝမ်းကွဲလေးနဲ့ မောင့်လိပ်စာရှိတဲ့ဆီသွား၊ မောင်တို့ တိုက်ရှေ့ကဖြတ်လျှောက်၊ မောင်နေတယ်ဆိုတဲ့ သုံးလွှာနဲ့လေးလွှာဆိုတာလေးကိုမော့ကြည့်၊ တိုက်တိုက်ဆိုင်ဆိုင် မောင်နဲ့မျက်နှာချင်းဆိုင်တွေ့လိုက်ရရင်၊ နှုတ်ခမ်းစူပြီး မျက်နှာလွှဲပစ်လိုက်ဖို့ထိ စီစဉ်ပြီးသား။ အော် … ဒါဟာ ယောကျ်ားတွေသာလုပ်တာတဲ့။ ဒီအလုပ်ရဲ့ မူပိုင်ခွင့်က သူတို့ယောကျ်ားတွေဆိုတော့ မိန်းမသားတွေခိုးယူသုံးစွဲပြုလုပ်သင့်တဲ့အလုပ်တစ်ခုမဟုတ်တော့ဘူးပေါ့နော်။

မိန်းမသားဘဝရဲ့ အစစနိမ့်ကျမှု၊ အခွင့်အရေးဆုံးရှုံးမှု နစ်နာစွန့်လွှတ်ရမှုများ၊ စိတ်သွားတိုင်းကိုယ်မပါနိုင်ဘဲ၊ လုံအောင်ခြုံထားရတဲ့ ဏှာမြူခြုံစောင်လေးတောင်ပါးယိစုတ်ပြဲခြင်းမရှိအောင် ထိန်းသိမ်းကာကွယ်ရမှုများ … အဲဒီ "များ" တွေက များလွန်းလို့ ရင်ထဲမှာ နာကျင်ရပါတယ်မောင်ရယ်။ အဲဆိုတော် မေခလာရဲ့သီချင်းလေးကို မေဆိုချင်ပါတယ်။

နောက်ဘဝတမ်းမှာသာရှိခဲ့ရင် … ယောကျ်ားလေးဖြစ်ချင်တယ်၊ ဖြစ်ချင်ပါတယ် မောင်ရယ်။

"မေ တစ်ခုမေးမယ်"





"မေး … ကြိုက်သလောက်မေး"

"မှန်မှန်ဖြေမှာလား"

"မေက မောင့်အပေါ်မှာ သံသယအထင်သေးတွေတောင် ဝင်တတ်နေပြီနော် … ထားပါ။ မောင်မှန်မှန်ဖြေပါ့မယ်။ ယောကျ်ားကတိ"

"ယောကျ်ားကတိလဲ လူသားတစ်ယောက်ရဲ့ကတိပါပဲ၊ မိန်းမကတိလဲ လူသားတစ်ယောက်ရဲ့ကတိပါပဲရှင့်၊ ယောကျ်ားကတိမို့ ပိုပြီးမြင့်မြတ်မှန်ကန်တန်ဖိုးရှိရမယ်လို့ ဥပဒေမရှိပါဘူး"

"ဦးကျော်ရဲ့နီမိတ်ဆွေဆိုတော့၊ ဥပဒေစကားလဲ မေပြောတတ်လာပြီနော်"

"မောင်နော် … ဟိုမှာက မိန်းမကြီးနဲ့၊ သဝန်တိုမနေနဲ့၊ မေတို့က ဒါမျိုး ဝေလာဝေး၊ ခင်ရုံခင်တာ"

"စတာပါ ချစ်မေလေးရဲ့၊ မေးတော့ … တစ်ခုတော့ရှိတယ်၊ မဖြေနိုင်တဲ့မေးခွန်းဆိုရင် မဖြေဘူး။ ညာတော့မဖြေဘူး၊ မောင်မဖြေပါရစေနဲ့လို့ပြောမယ်၊ ဖြေသမျှကာ အမှန်ချည်းပဲလို့ယုံ"

"ဟုတ်ကဲ့ပါရှင့်"

မေက … သူ မမြင်နိုင်မှန်းသိပါလျက် နှုတ်ခမ်းလေးတစ်ချက်တော့ မဲ့ဖြစ်လေ၏။

"မေ့ကိုချစ်တယ်ဆိုတာ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် . . . နို့ဗူာနှမရောက်မီစပ်ကြား၊ သုံးဆယ့်တစ်ဘုံမှာကျင်လည်သ၍ ဘဝဆက်တိုင်းချစ်သွားမယ်ယုံ"

"မေ့ကို လက်ထပ်မှာလား"

"မေ . . . အဲဒီကိစ္စ ခုချိန်ထိ မောင်မဆုံးဖြတ်နိုင်သေးဘူး၊ ဆုံးဖြတ်ချက်မကျသေးဘူး၊ ဟော့ . . . မေ၊ မုန်းမချလိုက်နဲ့နော်၊ မောင်ရှင်းပြမလို့"

"မချပစ်ပါဘူး၊ ကျွန်မက ဒီလောက်မတိမ်ဘူး။ ဒါဖြင့် . . . ရှင်ပြော။ မိန်းသေားတစ်ဦးကို လက်ထပ်ဖို့ဆုံးဖြတ်ချက်မကျသေးဘဲနဲ့ချစ်ရဲတဲ့ရှင့်ရဲ့ . . . စက္ကူလောက်မှ ဓောက်မနက်တဲ့ ရွှေအကြေဉာဏ်ကြီးကို ဖြေရှင်းတော်မူ"

"မောင်က ဆင်းရဲတယ်မေရယ်၊ ငတ်နေတာမဟုတ်ပေမယ့် မောင်တို့မိသားစု ခြိုးခြံရတယ်၊ မေက သာဓနံ့ထက်ပိုပြီး အလျှံပယ်ချမ်းသာလွန်းတဲ့ သူဌေးမလေးဖြစ်နေတယ်၊ ဒီလိုကွာခြားနေတဲ့အခြေအနေမျိုးမှာ မေ့ကို မောင်လက်မထပ်ချင်ဘူး၊ မောင် အချိန်ယူချင်သေးတယ်၊ အချိန်စောင့်ချင်သေးတယ်"

"အော် . . . တစ်ချိန်ချိန်မှာ ရှင်က ဇော်ဓသူဌေးကြီးဖြစ်လာပြီး၊ ကျွန်မက စုတ်ပြတ်သတ်အောင် ငတ်သွားမယ့်အချိန်ပေါ့"





"မထေ့ပါနဲ့မေရယ်၊ မောင်တို့ ချစ်သူချင်းပြေပြေလည်လည်ပြောရအောင်ပါ"

"ကျွန်မက ရှင့်ကိုလက်ထပ်ချင်လွန်းလို့ ထွန့်ထွန့်လူးပူဆာနေတယ်လို့လဲ မြောက်မသွားနဲ့အုံး"

"မမြောက်ပါဘူးမေ၊ မောင်က အောက်ခြေကလူတန်းစားပါ။ မေကပြောမယ် . . . လက်မထပ်ရဲသေးဘဲနဲ့ ချစ်တယ်ပြောထားရသလားလို့"

"မေးမှာ . . . မေးကိုမေးချင်တာ၊ မေးရင်းနဲ့၊ ရှင်သာ အနားမှာရှိရင် နားရွက်ကြီးကိုလဲဆွဲလိမ်မယ်၊ ရှင့်ကျောပြင်ကိုလဲ ထုရိုက်မယ်၊ ကျွန်မက လက်ပါလို့ ရှင်ကပါ တပြန်တလဲတွန်းလားထိုးလား ကာကာကွယ်ကွယ်နဲ့ ကျွန်မလက်ကိုများ ပြန်ဆွဲမယ်မကြံနဲ့၊ အနားမှာ တုတ်ရှိတုတ်၊ အုတ်ခဲရှိအုတ်ခဲ၊ သေပြီသာမှတ်"

မောင်က သဘောကျစွာ အော်ရယ်၏။

"ရန်တွေ့ပုံလေး ချစ်လိုက်တာမေရယ်"

"ရှင့်ကို မုန်းလွန်းလို့ ကျိန်ချင်တယ်သိလား"

"ကျိန်လေ"

"ရေချိုးခန်းထဲမှာ ချော်လဲပါစေ၊ ဒူးလဲနည်းနည်းစုတ်၊ လက်ဆစ်လဲနာ၊ ကျိုးကျိုးပဲ့ပဲ့တော့ မဖြစ်နဲ့ပေါ့"

ဒီတစ်ခါ မောင့်ရယ်သံက ကြယ်လွန်းလို့ မေ



www.burmeseclassic.com

www.burmeseclassic.com



ပါရောရယ်ဖြစ်တော့သည်။ ရယ်ရုံတော့လဲ ဒေါ်သတွေပြေလျက်၊ ဒေါ်သလေးတွေ ထွက်ပြေးရပြန်၏။

"ရှင်ထဲက ချစ်လာတဲ့အခိုင်အခဲကကြီးမားလာတော့ ရှင်နဲ့မဆုံဘဲ ပွင့်ထွက်ရတာပါမေရယ်၊ ဖြစ်နိုင်ရင် မပြောသေးဘဲ မောင် မြိုထားချင်ပါတယ်"

"ကျွန်မက ယောကျ်ားယူသွားရောတဲ့ရှင် ... ကဲ"

"ဒီတော့လဲ တစ်သက်တာကြေကွဲနေတော့ရမှာပေါ့ မေ"

"ခု ... ရှင်နဲ့ ကျွန်မ၊ ချစ်သူတွေလဲဖြစ်ပြီ၊ ရှင့်အခြေအနေက နိမ့်ပါးနေသေးလို့ ရှင်လက်မထပ်ရဲသေးလဲနေပေါ့၊ ကြီးသိန်းတို့ ဖိုးလေးတို့ကလဲ မေ့မှာ အားကိုးမရှိလို့ အိမ်ဦးနတ်ရှာပေးဖို့ စိစဉ်နေကြမှန်းလဲ ရှင်အသိ၊ ဒီတော့ ... တစ်နေ့မှာ မေ့ကို တင့်တောင့်တင့်တယ်ထားနိုင်အောင် ကြိုးစားနေတဲ့ မေ့ချစ်သူအဖြစ်နဲ့ ကြီးသိန်းတို့ကို၊ ရှင့်မျက်နှာ ရယ်ရလွန်းလို့ နှုတ်ခမ်းပဲ့နေတဲ့ရုပ်စုတ်ကို လာပြထားပါလား"

မောင် ရယ်ပြန်၏။

"မေရယ် ... ရင်ပွင့်ပေါက်ကွဲလို့ ချစ်တယ်ပြောဖြစ်သွားပြီ၊ မေ့ဆီပါအရောက်လာပြီး ဒီရုပ်စုတ်ကို ပြမိရင်၊ မေ့ကို မောင်နိုးပြေးမိလိမ့်မယ်၊ မောင် ဆင်





ခြင်နေတာပါမေရယ်"

"ဖြစ်မှဖြစ်ရလေ ... မခိုင်လုံလိုက်တဲ့ဆင်ခြေ"

"မေရယ် ... ရှင်တွေ ကျွန်မတွေသုံးလို့ ဒေါ်သပိစိလေးတွေ ထွက်နေလိုက်တာ၊ မမောသေးဘူးလား"

"ရှင့်မှာ မိန်းမရှိလား"

"လုံး၀ ... ထပ်ပြောဦးမယ် လုံး၀၊ မိန်းမမရှိ၊ ကမ္ဘာလုံးကြီးကိုတောင် ထမ်းပြီးကျိန်ရဲတယ်၊ ကျမ်းကိုင်ပြီးပြောရမလား၊ ချစ်သူဆိုလို့၊ မေကလွဲရင် မေ့အရင်ကလဲ တစ်ယောက်မျှမရှိ၊ ခုလဲမရှိ၊ နောင်လဲ ဘယ်တော့မှ ... "

"တော်ပါ ... နောက်ကိစ္စကို ကြိုမပြောပါနဲ့၊ မေမယုံဘူး"

"မေ့ဖိုးလေးက မေ့ကို ဘယ်သူနဲ့ပေးစားမလို့တဲ့လဲ"

"သိဘူး၊ ဟိုကလာစပ်လိုက်ကြ၊ ဒီက သွားစပ်လိုက်ကြ၊ ကြီးသိန်းကလဲ မျက်စိဒေါက်ထောက်ပြီး ရှာနေတာ၊ မောင်ကြားဘူးလား၊ မင်္ဂလာဆောင်ပွဲစားဆိုတာလဲရှိသေးတယ်"

"မောင်တောင်လုပ်စားမယ် စိတ်ကူးနေတာ၊ နိုင်ငံခြားတွေမှာရှိတယ်၊ လက်ထပ်ချင်တဲ့ယောကျ်ားက သူ့ကိုယ်ရေးအထုပ္ပတ္တိနဲ့ သူလိုချင်သောအမျိုးသမီးရဲ့အရည်အချင်းတွေပို့ထား၊ မိန်းမကလဲ တူတူပေါ့၊ စာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရေးပြီးပို့ထား၊ အကျိုးဆောင်မယ့်သူကလိုအပ်ချက်ချင်းတိုက်ဆိုင်နေတဲ့နှစ်ယောက်ကိုတွေ့ပေး၊ နာမည်တောင်ရွေးထားပြီးပြီ၊ ကျူးပစ် အောင်သွယ်တော်အကျိုးဆောင်လုပ်ငန်းလို့ ... "

"တော်စမ်းပါ"

"တကယ်လုပ်မလို့၊ မေ သတင်းစာတေ ဆောင့်ဖတ်ကြည့်၊ ကြော်ငြာတွေ့ရင်၊ အဲဒါမောင်ပဲ"

"အဲဒါထားပါ ... အိမ်မှာ မင်္ဂလာဆောင်ပွဲစားတွေကလဲ ဆင်းလိုက်တက်လိုက်နဲ့ ခြေချင်းလိမ်နေပြီ၊ ဒါတွေကို မေက ခေါင်းမာခဲ့နဲ့ ငြင်းနေရတာ"

"မေတာ အသက်ငယ်သေးပေမယ့်၊ သတ္တိရှိတယ်၊ သိက္ခာရှိတယ်၊ အရည်အချင်းရှိတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ခွန်အားရှိတယ်၊ ပြီးတော့ ... မိဘမျိုးရိုးစဉ်ဆက်၊ ဂုဏ်သရေရှိအမျိုးကောင်းသမီးတစ်ယောက်လဲဖြစ်တယ်"

"မြှောက်ပြီးသားကြီးဖြစ်နေပါပြီ၊ လိုရင်းကိုသာပြောပါ"

"လိုရင်းကိုပြောရရင်၊ မေဟာ ဘာဖြစ်လို့ ကိုယ့်အိမ်ကိုယ့်ယာမှာ တစ်ယောက်ထဲမနေရဲရမှာလဲ။ အမျိုးသားရေကူးကန်ကြီးထဲမှာ ကြာမျိုးငါးပါးပွင့်နေတယ်လို့ မေကြားဘူးသလား"





"ကြကြဲဖန်ဖန်၊ ရေသွင်းရေလဲလုပ်နေရတဲ့ရေကူးကန်ကြီးကို"

"အဲဒါ ရေကန်ပါပဲ၊ ကြာမပွင့်ပါဘူး၊ ဒါပေမယ့်မြို့တော်ရဲ့ ကျက်သရေကိုဆောင်လို့ပါပဲ။ တင့်တယ်ပါတယ်။ ကိုယ့်အိမ်ကိုယ်ပြန်နေပါမေ၊ အဖော်အဖြစ်၊ မိန်းကလေးဘော်ဒါ လေးငါးယောက်ပေါ့၊ မေနဲ့ စိတ်ချင်းညီနိုင်မယ့်သူ၊ ကိုယ်ကျင့်တရားကောင်းပြီး ရိုးသားကြိုးစားနေတဲ့မိန်းမသားတွေနဲ့ပေါ့၊ ပြန်နေပါမေ၊ ဒါဟာ ချစ်သူတစ်ယောက်အနေနဲ့ရော၊ မေ့ကိုဖုန်းထဲကနေ အကြံဉာဏ်ပေးနေကျ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ရော ငပြောတာပါ၊ မေရဲ့ အကျိုးတော်ဆောင်ရှေ့နေကြီးကိုလဲ တိုင်ပင်ကြည့်ပါ၊ သူလဲ သဘောတူမယ်ထင်ပါတယ် ...

"တစ်ခုတော့ရှိတယ်၊ ဖိုးလေးနဲ့ကြီးသိန်းကတော့ ကန့်ကွက်လိမ့်မယ်၊ မေ့ကို စိတ်မချဘာရယ်၊ လူကြီးတွေဆိုတော့ စိုးရိမ်မယ်လေ၊ ပြီးတော့ ... မေ့ကိုမစောင့်ရှောက်ရာရောက်မှာလဲစိုးမှာပေါ့၊ ပစ်ထားရာရောက်မှာလဲစိုးမယ်၊ မေက အကျိုးသင့်အကြောင်းသင့်ရှင်းပြပေါ့၊ မကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါပေမယ့် ... မေ ထပ်မေးပါရစေဦး၊ မောင် ... ခုလိုလေထဲကချစ်သူလုပ်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



တခြားအကြောင်းတစ်ခုခုများရှိနေသေးလားလို့ပါ။ ရှိရင် မေ့ကိုပြောပါ"

သက်ပြင်းချသံသဲ့သဲ့ကို မကြားရသည်။ ခဏတာအားဖြင့် အသံတိတ်နေ၏။

"ရှိတယ်မေ"

"ရှိရင်ပြောပါမောင်၊ မေသိပါရစေ၊ မေ့ကို သိခွင့်ပေးပါ"

"မောင့်ကိုတွေ့တဲ့နေ့မှာ ... မေဟာ မောင့်ကိုမုန်းသွားလိမ့်မယ်၊ မေ့အမုန်းကို မောင်မခံနိုင်လို့ အရိပ်ချစ်သူအဖြစ်နဲ့၊ စကားသံလေးလောက်နဲ့ မောင် တင်းတိမ်ရောင့်ရဲနေရတာပါမေရယ် ... မောင်၊ ကံကြမ္မာကို မယုံဘူး၊ မေ ... မောင့်ကို မမုန်းနိုင်ပါဘူးလို့ မယုံရဲဘူး မေရယ်"

"မောင့်ကိုတွေ့ရင် မေက ဘာဖြစ်လို့မုန်းရမှာလဲ"

"အဲဒီမေးခွန်းကို မောင်မဖြေပါရစေနဲ့"

"မေ ဒုတိယအကြိမ်ထပ်မေးမယ်နော်၊ မောင့်မှာ မိန်းမရှိလား"

"မရှိပါဘူးမေ၊ ယုံပါ"

"ဒါဖြင့် ... "

"မပြောပါရစေနဲ့မေ"

"အသက်အန္တရာယ်ထိခိုက်နိုင်လောက်တဲ့ ရောဂါတ





မျိုးမျိုးရှိနေလားဟင်"

"မရှိပါဘူးမေရယ် ... ထပ်မမေးပါနဲ့တော့၊ မောင်ကြေကွဲရပါတယ်၊ ရင်ထဲမှာလဲ နာတယ်၊ အဲဒီအတွက် မောင့်မှာ အိပ်မပျော်တဲ့ညတွေလဲ များလှပါပြီ။ တခြားအကြောင်းပြောရအောင်နော်မေ ... မောင်တို့ စကားလမ်းကြောင်းလွှဲကြရအောင် ...

"မေ့အဖေလေး၊ ကံတရားပေါ့မေ၊ ဒီအိမ်ထောင်နဲ့ကျမှ မဖောက်မပြန်နိုင်မြဲနေလေရဲ့"

မေ ... စကားပြောခွက်ကို စိတ်ဆိုးစွာချပစ်လိုက်တော့သည်။

ကျော်ကျော်ရှု - ၈၁၉၆
စာအုပ်နံပါတ်ခ(    )ကျပ်
ညစ်ပေ-စုတ်ပြဲ-ပျောက်ဆုံး လျှင်
တန်ဖိုးနှစ်ဆပေးလျော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

"အဲဒီကိုဓောင်မောင် ... ခုဘာယ်မှာလဲမေ"

မေကာ မျက်ရည်ကျမလာဘဲ၊ ခက်ထန်နေသော မျက်နှာကို ဆတ်ခနဲမော့လိုက်၏။ မေ့မျက်နှာ တစ်ချက် အပင့်မှာ၊ ဖယောင်းတိုင်မီးရောင်ထဲ မေ့မျက်ဝန်းက လက်ခနဲဖြစ်သွားတာကို တွေ့လိုက်ရသည်။ မေ ... စိတ်ဆိုး ဒေါသထွက်နေတာလား၊ နာကျင်ကြေကွဲနေတာလားမသိပါ။ မေခံစားနေရတာတော့ အမှန်ပါ။ မိန်းမသားဆိုတာ နာကျင်





ကြေကွဲသည်ပဲဖြစ်ဖြစ်၊ စိတ်ဆိုးဒေါသထွက်သည်ပဲဖြစ်ဖြစ် ...ယ်ရည်က အရင်ဆုံးခံစားမှုသက်သေဖြစ်တတ်၏။ မေ ...ပ်အောင်ဘဲ စိတ်ကိုဘင်းထားသလား၊ ဒေါသတွေကိုပဲ ...ျိုသိပ်နေရသလားမသိ၊ မေ့မျက်နှာက အတိုင်းအဆမဲ့ ...ယ်ယှင်းလျက် အလှအပကလေးများတောင် လျော့ပါးနေ ...တော့သည်။

"ကြော့ ... မေးခွင့်ရှိရဲ့လားမေ"

"ဘာလို့မရှိရမှာလဲ၊ မေကြော့သက်ထားဝေဆိုတာ ငါး ယောက်ပေါင်းမှတစ်ယောက်ဖြစ်တဲ့ သွေးသောက်ညီ အစ်မတွေပဲ၊ မေပြောမှာပါ၊ မေ ဒေါသဖြစ်လွန်းလို့ ...ပါ"

သက်က ... ဖန်ခွက်ထဲ ရေခဲတုံးထည့်၊ ပို ...စ်ဗူးဖောက်ထည့်ပြီး မေ့ဆီ လှမ်းပေးလိုက်တော့ မေ ...တော့ချသည်။ အော် ... ရင်တွေပူလိုက်တာ၊ အာခေါင် ...ခြောက်ပါရဲ့။

"မေ ... တစ်နေ့မှာ ရွှေနေကိုကျော်ရဲနိုင်နဲ့ တွေ့စ ...ကိစ္စ၊ မေနဲ့ဖေဖေတို့ရဲ့ အမွေကိစ္စ ဖိဝခြမ်းရေးပေါ့ ...လေ၊ အဲဒီအတွက်နဲ့ တွေ့ဖို့ရှိပါတယ်၊ အဲဒီနေ့က ...မေက ရုံးခန်းကိုလိုက်သွားတာ၊ သူတို့ရုံးခန်းဖွဲ့စည်း ...ကာ၊ ဝင်ဝင်ချင်းမှာ ဧည့်ခန်းသဘောပေါ့ ...ကု ...ထိုင်တွေချထားတယ်၊ စားပွဲတစ်လုံး စာရေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရှိတယ် ...

"နောက်ထပ်စားပွဲနဲ့ကုလားထိုင်တစ်လုံးက သပ်သပ်ချထားတယ်။ အတွင်းခန်းထဲမှာက ရှေ့နေတွေ၊ လေးငါးယောက် ကိုယ့်စားပွဲနဲ့ကိုယ်၊ တွေ့ချင်တဲ့သူက ဧည့်ခန်းမှာ ထိုင်စောင့်ရတယ်၊ စာရေးက ဝင်ခေါ်ပေးရင် ကိုယ့်ရှေ့နေက ထွက်လာပြီး စားပွဲနဲ့ကုလားထိုင်အလွတ်မှာ ထိုင်စကားပြောတယ် ...

"အတွင်းခန်းမှာရှိတဲ့ရှေ့နေတွေ အပြင်ထွက် အမှုလိုက်နေလို့ အတွင်းခန်းက လူရှင်းပြီး အပြင်ခန်းမှာတွေ့ဖို့စောင့်နေတဲ့ ဧည့်သည်ကများရင်၊ အတွင်းခန်းထဲခေါ်တဲ့အခါလဲ ခေါ်သွားတယ် ...

"မရောက်တော့ ... စာရေးက ခဏစောင့်ပါတဲ့၊ ဦးကျော်ရဲ့နီးမှာ ဧည့်သည်ရှိနေလို့တဲ့၊ ဧည့်သည်ထွက်မှ ဝင်ပါတဲ့၊ အဲဒါနဲ့မေ ... ထိုင်စောင့်နေရတယ်၊ ဧည့်ခန်းမှာက မေနဲ့ကြီးသိန်းနှစ်ယောက်ထဲပဲ"

"ရောက်နေတဲ့ဧည့်သည့်က ဘယ်သူလဲ"

"သူ့သူငယ်ချင်းပါ ... ကြိမ်ကာမှ နောက်ဆုံးပြောင်းရင်း၊ ခဏရပ်နောက်၊ ပြီးတော့ ဆွဲထုတ်လိုက်ရင်၊ အပြင်မှာလဲ ဘယ်သူမှမရှိတာသိထားတော့ ပြောင်နောက်ရယ်မောပ၊ ပခုံးဖက်ပြီးထွက်လာတာ ...

"မင်းအမှုသည်လေးနဲ့ရော ခုထိ မနီးစပ်သေးဘူးလား၊





ပိုင်အောင်လုပ်တော့လေကွာ၊ မောင်မောင်ဆိုပြီး ဖုန်းဆက်နေတာ ... ကြွေနေပြီဆို ... တဲ့ကွယ်"

"ဟာကွာ"

"အေး ... တစ်ချီထဲနဲ့သဘောပေါက်လိုက်ကြတယ် မဟုတ်လား။ မေလဲ ဝါကျတစ်ကြောင်းထဲနဲ့ အားလုံးကို နားလည်သွားလိုက်တယ်။ ဟိုသူငယ်ချင်းက သူနဲ့ တော်တော်ရင်းနှီးပုံရတယ်၊ ရင်းနှီးလို့သာ သူအကုန်ဖွင့်ပြောထားလို့ သိနေတာဖြစ်မှာပေါ့ ...

"မေ့ကိုတော့ မြင်ဘူးပုံမရဘူး၊ မိန်းမဧည့်သည်နှစ်ယောက် ထိုင်စောင့်နေတာတွေ့ပေမယ့် မေမှန်းမသိတော့ ရယ်မောပြီးဆင်းသွားတယ်၊ သူ့မှာသာ သွေးဆုတ်ပြီး ကျန်ရစ်ခဲ့တာ"

"မေ ... နီးရာကုလားထိုင်နဲ့ ဆွဲမရိုက်လိုက်ဘူးလား"

"မေ့ထက် ကြီးသိန်းဆွဲရိုက်ဖို့လုပ်နေလို့ မနည်းတားရတယ်၊ မေလေ ... ညှိုလိုက်တာ၊ သူ့ရှေ့မှာ မျက်ရည်ကျတယ်"

"ဘာမှမပြောဘူးမဟုတ်လား"

"မပြောပါဘူး၊ ကြီးသိန်းကိုလဲ ဘာမှမပြောပါနဲ့တော့လို့ တားလိုက်တယ်"

"သူကဘာပြောလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ဖြေရှင်းနိုင်တဲ့အခြေအနေမရှိပါဘူးတဲ့"

"ဘယ်ရှိမလဲ၊ ဦးကျော်ရဲနိုကြ မိန်းမနဲ့ဆို"

"မေလဲ ယူစရာရှိတဲ့စာရွက်စာတမ်းတွေယူပြီး ပြန်ခဲ့တယ်၊ သူက တစ်ခွန်းပြောသေးတယ်၊ မေ ခွင့်လွှတ်နိုင်တဲ့တစ်နေ့ကို သူကံကောင်းရင် ရလာနိုင်မှာပါတဲ့"

"ဩ"

"မေ ... ဘာမှမပြောဘဲနေလိုက်တာ၊ အများကြီးပြောပြီး ရန်တွေ့ခဲ့တာထက်ထိရောက်တယ်၊ သိလား"

"မေ့ဆီ တခြားနာမည်နဲ့ ဖုန်းဆက်ပြီး ပရိုပို့စ်လုပ်တာတွေဘာတွေ မေခွင့်လွှတ်နိုင်ပါတယ် ... သူလူလွတ်ဆိုရင်ပေါ့။ မေ ... နာတာက၊ သူ့မှာ မိန်းမရှိတယ်ဆိုတာ သူကိုယ်တိုင်ပြောထားတာ၊ မိန်းမရှိတဲ့ယောကျ်ားတစ်ယောက်ရဲ့ ချစ်တယ်အပြောခံရတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝဟာ ...

"ဘယ်နေရာရောက်သွားလဲ၊ ဘယ်လောက်စော်ကားခံရသလဲ။ နာလိုက်တာ။ ဆက်ဆက်ကိုတုန်နေတာပဲ။ မေ့ကို ဘယ်လိုအမျိုးအစား သူထင်နေသလဲ၊ မေ့ကိုယ်ကျင့်တရားကို သူ ... မဲညစ်မှုပ်ဟောင်သွားအောင်လုပ်ပစ်တာပဲ၊ မေ ... ဒီလောက်အောက်တန်းကျလိမ့်မယ်မဟုတ်ဘူးလို့ ...



"မေ့ကို နည်းနည်းပါးပါး တန်ရာတန်ကြေး တွေးမပေးနိုင်ဘူးလား။ မေ့ကို ဒီလောက်အထင်သေးရသလား။ စိတ်ဆိုးလိုက်တာလေ။ စိတ်ဆိုးလွန်းအားကြီးတော့ ရန်တွေ့ဖို့တောင် စိတ်ကုန်သွားတယ်၊ သူ့ကို နာတောင်မနာဘူး။ စိတ်နာတယ်ဆိုရင်တောင် သံယောဇဉ်ရှိနေသေးလို့ဖြစ်မှာ၊ ခုဟာက ... မေစိတ်ဆိုးဒေါသထွက် မုန်းတီးစက်ဆုပ်ရှုံ့ရှာ ...

"တခြားဘာစကားလုံးရှိသေးလဲကွာ၊ သူနဲ့ထိုက်တန်တဲ့ မိုက်မိုက်ရိုင်းရိုင်းစကားလုံးမှန်သမျှ သုံးချင်တယ်၊ လူယုတ်မာအစစ်ပဲ၊ မေ ဘယ်လောက်ချမ်းသာသလဲ၊ မေ့ရပိုင်ခွင့်အားလုံးဟာ ဘယ်လောက်များလဲဆိုတာ သူသိတယ်၊ ဒါတွေ သူ့ပဲလုပ်ပေးတာ၊ မက်ပြီပေါ့၊ လူကိုစော်ကားပြီး ပစ္စည်းအပိုင်သိမ်းချင်တဲ့ယောကျ်ားအချောင်သမားကွာ"

"အရှက်မရှိလိုက်တာ"

"ဟုတ်ပါ့"

"ဒါဖြင့် သူယူလာပြတဲ့ဓာတ်ပုံ၊ လိပ်စာနဲ့မိသားစုက ဘယ်သူတွေလဲ"

"သူပိုင်တဲ့ သူ့မိတ်ဆွေတွေဖြစ်မှာပေါ့၊ မေက စုံစမ်းရင် ဘယ်လိုပြန်ဖြေရမယ်ဆိုတာလဲ စဉ်းစားသွင်းထားမှာပေါ့ကွာ၊ သူ့မှာ နည်းတွေရှိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တမင်တကာ တကူးတကကိုကြံစည်တာပဲ"

"ယောကျ်ားဆို ... တစ်ယောက်မှမကောင်းပါဘူး ကွာ၊ မေ့အဖေတောင် မေ့အပေါ်မကောင်းဘူး"

"အဖေ့တော့ စိတ်မနာပါနဲ့မေ၊ ငရဲက မနေဘူး၊ အဖေဟာ ... မေ့အမေရှိတုန်းအချိန်ကို ပြန်တွေးကြည့်ပါ၊ မေ့အမေအပေါ် မကောင်းခဲ့ရင်သာနေမယ်၊ မေ့အပေါ်တော့ ကောင်းခဲ့မှာပါ"

မေ့ကို ကျောကုန်းပေါ်တင်၍ "နတ်မြင်းပျံကွ" ဟုအော်ကာ ခုန်ပေါက်ခုန်ပေါက်နှင့်ပြေးပေးတတ်သည့် ဖေဖေ့ကို မြင်ယောင်၏။ ဖေဖေ့ဝါသနာအတိုင်း၊ မေမေနှင့် စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်း။ (အမှန်က အိမ်ပေါ်ကဆင်းချင်လို့ စိတ်က တမင်ဆိုးရတာ) နောက်ထပ် မိန်းမတစ်ယောက်အိမ်မှာသွားနေ၊ ဝဋ်ကြွေးမကုန်သေးသော မေမေက ချော့မော့ခေါ် (သမီးမှာ မိစုံဖစုံရှိစေချင်လို့ပါတဲ့၊ သမီးဟာ အဖမဲ့သမီးဖြစ်ရှာမှာ စိုးလို့ပါတဲ့၊ မေမေပြောရှာခဲ့တာလည်း သတိတရဖြစ်ပါသည်။) ဖေဖေက တစ်လကိုးသတင်း မကြာပဲ ဘယ်တော့မျှ ပြန်မလာခဲ့။

"မေ ... ဖျားလို့"

တစ်ခါတော့ မေက တကယ်နေမကောင်းတာ၊ ဖေဖေဆင်းသွားတာ နှစ်ရက်ပဲရှိသေးသည်။ မေမေက ဖုန်းတစ်လုံးနှင့် တစ်အိမ်ပြီးတစ်အိမ်ရှာဆက်တော့၊ ဖေဖေပြန်



လာလိုက်တာ၊ မေ့ကို ပခုံးပေါ်ထမ်းပြီး တစ်ညလုံး လျှောက်နေပေးခဲ့တာ၊ အော် ... ဖေဖေရယ်။

"သားအဖချင်းတရားဆိုင်ပြီး စီးပွားခွဲရတာကလဲ၊ အဲဒီလိုတောင်းမှ ရမှာမေရယ်၊ နောက်အိမ်ထောင်နဲ့ မိသားစုအတွက် ငွေကလိုမှာလေ။ တစ်ဝက်ခွဲလိုက်ရလို့လဲ မေ ဒုက္ခရောက်သွားမှ မဟုတ်ဘဲ၊ စိတ်နာတဲ့စာရင်းထဲက အဖေ့ကိုတော့ထုတ်လိုက်ပါ"

မေက သက်ကို မော့ကြည့်လိုက်သည်။

"မေ့ကို ဆုံးမပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သက်ရယ်"

"ကဲ ... ခုချိန်ကစပြီး မေပေးတဲ့လက်ဆောင်ကို သိမ်းထားလိုက်ကြစို့"

ကြော့က ဂစ်တာကိုလှမ်းယူလိုက်သည်။

"ဘာတီးရမလဲ"

"ကြီးကြီးကျယ်ကျယ်မေးနေလိုက်တာ၊ သူက အချိုးတီးတတ်တာကျလို့"

"ကြီးကြီးကျယ်ကျယ်မေးတာမဟုတ်ဘူး၊ ဘာတီးတီးဆိုတတ်တဲ့လူတွေမဟုတ်မှန်းသိလို့၊ တစ်ပုဒ်တည်းသော သီချင်းလေးကိုပဲရတယ်ဆိုရင် အဲဒါလေးတီးပေးမလို့"

"ကြည့်စမ်း ... မေ့ကို တော်တော်သနားကြတယ် ထင်တယ်၊ မေ့အဖြစ်မှာ မျှဝေခံစားပြီး ဘဲကင်တွေ

www.burmeseclassic.com

www.burmeseclassic.com



လဲပြောင်ပြီ။ ဖရုံစေ့က လက်ကျန်မရှိ၊ ဇီးထုပ်က အနည်းငယ်ပဲ"

မေက ရယ်၍ပြော၏။

"ပုံပြင်ဆိုတာ အစားလေးနဲ့မှ နားထောင်လို့ကောင်းတာ"

"ငါးယောက်လုံးရတာ ဘာသီချင်းလဲဟေ့"

"ကမ္ဘာမကြေ"

"ဒါတော့မလုပ်နဲ့၊ ပွဲမသိမ်းသေးဘူး၊ အစားတွေကျန်သေးတယ်"

"ဖာလူဒါသောက်ရဦးမယ်"

"ဇီးထုပ်တွေနဲ့ တဲ့ပါ့မလား၊ ဇီးထုပ်က နည်းနည်းပဲကျန်တော့တယ်၊ ဘယ်သူစားထားလဲ၊ စားထားတဲ့လူ ဖာလူဒါစွန့်လွှတ်ပေးရင် ဝေက အနစ်နာခံပြီး နှစ်ခွက်သောက်ပေးပါ့မယ်"

"ဟဲဟဲ"

ထားက သူလစ်ထားသော ဇီးထုပ်လေးတွေကို အပုံထဲပြန်ဖြည့်လိုက်သည်။

"အစားနှေးလို့ တိုထားတာ"

"ကိတ်မုန့်ယူအုံးလေ သက်"

"တော်ပြီ"

"ကြည့် ... ပါးစပ်ကတော်ပြီ၊ လက်ကလှမ်းနေ .





တယ်"

"အဲဒါပေါ့၊ လူသာနေမယ်၊ ပညာကမနေဘူးဆိုတာ"

ကြော့က ဂစ်တာကို တဖျင်းဖျင်းတီးလိုက်၏။ ...တီးတတ်တာတော့မဟုတ်ပါ။ လုံးဝမတီးတတ်သူနှင့်စာ...တော့ လူတော်ပေါ့။ သီချင်းတစ်ပုဒ်ကို တမင်ပရမ်း...အော်ဆိုလိုက်သည်။

"ကြော့ ... ရက်စတောရင့်မှာ နေ့တိုင်းဆိုတာ ဒီအသံနဲ့လား"

"ဒါပေါ့"

"အမလေး ... ကြော့ရတာပန်းကုံးတွေမှ ဟုတ်ရဲ့လား၊ ပန်းခွေတွေများလားကြော့ရယ်၊ ဒီအသံနဲ့ဆို"

တခိခိဝိုင်းရယ်နေသူတွေကို ကြော့က လူစေ့...စေ့လိုက်ဆိတ်နေ၏။ ရယ်သံလေးတွေ မြူးကြွစွာ လွှင့်...နေ၏။

"ဟုတ်တယ် ... ပန်းခွေတွေ၊ မေ့ဖို့"

"အို ... ဒါဆို၊ သိပ်နောက်ကျသွားပြီ၊ မေ ကွယ်လွန်ခဲ့တာ လွန်ခဲ့တဲ့နှစ်နှစ်လောက်ထဲက"

မေက သူ့မိခင်ကွယ်လွန်ချိန်မှစတွက်၍ ပြော...သည်။

"ဒါဆို ... ဒီဟာ တစ္ဆေမကြီးပေါ့"

"ဟုတ်ကဲ့ ... သရဲကြော့ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဟော့ ... ဘီလူးသက်တွေဘာတွေမလာနဲ့ ဘလူး (Blue) နဲ့မှားရင် လူကြားမကောင်းဘူး၊ တော်ပြီ ... တော်ပြီ"

မိုးကသည်းတုန်း။ သို့ပေမယ့် မိုးနှင့်အပြိုင် စီစီညံနေသည်က ရယ်မောရှင်ပျသံကလေးတွေပါ။

ဘဝဆိုတာ ဒီလိုပဲလေ၊ တစ်လှည့်စီမဟုတ်လား။

"မေကြော့သက်ထားဝေပြောနေပါတယ်"

"တစ်ယောက်ထဲနဲ့ ပြောလို့မရဘူးလား"

"ခုပြောနေတာ တစ်ယောက်ထဲဘဲ၊ ဘယ်နှစ်ယောက် သံပြိုင်ဝိုင်းဟစ်နေတယ်များထင်နေလဲ"

"မေဖြင့်မေ ... ကြော့ဖြင့်ကြော့၊ သက်ဖြင့်သက်၊ အဲဒီလို ... အဲဒီလိုတစ်ယောက်ထဲနဲ့ပြောပါရစေ"

"ပြောပါလား ... ရှင်းရှင်းလင်းလင်း၊ မေဖြင့်မေ၊ ကြော့ဖြင့်ကြော့တော့မရဘူး၊ မေလား၊ ကြော့လား၊ သက်လား၊ ထားလား၊ ဝေလား၊ ဘယ်သူလဲ တိ





တိကျကျပြော"

"မေ"

"အစောကြီးကထဲက မေနဲ့ပြောချင်လို့ပါဆိုရင်ဖြစ်တယ်"

"ဟုတ်ကဲ့ ... နောက်ကိုမှတ်ထားပါ့မယ်"

"ခဏစောင့်"

ကြော့က ခပ်မာမာလေးပြောပေးလိုက်သည်။

"တောက် ... လောကကြီးမှာ မိန်းမဖြစ်ရတာ၊ ယောကျ်ားတွေရဲ့ရည်းစားစကားပြောခြင်းကို ခံရဖို့ကျနေပြီ။ အိမ်လဲအိမ်မို့၊ ဆိုင်လဲဆိုင်မို့၊ ရည်းစားစကားများပြောရမယ်ဆိုရင် အရှက်ကိုမရှိကြဘူး၊ အဲဒီယောကျ်ားတွေ၊ မေ ... "

"ဘာ ... မေက ရည်းစားစကားပြောဖို့ အရှက်မရှိဘူးဟုတ်လား၊ မေရေ ... မေ့ကိုနှိပ်ကွပ်နေပါပြီ။ အရေးယူပါ"

ကြော့၏ ဗျစ်တောက်ဗျစ်တောက်စကားကို ...က ဝင်ထောင်ပေးနေ၏။

"အချှန့်ကလေးနဲ့မ,ပေးပေါ့နော်၊ ဒီနေ့တော့ အာခေါင်လှိုက်မယ်ထင်ထားတာ၊ အချှန်နဲ့အမခံရတော့ နေရ...လှို့နေပြီ၊ ရော့ ... မေ"

"ဘာပေးတာလဲကြော့၊ အချှန်ဆိုရင်တော့ ...ယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောခွက်ပါကွယ်"

ဝါးခနဲရယ်သံကိုကြားလိုက်ရသည်။ ရှေ့ပိုင်းပြောနေသည့်စကားတွေကလည်း ဖုန်းထဲ အကုန်ဝင်၏။ တော်တော်ပျော်တတ်သည့်အုပ်စုပါပဲ။ သူတို့အသံကလေးတွေက ရှင်လို့စာလို့ စီလို့ညံလို့၊ လောကကြီးကို အကောင်းမြင်ရှုထောင့်မှ ခံစားနေကြသူတွေဖြစ်နိုင်၏။

"မပြောနေပါတယ်ရှင့်"

"အော် ... ကျွန်တော်ပါ"

"ဟုတ်ကဲ့ ... တော်တော်ရှင်းသွားပါပြီ၊ ဒါပဲနော်"

ဟိုက် ... ။ သူကမှ ဟာသခေါင်းချုပ်ကြီးထင်ပါရဲ့၊ ဘာမှကိုမပြောရသေးဘဲ ဖုန်းချသွားလေပြီ။ သူတို့မှာလဲ တစ်ဒုက္ခထင်ပါရဲ့။ သူတို့မိန်းမသားတွေချည်းနေရတော့ တယ်လီဖုန်းလေးခများလဲ အားရတာယ်မရှိဘူးထင်ပါရဲ့။ မေကတော့ ဖုန်းချသွားပြီ။ "နေရဲ" ပဲ။ ဘယ်ရလိမ့်မလဲ။ ဂဏန်းလေးတွေကို ထပ်နှိပ်၏။

"အမိန့်ရှိပါရှင်"

ဒီတစ်ခါအသံက၊ စောစောက ပထမဆုံးလာကိုင်သူ၏အသံလဲမဟုတ်၊ မေဆိုသော သူ၏အသံလည်းမဟုတ်၊ နောက်တစ်ယောက်၊ ဘယ်သူဖြစ်မယ်မသိ။ မေမှလွဲ၍ ကျန်သောလေးယောက်ထဲမှတစ်ယောက်၊

"ကျွန်တော့်နာမည် နေရဲပါ"





"နေရဲတဲ့ဟော့ ... ဘယ်သူ့ဘော်ဒါလဲ"

နောက်ဘက်သို့ လှည့်အော်သံကြားရသည်။ နေ ... ဘာမျှမပြောရသေးပါ။

"နေပူထဲလဲ ... နေရဲပါတယ်"

သီချင်းတစ်ပိုဒ်ကို ထ,ဆိုသူကတစ်ယောက်။

"နေပူထဲလဲ နေရဲပါတယ်ဆိုတော့ အဲဒီလူက မိုးရွာထဲလဲဝါလို့ပေါ့။ တော်တော်ပါသားပဲ"

သူတို့ချင်းချင်း အော်ဟစ်ဆူညံနေသည့်ကြား ... နေရဲ ထိုးမဖောက်နိုင်အောင်ရှိတော့သည်။ အော် ... ... များရေနိုင်၊ မီးများမီးနိုင်။

"ကြော့နဲ့ပြောချင်လို့ပါခင်ဗျာ၊ ကြော့ရှင်းခင်နဲ့ပြော . ပါရစေ"

"ဟော့ ... ကြော့၊ မင်းတဲ့ကွ၊ ဒါများ၊ နေရဲ ဘယ်သူ့ဘော်ဒါလဲမေးတော့ မြုံနေတယ်"

"အယ် ... ဘယ်ကကြော့ဘော်ဒါရမှာလဲ၊ တစ်ခါမှတောင်မကြားဖူးဘူး၊ နေရဲထိုင်ရဲရယ်ရဲပြုံးရဲကြီးလားမသိ"

ပြဿနာငလောင်အုပ်စုနဲ့မှ ဆုံတတ်လေခြင်း။ ... မိန်းမသားငါးယောက်မှာ နှစ်ဆယ်ကိုသုံးလေးနှစ်ကျော် ... တွေပါမည်။ တစ်နှစ်.နှစ်နှစ်ပဲကျော်သေးသူလဲပါမည်။ ... ည်ဆိုရုံပြည့်သည်ဆိုရုံကလေးလဲပါနိုင်၏။ ... ပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com





ဖြစ် ဆယ်ကျော်သက်၊ ဆယ့်သုံးဆယ့်လေးဆယ့်ငါး၊ လေတိုက်လို့ သစ်ရွက်လှုပ်ရင်တောင် ရယ်တယ်ဆိုတဲ့အဆင့်ကို ကျော်ခဲ့ပြီးမှ၊ ဖြတ်ခဲ့ပြီးမှ၊ ခုချိန်ထိ လောင်မြိုက်သောင်းကျန်းတုန်းဆိုတာတော့ မဟုတ်လာက်ဘူးထင်သည်။ သူတို့ကို ယောကျ်ားလေးတွေက ဖုန်းထဲမှ ရိသဲ့သဲ့လုပ်လွန်းလို့ ဒီတစ်ခါ ... တို့က ဦးအောင်ကြောင်မယ်လို့များ ဆုံးဖြတ်ထားသလားမသိ။

"ကြော့ရှင်းခင်ပါ"

"ကျွန်တော် နေရဲပါ"

"ကျွန်မလဲ သန့်ရှင်းသပ်ယပ်ပြီး အသက်အန္တရာယ် အရှက်အန္တရာယ်ကင်းတဲ့ မည်သည့်အရပ်ဒေသမှာမဆို နေရဲပါတယ်။ သိပ်မကြောက်တတ်ပါဘူး"

"ကျွန်တော် မိတ်ဆက်တာပါ ကြော့"

"အော် ... ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာတယ်နော်၊ ရှင့်အမေနေကောင်းလား၊ နှုတ်ဆက်တယ်လို့ပြောလိုက်ပါ၊ ဒါပဲနော်"

ကြော့က ဖုန်းချရာတွင် ခလုတ်ကို ဖိချခြင်း မဟုတ်ဘဲ စကားပြောခွက်ကို ပုခက်ပေါ်ပြန်တင်ခြင်းမို့ သေသေချာချာမရောက်မီကြားထဲ သူတို့အော်ပြောသည့်အသံက စကားပြောခွက်ထဲသို့ ဝင်လာသည်။

"မိတ်ဆက်တာဆိုပဲ"

အသံပြတ်သွားပြန်၏။ နေရဲ စိတ်တိုစပြုပေ နံပါတ်တုံးလေးတွေကို နှိပ်ပြန်၏။

"အမိန့်ရှိပါ"

"သက် ... သက်နှင်းကြင်နဲ့ ပြောပါရစေ"

"သက်တဲ့ဟော့ ... စောစောကအသံပဲ၊ ဒီလိုလုပ်ရင်မကောင်းဘူးလား"

အဲသည်ဝါကျဝင်လာပြီး၊ အသံတိတ်သွားပုံ ...တော့ စကားပြောခွက်ကို လက်ဝါးနှင့်လုံအောင်ပိတ် ...ပိုင်ပင်နေကြသည်ထင်ပါရဲ့။

"ကျွန်မ သက်နှင်းကြင်ပါ"

အသံက နားထဲသို့ ရုတ်တရက် ဝင်လာ၏။ ...ပြောခွက်ကို ပြန်ဖွင့်ပြီး ချက်ချင်းပြောထဲ့ပုံရ၏။ နေရဲ ...ပြန်ပြောဖို့ စိတ်ကူးတုန်း ... ။

"ကျွန်မက ခင်ထားတင်ပါ"

နောက်အသံတစ်ခု ဝင်လာသည်။

"ကျွန်မက အကြင်နာဝေပါရှင့်၊ ရှင့်မှာ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီတို့ဘာတို့ရှိရင်၊ တီဗီကြော်ညာရိုက်ချင်ရင်ပြောပါ။ ကျွန်မက မိုဒယ်ပါ။ ကြော်ညာမိုဒယ်ပါ"

"ရှင် မိတ်ဆက်ချင်တယ်ဆိုရင် ငါးယောက်လုံးနဲ့ ပြောပြီးသွားပြီနော် ... ဒါပဲ"





www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကို ချသွားပြန်ချေပြီ။ နေရဲရ ချင်လာ၏။ မရွှးမနှမ်းနှင့် ပေါကြောင်ကြောင်မလေးတွေ ဒီအသက်အရွယ်မှာ ဣန္ဒြေလေးတွေ၊ သိက္ခာလေးတွေနဲ့ မျ နာကြောလေးတင်းလို့နေကြပါတော့လား။ ခုတော့ ... သူ တို့ကိုယ်သူတို့ ရှစ်နှစ်သမီးလေးတွေများ ထင်နေကြလ မသိ။ ဒီတစ်ခါတော့ ခလုပ်တုံးလေးတွေထပ်ဖိဖို့ မကြိုးစ ဖြစ်တော့ပါ။ ဘယ်နည်းကောင်းမလဲဆိုတာ အသေအချာစဉ် စားပြီး ဝင်မှဖြစ်မည်။ ဒါနဲ့များ ... လှဝင်းဆိုတဲ့ကော ကပြောချည်သေး။

"မိန်းကလေးငါးယောက်ထဲ့နေတယ်၊ တကယ်ဆို
ဘော်ဒါဆောင်လုပ်ရင် နှစ်ဆယ်လောက်နေနိုင်တယ်၊
ငါးယောက်ထဲနေတယ်၊ ညီအစ်မတွေလဲမဟုတ်ဘူး၊
တစ်ယောက်တစ်မျိုးလှပမယ့်၊ ရုပ်တွေက တခြားစီ
"ငါကြားဖူးထားတာကတော့၊ ယောကျ်ားကို တစ်
ယောက်တစ်မျိုး စိတ်နာနေကြတဲ့ မိန်းမငါးယောက်
အဖွဲ့တဲ့။ သွေးသောက်ညီအစ်မတွေတဲ့ ...
"တစ်ယောက်ကိစ္စဟာ ငါးယောက်ရဲ့ကိစ္စတဲ့။ တော်
ရုံသတ္တိနဲ့တော့ ဝင်မကြောင်နဲ့။ ငါးစာဖြစ်သွားမယ်၊
ငါးစာဆိုတာသိလား၊ မိန်းမငါးယောက်ရဲ့အစာလို့ပြော
တာ၊ စားပစ်ဝါးပစ်ကြလိမ့်မယ်" ... တဲ့။

သည်တော့ ...





ဒေါသသံတွေ အပဟိန်းတွေအပေါက်တွေကို ...ျော်လင့်ထားသည်။ လက်ခံရရှိခံစားရတာက အလောင် ...ွေအကြောင်းတွေဖြစ်နေသည်။ သူတို့ ... ယောကျ်ားတွေ ...ို စိတ်နာတာနှင့်ပဲ ယောကျ်ားဆိုလျှင် ဂလဲ့စားချေဖို့အ ...တွေးမိုက်ကလေးတွေ ကိုယ်စီဝင်နေကြပြီလား။ နေရဲ ... ...ည်နေ့ ဖုန်းဆက်တာ၊ သူတို့နှင့်ပတ်သက်၍ စလုံးရေစ ...ိုင်းသာဖြစ်သည်။ နေရဲမှာက မေကြော့သက်ထားဝေနှင့် ...ပ်မင်မှ ရင်းနှီးမှုဖြစ်မည့် အရေးကိစ္စတစ်ခုရှိနေသည်လေ။ ...ူတို့ ဘယ်ပုံစံတွေလဲ၊ ဘယ်လိုခြေလှမ်းစရမလဲဆိုတာ သိ ...ျင်လို့ကို ဖုန်းဆက်ကြည့်တာပါ။ ဒီငါးယောက်သိပ်တော့ ...လှယ်။

နောက်တစ်ခါ ... သူတို့နှင့် ခင်မင်ရင်းနှီး ...မှ ကြိုးစားလျှင် ကိုယ့်ဘာသာ ကဗျာဆန်ဆန်မှည့်ထား ...သော "နေရဲ" ဆိုသည့်နာမည်ကိုတော့ ဖျောက်ပစ်လိုက်မှ ...ဖြစ်တော့မည်။ တော်ကြာ ... ဟိုအဆိုတော်က သီချင်းထ ...ိုနေဦးမည်။ "နေပူထဲလဲနေရဲပါတယ်တဲ့ဟေ့၊ တော်တော် ...တဲ့လူပဲ" ... ဆိုသည့် အပြောကို ကြားရဦးမည်။ သူ ... ရက်စတောရင့်မှာသာ သီချင်းဆိုနေတာ၊ ပန်းကုံးစွပ် ...ပေးသပြီးမှာ လက်ဆွဲနှုတ်ဆက်ဖို့ လက်လှမ်းပေးရင် ...သိ ...ျင်ယောင်ဆောင်၊ ခြေတစ်လှမ်းနောက်ဆုတ်ပြီး ...လက်နှစ် ...က်ရင်မှာယှက်လို့ ရှိခိုးတဲ့ပုံစံနဲ့၊ ခေါင်းငုံ့ပြီး၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



အနန္တပါရှင် ... လို့ ပြောတတ်သတဲ့။ လက်ဆွဲနှုတ်ဆက်ဖို့ လက်ကြီးရှေ့ဆန့်ထုတ်ထားတဲ့သူမှာ အမြှေကြောင်ကြောင်ကြီးဖြစ်ပြီးကျန်ရစ်ခဲ့ရောတဲ့။ လုပ်ပုံက။ ကြားရတာပဲလေ။ တစ်နေ့တော့ သူ့သီချင်းသံကို သွားကြို နားထောင်ဦးမှ။

"အဲဒါပေါ့ ... ကြော့ရှင်းခင်ဆိုတာ"

လှဝင်းပြမှပဲ ကြော့ရှင်းခင်ကို မြင်ဖူးရ၏။ တော်တော်လှသည့်ကောင်မလေးပါပဲ။

"ငယ်ဦးမယ်ထင်တယ်"

"ပြောတတ်ဘူး၊ မိန်းမတွေ အသက်ဆိုတာ ခန့်မှန်းရခက်တယ်။ သုံးဆယ်ကျော်နဲ့လေးဆယ်ကျော်ဆိုတာ ရွေးမရဘူး"

"နှစ်ဆယ်ကျော်ရုံလေးပဲဖြစ်မယ်"

"ထင်ရတာပဲ"

"ဟုတ်မှာပါ"

ဒီစားသောက်ဆိုင်တွေကို လာနေကျမဟုတ်၍ လှဝင်းကို အဖော်ခေါ်လာရသည်။ လှဝင်းနှင့်တကွ သူ့သော်





ါတစ်ယောက်ပါ၊ စုစုပေါင်းသုံးယောက်စားစရိတ် ကိုယ်က ကုန်ကျခံပေးရ၏။ ကြော့ရှင်းခင် ... တွေ့ရုံလေး၊ မြင်ဘူး ရုံလေးတောင် မလွယ်ပါလား။ ကြော့ရှင်းခင်ဆိုသည့်အတိုင်း လူတစ်ကိုယ်လုံး လှပကြော့ရှင်းနေ၏။ ပိန်ပိန်သွယ်သွယ်၊ ရပ်ကာမြင့်မားမား၊ စီးထားသည့်ဒေါက်ဖိနပ်နှင့်ပေါင်းလိုက် တော့ အရပ်က ငါးပေကိုးလက်မလောက်ထိများ ရောက်နေ လေသလား။ တော်ရုံယောကျ်ားလေးတွေ အနားကပ်သွားလျှင် ပုပြီဖို့တောင် ခက်နေဦးမည်။

ဝတ်ပုံစားပုံက မြန်မာဝတ်စုံမဟုတ်ပေမယ့် မ လက်ဘူးဟုဆိုရမည်။ မီးခိုးပြာရင့် ဂျင်းဘောင်းဘီက ကိုယ်ထည်မှာတော်ရုံတိရုံ ကြပ်လျက် ခြေထောက်တစ်လျှောက် လုံး ကားကျသွား၏။ အင်္ကျီက ဂျင်းဂျက်ကက်ဟုခေါ်သည့် ချင်းသားအင်္ကျီပါပဲ၊ ဘောင်းဘီနှင့် တစ်ရောင်ထဲ။ ကြေးနီ ရောင်ကြယ်သီးတွေ အများကြီးနှင့်ပေမယ့် အမြင်မတော် ဘူး။ လက်ပြတ်ပေမယ့်၊ ချိုင်းပေါက်ကျယ်ကြီးနှင့် အတွင်း အင်္ကျီမြင်ရသည့် အမျိုးအစားထဲကမဟုတ်၊ ချပ်ချပ်ရပ်ရပ် အင်္ကျီကို ဘောင်းဘီထဲထဲ့ဝတ်ထားသည်မို့ "ချက်ပေါ်လော် ဟိ" ခြင်းမရှိ။ သူ့တစ်ကိုယ်လုံးမှာ မျက်နှာလှလှလေးနှင့် ကျွယ်နှစ်လိုဝင်းပသော လက်မောင်းလေးနှစ်ဖက်သာ အ ဝတ်မထည်၏ အဖုံးအဖိမှကင်းသည်။ တစ်ကိုယ်လုံး လုံလုံ ခြုံခြုံ။ လှသည့်သူများ၊ ဘယ်လိုဝတ်ဝတ် လှတာပါပဲ။ ဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ခါးပေါ်မှလှတာမဟုတ်၊ ဗိုက်ပေါ်ခါးပေါ်ကာမှ ကျက်သရေပါလျော့ကာ ရုပ်ပျက်ဆင်းပျက်ထိဖြစ်သွားနိုင်ကာ တချို့မိန်းကလေးတွေ သိဖို့ကောင်းပြီ။

"အင်္ဂလိပ်သီချင်းပဲအမြဲဆိုလား"

"အေး ... ဗမာသီချင်းဆိုခဲ့တယ်။ သူဝတ်ရင်လဲ အဲဒီလိုဂျင်းတွေပဲ ထူထူထဲထဲ လုံလုံခြုံခြုံဝတ်တယ်။ တစ်ခါတလေကျရင် ဦးထုပ်ဆောင်းပြီး ဖော့စ်ကုတ်အကွက်တွေဘာတွေဆောင် ထပ်ဝတ်သေးတယ်"

သူဆိုနေတာ "Jealous Kind" နောက်တစ်ပုဒ်က ...။ ပရိသတ်က ထပ်မံပွဲတောင်းသည်မို့ ထပ်ဆိုသည့်နောက်တစ်ပုဒ်က ... သူ့သီချင်းတွေက သီချင်းငြိမ့်တွေပဲဖြစ်၏။ သူ့အသံနှင့် ဆိုပုံဆိုပေါက်ကောင်း၏။ အသံက ပင်ကိုယ်ချိုသည်။ အင်္ဂလိပ်စကားလုံးအသံထွက်လည်းကောင်းသည်။ အင်္ဂလိပ်သီချင်းကို ငပီသံနှင့်ဆိုလျှင် ဘယ်လိုမှနားထောင်လို့မကောင်းပါ။ သူ ... ပန်းကုံးတွေရပါသည်။ တစ်ပုဒ်ကို ပန်းကုံးက နှစ်ကုံးလောက်ပဲရ၏။ နောက်ဆုံးပုဒ်ကို နောက်ဆုံးပွဲတောင်းသူက တစ်ကုံးစွပ်သည်။ စုစုပေါင်း ငါးကုံး။

တစ်ကိုယ်လုံး ဖော့ရမ်းကာ ရဟာတ်လည်သွားလားထင်ရအောင်ကသည့်သူတွေလောက် ပန်းကုံးမရဟာတော့ အမှန်ပါ။ တချို့က ဝတ်ပုံစားပုံကလည်း မယဉ်ကျေး။ ကြည့်



...ရာမရှိဟု ပြောလို့ရသလို ကြည့်ချင်စရာဟု ပြောလဲ ...ည်။ တချို့ကျ ပန်းကုံးတွေက လည်ပင်းမှာ ထူထပ်သိပ် ...း လွန်းလို့ လက်တစ်ဖက်ဆန့်ပေးထားရသည်။ လက် ...းတစ်လျှောက်မှာလည်း စွပ်ကြ၏။ ဘယ်သူတွေ ဘယ် ...ပိုက်ဆံပေါ်နေလို့ ဒီလိုနေရာတွေမှာ နေ့တိုင်းလာစား ...ပြီး၊ ပန်းကုံးတွေ နေ့တိုင်းစွပ်နေနိုင်သလဲ။

"လာနေကျလူတွေက နေ့တိုင်းလာတာပဲလား"

"မျက်နှာသိတွေပေါ့နော် ... ဒီမျက်နှာတွေပဲ ထပ်ထပ်မြင်နေရတယ်"

"မင်းကရော"

"ငါက တကာရှာတာ၊ တကာတွေ့မှလာတာ၊ လောကကြီးမှာ တကာကလဲပေါတော့ နေ့တိုင်းလောက်နီးပါပဲ"

လှဝင်းက ရန်ကုန်မှာတော့ လည်ပတ်မွတ် ...သူဖြစ်သည်။

"ဒီနေရာတွေရဲ့အခြေအနေကိုကြည့်ပြီး စီးပွားရေးစစ်တမ်းကောက်ရရင်တော့ မြန်မာပြည်မှာ ကျိကျိတက်သူဌေးတွေချည်းပဲလို့ပြောရမယ်"

"ပြောမနေနဲ့ ... သူတို့ ပိုက်ဆံတွေသုံးနေကြတာ သူတို့ မိန်းမတွေတွေ့ရင် နှမြောလုံးဆို့ပြီး တ[illegible]သေးသွားနိုင်တယ်။ မူးမူးရူးရူးနဲ့ အနမြော[illegible]ကွာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုး တခြားဘယ်နေရာတွေရှိသေးလဲ"

"အများကြီး ... ဒါပေမယ့် ... ဒီသိမ်ကြီးဈေး အပေါ်ထပ်တင်ပဲ နှံ့အောင်လည်ပါဦး"

"မလည်ချင်ပါဘူး၊ ငါက ကြော့ရှင်းခင်နဲ့ ခင်ချင်တာတစ်ခုပဲရှိတယ်"

"ရောဂါလား"

"ပြဿနာပါ"

"ဝေဒနာဆိုရင် ကြေညာနိုင်လား"

"မကြေညာနိုင်ဘူး"

"ရတယ်လေ ... ဘယ်အဆင့်ထိဖြစ်ချင်တာလဲ"

"ဘယ်အဆင့်ထိဖြစ်နိုင်ချေရှိလဲ"

"ကိုယ်ကျင့်တရားကိုတော့ မပစ်မှားနဲ့၊ ဆတ်ဆတ်ထိမခံဘူး"

"သူငယ်ချင်းပေါ့ ဘော်ဒါကတ္တာပေါ့၊ တရင်းတနှီး ပြောမနာဆိုမနာ"

"လွယ်ပါ့မလားပဲ၊ သူတို့က ယောကျ်ားမုန်းဝါဒီတွေ"

"တမင်လိုက်ဂလဲ့စားချေတာမျိုးရှိလား"

"အဲဒီလိုတော့မရှိဘူး"

"ခင်ကို မခင်နိုင်ဘူးပေါ့"

"ဟုတ်တယ် ... ယောကျ်ားဆိုရင် ကိုယ့်အဖေတောင် ကိုယ်မခင်ဘူးဆိုတဲ့ ပုဂ္ဂိုလ်မတွေ"



"ဒါဆို ... ဘယ်လိုနည်းရှိလဲ"

"နေစမ်းပါအုံး ... ခင်ရုံခင်ဖို့များ တလောကလုံးမှာ ခင်စရာမိန်းမတွေပြည့်လို့"

"သူ့ကိုမှခင်ချင်တာ"

"ကြိုက်ရင်လဲ ပေါ်တင်ဝန်ခံလေ"

"မဟုတ်ဘူး ... ငါးယောက်လုံးနဲ့ခင်ချင်တာ"

"လောဘ"

"မဟုတ်ဘူး ... ခင်ချင်တာပဲ၊ စကားပြောကြည့်မယ်၊ တရင်းတနှီးနေမယ်၊ ဖြစ်နိုင်ရင် သွေးသောက်ညီအစ်မငါးယောက်ထဲမှာ မောင်တစ်ယောက်၊ ဒါမှမဟုတ် အစ်ကိုတစ်ယောက်၊ စုစုပေါင်း မောင်နှမခြောက်ယောက်ဖြစ်ချင်တယ်"

"အဲဒါ ဘာရောဂါလဲ"

"မပြောတတ်ဘူး"

"မြန်မာပြည်မှာ တနင်္သာရီဘက်မှာဆိုလား၊ စိန်ကြောတွေ့သလိုလိုကြားမိလိုက်သလား"

"မကြားမိလိုက်ဘူး"

"နောက်တစ်ခါထပ်တွေ့ရင် မလွယ်ကြောကြီးဖြစ်မယ်ပြောမလို့။ သူများတွေသာ စိန်ကြောတွေ၊ [illegible] ဖရုန်းကြောတွေ၊ ရွှေကြောတွေတွေ့မယ်၊ မင်းကတော့ မလွယ်ကြောကိုမှ ဖင်ခုထိုင်ချင်နေတော့ ခက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ခက်ရတာလောက် ပျော်စရာကောင်းတာ ရှိဦးမလား"

"အေးပါ ... အေးပါ၊ သက်နှင်းကြင်ကိုရော တွေ့ဘူးပြီလား"

"ဘယ်တွေ့ဘူးဦးမှာလဲ၊ သူကရော ဘာလုပ်လဲ"

"စူပါမားကတ်တစ်ခုမှာ ကောင်တာမန်နေဂျာလုပ်နေတယ်၊ အရင်တုန်းကတော့ ကုမ္ပဏီမှာလုပ်ခဲ့တယ်တဲ့။ သူ့စူပါမားကတ်ကိုသွား၊ ဈေးဝယ်ရင်းပြဿနာဖြစ်ရင်တော့ ဖြေရှင်းပေးဖို့ ကောင်တာမန်နေဂျာမမ အပြင်ထွက်လာလိမ့်မယ်။ မဟုတ်ရင်တော့ ... ရုံးခန်းထဲမှာပဲ၊ နေပါဦး ... မင်း၊ သူတို့ဆီဖုန်းဆက်တာ ဘယ်နာမည်နဲ့လဲ"

"နေရဲ"

လှဝင်းက အော်ရယ်ပေးလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဒါရယ်စရာလား၊ ဘယ်လောက် ကဗျာဆန်လဲ"

"မှတ်ထား ... အခုကဗျာဆန်တဲ့နာမည်တွေ ကဗျာမဆန်တော့ဘူး။ ရွှေဘလိုနာမည်မျိုးကမှ ပြန်ပြီးကဗျာဆန်တဲ့ခေတ်"

"ဒါဖြင့် ... ငါ့နာမည်ဘာလဲ"

"မင်းနာမည်ရင်းပေါ့"



"မနိုပ်ဘူးကွ ... ဗေဒင်ဆရာနှိပ်စက်ထားလို့၊ တင်ညွှန့်တဲ့"

"ဟား ... ဟား ... တို့အဖေနဲ့အမေတို့မှ မိရိုးဖလာ ဘိုးဘေးတုန်းက နာမည်ကြီးမင်းသားနာမည်ပဲကွ မဆိုးပါဘူး၊ ရွှေဘတို့နဲ့လဲ တစ်ခေတ်ထဲပါပဲ"

"ကောင်းလို့လား၊ ဒီနာမည်"

လှဝင်းက တဟားဟားရယ်လွှန်းသည်မို့ တင်ညွှန့်စိတ်ညစ်စိတ်ပျက်လာရတော့သည်။ မကောင်းလို့ပဲ ...ပေါ့။ စင်စစ် ... မြန်မာနာမည်တွေဟာ တင်ညွှန့် ...နှိုးခဲ့ရပါ။ တင်ညွှန့်ဆိုသောနာမည်က အမျိုးသား ...တင်ကတ်ပြားထဲမှာပဲရှိသည်။ ဆယ့်နှစ်နှစ်ပြည့်စဉ်က ...ပြည်ကိုပြန်လာပြီး မြန်မာနိုင်ငံသားဖြစ်ကြောင်းကတ် ...ပြန်လုပ်တုန်းက၊ ရန်ကုန်မှာ ဗေဒင်ဆရာမေးပြီး ... ဟု မေမေက မှာလိုက်သည်နှင့် နီးစပ်ရာဗေဒင် ...မေးပြီး မှည့်ပေးလိုက်တာ တင်ညွှန့်။ နိုင်ငံသားစိစစ် ...ပြားတွေလုပ်တော့ တင်ညွှန့်က ဆယ့်ရှစ်နှစ်မပြည့် ...။ ပြန်မာပြည်ကို တစ်ခေါက်ပြန်မလာဖြစ်ခဲ့သည်မို့ ခု ...နိုင်ငံသားစိစစ်ရေးကတ်ပြားကို လုပ်ရမည်။ အဲသည် ... နာမည်လှလှတစ်ခုတော့ မှည့်လိုက်နိုင်ခွင့်ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝိုင်းမှာ စကားအနည်းဆုံးက ကြေ ဖြစ်နေ၏။ မေကြော့သက်ထားဝေမှာ ... မနှင်းကြော့ က သတ္တိကောင်းကြသည်။ သက်နှင့်ဝေက မနှင်းကြေ လောက် သတ္တိမကောင်းပေမယ့် စိတ်ဓာတ်အားဖြင့် နိုင် ကြ၏။ မနှင်းကြော့တို့ထက် နည်းနည်းဝါးပါးပို၍နူးည ပျော့ပျောင်းသည်။ ထက်မြက်မှုမှာ မနှင်းကြော့တို့ထက် လျှေ ၏။ အားလုံးထဲမှာ "ဗန္ဓုလမြေး" ဟု စံတင်ထားရသူ "ထား" ဖြစ်သည်။ ကြောက်စိတ်ရှုံ့စိတ် အမြဲရှိ၏။ သည်း ခံခွင့်လွှတ်နိုင်စိတ် သူများထက်ပိုပေမယ့် သတ္တိအရာမှာ တင်လောက်အောင် လျော့ပါး၏။ မည်သူ့ကိုမဆို အလျှေ ပေးဖို့ အဆင်သင့်ဖြစ်နေကာ၊ အချင်းချင်းနောက်ရင်းပြော ရင်း လေသံမာလာလျှင်တောင် ဘယ်သူနှင့်ဘယ်သူပဲဖြစ်ကြ ဖြစ်ကြ၊ သူက အရင်ဆုံးမျက်ရည်ဝဲနှင့်သူဖြစ်သည်။

"သွေးသောက်ညီအစ်မတွေ ရန်မဖြစ်ကြေး" ဆိုသောခံယူချက်ကို ခိုင်မြဲစေဖို့အတွက် မှတ်ကျောက်မှာ "ထား" ပဲဖြစ်၏။ ထားကိုသာကြည့်လိုက်ပါ။ ထားမျက်မှာ ပျက်နေပြီ၊ ထားမျက်ရည်ဝဲနေပြီဆိုလျှင် လောလောဆယ် ရောက်ရှိနေသောခြေအနေမှာ တင်းမာမှုတွေ စတင်နေပြီဟု ယူဆနိုင်၏။

"ဟော့ ... ဟော့ ... ထားငိုတော့မယ်၊ မျက်ရည် ဝဲနေပြီ"



ဟု တစ်ယောက်ယောက်က ထအော်လိုက်လျှင် ညီအစ်မချင်းချင်းထဲမှာ တင်းမာမှုတွေ စတင်ဖြစ်ထွန်း ကိုယ်စီကိုယ်င လျှော့ချကြရတော့မည်ဆိုတာ အားလုံး သဘောပေါက်လိုက်ကြသည်။

"ဘွာတေးကွာ ... နည်းနည်းများသွားတယ်"

"ဆောရီးဟော့ ... ဆေ-ရီး ... ဆောရီးပါနော်ကွယ်"

ပြောင်သလိုနောက်သလိုနှင့် လျှော့ချသူကချ။

"ကျွန်တော်တော့မှားပြီ ... မှားပါပေါ့ ... တလီ"

ဟု သီချင်းထံဆိုသူဆို ကြော့ဆိုလျှင်တော့ နေဝင်း၏ "ခွင့်လွှတ်နော်" သီချင်းတစ်ပုဒ်လုံးကို လုံးကိုဆိုပစ်လိုက်တတ်၏။ ဤနည်းအားဖြင့် တင်း တွေ လျော့ပါးကြရသည်။ သူတို့အားလုံးထဲမှာ စကား သူကတော့ တစ်ယောက်မျှ မပါဝင်ချေ။ အားလုံးသည် ပြောခွင့်ရဖို့ကို စောင်းစောင့်နေကြရသည်ချည်းဖြစ်၏။ တစ်ရံမှာ ပြောချင်လွန်းအားကြီး၍၊ တစ်ယောက်ပြော ။ တခြားလူဝင်လုပြောသွားမှာစိုးစိတ်နှင့်၊ "သူပြီးရင် ပြောမယ်" ... ဆိုတာမျိုးနှင့် လက်ညှိုးတစ်ချောင်းထောင် ပြောခွင့်ကို "ဦး"ထားရတာမျိုးလည်းရှိ၏။ နောက် ပြောချင်သူက လက်ညှိုးနှင့် လက်ခလယ်၊ နှစ်ချောင်း ထောင်ပြကာ ဒုတိယနေရာမှာ "ဦး" ရ၏။ တတိယနေ ပြီးမည့်သူတော့မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေလို့လဲ အံပိုပဲ၊ ကိုယ်ရှေ့မှာပြောမည့်နှ ယောက်က တော်တော်နှင့် စကားဖြတ်မှာမဟုတ်သလို ဝ ဝင်ထောက်နေကြမှာတွေကလဲ ရှိသေးတာမို့၊ တတိယ မားသည် ဒီနေ့အဖို့ အလှည့်စောင့်ခွင့် ဘယ်တော့မျှမကြ တော့မှာကိုသိသည်။ ဒီတော့ ပထမနှင့်ဒုတိယတို့ပြောတဲ့ စကားထောက်သလိုလိုနှင့်ဝင်ပါကာ၊ ကိုယ့်ဘက်ကိုယ်ဆွဲ ကိုယ်လိုရာပြောသွားမှသာ စကားပြောခွင့်ရတော့သည်။

"ကြော့ ... ဒီနေ့စကားနည်းသလားလို့"

အရင်ဆုံးစတင်အကဲခပ်မိသူက မေပါ။ မေ အားလုံးထဲမှာ ခေါင်းဆောင်လိုလည်းဖြစ်နေသည်။ အိမ်ကို မေ့အိမ်။ မေ့အိမ်မှာနေသည့်အတွက် အိမ်နေခကိုပေးစရာ လိုပါ။ ဒေါ်လေးလှထံမှာ ထမင်းစားရိတ်ထဲ့စားရုံပဲဖြစ်သည်။ ဒေါ်လေးလှနှင့်ပေါက်စတို့အတွက် လခတွေလည်း မေပဲ တာဖြစ်ပေမယ့် အားလုံးက ခိုင်းစေလို့ရ၏။ ဒေါ်လေးလှ ပေါက်စတို့က အားလုံး၏အလုပ်တွေကို လုပ်ပေးသည် ကြော့၊ သက်၊ ထားနှင့်ဝေတို့ အဆောင်နေရတာနှင့်စာလျှ အများကြီးပို၍ ကောင်းကောင်းနေ ကောင်းကောင်းစား သည်။ ဝေယျာဝစ္စနှင့် ကုန်ကျစရိတ် အများကြီးပိုသက်သ သည်။ အဲသည်အတွက် ကြော့၊ သက်၊ ထားနှင့်ဝေတို့ အားလျှင် အားသလို အိမ်တွင်းအိမ်ပြင် လုပသန့်ရှင်းရေ ကို တာဝန်ယူပေး၏။ ညှိခန်းနှင့်တကွ တစ်အိမ်လုံး





ကြဲ့နေအောင် အလှဆင်ကြသည်။ မိန်းမငါးယောက်အား နှင့် ပြင်ဆင်ထားသော မေတို့ညှိခန်းလေးက တကယ် လှည်းလှပါပေသည်။

"စကားနည်းတယ်ဆိုတာ အများကြီးပြောဖို့အတွက် စကားတွေစုဆောင်းနေတာပေါ့၊ ကြော့ .... ဒီည ရင်ဖွင့်လိမ့်မယ်ထင်တယ်"

မေက သူ့မွေးနေ့မှာ "မွေးနေ့လက်ဆောင်" ဟုဆိုကာ သူ့အကြောင်းတွေ ပြောပြခဲ့ပြီးသည့်နောက်မှာ ကြော့၊ သက်၊ ထားနှင့်ဝေတို့ကလည်း ကိုယ်စီပြောပြကြ ဖိတ်ကူးရကြ၏။ သူတို့ဟာ ငါးယောက်ပေါင်းမှ တစ် ယောက်ဖြစ်သည်ထိ ခံယူထားကြပြီးမို့ တစ်ယောက်အကြောင်း ကျန်လူတွေဆီမှာ လျှို့ဝှက်ချက်ဖြစ်နေဖို့ မရှိဘူးလေ။

သက်စကားကို ကြော့က ပြုံး၍ ခေါင်းညိတ် ၏။

ပြုံးပင်ပြုံးငြား၊ မချိပြုံးဟုခေါ်ရမလားမသိ။ ကြော့မျက်နှာလေးညှိုးနေ၏။ ဒီနေ့က ကြော့တို့ဆိုင်မှာ ကြော့ အလှည့်အလှည့်မဟုတ်သောကြောင့် ကြော့ သီချင်းဆိုဖို့ မသွားရပါ။ အိမ်မှာအမြဲရှိသူက မေ။ ဝေကလည်း အလုပ် မရှိသူဖြစ်၏။ ကြော်ငြာမိုဒယ်ပေးမယ့် လက်မလယ်အောင် မပေးနေရသည်ထိ၊ အောင်မြင်သေးတာမဟုတ်ပါ။ တစ် လကိုနှစ်ရက်သုံးရက် ထွက်အလုပ်လုပ်ရသည်။ တီဗီ



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာအပြင် ဝေက ပြက္ခဒိန်တို့ ကုန်ပစ္စည်းကြော်ငြာ ပိုစတာတို့လည်းရိုက်သည်မို့ မကြာခဏဆိုသလိုတော့ အလုပ်ရှိတတ်ပါ၏။ သူ့အလုပ်က တစ်ခါလုပ်လျှင်လည်း မျိုးမျိုးမျက်မျက်ကလေးရတတ်တာမို့ နေ့တိုင်းအလုပ်မရှိလည်း ဝေ့အတွက် အသုံးစရိတ်လောက်ငှပါ၏။ အဲသည်တော့ ဒုတိယအိမ်အမြဲဆုံးလူက ဝေ။ တတိယအိမ်မြဲသူက ကြော့ဟုဆိုရမည်။ ခုနစ်ရက်တစ်ပတ်မှာ ကြော့က လေးရက်သီချင်းဆိုရ၏။ ကျန်သုံးရက်ကို တခြားစားသောက်ဆိုင်မှာ သွားဆိုလျှင်ဖြစ်နိုင်ပေမယ့် ကြော့နား၏။ ကြော့ဆိုနေသည့်ဆိုင်မှာ ကြော့အတွက် လုံခြုံသည်။ အရက်အန္တရာယ်ကင်းသည်။ သီချင်းဆိုသည့်မိန်းကလေးများ ဝတ်တာစားတာကိုဘာမျှမပြောပေမယ့်၊ သီချင်းဆိုပြီးသည့်နောက်ပိုင်းမှာ အနေအထိုင်မတတ်လျှင် ဆိုင်ရှင်ကိုယ်တိုင်က အလုပ်ဖြုတ်၏။ အဲဒါကြောင့် အရက်အန္တရာယ် လုံခြုံပါသည်။ တချို့ဆိုင်ဆိုလျှင် သီချင်းဆိုသောမိန်းကလေးတွေ စကတ်ရှည်လျှင်တောင် ဆိုင်ရှင်က ဆူသည်တဲ့။

အမြဲ အိမ်မှထွက်နေရသူနှစ်ဦးက သက်နှင့်ထားတို့ပါပဲ။ သက်ရောထားပါ တနင်္ဂနွေတစ်ရက်ပဲ အားခွင့်ရသည်။ တနင်္ဂနွေသည်သာ နေ့ခင်းဘက် အိမ်မှာ လူစုံသောနေ့တစ်နေ့ဖြစ်သည်မို့ ကြော့က သူ့အားရက်ကို တနင်္ဂနွေထည့်ယူထားလိုက်၏။ သည်နေ့ ... ကြော့သီချင်းဆိုရ





နေ့မဟုတ်ပေမယ့်၊ သက်နှင့်ထားတို့ အလုပ်သွားကြရ ။ ဝေက ဒီနေ့ ... ပြည်တွင်းဖြစ်စနိုးကရင်မ်ကြော် စ်ခု၊ မဂ္ဂဇင်းကြော်ငြာထည့်ဖို့ ဓာတ်ပုံရိုက်သွားရ၏။ မှာ မေနှင့်ကြော့ နှစ်ယောက်ထဲကျန်ပေမယ့် နေ့ခင်း ... ကိုယ်အခန်းထဲကိုယ်နေဖြစ်ကြတာများသည်။ ည ဆုံဖြစ်၏။ ဒီညစာ ... ကြော့အစားနည်းသည်။

"ကြော့ ... ဗိုက်ထဲမှာ စကားတွေနဲ့ပြည့်နေလို့ ထမင်းဖြည့်ဖို့ နေရာမရှိဘူးလား"

ထားက ကြော့ပခုံးကို လှုပ်လိုက်၏။

"မနေ့ည ... ပြန်လာကထဲက ပြောချင်နေတဲ့စကားတွေကို နာရီနှစ်ဆယ်လောက် အောင့်ထားရတာ ... တားရဲ့"

ကြော့က အရေးမပါသလိုပုံစံနှင့် ခေါင်းလေး လိုက်သည်။

"ကြော့ပြန်ရောက်တာ မိုးချုပ်တော့ စကားပြောရမယ့်အချိန်လဲမဟုတ်ဘူး၊ ဒီနေ့မနက်ကျတော့လဲ လူမစုံ ။ ဝေ ... ဒီနေ့ တော်တော်ပင်ပန်းလား"

ဝေက ဒီနေ့ ဓာတ်ပုံထွက်ရိုက်ရတာမို့ ခေါင်း လိုက်သည်။ ဓာတ်ပုံရိုက်တာ တိဗီရိုက်တာ၊ ပြည့် လေးရယ်။ ရိုက်ရတာ မသက်သာ။ ရိုက်ပေး ။ အရိုက်ခံရတဲ့သူရော၊ နေပူမိုးရွာ လေတိုက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ. ဘယ်လောက်ပင်ပန်းတယ်ဆိုတာ ကိုယ်တိုင်ကြုံဘူးမှ သိကြရပါသည်။

"ပင်တော့ပင်ပန်းတယ်၊ ဒါပေမယ့် ... ပေါက်စပါ လို့တော်သေးတယ်"

ဝေမှာ အဖော်မရှိသည်မို့ မေက ပေါက်စကို ထည့်ပေး၏။ ပေါက်စကလည်း ဒါမျိုးလိုက်ရလျှင် သိပ် ပျော်သည်။ ဒေါ်လေးလှကတောင် နောက်တစ်ခါ ငါ့အလှည့် ငါလိုက်မယ် ... ဟု ပြောနေသေးသည်။ ဘေးကကြည့် ရတဲ့လူအဖို့ရာမှာတော့ ပျော်စရာကြီးလိုလိုပါ။

"ပေါက်စက ... ဝိုင်းလုပ်ပေးဖော် ... တော်တော် ရပါတယ်"

မိုဒယ်တွေမှာ လက်တိုလက်တောင်းက ဖ ကယ့်ကိုလိုအပ်တာ၊ လက်တိုလက်တောင်းမပါသော မိုဒယ် တစ်ယောက်လောက် ဒုက္ခရောက်တာ မရှိတော့ပါ။

"ထားကလဲ မိတ်ကပ်ဆရာမအဖြစ်နဲ့ လိုက်ခဲ့ချင်ပါ တယ်၊ ဆန်းဒေးနဲ့မကြုံလို့"

ထားက နာမည်ကြီးအလှပြင်ဆိုင်တစ်ခုမှာ အ လှပြင်ဆရာမ၊ မိတ်ကပ်လိမ်း၊ ဆံထုံးထုံး အားလုံးရသည်။ ဆံပင်ညှပ်ခြင်း၊ ကောက်ခြင်းတွေလုပ်ပေးရသည်ထက် ပို အဆင်မြင့်သော ပွဲထိုင်ဆရာမဖြစ်နေခဲ့ပြီ။

"ဝေက ... ပထမဆုံး တီဗီကြော်ငြာရိုက်တုန်းက

ကျဖော်လောင်ဘက်မပါဘဲ တစ်ယောက်ထဲ အားကိုး ရာမဲ့ပြီး ငိုခဲ့ရသေးတယ်"

"ယုံပါတယ် ဝေတော့"

ဒေါ်လေးလှက ထမင်းစားပွဲကို လာသိမ်းချိန် မှာ ညရှစ်နာရီထိုးပြီ။ ဒီနေ့က မိုးမရွာပါ။ အုံ့ပဲအုံ့နေ၏။ ရွာတော့မည်လိုလို၊ ရွာတော့မည်လိုလိုနှင့် လေတွေကျတော့ တိုက်နေ၏။ လဆုတ်ရက်မို့ လကွေးသေးသေးလေးတောင် မိုးညိုညစ်တွေကြားထဲ ပုန်းပြီဆိုတော့၊ ကြယ်ပွင့်လေးတွေ ပါ ဘယ်မှာကျန်ရစ်ခဲ့ပါမလဲ။ ထွက်ပြေးနေကြသည်။ မိုး ကောင်းကင်က မှောင်နင့်မဲမဲ။ လမ်းမီးတိုင်များကြောင့်သာ အလင်းရောင်ရပြီး၊ မှောင်မိုက်ခြင်းက သဘာဝနာရီထက် ပိုနေ၏။ ညဆယ်နာရီလောက်လားထင်ရသည်။

ဒေါ်လေးလှထွက်သွားတာနှင့် မေက မီးဖို ချောင်နှင့် ထမင်းစားခန်းဆောင်ကူးတံခါးကို ချက်ထိုးပိတ် လိုက်၏။ ပထမဆုံး ... မေက သူ့အကြောင်းလေးတွေပြော ပြလည်းမှာ မီးပြတ်နေသည်။ မိုးရွာနေသည်။ ခု ... မိုး မရွာပါ။ မီးလည်းလာ၏။ သို့ပေမယ့် ... မေ့မျက်နှာလေး ညိုနေသည်။ သူပြောပြခဲ့သည့် ပထမညကို ပြန်လည်လွမ်း ဆွတ်ပုံရ၏။ အားလုံး ဧည့်ခန်းထဲမှာထိုင်ဖြစ်၏။ ဆိုဖာ ခုံတွေကို တိုင်ပင်ခြင်းမရှိဘဲ စွန့်လွှတ်ကြသည်။ ကြမ်း ပြင်ကော်ဇောမီးခိုးရောင်လေးပေါ်မှာပဲ ပြုပြုလဲလဲထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထားက နေရာမှထသွားသည်။ ဝါဆိုဖယောင်းတိုင်တွေကိုင်၍ ပြန်ရောက်လာ၏။ မေကာ မီးတွေပိတ်ချလိုက်တော့သည်။

အခန်းက ညိုမှောင်မှောင်။ ဝါကျန်ကျန့်အရောင်လေး ခပ်မှိန်မှိန်။ အားလုံးကိုယ်စီ ကိုယ့်ဘဝလေးတွေ ပြန်တွေးနေမိကြမှာပါ။ ပြန်တွေးတိုင်းလည်း နာကျင်ကြေကွဲရသည်။ စင်စစ် ... မေကြော့သက်ထားဝေ ... ဆိုတာ ရယ်ကာမောကာနှင့် ပျော်ရွှင်နေကြသည့် ညီအစ်မငါးယောက်ဆိုပေမယ့် မျက်ရည်စက်လက်ကျခဲ့ရသည့် အရိပ်ညိုလေးကိုယ်စီနှင့်ဖြစ်၏။ မေ့ထားသည့်ကြားမှ လွှမ်းရသည့် အဖြစ်ကလေးတွေက ရုံဖန်ရံခါဆိုသလို ကိုယ်ထင်ပြကြသည်။ နာကျင်ကြရသည်၊ ကြေကွဲကြရသည်။ စိတ်တော်ခိုင်မာကြလှပါသည်ဆိုသော မေနှင့်ကြော့တို့တောင် မျက်ရည်ဝဲရသည်ဆိုတော့၊ သက်၊ ဝေနှင့်ထားတို့ဆိုလျှင် ကိုယ့်အရိပ်ညိုလေးတွေ ကိုယ်ပြန်တွေးတိုင်း မျက်ရည်စက်လက်ကျမြဲဖြစ်ရလေတော့သည်။

"မနေ့ညက ... ကြော့ သီချင်းဆိုနေတုန်း၊ လူတစ်ယောက် ပန်းကုံးလာစွပ်တယ်"

ဝါကျင်ကျင် မီးရောင်လေးက မှိန်လွန်း၏၊ မေက တိုင်ပိုတွေကို လျှောက်မှုတ်ကာ တစ်တိုင်ထဲပဲချန်ထားသည်မို့ အလင်းရောင်က ပိုမှိန်သွားသည်။ သူတို့အားလုံး ကြမ်းခင်းကော်ဇောမှာထိုင်သော်ငြား၊ ဆိုဖာဆက်တီတွေကို



မှီလိုက်ကြ၏။ ပျော့ခွေနွမ်းဖတ်ခြင်းက ကြေကွဲခြင်းနှင့်နာကျင်နာကြည်းခြင်းကို ပြ၏။ မေ့တုန်းကလို စားစရာတစ်မျိုးမျှမပါရှိကြ။ အဝေးသို့ငေးရင်း ကြော့အသံကို နားစွင့်ရင်း ကိုယ့်ရင်နာရိပ်ကိုလည်း ပြန်လည်ဆန်းသစ်ရင်း။

"ကြော့ ... ဘဝထဲက လုံးဝပျောက်ပစ်ခဲ့တဲ့သူ၊ အတွေးထဲမှာ အကြိမ်ကြိမ် ဓားနဲ့ချည်း ထိုးထိုးသတ်ခဲ့တဲ့သူ။ သူ့ကို ကြော့ရဲ့အတွေးထဲမှာဆိုရင်၊ ရင်ဝတည့်တည့်ကို ဓားနဲ့စိုက်၊ ဗိုက်ကြီးတစ်လျှောက်ခွဲချ၊ အူတွေ အဆုပ်တွေပေါ်လာတဲ့အခါမှာ ထိုးမွှေ "အတွေးထဲမှာမို့ ရာဇဝတ်မှုမမြောက်တိုင်း အရက်စက်ဆုံးလူသတ်မှုကို ကျူးလွန်ခဲ့တဲ့အကြိမ်အရေအတွက်ဟာ ကြော့သက်စေ့တောင်မကတော့ဘူး ...

"သူဘာဖြစ်နေလဲ ကြော့မသိဘူး။ သူ့အကြောင်း ကြော့ လုံးဝမစုံစမ်းသလို၊ လာပြောမယ့်သူရှိရင်လဲ နားမထောင်ဘူး ...

"ကြော့လေ ... သောင်ပြင်လွတ်တဲ့ခွေးတစ်ကောင်လိုပြေးပေါက်မှားအောင်၊ သူလုပ်ခဲ့တာ၊ အစ်မအိမ်ပေါ်လဲ ပြန်တက်လို့မရ၊ အဆောင်တစ်ခုမှာ ရှိစုမဲ့စုလေးနဲ့ ခဏနေနေရတယ် ...

"ရက်စဝေဘာရင့်မှာ သီချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ အရှက်နဲ့သိက္ခာကိုထိန်းပြီး သိမာအာစိ



www.burmeseclassic.com

www.burmeseclassic.com



ဝလုပ်စားနေပါတယ်ဆိုတာကို အသိအမှတ်ပြုပေးတဲ့ သူ နည်းပါတယ် ...

"ကြော့ကို အယောင်သေးပြီး အဆောင်သူအချင်းချင်း က ဆေးဖော်ကြောဘက်မလုပ်ဘူး။ ကြော့နဲ့ပေါင်း ရင်ပဲ သူတို့မှာ မသတီစရာအဖတ်ကြီးတစ်ဖတ် ကပ် ကျန်ရစ်ခဲ့မှာလို၊ ရွံ့ရွံ့ရှာရှာ ခွာကြတယ်ကွယ် ...

"ဟော်ရှုံသတ္တိနဲ့ဆိုရင် ကြော့ဘဝမျှောပါတယ်။ လူ မလေးခွေးမခန့်ပေါ့နော် ... ကြော့ပြောချင်တယ်၊ ကြော့ဟာ အသံကို ရောင်းစားရတဲ့သီချင်းသည်ပါ။ ဒီလိုပဲ ခံယူပါတယ်၊ ကြော့အသက်မွေးဝမ်းကြောင်း အတွက် ...

"ဒါပဲလုပ်တတ်လို့၊ တခြားလဲ ဘာမှမလုပ်တတ်လို့ သမာအာဇီဝလဲဖြစ်၊ ဘယ်သူ့ပစ္စည်းမှလဲမခိုး ငါးပါး သီလနဲ့လဲ မစွန်းငြိ ...

"ဒါပေမယ့် ... ကြော့ရဲ့အသက်မွေးဝမ်းကြောင်းက လူအထင်သေးခံရတယ်။ တကယ်တော့ ငါးခုံးမကာစ် ကောင်ကြောင့် တစ်လှေလုံးပုတ်ရတဲ့အဖြစ်ဟာ ကြော့ တို့ လောကတစ်ခုထဲမှာ မဟုတ်ပါဘူး ...

"လောကတိုင်းမှာ ရှိနေတာပါပဲ။ ကိုယ်ကျင့်တရား ပျက်ပျားတဲ့သူနဲ့ ထိန်းသိမ်းတဲ့သူတွေဟာ၊ လောက တိုင်းမှာ အသက်မွေးဝမ်းကျောင်းတိုင်းမှာ ရောပြွမ်း





နေကြတာပါပဲ ...

"ရေပုပ်မြောင်းထဲမျှောပါမသွားအောင် ကိုယ်စိတ်ကိုယ် ၄ထိန်းကြရင် ဒီလိုအထင်သေးခံရတာမျိုး ဘယ်ရှိ မလဲနော်။ မေ့ကို ကျေးဇူးတင်ပါတယ်မေရယ် ...

"မေ့ဆီမှာ ညီအစ်မငါးယောက်ဖြစ်ခွင့်ရတဲ့အချိန်က စပြီး ကြော့သိက္ခာပိုင်းကို ပိုထိန်းပါတယ်။ ကြော့ သီချင်းဆိုတဲ့အတွက် မေကရော အထင်သေးလား ဟင်"

မေက ခေါင်းခါလိုက်သည်။

"ကြော့ပြောသလို အသံရောင်းတယ်ပဲထားပါ၊ စိန် ရောင်းပြီး လည်ပင်းဟိုက်တဲ့သူ၊ ဘာမှမရောင်းဘဲ ထိုင်စားရင်း ဗိုက်ပေါ်တဲ့သူတွေနဲ့စာရင် ကြော့ဟာ အများကြီး ပိုပြီး တန်ဖိုးရှိပါတယ်"

"ကြော့တို့လို အန္တရာယ်ကြားမှာ လှုပ်ရှားရတဲ့မိန်းမ သားတွေက ပိုပြီးထိန်းသိမ်းပြရမယ်၊ အန္တရာယ်တွေ ပီးလျှံတွေ ဆူးတွေကြားမှာ၊ ပန်းပန်လျက်ပဲ ... ဆိုတာမျိုးဖြစ်ရမယ်"

အားလုံးက ကြော့ကို ကိုယ်ချင်းစာနိုင်ကြ ပြီ။ ဝေက ပိုဍ်တောင် စာနိုင်သေးသည်။ သူလည်း တောင်ရသူမို့၊ တစ်ခါတစ်ရံ၊ ကြော်ငြာတချို့ အ နှင့်တွဲရတာပါလာတတ်၏။ နည်းတော့နည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ... အဲဒီအမျိုးသားက တန်ဖိုးမထား၊ မလေးစားတဲ့ နှုတ်စည်းမစောင့် လက်စည်းမစောင့်တွေပါလာချင်၏။ ကင်မရာအဖွဲ့ဆိုတာကလည်း ရိုးရိုးကင်မရာအဖွဲ့ပဲဖြစ်ဖြစ် ဗီဒီယိုကင်မရာအဖွဲ့ပဲဖြစ်ဖြစ်၊ ယောကျ်ားထုကြီးတစ်ရပ်ဖြစ်နေတတ်သည်။ ယောကျ်ားထုကြီးက သရုပ်ဆောင်မိုဒယ်မလေးကို မလေးစားလို့ပဲဖြစ်ဖြစ်၊ လေးစားသည်ပဲထား ... သူတို့က အုပ်စုကြီးမို့ ပြောနေကျဆိုနေကျ၊ သုံးနှုန်းနေကျ အဆဲအဆိုအတိုင်းအထွာကလေးတွေပါလာလျှင် မိုဒယ်မလေးအနေရခက်လှပါ၏။

"မနေ့ညက ပန်းကုံးလာစွပ်တဲ့သူက ... ဆန်းဆန်းတဲ့။ သူ့မိဘများ၊ သူ့ကို ချစ်လွန်းလို့ဆန်း၊ ဆန်းနဲ့တစ်ဆန်းထဲဆန်းရာက အတည်ဖြစ်သွားတဲ့နာမည်တဲ့၊ ဆန်းဆန်းတဲ့။ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ယောက်လို့ပဲ လွယ်လွယ်ပြောပါတော့ ...

"ကြေးသိပ်မခေါ်တတ်ဘူး၊ သူတို့ ... ကွန်ဆထရပ်ရှင်ကုမ္ပဏီကြီးတစ်ခုပိုင်တယ်တဲ့။ ကြေးနဲ့ကျတော့ဘဝချင်းက မိုးနဲ့မြေပါ ...

"ကြေး ... သူ့ကို မေ့ထားတာကြာခဲ့ပြီ"



အခန်း (၄)

ကြေးဘဝမှာ ရည်မှန်းချက်ဆိုလို့ တစ်ခုပဲရှိသည်။ ဝါသနာဆိုလို့လဲ တစ်ခုပဲရှိသည်။

ကြေး ... အဆိုတော်ဖြစ်ချင်သည်။ ကြေးသီချင်းဆိုရတာ ဝါသနာပါသည်။ ကြေးစကားကို ပီပီပြင်ပြင်ပြောတတ်ကာစမှစ၍ သီချင်းဆိုခဲ့၏။

"တို့ဖာတိုချစ်ရာ၊ ဘာချစ်ရဲ ... ဘာချစ်ရဲ"

စတီရီယိုခေတ်ဦးကို ကြေးက စကားပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



ကာစနှင့်ကြုံကြိုက်၏။ ကြော့ ဆယ်နှစ်သမီးမှာ စင်ပေါ်တက်၍ ဆိုရုံနေပြီ။ ကြော့တို့နေသောရပ်ကွက်က မြန်မာရပ်ကွက် စစ်စစ်ကလေး။ ပန်းနာမည်တွေနှင့်မှည့်ထားသော ချစ်ဖွယ် ရပ်ကွက်လေးမှာ ချစ်မြတ်နိုးဖွယ် ယဉ်ကျေးမှုက တန်ဆောင် တိုင်ဆိုလျှင် ဆွမ်းကြီးလောင်းပွဲကို အကြီးအကျယ် ကျင်းပခြင်းပါပဲ။ ဒီလမ်းက ကြိုးကြိုးချိတ် ပိုးစစ်တွေ ဆင်တူဝတ် အပျိုမလေးတွေ လှုဖွယ်ပစ္စည်းတွေကိုင်၍ထွက်လျှင်၊ ဟိုလမ်းက စင်းမယ်ပိုးစစ်တွေ ဆင်တူဝတ်သည်။ နောက် တစ်လမ်းက အဲသည်ခေတ်က ရွှေတစ်ဆုပ်ဟုခေါ်သော ရွှေ ပွင့်ဖောင်းကြွ ဘရိုကိတ်လုံချည်တွေဝတ်သည်။ နောက်တစ် လမ်းက ငွေတစ်ဆုပ်ဟုခေါ်သော ငွေပွင့်ဖောင်းကြွ ဘရို ကိတ်လုံချည်တွေဝတ်သည်။ နောက်တစ်လမ်းက ဈေးအကြီး ဆုံး လူထဲသလောက် ဇာပေါက်တွေလည်း အများကြီးပါ သော ဆွစ်ဇာလန်ဇာဖောင်းကြွကြီးတွေကို အောက်မှ ဖဲ တစ်ထပ်ခံလျက် ဝမ်းဆက်ဝတ်ကြသည်။ လမ်းတိုင်းမှာရှိ သမျှ အပျိုချောတွေ၊ အစွမ်းကုန်ပြင်၊ ရတနာတွေအစွမ်း ကုန်ဝတ်၊ တူညီဝတ်စုံ အဖိုးတန်တွေဝတ်ပြီး၊ လှူဖွယ်ပစ္စည်း များကိုကိုင်လျက် လှည့်လည်ကာ ပြည်သူအများ ကြည်ညို သဒ္ဓါပွားစေသည့် ဆွမ်းကြီးလောင်းပွဲတော်ရှိသည်။ အဲသည် ပွဲတော်တွေမှာ တစ်လမ်းနှင့်တစ်လမ်း အပြိုင်၊ လမ်းပိတ်ပြီး စင်ထိုး၍ ဇာတ်ချိုးတွေလည်း ပြုလုပ်၏။





တီးဝိုင်းတွေက တီးကြ၊ အဆိုတော်တွေကဆို ကြ၊ လမ်းထဲမှ၊ ရပ်ကွက်ထဲမှ ဝါသနာပါသူအချို့လည်း စင်ပေါ်တက်ပြီး အစွမ်းပြကြ။ အဲသည်အချိန်မှာ ကြော့က ဆယ်နှစ်သမီးလေးနှင့် စင်ပေါ်သို့ရောက်ခဲ့သည်။

"ကိုကို ... ကျွန်မကို ချာတိတ်လို့မခေါ်နဲ့ ... ကို

ကိုနဲ့ကျွန်မ အရပ်ချင်းတိုင်းကြည့်မလား ... "

"ကြော့ရှင်းခင်" ... ဆိုသောကောင်မလေး ...ယသံကို ပရိသတ်ကြီးက လက်ခုပ်တီး၍ ဩဘာပေးခဲ့ ...ည်၊ အရွယ်ကလေးနှင့်မလိုက်၊ အမှားအယွင်းတော်တော် ...ကောင်းအောင်ဆိုနိုင်ခဲ့၏။ ကြော့ရှင်းခင် အဆိုတော်ဖြစ် ...လာသည်။ အဆိုတော်ပဲဆိုပါစို့။ သီချင်းဆိုဖြစ်သည်။ မြန် ...ဖြင့်သံကြားမှာ သူ ... သီချင်းကလေးတွေသွင်း၍ ...ပြင်သံကြားရိုက်ကူးသည်။ ကြော့ရှင်းခင် ... ဆိုသည့် ...ည်လေးကို မြန်မာပြည်ရှိ ဂီတချစ်တတ်သော ပရိသတ် ...သားလုံးထဲမှာ တစ်ဝက်နီးပါးကတော့ သိရှိမှတ်မိပြီ ...လေ။

"ဒု ... ဆက်လက်သီဆိုဖျော်ဖြေမည့် တေးသံရှင်

ကတော့ ကြော့ရှင်းခင် ... ဖြစ်ပါတယ်ခင်ဗျာ"

သီဆိုပြီးသွားသော အမျိုးသားအဆိုတော်က ...ထပ်သီဆိုမည့်အဆိုတော်၏အမည်ကို ကြေညာပေး ...ည်။ ဝိုင်းက နာမည်ကြီးဝိုင်း။ ပွဲက လက်ထပ်မင်္



www.burmeseclassic.com

www.burmeseclassic.com



လာပွဲ။ ကျင်းပသည့်နေရာက ပြည်သူ့ဥယျာဉ်မင်္ဂလာမြက်ခင်းပြင်။

"ဆန်း" က သူ့မှာ ဘာတာဝန်မှ ယူမထားရသည်မို့ တီးဝိုင်းဆီသို့သာ မော့ငေးကြည့်နေလိုက်သည်။ အစကထဲက ညနေဘယ်နှစ်နာရီထိုးလျှင် နေက ဘယ်နေရာသို့ကျရောက်ပုလောင်လာမည်၊ ဘယ်နေရာကတော့ ဘယ်အချိန်ပဲဖြစ်ဖြစ် နေရိပ်သည်။ တီးဝိုင်းနှင့်အနီးဆုံးနှင့် နားထောင်လို့အကောင်းဆုံးနေရာက ဘယ်နေရာဖြစ်သည်ဆိုတာ ဆန်းက ကြိုသိပြီးသား။ လွန်ခဲ့သောလထဲကပဲ၊ ပြည်သူ့ဥယျာဉ်မင်္ဂလာမြက်ခင်းပြင်ကို ဆန်းရောက်ခဲ့သည်။ ဆန်းလောက် မင်္ဂလာဆောင်အသွားများရသူမရှိပါ။ ဆန်းက အမေ့သား၊ အမေ့အဖော်၊ ဖေဖေနှင့်မေမေတို့ကို ဖိတ်ကြားသည့်မင်္ဂလာပွဲတွေမှာ ဖေဖေ တက်ရောက်နိုင်သည့်ပွဲက ရှားမှရှား၏။

ဖေဖေက ရာထူးလည်းကြီးသည်။ တာဝန်လည်း ကြီးသည်။ ဖေဖေ့ဌာနမှာ ဖေဖေက လူကြီးကြိုက်ဖြစ်သလို၊ လူငယ်တွေ လေးစားကြည်ညိုခြင်းလည်းခံရသည်၊ စနေ၊ တနင်္ဂနွေဆိုတာ ဖေဖေ နားလည်းဖို့ဝေးသော နေ့ရက်တွေဖြစ်နေ၏။ ဖေဖေ့အလုပ်က စနေလဲပေါ်၊ တနင်္ဂနွေလဲပေါ်၊ တစ်ခါတလေကျတော့ အလုပ်မရှိလျှင်တောင်၊ ရှားရှားပါးပါး နားရက်အဖြစ် ဖေဖေဂေါက်သီးရိုက်သွားချင်





သည်။ သည်တော့ ... တော်ရုံတန်ရုံ၊ မျက်နှာမပြဖြစ်၊ ...ရေးနှာရေးတိုင်းသည် မေမေတစ်ယောက်တည်းနှင့်ပြီးရ ...တော့၊ အမေ့သား "ဆန်း" သည် အမေနှင့် အမြဲအဖော်ပါရ၏။

"မင်္ဂလာဆောင်တစ်ခါသွားလို့သာ ငါးဒေါ်လာမုန့်ဖိုးရမယ်ဆိုရင်၊ ကျွန်တော် ... ကိုယ်ပိုင်ကားဝယ်စီးနိုင်ပြီမေမေ"

"အောင်မယ် ... ဘယ်သူကပေးမှာလဲ၊ မင်္ဂလာဆောင်တစ်ခါသွား၊ ငါးဒေါ်လာရယ်လို့၊ အဲဒီလိုသာရရင် မင်းအဖေတောင် အလုပ်ဖျက်ပြီး ပါလာမလားပဲ"

"ခင်ဗျားတို့သာ ဒေါ်လာမက်ကြ၊ ကျောင်းအစ်မကြီးရေ၊ ကျုပ်တော့ ကျုပ်အလုပ်နဲ့ကျုပ်မအားဘူး"

ဆန်းရောက်ဖူးသမျှမင်္ဂလာခမ်းမတွေဟာ သူ့...ဟ်သူ့ဟန်နဲ့ဖြင့် လုပခမ်းနားကြပါသည်။ ဆန်းမမီလိုက် ...ယမေတို့ခေတ်တုန်းကရှိသည့် ဂရင်းနှင့်စထရင်း (စထ ...တော့ ခုထိရှိဆဲ) မှာဆိုလျှင် စထရင်းက ပို၍နာ ...ကြီးသည်တဲ့။ နောက်တော့ ဂရင်းက ဖျက်သိမ်းသွား ...ည်။ အင်းယားလိပ်ပေါ်ပေါက်လာတော့ အင်းယားလိပ်...ယားလိပ်ဖြစ်ကြပြန်ပါလေရော။ နောက်တော့ ပြည်သူ့...ညို၊ ကန်တော်ကြီးဟိုတယ်၊ ပြီးတော့ ခုနောက်မှာ ယုဇ...ပင်း၊ မြရိပ်ညို၊ တကယ့် ဒိတ်ဒိတ်ကြဲတွေကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဆိဒိုးနား၊ မေပွားလည်း သူ့ဟာနှင့်သူတော့ အပတ်တိုင်း လို ပွဲရှိသည်။ ကျန်တာတွေတော့ ထားပါတော့။

အဲဒါတွေအားလုံးမှာ သီချင်းနားထောင်ဖို့အ တွက်ဆိုလျှင် ဆန်းက ပြည်သူ့ဥယျာဉ်ကို အကြိုက်ဆုံး။ မင်္ဂလာစုံတွဲက သူ့ခန်းမထဲမှာသူရှိနေပြီး၊ ပရိသတ်က မြက် ခင်းထဲမှာ၊ အဲသည်မြင်ခင်းထိပ်မှာ တောင်ကုန်းတစ်ခုရှိသည်။ တီးဝိုင်းက တောင်ကုန်းပေါ်မှာ နေရာယူတော့၊ ပရိသတ်က မော့ကြည့်ရသည်။ လှလိုက်တဲ့မြင်ကွင်း။ ဂျိုင်းတီတီရှည်လက် တို၊ လက်စက၊ စတစ်တာအမျိုးမျိုးနှင့် ဂျင်းဘောင်းဘီအ ဝတ်များသော ပလေယာများ (Players) သည် များသော အားဖြင့် ဆံပင်ရှည်ကြ၏။ အားကြိုးမာန်တက်လှုပ်ခပ်လေ တိုင်း၊ တစ်ခါတစ်ရံ လေက ခပ်ကြမ်းကြမ်း သိမ်းငင်လိုက် တိုင်း၊ ဆံရှည်ဖြောင့်စင်းတချို့၊ ကောက်ကွေ့တွန့်လိမ်တွေ တဖွားဖွားလွင့်သွားလျှင် ဆန်းက ထအော်ပြီးတော့တောင် လက်ခုပ်တီးပစ်လိုက်ချင်၏။

အဲသည်မြင်ကွင်းသည် ဆန်းရဲ့မျက်စိမှာ ပသာ ဒအဖြစ်ဆုံး၊ အလှဆုံး၊ အကြိုက်ဆုံး၊ အားအကျဆုံးမြင် ကွင်းဖြစ်သည်။ ဆန်းက လီဒ်ဂစ်တာသမားကောင်းတစ် ယောက်ဖြစ်လိုသူပါ။ ဆန်းသာ လီဒ်ဂစ်တာကို ပိုင်နိုင်စွာ တီးနိုင်လျှင် သူ့ဆံပင်ဖြောင့်စင်းစင်းတွေကို ကုပ်ထောက် ထိထားမည်။ တေးသွားအလိုက်၊ မြူးကြွလျှင် မြူးကြွသ



လို၊ နွေးကွေးလျှင် နွေးကွေးသလို၊ သူ့ကိုယ်ကို ကိုင်းလိုက် ...လိုက် ယိမ်းထိုးလှုပ်ရှား၍ အားကုန်သုံးလျက် တီးခတ် ...မည်။ ဆန်းက ခုလို တောင်ကုန်းပေါ်မှာ တီးခတ်နေစဉ် ...ခင်းပြင်မှ ပရိသတ်က လက်ခုပ်တီး၍ သြဘာပေးလျှင် ...ဖြင့် ဆုံးခုန်၍ မြောက်ပစ်လိုက်မည်ဟု အံကြိတ်အားခဲ ...ထားသူလည်းဖြစ်၏။

သို့ပေမယ့် ...

ဆန်း ... ဂစ်တာကို စိတ်ကြိုက်တီးခွင့်မရ ...။ ပရော်ဖက်ရှင်နယ်လိုင်း (အသက်မွေးဝမ်းကြောင်းလုပ် ...) ထဲ ဝင်ခွင့်မရပါ။ အိမ်မှာပဲတီး၊ ကြိုက်သလောက် ...၊ အပျော်တမ်းတီး။ အသက်မွေးဝမ်းကြောင်းအဖြစ်တီး ...လျှင် ဂစ်တာမှဂစ်တာ၊ ဂစ်တာမှတစ်ပါး အခြားမရှိ၊ ...နေကြိုးစားရမည်။ ဆန်းမှာ အဲသည်လို ပေးစရာ ...ရှိ။ ဘာဖြစ်လို့လဲဆိုတော့ ... ဆန်းက စာတော်စွာ ...မှုတက္ကသိုလ်ဝင်ထားသည်။ စက်မှုတက္ကသိုလ်ကျောင်း ...ဖြစ်နေ၏။ ကျောင်းစာတွေနှင့် နပန်းလုံးနေရ၏။ ဆန်း ...သက်တာမှာ စာမေးပွဲကျရှုံးခြင်းဟူ၍ လုံးဝမရှိခဲ့ဘူးသည် ...၊ ...တော်သောဆန်းက အဲသည်စံချိန်ကိုလည်း ဆက်လက် ...ထားချင်လှပါ၏။

"အဲဒီဘက်ကို ခေါက်ချလိုက်ရင်လဲ ဖေဖေ...းက ထူး ...မှာပါ၊ ဒါပေမယ့် ... အနုပညာ...ဆိုတာ ဝါသ

www.burmeseclassic.com

www.burmeseclassic.com



နာအရသာ လိုက်စားလို့ကောင်းတာ သားရဲ့၊ အသက်မွေးဝမ်းကြောင်းအဖြစ် ခေါက်ချမယ်ဆိုရင် ...

"ခုအောင်မြင်နေတဲ့သူတွေရှိပါရဲ့၊ ဒါပေမယ့် သားအလှည့်မှာ သူတို့လိုပဲ အောင်မြင်လိမ့်မယ်လို့ ဘယ်သူအာမခံနိုင်မလဲ။ အောင်မြင်ပြီပဲထားဦး၊ ကာလသက်တမ်းကို ဘယ်သူအာမခံနိုင်မလဲ။ ပြီးတော့ ... သားရထားတဲ့ပညာရေးလိုင်းကိုလဲ ဖေဖေက တန်ဖိုးထားတယ်"

ဖေဖေက ဆုံးမ၏။

ဆန်းကိုယ်တိုင်ကလည်း ကိုယ်မြတ်နိုးတန်ဖိုးထားစွာ ကိုးကွယ်အပ်သောအနုပညာနှင့် လုပ်ကိုင်စားသောက်လိုစိတ်မရှိပါ။ လုပ်ကိုင်စားသောက်ဖို့ အသက်မွေးဝမ်းကြောင်းက သပ်သပ်ရှိချင်၏။ ဆန်း၏စိတ်က ဆန်းဆိုသည့်အတိုင်း ဆန်းပြားပါပေသည်။ ဆန်း ... တီးဝိုင်းကို နှစ်ခြိုက်စွာ ခံစားနေစဉ်မှာပဲ၊ အလှည့်ပြီးသွားသော အဆိုတော်၏ ကြေညာသံကို ကြားလိုက်ရခြင်းဖြစ်သည်။

"ခုဆက်လက်ဖျော်ဖြေမည့်တေးသံရှင်ကတော့ ကြော့ရှင်းခင် ... ဖြစ်ပါတယ်ခင်ဗျာ" ... တဲ့။

ကြော့ရှင်းခင်။

တီဗီမှာတော့ သူ့သီချင်းသုံးလေးပုဒ် နားထောင်ဘူးသည်။ အသံကလေးကတော့ မဆိုး။ သို့ပေမယ့် ...



နားယဲသိပ်မချွဲလှ။ နာမည်လေးတော့ မှတ်မိနေ၏။ ထိုအဆိုကော်မလေး သီချင်းစီးရီးမထုတ်ဖြစ်သေးတာ သိသည်။ ပွဲလာဆောင်တွေမှာဆိုတာ တစ်ခါမှ မကြုံဘူးသေး။ နာမည်ကလေး သိပ်မရရှာသေးသည်မို့ သူ့ကို တီးဝိုင်းတွေက ခေါ်ဖို့သတိတရမဖြစ်ကြတာလား၊ ပွဲထိုင်ရှင်တွေက တခုတ်တရ မတောင်းဆိုကြတာလားတော့မသိပါ။

"ဟ ... "

အာမေဍိတ်က "ဟ" ။ ပြီးတော့ ... ဆန်းရှုခင်းတစ်ခုလုံး တကယ်ပဲပဟာသွားရပါ၏။

လှလိုက်တဲ့ကောင်မလေး။

ဆန်းထက် နှစ်နှစ်သုံးနှစ်ဆိုသလို ငယ်နိုင်ပေ၏။ ငယ်ချင်မှလည်း ငယ်မည်ပေါ့လေ။ ခုခေတ်မိန်းမပျို အသက်ကိုခန့်မှန်းရတာ အလွန်တရာ ခက်ခဲသောအလုပ်ဖြစ်၏။ မေမေ့ကိုပဲကြည့်။ ငါးဆယ်ကျော်ပြီ။ မနက်မိုးလင်းလို့ မျက်နှာသစ်ပြီးတာနှင့် မှန်ရှေ့မှာထိုင်သည်။ ဘာတွေမှန်းမသိ၊ နှစ်ခုသုံးခု၊ တစ်ခုပြီးတစ်ခုလိမ်း၊ မျက်ခုံးမွေးဆွဲ၊ နှုတ်ခမ်းနီဆိုး၊ အဝတ်လဲ (ဒါတောင် ရေချိုးရသေးတာမဟုတ်၊ ရေချိုးပြီးလျှင် မျက်နှာတစ်ခါထပ်ပြင်ပြီး အဝတ်တစ်စုံထပ်လဲသည်)၊ ခေါင်းဖြီး၊ ကြော့မော့နေမှ ဘုရားခန်းသို့ဝင်၏။ ဆွမ်းတော်ကပ်သည်။ သောက်တော်ရေကပ်သည်။ ပန်းလဲသည်။ ဆီမီးဖယောင်းတိုင်ထွန်းသည်။ ဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



တော်ပုတီးကို ဆယ်ပတ်ပြည့်အောင်စိပ်သည်။

ဒါတွေအားလုံးပြီးမှ အိမ်ရှင်မတစ်ယောက်၏ တစ်နေ့တာလုပ်ငန်းတာဝန်ထဲသို့ ဝင်၏။ ဝင်ပြီဆိုတာနှင့် ပြန်မထွက်နိုင်တော့လောက်အောင် ရှုပ်ယှက်ခပ်သည့်တာဝန်တွေကြားမှာ ထာဝရကြော့မော့နေတတ်သည့်မေမေ့ကို ...

"လေးဆယ်ပြည့်ပြီလား" ... တဲ့။

မိတ်ဆွေတွေက မေးတော့ မေမေက ကျိတ်၍လည်းရယ်သည်။ အော်၍လည်း ရယ်သည်။ သားတစ်ယောက်လုံး နှစ်ဆယ်ကျော်နေသည့်မိခင်က လေးဆယ်မပြည့်သေးဘူးဆိုလျှင် ဒီသားကို ဘယ်အရွယ်က မွေးဖွားရမှာလဲ။ ထားတော့ ... မိန်းမတွေဆိုတာ သူတို့အသက်ကို မေးလျှင် မကြိုက်သလို၊ ခန့်မှန်းရလည်းခက်ပါဘိ။

"ငယ်မှာပါ၊ ငယ်သာငယ်ပါ ကြော့ရှင်းခင်"

ကျိတ်ပြောလိုက်၏။ ဆန်းက ပျော်တတ်သည်၊ စိတ်ညစ်တတ်တာမျိုး သိပ်မရှိ၊ အနောက်အရွတ်လည်း ပါသနာပါ၏။ ကြော့ရှင်းခင် ... ဆိုသည့်အတိုင်း၊ သူ့ကိုယ်လုံးသွယ်ပါးပါးအရပ်က မြင့်မားမားနှင့် ရှင်းသန့်ကာ ဆေးကြည့်နေဖို့ကိုကောင်းသည့်ကောင်မလေး။ တီဗီထဲမှာတုန်းကဒီလောက်မလှဟုထင်၏။ အဲသည်တုန်းက ခုထက်နည်းနည်းပါးပါး ပိုဝနေပုံရသည်။ သူ ... စိတ်လျှော့လိုက်တာထင်ပါရဲ့။

"မေမေ ... မလှဘူးလား"

"ဆီးဖု (Sea food) တွေထဲမှာ အလှမပါဘူး"

ဆီးဖုကြိုက်တတ်လှသောသားကို၊ လှတာချက်စားလို့မရ ... ဟု သွယ်ဝိုက်ပြောလိုက်သည်မို့ ဆန်းက မျက်နှာကို ရှုံ့ပြလိုက်သည်။

"ချက်စားလို့မရပေမယ့် ကြည့်လို့ကောင်းတယ်"

"လည်ပင်းကနေဖြတ်ပြီး ဝယ်လိုက်လေ၊ ညှော်ခန်းမှာထား"

"အင်ဂျင်နီယာတစ်ယောက်ရဲ့ ပါရမီဖြည့်ဘက်ဟာ ဘယ်သူဖြစ်သင့်လဲမေမေသိလား"

"အင်ဂျင်နီယာမ"

"လုံးဝမဟုတ်ဘူးမေမေရ၊ သူလဲ သူ့အလုပ်နဲ့သူ ပြန်လာတော့မောာ၊ သူ့လဲ ကိုယ်မပြုစုချင်၊ ကိုယ့်လဲသူမပြုစုချင်၊ ပြိုးတောင်ပြနိုင်ကြတော့မှာ မဟုတ်ဘူးမေမေရဲ့"

"ဒါဖြင့်ဘာလဲ"

"အဆိုတော်"

"ကြားဘူးပေါင်"

"အလုပ်က မောမောနဲ့အိမ်ပြန်လာရင် သူ့သီချင်းလေးနားထောင်၊ ပင်ပန်းပြီးပြန်လာတဲ့ကိုယ့်ခင်ပွန်းကို သီချင်းလေးဆိုပြီးချော့သိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပြီလား"

"ဟုတ်"

"အဲဒီလောက်မြန်ရင်၊ ကိုယ့်ဗိုက်ထဲကထွက်တဲ့သား ပေမယ့်၊ မေမေက အထင်မကြီးဘူး"

"ချစ်ခြင်းအစ၊ မျက်စိက"

"သားအဖေကျတော့ ချစ်ခြင်းအစ လျှာက၊ မေမေ့ကို မမြင်ဘူးခင်မှာ မေမေချက်တဲ့ထောပတ်ထမင်း စားဖူးသွားပြီး၊ အဲဒီမိန်းမကို လိုက်ရှာကြိုက်တာဆို ပဲ"

သားအမိက အဲသည်လောက်ထိ ရင်းနှီးသည်။ သူငယ်ချင်းလိုပေါင်းသည်။ ဆန်း၏ မြောက်များလှစွာသော ယောကျ်ားလေး၊ မိန်းကလေးသူငယ်ချင်းတွေအားလုံးဟာ မေမေ့လောက် ပေါင်းလို့သင်းလို့အကောင်းဆုံးသူငယ်ချင်းဖြစ် မလာခဲ့ကြပါ။ မေမေသည် ဆန်းကို ဝမ်းဗိုက်နှင့်လည်းလွယ် ခဲ့၏။ အရိပ်လိုလည်း ထာဝရနီးကပ်စွာရှိသည်။ ပြီးတော့ အရင်းနှီးဆုံးနှင့် အစစ်မှန်ဆုံးသောသူငယ်ချင်းလည်းဖြစ်လေ ၏။

သီချင်းဆိုရင်း ... ခေါင်းချင်းဆိုင်ကာ တွတ် ထိုးနေကြသူနှစ်ဦးကို၊ ရုတ်တရက်တွေ့လိုက်ရသည်။ မောင် နှမထင်ပါရဲ့၊ ရုပ်ချင်းက ခပ်ဆင်ဆင်၊ မောင်နှမဆိုလျှင် တော်တော်ကွာမှာမို့ သားအမိလည်းဖြစ်နိုင်သည်။ သားအ





ိဆိုလျှင်တော့ တော်တော်အရွယ်တင်သည့်အမျိုးသမီးကြီး ပါပဲ။

"အို"

ကြော့ ... ရုတ်တရက် ကြောင်သွားရ၏။ ီချင်းဆိုရင်း အမှားဆိုတာမျိုးက၊ ဝါရင့်အဆိုတော်တွေမှာ မရှိတော့ပါ။ ဝါနုတွေလဲရှိခဲ့ပါသည်။ ကြော့သည်သာ ... သူ့ကိုတွေ့လိုက်ရလို့ပါ။ ခေါင်းချင်းဆိုင်စကားပြောရယ်မော ရာမှ ရုတ်တရက် မော့အကြည့်၊ သူ့မျက်ဝန်းတွေနှင့် ကြော့ မျက်တိုက်မိလိုက်ခြင်းက၊ သီဆိုရင်း အမှားတစ်ခုတောင် ဖြစ်သွားရသည်။ ရှက်လွန်းလို့ ပြုံးပြီးတီးဝိုင်းကို ပြန်ငဲ့ ကြည့်လိုက်သည်။ ကြော့မှားသွားတာ၊ ပရိသတ်ထဲမှ တချို့ ကောင်းသိမည်။ မသိသည့်လူတွေက များမည်။ သို့ပေ မယ့် ... ဝိုင်းကလူတွေကတော့ ပညာရှင်တွေမို့ သိကိုသိ ကြမည်။ ကြော့အမှားကို ကြော့ ရိုးသားစွာ ဝန်ခံတောင်း ပန်မိရ၏။ သီဆိုရင်းမို့ ရှက်ပြုံးတစ်ချက်နှင့်သာ သမင်လည် ပြန်ငဲ့လိုက်ရသည်။

"အမလေး" ... ဟု အော်လိုက်ချင်၏။

သူ ... သူက ပြုံး၍ မျက်စိတစ်ဖက်မှိတ် ပြသည်။ မေးကို ဆတ်ပြသည်။ သူ ... ကြော့ကိုသိက် ...ကဲ့နောက်ချင်ပြောင်ချင်စိတ်ဖြင့် ဂလေဆန်...လုပ်တာ ...ကြောင်း ကြော့ ကောင်းကောင်း...လိုက်၏။ သူ

www.burmeseclassic.com

www.burmeseclassic.com



ကြော့မှားသွားတာကို သိလိုက်သည်။

"အိုဘော ... ဆက်ဆို" ... ဆိုသည့်အဓိပ္ပါယ် ကိုဖော်သည်။ ကျေးဇူးတင်လိုက်ပါတယ်ရှင်။ ဒုတိယအပုဒ်မှာ ကြော့အထူးသတိထား၍ မမှားရအောင် ဂရုစိုက်ဆိုသည်မို့ အသံက လွတ်လပ်မှုလျော့ပါးကာ ချိုသင့်သလောက် မချိုဖြစ်သွားရသည်။ သူ့ဘက်ကို မကြည့်မိဖို့ မျက်နှာကို တမင်စောင်းစောင်းကြီးထားရင်း၊ ရင်ထဲမှာ ဖြောင်းဆန်အောင် ခုန်ပေါက်ယိမ်းထိုးနေကြသော အသည်းအူတွေကို အပြစ်တင်ချင်၏။ ကြော့ သက်သာအောင် နည်းနည်းပါးပါးများ ဆင်ခြင်ပေးကြပါတော့လား။

"ခုဆက်လက်သီဆိုဖျော်ဖြေမည့်တေးသံရှင်ကတော့"

ကြော့က ဝိုင်းဘက်ကိုလှည့်ကြည့်လိုက်၏။ တစ်ခါတစ်ရံမှာ အရင်ရောက် အရင်ဆို၊ နောက်ရောက် နောက်ဆိုရတာရှိ၏။ တစ်ခါတစ်ရံကျတော့ ... တချို့က ပွဲဆက်မရှိ၊ တချို့က ပွဲဆက်ရှိတော့၊ ပွဲဆက်ရှိသူကို ဦးစားပေးတင်ပေးရတာရှိ၏။ တစ်ခါတစ်ရံကျတော့ နာမည်ကြီးနှင့် နာမည်သေး၊ နာမည်ကြီးကို ဦးစားပေးရတာရှိ၏။ နာမည်ကြီးတွေရောက်မလာသေးလျှင် နာမည်သေးတွေက ဆိုပေးထားနှင့်၊ နာမည်ကြီးရောက်လာတော့ နာမည်သေးတွေ ခဏစောင့်။

စောစောကထဲက မျှော်နေကြသည့်နာမည်ကြီး



ဆိုတော် ရောက်လာပြီမို့၊ သူ့နာမည်ကို ကြေညာပေးလိုက်၏။ ကြော့ ... ဝိုင်းနောက်ဘက်သို့ဝင်ခဲ့သည်။ မျက်နှာလေးရဲ့ကာ ရက်ဝဲဝဲမို့ အချင်းချင်းတောင် မျက်နှာမကြည့်ပုံသလိုဖြစ်နေရ၏။ ကြော့ ... မင်္ဂလာဆောင်ဆိုခွင့်ရတာ တစ်ခါ ပထမဆုံးအကြိမ်ပါ။ ပွဲဦးထွက်မှာ ကြော့ ကျရှုံးခြင်းသည် "သူ့ကြောင့်" ... ဟု ကြော့ မဆိုလိုပါ။ စတေ့ချ်ဖရိုက်တ် (Stage Fright စင်မြင့်ပေါ်သို့ တက်ရမှာ ကြောက်လန့်ခြင်း) ကြော့မှာမရှိတော့ပါ။ မင်္ဂလာဆောင်လို လမ်းသဘင်မျိုးမှာ အခကြေးငွေဖြင့် မဆိုဘူးသေးပေမယ့်၊ ရပ်ကွက်စင်မြင့်၊ ကျောင်းကပွဲစတာမျိုး အတွေ့အကြုံတွေ များလှပြီ။ ကြော့ ... ဘာဖြစ်လို့ ဒီလောက်ရင်ခုန်ရတာပါလိမ့်။

"မမ"

ဘေးနားမှာ ဆယ်ကျော်သက်မလေး လာရပ်၏။

"ဓာတ်ပုံတူတူရိုက်ချင်လို့"

"ရတယ်လေ"

ပြည်သူ့ဥယျာဉ်မင်္ဂလာပွဲတွေမှာ၊ ပရိသတ်တချို့က ဓာတ်ပုံလာတွဲရိုက်လေ့ရှိသည်။ ကြော့က ခုန်... ရပ်ကာ လာခေါ်သည့်ကလေးမလေးနှင့်အတူ ထွက်... လာခဲ့သည်။ ဓာတ်ပုံဆရာကလည်း အဆင်သင့်စောင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လဲရိုက်ချင်တယ်"

"ရှင်"

"အော် ... ကျွန်တော်က ဒီမင်္ဂလာပွဲက သတို့သားရဲ့ညီလေ။ အရင်းတော့မဟုတ်ဘူးပေါ့၊ ဝမ်းကွဲ။ အဲဒါ ... မင်္ဂလာပွဲဓာတ်ပုံတွေပေါ့ လျှောက်ရိုက်နိုင်းထားလို့၊ တချို့လဲရိုက်ပြီးပါပြီ၊ ကြော့ရှင်းခင်ကို တစ်ယောက်ထဲရိုက်ခွင့်ပြုပါ"

"ဟုတ် ... ဟုတ်ကဲ့ရှင့်"

ကြော့ ... မတ်တပ်ကလေး ရုံရပ်နေ၏။ ခါတိုင်း ဓာတ်ပုံရိုက်ခံလျှင်၊ ကိုယ်ကလေးကို လှည့်လို့ဖြစ်ဖြစ်၊ မျက်နှာလေးချီလို့ဖြစ်ဖြစ်၊ ပုံစံပေးလို့နေတတ်ပါဘိခြင်း၊ ခုတော့ ... ဘာတွေမှန်းမသိ ရှက်ကြောက်ကာ ခြေစုံရပ်၊ သတိဆွဲ၊ လက်နှစ်ဖက်ဘေးသို့ တန်းတန်းချ၊ ရှက်စိတ်ကြောင့် မျက်နှာက ခပ်ငုံ့ငုံ့။ ပြောတော့ဖြင့် တစ်ပုံထဲရိုက်မလိုလို၊ သူရိုက်လိုက်တာ တဖျတ်ဖျတ်၊ ဘယ်နှစ်ပုံမှန်းတောင်မသိ၊ တစ်လိပ်လုံးများရိုက်နေသလား၊ မီးတွေက တော့ တဖျတ်ဖျတ်ပွင့်သည်။ ကြော့ကတော့ ဒီပုံစံက မပြောင်း၊ ကြော့နှင့်တူတူလာသော ကြော့သူငယ်ချင်းအဆိုတော်မလေး၊ သူလည်း ပရိသတ်နှင့် ဓာတ်ပုံသွားတွဲရိုက်ပြီးပြန်ရောက်လာကာ၊ ကြော့နားမှာ တခိခိရယ်တော့မှ ကြော့မျက်နှာမှော့ဖြစ်တော့သည်။



"ဘာလဲ ... ရှေ့မှာ ဘယ်သူရှိလို့ အလေးပြုနေတာလဲ"

ကြော့ပုံစံက တကယ်ပဲ အလေးပြုနေသည့်ပုံဖြစ်နေတာကို သတိထားမိပြီး ကြော့ရှက်ရယ်ရယ်လိုက်၏။ ...းကလည်း ရောရယ်သည်။

"ကျွန်တော့်နာမည်က ဆန်းပါတယ်"

"ဟုတ်လား ... ဘယ်သူတဲ့လဲ"

အားစေးမိနေသူ ကြော့ကိုယ်စား ကြော့သူငယ်ချင်းမလေးက ဝင်မေးပေးရသည်။

"ဆန်းပါတယ်ဆို"

"အဲဒီဆန်းတဲ့နာမည်ကိုပဲ မေးနေတာပါ"

သူတို့ရယ်ကြသည်မို့ ကြော့ပါ လိုက်ရယ်လိုက်၏။ သို့ပေမယ့် ... ကြော့မှာ အသိမဲ့နေသည်။ ကြော့...တက်ကြီးတစ်ခုလုံးထဲမှာ အသည်းနှလုံးကလီစာတွေလဲ...ယ်ရောက်ကုန်ပြီလဲမသိ၊ လစ်လစ်ဟာဟာ အေးတိအေး...ကြီးလို ခံစားရ၏။ လူတွေကို ငေးငေးကြည့်ကာ ရော...ရောင် လှုပ်ရှားခြင်းဖြင့် "သက်မဲ့ကြော့လေး" ဖြစ်သွားမိ... ဘာကြောင့်ပါလိမ့်ရှင်။

"လူပျက်တွေပြောသလိုပေါ့၊ ကြားဘူးလားမသိဘူး။ မင်းသမီးရည်းစား ငါထင်တယ်ဆိုတာ ...ပြက်တစ်ယောက်ကပြောတယ်၊ မင်းသမီးရည်းစားငါထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့ ...

"ကျွန်တစ်ယောက်က မေးတယ် ဘယ်သူနဲ့ထင်လို့ လဲတဲ့၊ ပထမလူက မင်းသမီးရည်းစား ငါထင်တယ် လို့ပြောပြန်ရော၊ ဒုတိယလူက၊ အေးလေ ... ဘယ် သူနဲ့မင်းကထင်တာလဲဆိုတော့ ...

"ဟ ... ငါနဲ့ထင်လို့ ငါထင်တယ်ပြောတာပေါ့တဲ့"

သူတို့ ရယ်ကြပြန်၏။ ကြော့က မကြားတစ် ချက် ကြားတစ်ချက်နှင့် ရယ်ဖြစ်ပြန်၏။

"ကျွန်တော့်နာမည်က ဆန်းပါတယ်"

"သိလိုက်ပါပြီရှင်၊ ကိုဆန်း"

"ဆန်းဆန်း ... တဲ့"

"အော် ... ကိုဆန်းဆန်းပေါ့"

"အဲဒါကြောင့် ကျွန်တော့်နာမည်က ဆန်းပါတယ်လို့ ပြောတာ။ ဖေဖေနဲ့မေမေပေါ့၊ သားမွေးလာလို့တဲ့၊ ဆန်း ... ဆန်း ... နဲ့ ခေါ်တယ်၊ နည်းနည်း ကြီးလာတော့ ချစ်စနိုးနဲ့ ဆန်းဆန်းခေါ်ပြန်ရော၊ ကျောင်းသာတက်ရော နာမည်ကောင်းမရှိဘူး၊ ဆန်း ဆန်းနဲ့ တက်လိုက်ရတာ"

"ဆန်းပါတယ်ဆိုတဲ့အတိုင်း တကယ်ဆန်းပါတယ်၊ အထူးအဆန်းကြီးမဟုတ်ပေမယ့် ရိုးရိုးလေးနဲ့ဆန်း ပါတယ်၊ လုတယ်"





ဆန်းက သူ့အဖေ ဗစ်စစ်တင်းကဒ် (Visit- ing Card လိပ်စာကတ်ပြား)လေးကို ထုတ်ပေးသည်။

"အဲဒီဖုန်းနံပါတ်တော့ ဟုတ်တယ်၊ အဲဒီနာမည်တော့ သွားမမေးနဲ့၊ အဲဒါ ကျွန်တော့်အဖေ"

သူတို့ ရယ်ကြပြန်၏။ ရင်းနှီးလွယ်သားပါ ...းနော်။ ဒီဘက်ကတော့ အနုပညာရှင်မို့၊ ပြည်သူဆိုရင် ...ယ့်ပရိသတ်၊ ကိုယ့်ကျေးဇူးရှင်၊ ကိုယ့်ထမင်းရှင်ဖြစ်ကာ ...ရွှေပုဆိုးရှာရမြဲဖြစ်သည်။ သူကကျတော့ ရင်းနှီးလွယ်လိုက် ...၊ ဒါပေမယ့် ... သူ့ရဲ့ ရှည်ရှည်ပိုင်းပိုင်းအရပ်ကြီးကို ...ပိုးထိုးရယ်မောတတ်တာ "အသောက" ပင်ကြီး လေ ...က်တိုင်းယိမ်းသလို ကြော့မျက်စိထဲ ကြည့်ကောင်းသွား ...သည်။ သူ့အသားက ဖြူဖြူ၊ သူ့ဆံပင်က နက်နက်၊ န ...ကျယ်ကျယ်မှာ စိမ်းမှောင်နေသည့် မျက်ခုံး၊ နှာတံရင်းမှ ... ဖြောင့်စင်းစွာပေါ်လွင်နေတာ၊ နှုတ်ခမ်းက တိကျပီသ ...၊ ဒိုင်ခန့်သောမေးရိုးနှင့်ဆိုတော့ ... သူဟာ လူချော ...ပါရှင်။

"နောက်ကိုတွေ့ရင် နှုတ်ဆက်မှာနော်"

"ဆက်ပါ၊ ကျွန်မတို့က ပြည်သူ့မေတ္တာကို ခံယူရ တဲ့အနုပညာရှင်တွေပဲ"

"ဟိုတစ်ယောက်က နှုတ်နဲ့လှချည်လား"

"ကြော့ရှင်းခင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ သူက မာနခဲလေးထင်ပါရဲ့"

"မဟုတ်ရပါဘူး ... "

"ကျွန်တော်နှုတ်ဆက်မှာ"

"ဟုတ်ကဲ့ပါ"

"ခုတ်ပုံတွေရရင် ဘယ်လာပို့ရမလဲ"

"ဝိုင်းကိုပဲပို့ပါ၊ ဒီဝိုင်းကမနက်နေ့ကျွန်မတို့နဲ့ချော လိုမျိုးလိုဖြစ်နေပါပြီ"

"အော် ... လိပ်စာမပြောချင်တဲ့သဘောပေါ့၊ တဲ့ဝဲ ပြောမှ ကျွန်တော်က ရိပ်မိတတ်တယ်၊ အကောင် လိုက်ကြီးပြရင် အရိပ်လောက်ထင်ပါတယ်"

"ကြော့တို့နေတဲ့နေရာက ကားဝင်လို့မရလို့ပါ၊ ကား ကို တော်တော်ဝေးဝေးမှာရပ်ထားခဲ့ပြီး၊ ခပ်ဝေးဝေး လမ်းလျှောက်ရပါတယ်၊ အဲဒီလမ်းကလဲ မကောင်း ဘူး၊ ရွှံ့တွေဗွက်တွေလဲရှိတော့ အားနာလို့ပါ"

ရန်ကုန်မြို့မှာ သူပြောသလောက်ဆိုးသည့်ရပ် ကွက်ဟာ ဘယ်ရပ်ကွက်ပါလိမ့် ... ဟု ဆန်းတွေးလိုက် သည်။ ဆန်းတော့ ဉာဏ်မမီပါ။ ဆန်းနေဘူးသည့်ရပ်ကွက် တွေကတော့ လမ်းကောင်းလမ်းကျယ်၊ ကတ္တရာခင်း၊ သန့် သန့်ရှင်းရှင်းတွေ။ နည်းနည်းပါးပါး လမ်းညံ့တွေလည်း ရောက်တော့ရောက်ဖူးပါသည်။ ကားတောင် ဝင်လို့မရ၊ လူ က ဗွက်ထဲဆင်းလျှောက်၊ ဘယ်နေရာပါလိမ့်။ မေးလဲမဖြေ



...တော့ပါဘူးလေ။ သူ မပြောချင်ဘူးထင်ပါရဲ့။

လူကလေးလှသလောက်၊ နေတဲ့နေရာလေးက ...မပျော့ရှုဘူးနော်။ သနားစရာ ကြော့ရှင်းခင်လေးပါလားကွယ်။

"ကျေးဇူးတင်ပါတယ်ရှင်"

ကြော့ ... ခေါင်းလေးငုံ့ပေးလိုက်သည်။ ကိုယ့် ...သတ်က ချိုးမြှင့်သောပန်းကုံးကို အပြုံးဖြင့် ခေါင်းငုံ့ ...ယူ၏။ ဆန်းက ညာဘက်လက်ကို ဆန့်ထုတ်လိုက် ...။ လက်ဆွဲနှုတ်ဆက်ဖို့ပေါ့လေ။ ကြော့က လက်ကလေး ...က် ရင်မှာယှက်လိုက်သည်။ ကန်တော့ခန်းပေါ့။ ကြော့ ...ဆွဲနှုတ်မဆက်ချင်ပါ။ လက်ဆွဲနှုတ်ဆက်ခြင်းအမှုဟာ ... ဖြစ်မှုကြီးလှတာလဲမဟုတ်၊ မြန်မာ့ယဉ်ကျေးမှုမ ...တော့မယ့်၊ မြန်မာ့ယဉ်ကျေးမှုထဲကို မွေးစားသားအဖြစ် ...ပိုးဖောက်နေရာယူထားခဲ့တာလည်း ကြာပါပြီ။ ကြော့ ...ဆွဲနှုတ်ဆက်ဖူးခြင်းမျိုး ရှိပါသည်။

သို့ပေမယ့် ... ရက်စတောရင့်မှာ သီချင်းဆို ...တော့ ကြော့ လက်ဆွဲနှုတ်မဆက်လိုပါ။ တကူးတက

ခိုင်နိုင်ရတုအထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ရှောင်ရှားပါသည်။ လက်ဆွဲနှုတ်ဆက်ရင်း၊ လက်ဖဝါးကို ကျိတ်ဆိတ်သွားတာမျိုး၊ မလွှတ်တော့ဘဲ အကြာကြီးဆက်ကိုင်ထားတာမျိုး၊ အနုပညာရှင်အပေါ် မစင်ကြယ်သောအခွင့်အရေးယူချင်ကြတာမျိုးတွေကြောင့် ကြော့ရှောင်ရှားပါသည်။ တချို့ကဆို ပန်းကုံးစွပ်ပေးရင်း နဖူးချင်းတိုက်သွားတာမျိုးရှိသည်။ အနုပညာရှင်၏ ဂီတသံကို ခံစားပြီး ပန်းကုံးတစ်ကုံးစာ ငွေပေးလျက်၊ အသားချင်းထိဖို့ ကြိုးစားချင်သော မသမာသူတွေ အများကြီးရှိသည်။ အဲဒါတွေကို ကြိုးစားရှောင်ရှားနေရချိန်မှာ ကြော့ ရှောင်ဖို့ကြိုးစားနေရသည်။ အုပ်စုထဲမှာ ဆန်းတစ်ယောက် မပါလျှင် ဘယ်လောက်ကောင်းမလဲဆန်းရယ်။ သန့်သန့်လေးနေပါတော့လား။

ဆန်း တော်တော်ကြီးရှက်သွားရသည်။ လက်ဆွဲနှုတ်ဆက်တယ်ဆိုတာ လူတကာလုပ်နေကြအလုပ်၊ ကိုယ့်အသားလည်း တစ်ဖက်သားဆီပွဲပါမသွား၊ တစ်ဖက်သား၏အသားဖတ်ကြီးလဲ ကိုယ့်ဆီကပ်ကျန်ခဲ့တာမဟုတ်၊ နှုတ်ဆက်ပြီးတာနှင့် လက်ချင်းခွာ၊ ဒါက ယဉ်ကျေးမှုတစ်ခုမဟုတ်ပေဘူးလား။ ဒီယဉ်ကျေးမှုကို ခေါင်းခါငြင်းဆန်လိုက်ခြင်းဖြင့် တစ်ဖက်သားရဲ့ သိက္ခာကိုစော်ကားရာရောက်ကြောင်း မယ်မင်းကြီးမကော မသိဘူးတဲ့လား။ ဆန်း ... ခေါင်းခါလိုက်သည်။ မျက်နှာလည်းပျက်သွားသည်။ ဒီမိန်းမ ဒီဆိုင်မှာ သီချင်းဆိုလျှင် နောက်နောင်ကို ဒီဆိုင်မှာ ဘယ်တော့





စားတော့ဖို့ ဆုံးဖြတ်၏။ သူနှင့်အဝေးဆုံးရှောင်တော့မည်။ ဆန်းတစ်သက်တာမှာ ဆန်းကို လက်ဖဝါးပေါ်တင်ပြီး ပူးဖူးမှုတ်သူတွေသာရှိသည်။ ဆန်းကို စော်စော်ကားကား ထော်လော်ကန့်လန့်လုပ်သူ တစ်ဦးတစ်ယောက်မျှမရှိ။ ဆန်းဆန်းဆိုတာ ပျော်တတ်ရွှင်တတ် ရယ်မောတတ်သူ ... အဲဒီလိုပျော်တတ်တာကိုက ဘဝမှာ ဒုက္ခဆိုတာ ... လောကနည်းခဲ့လို့ ပျော်တတ်နေတာ၊ ငပေါဖြစ်နေလို့ ... တ်လား။ ဆန်း ... ရှက်လည်းရှက်၊ ဒေါသလည်း ... ၏။ ဖြစ်နိုင်လျှင် ကိုယ်စွပ်ပေးထားသည့်ပန်းကုံးကို ... ကောင်ဖြုတ်ယူလိုက်ချင်၏။

ကလေးဆိုးကြီးလေ။

ဆန်း ... စားပွဲဝိုင်းသို့ ပြန်ရောက်လာတော့ ... ပြီမျက်နှာနှင့် သူငယ်ချင်းတွေ၏ အကြည့်က ဆန်း ... စုပြုံကျရောက်လေ၏။ ရွှေမင်းသားလေး၏ကျဆုံး ... ဒါမျိုး ... သူများတွေအတွက်တော့ ဘာမှမဟုတ် ... ဆန်းအတွက်တော့ ရောမဟုတ်သည့်အဟုတ်ကြီး။

"အနုပညာရှင်စစ်စစ်တွေဟာ အနုပညာမာနကြီးတတ်ကြတယ်ကွ၊ ဝါသနာလဲပါလို့၊ သမာအာဇီဝတစ်မျိုးလဲဖြစ်လို့၊ ကိုယ့်အတွက် စားဝတ်နေရေးလဲလို့ ... လို့၊ ရက်စတောရင့်မှာ သီချင်းဆိုရတဲ့အနုပညာရှင်တွေကို တချို့လူသရမ်းတွေက ဆက်ဆံရေးကျဲကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့မှာလဲ သူတို့ဘက်ကအကာအကွယ်ယူ ရတာပဲ၊ ခင်းကို လက်အုပ်ချီလိုက်သားပဲ"

"ငါ့ကိုရှက်လာတယ်မှတ်ပြီး ဖြေဆေးလာထိုးနေတာလား၊ မလိုဘူးကွ၊ ဒါမျိုးမှ ကိုယ်ချီးမြှင့်ရတဲ့ပန်းကုံးဖိုးတန်တာ"

ဆန်းရယ်လိုက်၏။ ရင်ထဲမှာ ဒေါသဖြင့်ပေါက်ကွဲနေသည်။ ဟင်း ... မယ်မင်းကြီးမ၊

❀ ❀

"တောက် ... မိန်းမတစ်ယောက်အတွက်များ အိပ်ရေးပျက်ရတယ်လို့ကွာ။ စာကျက်ပျက်ရတယ်လို့ကွာ"

ဒီနေ့ ... စာလည်းကျက်လို့မရ၊ အိပ်တော့လည်း မပျော်၊ မျက်ခွံနှစ်ခုက သခင်ကို ကာပြန်ပြီး တွန်းကန်ဖွင့်နေကြသည်။

"ဟေ့ကောင် ... မျက်ခွံဆိုတဲ့မျက်တောင်မွေး ကြိုးတိုးကျဲတဲနဲ့ကောင်၊ ငါက မင်းသခင်ကွ၊ ငါ့ဩဇာနာခံ"

ပြောလဲမရ။ ခွတ်မှိတ်လေ၊ ခွတ်ပွင့်လေ။ မ





အိပ်တော့ဘူးကွာ ... ကဲ။

ဆန်း အိပ်ရာထဲမှာ ငုတ်တုတ်ထိုင်လိုက်သည်။ နာရီကိုကြည့်တော့၊ သန်းခေါင်ကို တော်တော်ကြီးကျော်နေပြီ။ မေမေတို့ မေမေတို့တောင် အိပ်ပျော်လို့ သိုးနေလောက်ပြီ၊ မေမေ့ကို သွားပြေးနှိုးလိုက်ချင်၏။

"မိန်းမတစ်ယောက်က ကျွန်တော့အိပ်ရေးတွေကို ဖျက်နေတယ်မေမေ"

အဲသည်လိုဆိုလျှင် သူငယ်ချင်းတွေကတော့ဝိုင်းရယ်မည်။ ဆန်းကတော့ ... အဲသည်လိုသားမျိုး။ ပြီးတော့ မေမေက ဆန်းသူငယ်ချင်းလေ။ အရင်းနှီးဆုံးနဲ့ အစစ်မှန်ဆုံး၊ အကောင်းဆုံးမိတ်ဆွေ။

"ဟာ ... ဒီဖုန်း"

အရေးထဲ တယ်လီဖုန်းက မြည်လာသည်။ တယ်လီဖုန်းက အောက်ထပ်ဧည့်ခန်းမှာရှိသည်။ မေမေတို့အခန်းမှာတစ်ခု၊ ဆန်းအခန်းမှာတစ်ခု လိုင်းခွဲလုပ်ထားသည့်အတွက် မြည်ပြီဟေ့ဆိုလျှင် သုံးနေရာလုံး။ တစ်ယောက်ယောက်က ကောက်ကိုင်လိုက်မှ အမြည်ရပ်၏။ ကိုယ်ကိုင်လို့ ကိုယ့်ဖုန်းမဟုတ်လျှင်၊ မေမေ့ဖုန်းဆိုလျှင် မေမေ့ အခန်းကို ခလုပ်တစ်ခုနှိပ်ပေးရသည်။ မေမေ့အခန်းမှာ သွားမြည်မည်။ ဘယ်သူမှမကိုင်လျှင်တော့ မကိုင်မချင်း သုံးနေရာလုံးမှာ မြည်နေပြီသာမှတ်ပေတော့။ ဖေဖေနှင့်မေမေ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်ရှာမည်။ ကိုယ်က မအိပ်နိုင်သည့်သူပဲ။

"ပြောပါ ...,ဆန်းဆန်းပါ"-

အသံက နည်းနည်းပါးပါး ဘုဆတ်မာကျော သွား၏။ ဆန်းဆန်းကို မေမေက ဘယ်လောက်ပဲ ရွေပေါ်မြတင်၊ ဖူးဖူးမှုတ်ထားသည်ဆိုဆို ... ယဉ်ကျေးမှုကိုတော့ အဖြံသင်ကြား၏။ လူလိမ္မာ့သား၊ ယဉ်ပါး ... တဲ့လေ။

"အမိယုတ်သော် နှုတ်ကြမ်း၏။ အဖယုတ်သော် ကိုယ်အမူအရာကြမ်းတမ်း၏။ အမိရောအဖပါယုတ်လျှင် ကိုယ်နှုတ်အမူအရာအားလုံး ကြမ်းတမ်းနိမ့်ကျ၏ ... တဲ့။ သိလား သား။ ကိုယ့်အတွက်ကြောင့် ကိုယ့်မိကိုယ့်ဘတွေ လူယုတ်မာမဖြစ်စေရဘူးနော်" ... တဲ့။

ခါတိုင်းဖုန်းလာလျှင် ...

"အမိန့်ရှိပါ" ... ဟုပြောနေကျ။ ခုတော့ ဆန်းဆန်း စိတ်တိုနေ၏။

"ကျွန်မ ... ကြေ့ရှင်းခင်ပါရှင်"

"ဩ"

"ညကြီးအရမ်းနက်မှ ဖုန်းဆက်ရလို့ အားနာပါတယ်၊ အိပ်ရေးများပျက်သွားမလားမသိဘူး၊ ကျွန်မလဲ ညတွင်းချင်းတောင်းပန်ချင်လို့ပါ"

"ခင်ဗျား ဘာကိုတောင်းပန်ချင်မှန်းတော့ မသိဘူးပေါ့၊ ဒါပေမယ့် ... ညတွင်းချင်းတော့မဟုတ်တော့



ဘူး၊ ဒါ ... နောက်တစ်နေ့ခေါ်တယ်၊ နောက်တစ်နေ့ရောက်နေပြီ။ နောက်တစ်နေ့ရဲ့အဦးအစ အချိန်အခါလို့ခေါ်တယ်"

"ကိုဆန်းဆန်း ကျွန်မကို စိတ်ဆိုးသွားတယ်နော်"

"ဘာများပါလိမ့်"

"ကျွန်မ ချက်ချင်းတောင်းပန်ချင်တာပါ။ ကျွန်မသိချင်းဆိုဖို့က နောက်တစ်လှည့်ပြန်တက်ဖို့ရှိနေသေးတာနဲ့ စောင့်နေရတာ၊ ကိုဆန်းဆန်းတို့လဲ မပြန်သေးဘူးလေ ... လို့၊ အဲဒါ ... ကျွန်မအလှည့်ပြီးလို့ထွက်လာတော့ ကိုဆန်းဆန်းတို့ကားက ထွက်ကာစ ..."

ကြေ့ ... အပြေးကလေးတောင်လိုက်မိသေး။ လက်ကလေးတစ်ဖက်မြှောက်လိုက်ဖြစ်၏။ "ကိုဆန်း" ဟု တိုးတိုးခေါ်လိုက်မိသေးသည်။ ပါဂျရိုးတစ်စင်း ယောကျ်ားတစ်သိုက်နောက်ကို၊ ဒီ့ထက်ပိုပြေးလိုက်လို့ မသင့်တော်တော့။ လက်ခုပ်ကျယ်ကျယ်တီးလိုက်လျှင်ပေါ်မှ တစ်ယောက်မဟုတ်တစ်ယောက် ကြားနိုင်သည်။ ကြည့်မည်။ ရူးစမ်းရင်းနှင့် စောင့်ဆိုင်းဖြစ်မည်။ သို့ ... ကြေ့ရှင်းခင်ဆိုတာ မိန်းမသားပါ။

သူ့ကို လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းပယ်လို့မ ကြေ့မှာ အပြစ်မရှိပါ။ ကြေ့ ... ကိုယ့်ယဉ် ကိုယ်ထိန်းတာပဲ။ ဒီအတွက် ဘာမှအရေးတကြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တောင်းပန်နေဖို့မရှိ။ သို့ပေမယ့် … ဘာကြောင့်မှန်း မသိ၊ ကိုဆန်းဆန်း မျက်နှာကွက်ခနဲပျက်သွားလိုက်ကာ ရင်ထဲမှာ ဘာတွေမှန်းမသိ၊ ဗြန်းခနဲကြွေသွားရသည်။ တဒိတ် ဒိတ်လည်းခုန်၏။ သူ … ဒေါသမျက်ဝန်းနှင့်လှည့်အထွက် နောက်မှလိုက်ပြီး ကိုယ့်ညာဘက်လက်ကလေးကို ဆန့်ထုတ် ပေးချင်မိတာ၊ ကိုယ်ညှိဖျင်းလွန်းရာကျပြီထင်၏။

ကြေ့ရှင်းခင်ဆိုတာ ဒီလိုမိန်းမသားမျိုးမဟုတ် ခဲ့ပါဘူးရှင်။

"ကျွန်မ … ဖုန်းဆက်ပြီး တောင်းပန်နိုင်ခွင့်ရဖို့ အတွက် ကြိုးစားရင်းနဲ့ ဒီလောက်ကြာသွားတာပါ၊ တစ်ညလုံး ကျွန်မ ကြိုးစားနေတာပါ"

ကိုဆန်းဆန်းဆိုတာ ဒီဆိုင်ကိုလာနေကျလား၊ သူ့အဖေက ဘယ်သူ၊ သူ့အမေက ဘယ်ဝါ … သူဘယ် မှာနေသလဲ၊ သိနိုင်သူအားလုံးကို လျှောက်မေးလွန်းလို့ သ သယမျက်ဝန်းတွေကလည်း လူတစ်ကိုယ်လုံး မိတ်တပ်ရဲ့ လိမ်းချလိုက်သလောက်ကို အသားနီတွေတောင်လန့်လုလုပါ ကိုဆန်းဆန်းရယ်။ ကျွန်မ ဘာကြောင့် ဒီလိုလုပ်မိသလဲ၊ ကိုဆန်းဆန်းကို ကျွန်မ တွေ့ဘူးရတာ၊ ဒါပါနဲ့မှ နှစ်ကြိမ် ထဲ။ သူနှင့်တွေ့လိုက်တိုင်း အရှက်တကွဲအကျိုးနဲ့တွေချည်း၊ ပထမအကြိမ်တုန်းက သီချင်းဆိုရင်း မှားယွင်းသွားတာ၊ အဆိုတော်တစ်ယောက်အနေနှင့် တကယ့်ကို အရှက်တကွဲ



…ကျိုးနည်းကြီး၊ ခုအကြိမ်ကျတော့လဲ၊ သူစိတ်ဆိုးသွားမှန်း၊ …ကွက်ခနဲပျက်သွားတဲ့သူ့မျက်နှာကြောင့်သိရလို့၊ သူ့ထွက်ကာ …ကာသွားနောက်က နည်းနည်းကလေးပြေးလိုက်မိတာ၊ မိန်း …သားတစ်ယောက်အနေနှင့် နည်းနည်းနောနောရှက်စရာလား။

ဘာဖြစ်လို့ အဲဒီလိုလုပ်မိခဲ့ရတာလဲ။ မလုပ် …ဘယ်လောက်ကောင်းမလဲ။ နောင်တရနေလဲ အပိုပါ။ … … သူ့ဖုန်းနံပါတ်ကို ရနိုင်အောင် နာရီပေါင်းများ …ရှက်ရှက်ရွံ့ရွံ့နှင့် မျက်နှာငယ်စွာလိုက်လံစုံစမ်းခဲ့ရတာ။

"ဟုတ်ပြီလေ … ခင်ဗျားက တောင်းပန်ချင်တယ် ဆိုတာဘာလဲ၊ တောင်းပန်ကြည့်လေ၊ ကျွန်တော်တော့ ဘာမှန်းကိုမသိဘူး"

"ကိုဆန်းဆန်းက လက်ဆွဲနှုတ်ဆက်ဖို့"

"ဘယ်တုံးကလဲ"

"ပန်းကုံးစွပ်တုံးကပါ"

"မလုပ်မိပါလား"

"ရှင်"

"ဘယ်တုံးက ခင်ဗျားကို လက်ဆွဲနှုတ်ဆက်မိလို့လဲ"

"မနှုတ်ဆက်ပါဘူး၊ နှုတ်ဆက်ဖို့များ လက်ဆန့်လိုက် သလားလို့၊ ကျွန်မက ပြန်နှုတ်မဆက်လိုက်မိတာ … ဂိုင်းသွားတာကို တောင်းပန်ချင်လို့ပါ"

"ကျွန်တော်တော့ လုံးဝသတိမထားမိဘူးဗျ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ... ဘာမှလဲမလုပ်လိုက်မိဘူးထင်တာပဲ"

သိပ်သေချာတာပေါ့ ကိုဆန်းဆန်းရယ်၊ ရှင် ကျွန်မကို စိတ်ဆိုးနေပြီ။ ကျွန်မ ... ရှင့်စိတ်ဆိုးခံရမှာကို ဘာကြောင့်မှန်းမသိ အသေအလဲ ထိတ်လန့်နေမိတာ ကိုယ့်ကိုကိုယ်လဲ အပြစ်တင်မိပါရဲ့၊ ကျွန်မဟာ အားကိုးရာမဲ့ ဆင်းရဲနွမ်းပါးသူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မမှာ ပိုင်ဆိုင်တာဆိုလို့ အနုပညာလေးတစ်ခုကလွဲရင် အဝေါစားကာပ်နားကပ်လေးတွေပဲရှိပါတယ်၊ ရွှေတွဲလွဲငွေတွဲလွဲဆိုတဲ့ အမျိုးအစားထဲမှာလဲ မပါပါဘူး။

ရှင်တို့မှာတော့ မျိုးရိုးစဉ်ဆက်က နာမည်ကြီးတွေပါ။ ရှင့်အဖေနာမည်ကိုသိရင် တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ ဖုန်းနံပါတ်ကိုရှာနိုင်ပါတယ်၊ နာမည်တွေရှိနေရင်တောင် စုံစမ်းရေးမှာ ရှင့်အဖေနာမည်နဲ့ ရာထူးကိုပြောရင် ဖုန်းနံပါတ်ပြောပါတယ်၊ ဖုန်းနံပါတ်ရရင် အိမ်လိပ်စာလဲ သိနိုင်ပါတယ်၊ အင်မတန်စုံစမ်းရလွယ်ကူသောလူထင်ရှားတွေပါ။ ကျွန်မကတော့ ... ကြေ့ရှင်းခင် ... လို့ပြောပြရင် အနုပညာအသိုင်းအဝိုင်းမှာတောင် သိသူနည်းပြီး၊ လူထုပရိသတ်ထဲကတော့ သိသူမရှိသလောက် ရှားပါလိမ့်မယ်၊ ပွဲပြီးမိုးသေ ... ရှင် ကျွန်မကို မေ့ပျောက်သွားမှာပဲ ကျွန်မကြောက်နေမိပါတယ်။ ရှေ့ဆက် ရင်းနှီးကြဖို့ခင်မင်ခွင့်ဆိုတာဟာလဲ ဝေးလံပါတယ်၊ ကျွန်မဟာ ...





ဒုက္ခပင်လယ်ဝေစဉ်ကတောင် မရှုံးသွပ်ခဲ့ပါပဲ၊ ခုမှ ... နှစ်ကြိမ်သာမြင်ဖူးတဲ့ လူတစ်ယောက်အတွက် ရူးသွပ်နေမိပြီရှင်၊ ကိုယ့်ကိုကိုယ် အပြစ်တင်ပါတယ်။ ရိုက်နှက်လို့လဲ ဖုံးမလိုက်ချင်ပါတယ်။ ကြေ့ရှင်းခင် ... ဆိုတာ မိန်းမ ရိုက်ပါ။

"ကျွန်မက ဆင်းရဲပါတယ် ကိုဆန်းဆန်းရယ်"

"မိဘရော"

"မိဘနှစ်ပါးသာရှိသေးရင် ကျွန်မ ဒီလို ရေမျောကမ်းတင်ဇေဒါပင်လိုဘဝမျိုးနဲ့ အစုန်အဆန်မမျောရပါဘူး၊ ကျွန်မစကားတွေ သိပ်များကဗျာဆန်သွားသလားမသိဘူး၊ ပျက်ပျက်စီးစီးသဘောများ ရောက်သွားသေးလား၊ ကျွန်မ ... ကိုယ်ကျင့်တရားထိန်းပါတယ်၊ မိန်းမသားသိက္ခာကို ဘာနဲ့မှမလဲခဲ့ပါဘူး"

"ဒါဆို ... ခုဘယ်သူနဲ့နေလဲ"

"အစ်မဝမ်းကွဲနဲ့ပါ၊ မောင်နှမရင်းချာလဲ မရှိပါဘူး၊ ကျွန်မ ... အဲဒီအိမ်မှာ ဝိုင်းလုပ်ဝိုင်းစား၊ ထမင်းဝိုင်းချက်၊ ကလေးဝိုင်းထိန်း၊ အစ်မက ကျွန်မအပေါ်မှာ ကြင်နာ ပါတယ်၊ ခဲအိုကလဲ လူရိုးပါ၊ သဘော ကောင်းပါတယ်၊ ကျွန်မရှိနေတဲ့အတွက်၊ သူတို့သားစုမှာလဲ အကူအညီအများကြီးရပါတယ်၊ အရင်ကတော့ ဆွေမျိုးတွေအိမ်မှာ ဟိုကပ်ဒီကပ်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်သုံးနှစ်သမီးကစလို့ပါ၊ ဖေဖေတို့မေမေတို့ ရှိတုန်းကတော့၊ ကျွန်မတို့မိသားစုလေးဟာ သူဌေးမဟုတ်တောင် ပြည့်စုံရုံနဲ့ ပျော်ပျော်ရွှင်ရွှင်ပါ"

"မိဘတွေက ဆုံးသွားတယ်ပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ ... ကျွန်မတို့ ကားကြီးနဲ့ ဘုရားဖူးထွက်ကြတာပါ၊ တချို့တွေ ကြားလိုက်ကြမှာပါ၊ ပဲခူးတောင်မရောက်သေးဘူး၊ လမ်းဘေးတိုးကျပြီး ကားကြီးတုံးလုံးလဲတော့၊ အထဲကလူတွေ မနည်းဆွဲထုတ်ရတဲ့အထဲ ... ဖေဖေနဲ့မေမေက အသက်နဲ့ပြန်မထွက်မလာနိုင်တော့ပါဘူးရှင် ...

"ကျွန်မကတော့ ကံဆိုးလွန်းလို့ အပွန်းအပဲ့တောင်မရှိဘဲ ပြန်ထွက်လာနိုင်ခဲ့တာပါ"

"အဲဒါ ... ကံကောင်းတာမဟုတ်ဘူးလား"

"ကံဆိုးတာပါကိုဆန်းဆန်းရယ် ... ကံကောင်းရင် ဖေဖေတို့မေမေတို့နဲ့ တစ်ခါထဲ သေသွားမှာပါ"

"အင်း ... ဒီတော့"

ဆန်းဆန်း စိတ်ဝင်စားပါသည်။ စောစောက အောင့်သီးအောင့်သက် ခေါ်သထွက်နေရသောစိတ်တွေ ထွက်ပြေးလျက် စကားပြောရတာတောင် ပျော်လာသည်။

"တစ်ယောက်ထဲနေလို့ မသင့်တော်တဲ့ဆယ့်သုံးနှစ်သမီးလေးဟာ၊ ဘကြီးတွေ ကြီးဒေါ်တွေ ဟိုအိမ်





တစ်လှည့်၊ ဒီအိမ်တစ်လှည့်နေရရင်းနဲ့ ကိုယ်ပိုင်အိမ်ကလေးတစ်လုံးကို မနေနိုင်တဲ့တူတူ၊ ရှောင်း ... ဆိုလို့ ရှောင်းလိုက်ရတဲ့ပိုက်ဆံလဲ ဟိုလူ့နည်းနည်း ဒီလူ့နည်းနည်း ... "

"နောက်ဆုံးကျမှ ဒီအစ်မဆီရောက်တယ်ပေါ့"

"ဟုတ်ကဲ့ပါ ... ဒီအစ်မက ကောင်းပါတယ်၊ နေလို့လဲ ဖြစ်ပါတယ်၊ ဒါပေမယ့် ... ကိုယ့်ထမင်းစရိတ်ကလေးတော့ ကိုယ်ထည့်ရတာပေါ့၊ ခုခေတ်မှာ ... လူပိုတစ်ယောက် ကျွေးနိုင်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ"

"ဒါနဲ့များတောင် ခင်ဗျားက အဆိုတော်ဖြစ်ချင်သေးတယ်နော်"

"ရှင်"

"သီချင်းဆိုရတာ ဘယ်လောက်ပိုက်ဆံကုန်တယ်ဆိုတာ မင်းမသိဘူးလား ပရော်ဖက်ရှင်နယ်လိုင်းဝင်ပြီး အောက်ချလုပ်တဲ့လူတွေကျတော့ တစ်မျိုးပေါ့၊ ပိုက်ဆံက လှိမ့်ပိမ့်ဝင်မှာပေါ့၊ ဝါသနာလေးနဲ့ တစ်ချိတစ်ချိ၊ ထထဆိုတဲ့သူတွေကျတော့ ဒီဝါသနာအတွက် သိန်းချီကုန်ကျရတာ မင်းမသိဘူးလား"

"သိပါတယ်၊ ကျွန်မ ... အခု ရက်စတော်ရင့်မှာ သီချင်းဆိုနေတာ၊ စီးရီးတစ်ခွေလောက်ထုတ်နိုင်ဖို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



စုချင်လို့ပါ"

"ဒီးရိုးတစ်ခွေအတွက် ပိုက်ဆံဘယ်လောက်လိုလဲ မင်း သိလား"

"တစ်သိန်းခွဲ၊ နှစ်သိန်းဆို ..."

"သေမယ် ... သေတောင်မရဘူး၊ ဆယ်သိန်းရဲ့ ထက်မှာရှိတယ်"

"ဘုရားရေ"

"မင်း ... ရင်ဖိနေလား"

"ဟုတ်ကဲ့ ... ကဲ့"

"ဘယ်တော့ပြည့်မယ်ထင်သလဲ"

"ဘယ်တော့မှ ပြည့်မယ်မထင်တော့ပါဘူးရှင်"

"မင်း တစ်ည ... တစ်ည၊ ပန်းကုံးတွေ သိပ်ရ ဘူးလား"

"သိပ်မရပါဘူး၊ လုံးဝမရတဲ့ညလဲရှိပါတယ်၊ အရင် တုန်းကတော့ ဘယ်သူဘယ်လောက်ရရ၊ ဝေယူရတာ ပါ၊ ကြာလာတော့ အမြဲရတဲ့သူတွေက တစ်ခါတလေ မရတဲ့သူတွေကို ဝေမပေးနိုင်တော့ဘူး"

"ဒါလဲဟုတ်တာပဲ"

"တီးဝိုင်းသမားတွေဆို ဘယ်သူက တကူးတက စွပ်မှာလဲ"

"ဟုတ်တာပဲ"





"ဒီတော့ ပလေယာတွေတော့ ပေးရတာပေါ့၊ အဆို တော်တွေကျတော့၊ ကိုယ်ရကိုယ်ယူ၊ ကိုယ်ရတဲ့အထဲ က ပလေယာတွေအတွက် ရာခိုင်နှုန်းဘယ်လောက်၊ ယော်တယ်ကဘယ်လောက်ပြန်ဖြတ်တော့၊ ကျွန်မတို့ ဆို ..."

"ဆယ်သိန်းနား တော်တော်နီးပြီလား"

ဆန်းက ရယ်၍နောက်လိုက်၏။ ဆန်းနောက် လိုက်မှန်း၊ ကြော့သိသည်။ ကြော့ပျော်သွားရ၏။ ဆန်းက မျက်တောင်နောက်နိုင်ပြီဆိုတော့ ကြော့အပေါ် ဒေါသတွေ ပြေသွားလို့သာပေါ့။

"မိုင်ပေါင်းတစ်ကုဋေပါရှင်"

"တော်တော်နီးပြီပဲ"

"ကျွန်မ ... ဖုန်းချလိုက်တော့မယ်နော်၊ မိုးတောင် လင်းတော့မယ်၊ ဒီညတော့ ကျွန်မအတွက်နဲ့ကိုဆန်း ဆန်း အိပ်ရေးတွေပျက်ကုန်ပါပြီ"

"တို့ကလဲ မျက်စိကြောင်နေတာပါ၊ နေပါအုံး ... မင်းအိမ်မှာ ဖုန်းရှိသလား"

"ဟင့်အင်း"

"ဒါဖြင့် ဒီအချိန်ကြီး၊ မင်းက ဘယ်ကဆက်နေတာ လဲ"

"ကျွန်မတို့က တိုက်ခန်းနဲ့နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ"

"ကျွန်မတို့တိုက်နဲ့မျက်နှာချင်းဆိုင်ကလဲ တိုက်ဆောက်နေပါတယ်၊ အဲဒီတိုက်က အမြန်ပြီးချင်လို့လားမသိဘူး၊ နေ့ဆိုင်းညဆိုင်းဆောက်နေတာ၊ အဲဒီမှာ တယ်လီဖုန်းရှိပါတယ်"

"မင်း တော်တော်မိုက်မဲတဲ့မိန်းကလေးပဲ"

"ရှင်"

"ဒီအချိန်ကြီး၊ မင်းအိမ်ပေါ်ကဆင်းလာတယ်၊ တံခါးဖွင့်ထားခဲ့ရင် သူခိုးဝင်မယ်၊ သော့ခတ်ခဲ့ရင်လဲ၊ အချိန်မတော် ဝါယာရှော့ဖြစ်လို့ မီးလောင်ရင် ဘယ်လိုထွက်ကြမလဲ၊ လမ်းမပေါ်ဆင်းလာတဲ့မင်းမှာလဲ ဘယ်လောက်အန္တရာယ်များသလဲ၊ လူဆိုတာ ကိုယ့်အတွက်မှ ကိုယ်မသိရင် နလပိန်းတုံးခေါ်တယ်ကွ"

ကြော့ ... ပြုံးလိုက်မိပါသည်။ ဒီတစ်ခါ သူစိတ်ဆိုးတာကို အပြုံးဖြင့်ခံယူလိုက်၏။ သူ ပူပူပင်ပင် မာန်မာန်မဲမဲလုပ်တာဟာ စေတနာထားလို့ပဲလေ။

"တိုက်ထဲမှာ ယောကျ်ားတွေရော၊ မိန်းမတွေပါ၊ ညဆိုင်းဆင်းနေကြတာအများကြီးပါ၊ မိန်းမဖော်တွေ ရှိပါတယ်"

"ဆင်ခြေလေးကတော့ ဖြူးလို့ပါပဲ"

"ဖုန်းချလိုက်တော့မယ်နော်"





"မော့ ... နေပါအုံး၊ မင်းက တို့ဖုန်းကိုလိုက်ရှာနေရတာ တစ်ညလုံးအချိန်ကုန်တယ်ဆိုတော့၊ ဟိုတစ်ခါ မင်းကို တို့ ဗစ်ဇစ်တင်းကတ်လေးပေးဖူးပါတယ်၊ အဲဒီမှာ ဖုန်းနံပါတ်ပါသားပဲဟာ"

ဒီတစ်ခါဆူလျှင်တော့ အပြုံးဖြင့်ခံယူနိုင်ဖွယ် [illegible]ရှိပါ။ သူစိတ်ဆိုးပြီးဆူမှာ။ အဲသည်တုန်းကကိုင်သည့် ပိုက် [illegible]ဆံအိတ်ကို ဖွင့်လိုက်ပိတ်လိုက်နှင့်လုပ်ရင်းက ကတ်ကလေး [illegible]ဘယ်နေရာမှာ ဘယ်လိုကျခဲ့သည်မသိ။ ပျောက်သွားခဲ့ပါ၏။

"မင်း ... တော်တော် နမော်နမဲ့နိုင်တဲ့မိန်းမပဲ"

... ဆိုသော စကားကို အထင်သေးစိတ်ပျက် [illegible]ပြောဘဲ၊ မာန်မာန်မဲမဲကလေးပြောလျှင်တော့ ကြော့ ဝမ်း[illegible]လိုက်လှဲရမည်ဖြစ်ပါ၏။ လူတစ်ယောက်ကို နှစ်ခါမြင် [illegible]ရုံနှင့် ဒီလောက်ပဲ သံယောဇဉ်တွယ်ရသတဲ့လားကွယ်။

မနက်ပိုင်းဆို ... ကြော့က အလုပ်သွားမည့် [illegible]နှင့်ခဲအို ကျောင်းသွားကြမည့် တူ၊ တူမတွေ ဝေယျာ[illegible]ကို ပိုင်းကူရပါ၏။ အစ်မက ထမင်းဟင်းတော့ ချက်

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကြော့အလုပ်က ထမင်းဗူးတွေထည့်ပေးပြီး၊ တူမအငယ်ဆုံးကို ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ အဝတ်အစားလဲပေးရသည်။ ညနေကျ ... သူတို့မိသားစုအားလုံးပေါင်းပြီး တစ်ချိန်ထဲရောက်သည်။ ကလေးတွေကိုပါ ဝင်ကြိုလာခဲ့သည်။ ကျောင်းဆင်းစောသည့်ကလေးတွေက၊ ကျောင်းဝင်းထဲမှာပဲ ဆက်ကစားနေ၏။ ကံကောင်းချင်တော့၊ အဲသည်ကျောင်းမှာ အိမ်ခန်းရသော ကျောင်းစာရေးကြီးက ခဲအိုကြီးနှင့်ညီအစ်ကိုတော်သည်မို့ ခဲအိုတို့အစ်မတို့လာမခေါ်မချင်း သူက ဆက်ထိန်းထားပေးနိုင်ခြင်းပါပဲ။

ကြော့က နေ့ခင်းဘက် အဝတ်လျှော်သည်။ မီးပူကိုက်သည်။ ညနေစာထမင်းတစ်အိုးချက် မနက်ကချက်ပြီးသားဟင်းတွေနွှေးပြီး အဆာပြေစား၊ ကိုယ့်ကိုကိုယ် ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ပြီးချိန်မှာ အစ်မတို့မိသားစုပြန်ရောက်လာကာ၊ နောက်တစ်နေ့အတွက် ချက်ပြုတ်၊ ကြော့က အိမ်မှထွက်လာနိုင်ခဲ့သည်။ ဘတ်စ်ကားစီးလူတန်းစားမို့ မိတ်ကပ်အချောကိုင်ခြင်းနှင့် အဝတ်အစားလဲခြင်းကို ရက်စတောရင့်သို့ရောက်မှလုပ်၏။

"ရှင်ကလဲ တစ်ခါလာထဘီ၊ တစ်ခါလာထဘီ၊ နည်းနည်းပါးပါးလေး အတိုလေးအကွဲလေးများ ဝတ်ပါတော့"

ကြော့သီချင်းဆိုရာတွင် ထဘီပဲဝတ်လေ့များပါ



သည်။ တစ်ခါတလေ ဂါဝန်ရှည်ဝတ်သည်။ ဂျင်းဘောင်းဘီရှည်ဝတ်သည့်အခါလည်း ဝတ်၏။ ဘာပဲဖြစ်ဖြစ် ... ဒူးပေါ်ပေါင်ပေါ်မရှိ၊ လုံလုံခြုံခြုံ၊ အဲသည်အတွက် အရနည်းတာမှန်၏။ စကတ်ကြပ်ကြပ်မှာ ခြေဖျားရှည်ပေမယ့် လှုပ်ရှားရလွယ်အောင် အကြောင်းပြ၊ ဒူးအထက်နားထိ တက်ခွဲထားပြီး ခြေသလုံးသားကိုပြသူတွေရှိ၏။ တချို့က ဘေးဘက်မှခွဲ၍ နည်းတော်သည်။ တချို့က နောက်ဘက်မှခွဲတော့ အမြင်။ အဆိုးတကာ့အဆိုးဆုံးကတော့ ရှေ့ဘက်မှခွဲထားပါပဲ။

"သီချင်းလာဆိုတာလား၊ တရားကျောင်းသွားမလို့လား"

ဝတ်တာစားတာ လုံခြုံလွန်းလှချင်လည်း မန်နေပေးခေါ်သည်။ သူ့ဆိုင်က အဆိုတော်တွေ ခေတ်မတခြားဆိုင်သွားကြတာနှင့် ဖောက်သည်ပျက်မှာစိုးသည့်အတွက် ကြော့ အမြဲစိတ်ညစ်ရသည်။ ကြော့တစ်ခွေလောက်ထုတ်နိုင်လျှင်၊ ကြော့စီးရီးက ပေါက်ဆိုပါတော့ ... ကြော့နာမည်ကြီးအဆိုတော်ဖြစ်တ်ရှိုးဆိုမည်။ စီးရီးထုတ်မည်။ ကြော့ ... သားဖော်ပြမှ လူနားထောင်မှာ မဟုတ်တော့ပါ။ အသံကိုသာ ပြည်သူလူထုနားထဲဝင်အောင် ပို

www.burmeseclassic.com

www.burmeseclassic.com



သည့်' အဆိုတော်စစ်စစ်ဖြစ်ပြီ။ စားသောက်ရိုသေသူတွေ၏ မျက်စိထဲသို့ မိန်းမသားအလှအပကို ပို့လွှတ်ရသည့်ဘဝမျိုး မဖြစ်ချင်ပါ။ စီးပွားထုတ်နိုင်ဖို့လမ်းကလည်း ဆေးလွှန်းလှပါပြီ။ ဆယ်သိန်းကျော် ... တဲ့။ ကြော့ ဘာလုပ်ရမလဲ။ ကြော့ တခြား ဘာမျှလည်းမလုပ်တတ်ပါ။ ကြော့ ညှပ်ပါသည်။

အဝတ်လျှော်ရင်း သီချင်းဆိုတော့ အချိန်ကြာ၏။ ကြော့ဆိုနေသည့်သီချင်းက၊ စားသောက်ဆိုင်မှာ ဆိုနေကျ ခေတ်ပေါ်သီချင်းမဟုတ်၊ ရှေးတုန်းက၊ ရှေးတုန်းကဆိုတာ၊ မေမေရှိစဉ်က ဆိုနေကြသီချင်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်မြတ်နိုးစွာ သမီးရည်းစားတွေဖြစ်ပြီးမှ လက်ထပ်ဖြစ်ခဲ့သည့် ဖေဖေနှင့်မေမေက တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြပါ၏။

"မောင့်တာဝန်ကြေပြွန်လို့ရယ် ...
တကာယ်ပင်ဝတ်ငါးသွယ် ...
နေ့စဉ်သာယန်းလို့ရှုကာ
အလွန်ဂရုစိုက်ပါတယ် ... "

ကိုယ့်အိမ်မှ ကိုယ့်အဝတ်ကိုယ်လျှော်ရင်း အဝတ်ကိုလျှော်ပေးချင်စိတ်စေတနာတွေ ရင်ထဲ အလုံးအရင်းနှင့်ဝင်လာသည်။ သူ့အဝတ်တွေပဲလျှော်ပေးနေရသလို ကြည်နူးလာမိသည်၊ ရင်ထဲမှာ ဘယ်ကမှန်းမသိ ပီတိတွေဝင်လာ

.....................................................................



...။ ဘယ်လိုခံစားချက်ပါလိမ့်။ အဲဒါ ... အချစ်လားကွယ်။

"မြင်မြင်ချင်းပဲချစ်မိတယ် ...
မြင်မြင်ချင်းပဲကြိုက်မိတယ်၊ စေတနာ ... မောင့်အပေါ်ထားလို့၊ ပျိုမေ မေတ္တာရှိလှတယ်၊ မစားနိုင် မအိပ်နိုင် ချစ်တဲ့စိတ္တဇရယ်၊ မောင်နဲ့လဲမခွဲနိုင်တယ်၊ ပျိုအလွန်ပဲစွဲပါတယ်၊ အတူနေဖို့ရယ်၊ အတူထိုင်ဖို့ရယ်၊ ပျိုဆုတောင်းမိတယ်ချစ်သူရယ် ... "

ဒီနေ့တော့ ... အဝတ်တွေ ခါတိုင်းထက်ပိုဖြူ...သလား၊ ယီပဲကုန်မလားမသိ၊ ပွတ်ပြီးရင်းပွတ်ရင်း၊ ရိုက်...ရင်းရိုက်ရင်း၊ ဆပ်ပြာတွေလဲ တိုက်ပြီးရင်းတိုက်ရင်း။

"အဖေအမေထက် ... ချစ်တဲ့မောင်မောင်ရယ်"

ဆိုပြီးမှ၊ နှုတ်ခမ်းလေးကို ယောင်ယမ်းပိတ်မိ...၊ နှုတ်ခမ်းမှာ ဆပ်ပြာတွေပေ၍ ပါးစပ် ထ,ဆေးရ၏။ ...လိုဆိုမိတာ မိဘကို အားနာစရာကြီးတောင်ကောင်း...ပြီ။ ချစ်သူတွေဟာ၊ တကယ်ပဲ အဖေအမေထက်ပိုပြီး၊ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ချစ်ကြလေသလား။

"မိန်းမတို့ ဣန္ဒြေအတွေ့တွေ့ကိုပယ်၊ မောင့်ကိုပင် မမြင်ရ ... ခင်နှမမှာကွယ်၊ မနေတတ် ပျို့စိတ်မှာ တကာယ်"

တကယ်ပါ ... ဆန်းကိုတွေ့ချင်စိတ်က အဲ...ခင်းစိုးမိုးလို့နေတော့သည်။ ဒီနေ့အဖို့မှာ ဆန်းကို

.....................................................................

www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့ရလျှင် ထမင်းစားလဲ မြိုမကျ၊ အိပ်လဲမပျော်ဖြစ်တော့မည်ထင်သည်။ မနေ့တတ်မထိုင်တတ်ဖြစ်ရပါဘီခြင်း။ ခုနေ ... ဆန်းသာရေးဆိုင်လေးတစ်ဆိုင်ဖွင့်ရောင်းနေသူဆို၊ ဘယ်လောက်ကောင်းလိုက်မလဲ။ ကြော် ... အဲသည်ဆိုင်ကိုသွားမှာ။ သွားကိုသွားဖြစ်မှာ။ သိပ်ဈေးကြီးတဲ့ပစ္စည်းလေးတစ်ခုဝယ်ပြီး ပြန်လာခဲ့။ ဆန်းမျက်နှာလေးကို တွေ့ခဲ့ရမှာပေါ့ကွယ်။ နေ့တိုင်းတွေ့ချင်ရင် နေ့တိုင်းသွား။ ပိုက်ဆံသိပ်မရှိတော့၊ ဝယ်သည့်ပစ္စည်းလေးတွေဟာလဲ တန်ဖိုးနည်းကြမှာ။ ဆန်းရေ ... စူပါမားကတ်ကြီး မဖွင့်လိုက်ပါနဲ့နော်။ ကြော့က ဆယ်ဂဏန်းလောက်တန်တဲ့ပစ္စည်းလေးတွေသာဝယ်နိုင်တာ၊ ရာဂဏန်းဆို၊ နေ့တိုင်း မဝယ်နိုင်ဘူး ဆန်းရဲ့၊ ဆန်းမျက်နှာကို နေ့တိုင်းတွေ့ချင်တာ။

ဖြစ်မှဖြစ်ရလေနော်။

ကြော့ရှင်းခင်ဆိုတဲ့မိန်းမသားဟာ မိန်းမနောက်ပိုးဖြစ်နေရပြီထင်ပါရဲ့။ ဟုတ်ပါတယ်၊ ကြော့ ... သူ့ကိုချစ်သွားမိပြီ။ မြန်လိုက်တာ။ အချစ်ဟာ မယုံနိုင်စရာကောင်းလောက်အောင် ကြော့ရင်ထဲ ပြေးဝင်လာလိုက်တာ၊ တာတိုအပြေးသမားတစ်ယောက်ရဲ့ စံချိန်ကိုတောင် ချိုးလိုက်နိုင်မယ် ထင်ပါတယ်။ ကြော့ဟာ မိန်းမသားပါကွယ်၊ မိန်းမသားတို့ ခွဲမြဲစွာခြုံအပ်တဲ့ ဣန္ဒြေခြုံစောင်လေးကိုတော့ ဖယ်မချပစ်လိုက်နိုင်ပါဘူး။ ကြော့သိတယ်ဆန်းရဲ့၊ အဲဒီလိုဖယ်



ချပစ်ခဲ့တဲ့အမျိုးသမီးတွေဆိုလဲ ဆန်းတို့ယောကျ်ားတွေအထင်ကြီးတတ်ပါဘူး။ ဒါကို အမျိုးသမီးတိုင်းက မသိဘူး။

ယောကျ်ားတွေရဲ့ လှို့ဝှက်ချက်တဲ့။

"တစ်ခွန်း တစ်ရက်ပဲ"

"သုံးခွန်းသောစကား" ... ရှေးလူကြီးများဟင်စားပြောခဲ့ကြသည်။ အဲသည်စကားသုံးခွန်းကို တစ်ခွန်းတစ်ရက်ဆိုတော့၊ သုံးရက်လောက်လိုက်ရုံနှင့် ရနိုင်သည့်မိန်းကလေးဆို ယောကျ်ားတွေက ပေါပေါပဲပဲ ပေးလားဂါးလားရောချင်ရောမည်။ နှောချင်နှောမည်။ ရာသက်ပန်ရိုးမြေကျလက်ထပ်ယူဖို့ကျတော့ ဝန်လေးကြပါလိမ့်မည်။ သူတို့က ဝန်မလေးဘူးဆိုလျှင်တောင် ယောကျ်ားလေးရှင်မိဘတွေက တားဆီးပိတ်ပင်ကြပါလိမ့်မည်။

ကြော့ ... တစ်ခွန်းတစ်ရက် အမျိုးအစားထဲမှာ မပါဝင်လိုပါ။ ဆန်းရဲ့တန်ဖိုးထား မြတ်နိုးမှုကို ရယူချင်စမ်းပါဘီ။ ဆန်းရယ် ... ကြော့ ဘာလုပ်ရမလဲ။ ရင်ထဲကချစ်စိတ်တွေကို ချိုးဖဲ့ဆိတ်ချေပြီး၊ စကြာဝဠာအပြင်ဘက်ကို လွှင့်ပစ်လိုက်ရမှာလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်းရဲ့ခြေလှမ်းတွေက ကြော့သီချင်းဆိုသည့် ရက်စတောရင့်ဘက်သို့ ဦးတည်နေ၏။ ဆန်း ... ပိုက်ဆံသုံးနိုင်သည်ဆိုပေမယ့် နေ့စဉ်ရက်ဆက်သွားစားသောက်ဖို့လောက်ထိတော့ မပေါ်များပါ။ ဘာလုပ်ရမလဲ။ သူဘယ်မှာနေမှန်းလဲမသိ။ အိမ်သွားလည်ဖို့ကလည်း မကောင်း။ စကားမတည် အမျိုးမျိုး ပြောတတ်သည့် ကောင်မလေး။ ပထမနေ့တုန်းကကျတော့ သူနေတဲ့ရပ်ကွက်က ဆင်းရဲစုတ်ပြတ်လွန်းလို့တဲ့။ နောက်တစ်နေ့ကျတော့ တိုက်ခန်းနဲ့နေပြန်သတဲ့။ ဘယ်ဟာမှန်လို့ ဘယ်ဟာမှားလေမလဲ။ ကန်ထရိုက်တိုက်တွေရှိသည့်လမ်းဟာ ကားဝင်လို့ရသည်ချည်းပါ။

"ဟော့ကောင် ... ငဆန်း"

"ဟာ ... ဆင်ပေါက်၊ လာ"

"မင်းကိုလာခေါ်တာ"

"ဘယ်လဲ"

"ငါတို့သူငယ်ချင်းတွေ ဒီည နဖူးတိုက်ဆွေးနွေးပွဲရှိတယ်ကွ၊ ဒီလိုလေ ... ခုကျောင်းလဲပိတ်ထားတယ်၊ အားလဲအားနေတယ်၊ အင်ဂျင်နီယာတွေကောင်းစားတဲ့ခေတ်လဲဖြစ်နေတယ်"

"ဘာလုပ်မလို့လဲ"

"ကွန်စထရပ်က်ရှင် (Construction ဆောက်လုပ်ရေး) ကုမ္ပဏီကြီးတွေက တိုက်တွေလိုက်ဆောက်တယ်ကွာ၊ ဘယ်မှာ သူတို့ဘာသာသူတို့ အကုန်လုံးလိုက်ဆောက်နိုင်ပါ့မလဲ၊ အဲဒါ ... ကန်ထရိုက်ပြန်ပေးတာပေါ့၊ တစ်ဦးထဲတောင်မကဘူး၊ လေးငါးဆယ်ဦးပေးတာ"

"မိကျောင်းသားရယ်၊ မင်းနဲ့ငါ ဒီခေတ်မှာ တူတူကြီးပြင်းပြီး အတန်းလဲတူတူပဲ၊ မင်းသိသလောက်ငါသိတယ်၊ လိုရင်းကိုတိုရှင်း"

"ငါတို့ကန်ထရိုက်ဝင်ယူမလို့"

"မင်းက ... "

"မင်းနဲ့ငါအပါအဝင် ငါးယောက်ရှယ်မယ်၊ ကျွဲကြီးရယ်၊ ခိုင်းနွားရယ်၊ ရေချူရယ်"

"ကောင်းသားပဲ ... တိရိစ္ဆာန်မျိုးစုံ ကန်ထရိုက်တာများအဖွဲ့ပေါ့"

ဆင်ပေါက်က ... ပိန်ကပ်ပြီး လူက သေးသေးလေးမို့၊ ထွားလာအောင်၊ ပညတ်သွားရာ ခတ်သက်ပါအောင်ဆိုပြီး ဆင်ပေါက်ဟု ခိုင်းခေါ်ကြပေမယ့်၊ သူ့အရပ်က တက်သည်မရှိ၊ ပို၍တောင် ပုဝင်သွားသေးသလားထင်ရသည်။ ကျွဲကြီးတကျတော့ အသားမဲပြီး ချိုးသားလို့။ သူ့ဦးခေါင်းချိုစောင်းနှစ်ဘက်က တကယ်ပဲအားထွက်နေတာ ချိုပေါက်ဖို့နေရာများ သတ်မှတ်ထားသလား ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုင်းနွားကတော့၊ သူ့ရည်းစားအတွက် ဖိနပ်ဝယ်ပေးမိလို့၊ ရေချူကတော့ ညီလို့။ သူ့နွားကပ်လျှင် ရေချူဆော်နံ့သည်ဟု ဘယ်တစ်ယောက်က စဖောက်လိုက်မှန်းတောင်မသိ၊ သူ့နာမည် အလိုလို ရေချူဖြစ်သွားရသည်။

"အဲဒါ … ဒီည တို့အဖွဲ့ကို ရေချူက ကျွေးမယ်၊ တိုက်မယ်၊ မှောက်ကုန်မှာ သေချာတော့ ဘူးတိုက်ဆွေးနွေးခြင်းတော့မဖြစ်ဘူး၊ နဖူးတိုက်ဆွေးနွေးခြင်းပဲဖြစ်မယ်၊ မယ်တော်ကြီးဆီမှာ ခွင့်တင်၊ ခုတစ်ခါထဲလိုက်ခဲ့၊ လူလိုက်စုရဦးမှာ"

"ရေမချိုးရသေးဘူးကွ"

"ရေချိုးတော့ရော ဘယ်လောက်ထူးခြားလှပလာမှာမို့လဲ"

"မင်းတို့က ဘယ်သွားမှာလဲ"

"ဒါတော့ ဒကာခံမယ့်ရေချူသဘောကျတဲ့နေရာပေါ့၊ သူကျွေးမှာ၊ သူနေရာရွေးမှာပေါ့"

ကြော့ရှိတဲ့ဆိုင်ဆို ဘယ်လောက် ကောင်းမလဲ။ ကြော့ကို မတွေ့ရတာ နှစ်ရက်ကြီးများတောင် ရှိပြီ။ တွေ့ချင်လွန်းလို့လဲသေတော့မယ်။ ဒီနေ့ ဘယ်သူမှလာမခေါ်လျှင်တောင် ကိုယ့်ဘာသာ တစ်ယောက်ထဲ သွားတော့မလို့။

"ရေလေးတော့ချိုးပါရစေ"





"ရေနွေးနဲ့ပြုတ်လိုက်ပါလား"

"စိဘ်ချ"

ဆန်းက နှာခေါင်းရှုံ့လိုက်၏။ ဒကာတော်ရေခြူရှင် ရေချူကတော့ ပါးစပ်ကြီးဖြဲ၍ ရယ်နေသည်။ ပန်းဘုံးထစ္စပ်တာလဲ နှစ်ခါရှိပြီ။ "တော်တော့" … ဟုသူငယ်ချင်းတွေက ဝိုင်းဆွဲထားရသည်။

"ပိုက်ဆံဘယ်လောက်ပါလို့လဲ၊ ဝိုင်းဖိုးမရှင်းနိုင်ရင်စိုက်လိုမ့်မယ်မထင်နဲ့"

ရေချူ … တော်တော်လည်း မူးနေပြီ။ သူကညည်းနည်းလေးသောက်ရုံနှင့် အများကြီးမူးတတ်သူမို့ အပြန်ကျ သူ ကားမမောင်းနိုင်မှာ သေချာသည်။ သူ့ကို ကားပဲမနိုင်းဘဲ သွားကြိုလာခဲ့တာမှန်လေစွ။

သီချင်းဆိုနေသောအမျိုးသမီးများ၊ လှ၏ ၊ အသားကဝင်းဝင်းကလေး၊ မျက်နှာသွယ်သွယ်နှာတပေါ်ပေါ်မို့ လှပြီပေါ့။ လူက ပိန်ပိန်ပါးပါး။ ဆံပင်တွေက ဖြောင့်ဖြောင့်ကား ပျော့အိလျက် ကျောကယ်ထိကျနေပုံက



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်၏ ပါးနုစ်ဖက်ကို တစ်ဖက်တစ်ခြမ်းစီလောက် ကွယ်ထား၏။ အဲဒါလည်း လှပါသည်။ သို့သော်ငြား ... အဲသည်ဆံပင်တွေက အစိမ်းရောင်ဖြစ်နေတာ အလွန့်အလွန် ဆိုးလေ၏။ ဆံပင်အစိမ်းရောင်ရယ်လို့ ဘယ်နိုင်ငံမှာရှိသည် ဟု ကြားဘူးသလဲ။ မြန်မာ့ဆံပင်ကတော့ ပိတုန်းရောင်ကေသာမှ၊ နက်မှ၊ မှောင်မှ၊ စိုလက်နေမှလှတာ။ အနောက်နိုင်ငံတွေမှာတော့၊ ရွှေရောင်တို့၊ မီးခိုးတို့၊ ပြောင်းဖူးဆွံ့ရောင်တို့၊ ခပ်ညိုညိုတိုတိုတွေရော၊ မြန်မာ့မျက်စိထဲ မတိုးနိုင်ပါ။

"အုတ်သယ်ခဲသယ်နဲ့၊ နေပူထဲ မဆလာသယ်ရရှာတဲ့ ပင်ပင်ပန်းပန်းလုပ်စားရတဲ့ ပန်းရံလုပ်ရတဲ့မိန်းကလေးတွေ သိပ်သနားဖို့ကောင်းတယ် ဆန်းရယ်ဆံပင်တွေဆိုတာ ... ညို ... လို့" ... တဲ့။ မေမေကပြောတာ။ ခုဆံပင်အစိမ်းရောင်ဆို မေမေဘယ်လိုပြောမည်မသိ။ ပြီးတော့ ... နှုတ်ခမ်း၊ နှုတ်ခမ်း၏မူလအရောင်ဆိုသည်မှာ ပန်းသွေး။ ကျန်းမာရေးကောင်းလေ အနီဘက်သို့လှလေ။ အဲဒါကို ကျန်းမာရေးမကောင်းသူတွေက ကျန်းမာရေးကောင်းလေဟန် အလှကို မက်မောတပ်မက်တာ နှုတ်ခမ်းနီဆိုးကြတာမဟုတ်လား။ ပန်းနုရောင်ကလေး၊ အဘွားတို့ခေတ်ကဆို ပါတာနီလေးမြှုသတဲ့၊ နိုဟော်တီလေး။ နှုတ်ခမ်းတင်မက လျှာတွေပါနီနေတာကိုပဲ ဥစ္စာမှ





ပေါက်ကာစရှုက်ကလေးရဲ့အလှဆိုပဲ။ ထားပါတော့ ပန်းရောင်မှ အနီရောင်၊ ပန်းခရမ်းရောင်၊ မူလနှုတ်ခမ်းရောင်ရှိရမည့် သဘာဝရောင်ထက် ပိုချင်နည်းနည်းပိုပါ၊ မတိမ်းမယိမ်းကလေးဆို မလှဘူးလား၊ ခုအမျိုးသမီးဆိုးထားတာက ယောဂီရောင်ရင့်ရင့်ကြီးမို့ နက်မှောင်လုနီးပါး။

"ဒီစုန်းမလေးလှတယ်နော်"

"အေးကွ"

နကိုရုပ်ကလေးချောသလောက် ဆံပင်စိမ်းနှင့် ...က်ခမ်းပုတ်နှင့်ဆိုတော့ စုန်းမနှင့်ရှိုင်းလဲ နှိုင်းချင်စရာ။ ...လိုးဆုံးက ... သူမ ဝတ်ထားသောအင်္ကျီ။ ဘာအင်္ကျီ ...မသိပါ။ လက်ကလေးကတော့ စကမရှိတရှိ၊ ပခုံးဖုံးလာမ ...ကျာက ဟိုက်ချထားလိုက်တာ၊ အစိမ်ရောင်ဆံပ ...တိုင်း ကျောသားဝင်းဝင်းကလေး လှစ်ခနဲပြူ ...င်းက ဟိုက်ချထားလိုက်တာကျတော့ ဆိုးမှဆိုး ...လှ့ချင်စရာကောင်းမှကောင်းဟုပြောရလျှင်တော့ ယော ...ကျွာကျတော့မည်။ မိန်းမသားမှာမှ သိက္ခာရှိတာမဟုတ်၊ ...ယောကျ်ားမှာလည်း သိက္ခာရှိတာပဲ။ မိန်းမသားတစ်ယောက် ...ပေါ်မလှစ်အပ်သောအရာများ ပွင့်ပေါ်နေတာကို မျက်စိ ...နိုင်လောက်အောင် ငေးစိုက်ကြည့်တတ်သောယောကျ်ားမျိုး ... ဘယ်လိုယောကျ်ားမျိုးဖြစ်မလဲ။ ယောကျ်ားသိက္ခာ ငါး



www.burmeseclassic.com

www.burmeseclassic.com



ပြားဖိုးတောင်မရှိသောယောကျ်ား၊ အရက်မရှိသောယောကျ်ား သာလျှင်ဖြစ်ချေ၏။ ဆန်းမေမေက ပြောဖူးသည်။

"စကားပုံရှိတာယ်မဟုတ်လား၊ ယိုသူမရှက် မြင်သူရှက်ဆိုတာ ... ဖော်သူက မရှက်ရင်၊ မြင်သူက ရှက်ပြီး မျက်နှာလွှဲပါလားရယ်" ... တဲ့။

"ဒါဟာ ယောကျ်ားကောင်းတို့ရဲ့ ကိုယ်ကျင့်တရားပါ" ... တဲ့။

ဤအဆိုတော်မလေး အင်္ဂလိပ်သီချင်းတော့ ဆို နေတာပါပဲ၊ သို့ပေမယ့် ... ဘာသီချင်းမှန်း မသိလောက် အောင် အသံထွက်နှင့် အဖြတ်အတောက်ကအစ မှားယွင်းပြီး နားထောင်ဖို့တောင် ခက်နေပေမယ့် သူ့တစ်ကိုယ်လုံး ... ခန်ပေါက်လှုပ်ယမ်းနေတာနှင့်ပဲ ကြည့်ကောင်းနေကြသ

မေပြောတတ်ပါ၊ ကျောရောရှေ့ပါဟိုက်သည့်အင်္ကျီက ဘယ်လဲမမေးနှင့်။ မေမေသာဆို ...

နှုတ်သူ့ဂှူမအင်္ကျီ ငှားဝတ်လာတာယ်ထင်ပါရဲ့"

... ဟု ပြောပါလိမ့်မည်။

ဘောင်းဘီက ထူထဲပါသည်။ ပွယောင်းပါ သည်။ ခါးကလည်း ချောင်နေပါသည်။ လူကပိန်ပိန်မို့ နှစ် ဆယ့်နှစ်လက်မလောက်ရှိမည့်ခါးကို နှစ်ဆယ့်ခွန်၊ နှစ်ဆယ် ရှစ်၊ သုံးဆယ်နီးပါးကျယ်သော ခါးကြီးနှင့် ဘောင်းဘီကို မှဝတ်ထား၏။ ခါးမှာ ချောင်ချင်တိုင်းချောင်ပြီး လျှောကျ





အပေါ်က အင်္ကျီကတိုတက်၊ အင်္ကျီနှင့်ဘောင်းဘီကြားမှာ လက်တစ်ဝါးစာ ဗိုက်သားဝင်းဝင်းက မမြင်ချင်မှအခဲ့း။

"ချက်ပေါ်လော်လီတာယ်ဆိုတာ ... ဒါမျိုး"

ဆင်ပေါက်က မနေနိုင်စွာ ထ,ဝေဖန်၏။ တ ကာယ့်ကို ချက်ပေါ်နေပါသည်။ မိန်းမသားချက်ဆိုတာ၊ ကိုယ့် ဘာသာငုံ့ကြည့်ဖို့တောင် ရှက်ရသည့်အရာ။ ဖုံးဖိသိုသိပ်အပ် သောနေရာ။

"ချက်တော့ဖော်ချင်တယ်၊ ချေးကျတော့ စင်အောင် မတွန်းဘူး"

ခိုင်းနွားက ထပြောတော့ ဝါးခနဲရယ်ဖြစ်၏။ ဝန်းရင်ထဲတော့ ကြောင်းဆန်နေသည်။ ခဏကြာလျှင် ကြော့ ရှင်းခင်ထွက်လာတော့မှာ၊ သူ့ဒီဇိုင်းက ဘယ်လိုဖြစ်လာမ လဲ။ ချက်ပေါ်လော်လီခြင်းတော့ ကင်းပါစေ။

"သီချင်းမဆိုပါနဲ့ကြော့ရယ်"

"လူမှန်းသိကာစ၊ စကားစပြောတတ်ကတည်းက ပါလာ ခဲ့တဲ့ဝါသနာကို တော်ရုံနဲ့ ဘယ်လိုစွန့်ရမလဲဆန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဟာ တော်ရဲ့လား၊ ကြော့အတွက်တော်ရဲ့လူ လား"

ချစ်သူတွေဘဝသို့ရောက်လာချိန်က မြန်တော့ မြန်၏။ သို့ပေမယ့် ... ကြော့၊ သူ့ကိုသိပ်ချစ်ခဲ့ပါသည်။ သူကလည်း ကြော့ကိုချစ်၏။ ကြော့ကတော့ ရှေးရေစက်ဟုဆိုချင်သည်။ ဒီလူတစ်ယောက်ကိုမြင်ရုံနှင့် သီချင်းဆိုရင်း မှားယွင်းသွားခဲ့ရတာ၊ နည်းနည်းနောနောဖမ်းစားမှုလားဆန်း ရယ်။

"တခြားလဲ ကြော့ ဘာမှလုပ်မစားတတ်ဘူး၊ အစ်မ ဆီမှာ ထမင်းဘိုးလေးလဲ ပြန်ထည့်ချင်တယ်"

"ကြော့ ... ကိုးတန်းတိပဲ စာသင်ခဲ့ရပါ တယ်၊ ဖေဖေနဲ့မေမေဆုံးပြီး ဟိုအိမ်နေ ... ဒီအိမ်နေဆိုတော့၊ ကျောင်းတက်ရတဲ့နှစ်လဲ ရှိတယ်၊ မတက်ရတဲ့နှစ်တွေလဲရှိပါတယ်" ... ဆိုသည့် အကြောင်းတွေက၊ ဆန်း ရှေ့မှာ အားငယ်စွာ ဝန်ခံရပါသည်။ အင်ဂျင်နီယာလောင်းကြီးရေ။ ပညာမရှိ၊ ဥစ္စာမရှိ၊ ကျောထောက်နောက်ခံမရှိ၊ မိဘလဲမရှိသော တကယ့်စုတ်စုတ်ပြတ်ပြတ်မလေးတစ်ယောက်ကို ဆန်း ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ် စွဲစွဲမြဲမြဲချစ်နေနိုင်မှာတဲ့လဲ။ ဆန်းမေမေကရော ကြည်ဖြူသဘောတူမှာတဲ့လား။

"ကြော့လေ ဆန်းကိုသိပ်ချစ်တာပဲ၊ ဒီ့ထက် ချစ်လို့ရ



ရင် ချစ်ချင်ပါသေးတယ်၊ ဒါပေမယ့် ... ဆန်းကို တစ်နေ့နေ့မှာ လက်လွှတ်ဆုံးရှုံးရမယ်ဆိုတာကိုလဲ ရင်ဆိုင်ဖို့ ကြိုတင်သတ္တိမွေးထားတယ်၊ ဒီလိုမှ ပြင်ဆင်မထားရင် ကြော့ရင်ကွဲပြီးသေရမှာ"

"ကိုယ့်ပြောစကားကို နားထောင်ကွာ"

"ကြော့ ဘာလုပ်ရမှာလဲ"

"သီချင်းမဆိုနဲ့၊ မဆိုနဲ့ဆိုတာ ဟော်တယ်မှာမဆိုနဲ့ ပြောတာ၊ ကိုယ့်ဘာသာ ဝါသနာပါလို့၊ တီဗီရိုက် ချင်ရိုက်"

"ဆန်းရေ ... တီဗီရိုက်ဖို့အတွက် သီချင်းတစ်ပုဒ် ဘယ်လောက်ကုန်တယ်မှတ်လဲ"

"ဘယ်သိန်းလား"

"အနောက်နဲ့ ... အကောင်းပြောမလို့၊ သီချင်းဝယ်တာကစမယ်၊ တစ်ပုဒ်ကိုတစ်သောင်း"

"ဟိုက်"

"ဟိုက်ရုံတင်မကဘူး၊ မောသွားမယ်၊ ဝိုင်းကြေး၊ စတူဒီယိုကြေး၊ ဒီအေတီခွေကလဲ တစ်ခွေကို နှစ်ထောင်ကျပါး၊ အများနဲ့စုလုပ်ရင် ဝိုင်းကြေးနဲ့စတူဒီယိုကြေး တက်သာမယ်၊ မှုခံရမှာဆိုတော့။ ပြီးတော့ အဝတ်အစားဖိုး၊ မိတ်ကပ်ဖိုး၊ ကြော့မတတ်နိုင်ဘူး ဆန်းရဲ့ သုံးလေးပုဒ်လောက်ရိုက်ထားတာတောင် ဟိုလိုနဲ့က

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဈေးမကြီးသေးလို့ ရိုက်နိုင်တာ၊ မြန်မာ့ရုပ်မြင်သံကြားက အလကားရိုက်ပေးပေမယ့် ကိုယ့်ဘက်က ပြင်ဆင်သွားရတဲ့စရိတ်က နည်းတာမဟုတ်ဘူး"

"မင်္ဂလာဆောင်တွေလိုက်ဆို"

"ကြော့လို စီးရီးတစ်ခါမှမထွက်ဘူးသေးတဲ့ နာမည်မရှိတဲ့အဆိုတော်ကို မင်္ဂလာဆောင်ရှင်တွေကလဲ မခေါ်ဘူး၊ ဝိုင်းကလဲ မခေါ်ဘူး၊ ဟိုတစ်ခါ ပြည်သူ့ဥယျာဉ်မှာဆိုရတာက၊ အဲဒီဝိုင်းနဲ့ တီဗီသီချင်းရိုက်ထားလို့ သနားလို့ခေါ်တာ"

"အဲဒီဝိုင်းနဲ့ပဲဆို"

"အဲဒီဝိုင်းကိုကလဲ ဘယ်မှာသိပ်ငှားခံရလို့လဲ"

"ရေချိုးခန်းထဲပဲဆိုကွာ"

"အဆိုတော်ဖြစ်ချင်တာ"

"သေလိုက်"

ဆန်းက အစအနောက်သန်သည့်နေရာမှာ မညှာမတာလည်း ပြောတတ်၏။

"သေချင်ပါတယ်ဆန်းရယ် ... ဆန်း ချက်နှာလေးကိုကြည့်လို့မဝသေးလို့ပါ။ ဆန်း မိန်းမယူပြီးရင်တော့ သေပါ့မယ်"

"မေမေ့ကိုပြောရခက်တယ်" ... ဆိုသည့်အကြောင်း၊ ဆန်းက ပါးစပ်မှ အမြှုပ်ထွက်လုနီးပါး လှည့်

...



...က်ပြောရှာ၏။ အသက်သာဆုံးစကားလုံးတွေကို ရွေးသည်။ ...ိုပေမယ့် ... အနှစ်ချုပ်လိုက်တော့ ရက်စဘောရင့်မှာ ...ချင်းဆိုသောမိန်းကလေးကို သားအဖိုးတန် အင်ဂျင်နီယာ ...လောင်းနှင့် မပေးစားနိုင်ခြင်းပါပဲ။

"ရက်စဘောရင့်မှာ သီချင်းဆိုတဲ့ မိန်းကလေးတိုင်း ပျက်ပျက်စီးစီးမဟုတ်ရပါဘူး ဆန်းရယ်၊ ဝါသနာပါတဲ့ သမာအာဇီဝအဖြစ်ဆိုနေကြတဲ့သူတွေ အများကြီးပါ"

"ချက်ပေါ်လော်လီတွေကလဲ အများကြီး"

"ကြော့ မငြင်းပါဘူး၊ တစ်ဝက်စီပဲထား၊ တစ်ကန့်စီမြင်မပေးနိုင်ကြဘူးလားဟင်၊ လက်ညှိုးမကောင်းလက်ညှိုး၊ လက်မ မကောင်းလက်မပေါ့"

ဒီကိစ္စမျိုးအလားတူ၊ မေမေနှင့်ဆွေးနွေးခဲ့ဘူး...ပြီ။ မေမေ့တူလက်ထပ်မည့်ကောင်မလေးက တော်ရှာပါ...၏။ သို့ပေမယ့် ... ထိုမိန်းကလေး၏မိခင်က ယောကျ်ား...လက်ပြောင်းခဲ့သည်။ ကိုယ်ကျင့်တရားသိပ်မထိန်းပါ။ ...ယောကျ်ားတစ်ယောက်နှင့်ကွဲခြင်း၊ နောက်တစ်ယောက်နှင့် ...ထပ်ခြင်းဆိုတာတွေဟာ၊ ထမင်းစားရေသောက်...၏ မဆန်းပြားသော ဖြစ်ရိုးဖြစ်စဉ်တွေလို ...ကူ...သွားခဲ့သည်။ မေမေက ကန့်ကွက်တော့ ...မေ့တူက ...ကားကိုပဲ ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ညှိုးမကောင်းလက်ညှိုး၊ လက်မမကောင်းလက်မ မဟုတ်ဘူလားဒေါ်လေးရယ်" ... တဲ့။

အဲသည်တုန်းက မေမေပြောခဲ့သောစကားကလည်း ပညာသားပါပါပေ၏။

"အဲဒီ လက်ညှိုးနဲ့လက်မဟာ အနီးကပ်ဆုံးတည်ရှိနေတယ်ဆိုတာလဲ သတိထားအုံး၊ တစ်စုံတစ်ခုကို ကောက်ယူဖို့အတွက် လက်မတစ်ခုထဲနဲ့ မပြီးသလို လက်ညှိုးတစ်ချောင်းထဲနဲ့လဲမပြီးဘူး၊ နှစ်ခုလုံးနဲ့ညှပ်ကိုင်ကောက်ယူမှ ရတာဆိုတော့၊ ပူးပေါင်းသွားကြမယ့်ကိစ္စတွေ အများကြီး" ... တဲ့။

အဲသည်တုန်းကလောက် မနီးစပ်ပေမယ့်၊ ကိုယ်ကျင့်တရားမထိန်းသော ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်စော်နံနေမှာကို မနံပါနဲ့ တားရခက်၏။ ပုပ်စပြုသောငါးခုံးမကို၊ လှေပေါ်မှကောက်ယူလွင့်ပစ်လိုက်ဖို့ ဆိုင်ပိုင်ရှင်တွေ ဟော်တယ်ပိုင်ရှင်တွေကသာ ဝီရိယရှိကြမည်ဆိုလျှင် ရက်စတောရင့်မှာ သီချင်းဆိုသည့်မိန်းမသားတွေ နာမည်ကောင်းသွားနိုင်သလို၊ ရက်စတောရင့်တွေများ ဝင်ငွေလျော့သွားမလား ... ဟု တွေးနိုင်စရာလည်းရှိ၏။ ပုပ်စပြုသော ငါးခုံးမ၏အနံ့အသက်ကိုမှ မွှေးကြိုင်ရှူရှိုက်လိုသည့်ပရိသတ်ကလည်း ရှိနေနိုင်သေးသည်။ ဤကိစ္စ ... မည်သူ့အပေါ် အပြစ်ပုံချရမည်မသိ၊ ဘဲဥအစရှာမရသလို၊



အမျိုးကောင်းသမီးလေးတွေ ရောနှောနစ်နာရတာတော့ သနားဖို့ကောင်းလှပါသည်။

ကြော့၏သိက္ခာကို ဆန်းယုံကြည်၏။

မေမေယုံအောင် ဘယ်လိုပြောရမလဲ။ ပြောလို့ရပြီပဲထား။ ဆန်းကျင်လည်ရသောပတ်ဝန်းကျင်ကရှိသေး၏။ ပတ်ဝန်းကျင်ဆိုတာ မရှိလျှင် ဘယ်လောက်ကောင်းမလဲ။ ဖြစ်နိုင်လျှင်တော့ ဆန်း ကဗျာဆန်ချင်လှပါ၏။

"ဘယ်သူမှမရှိတဲ့ ကျွန်းကလေး တစ်ကျွန်းပေါ်မှာ ကြော့နဲ့ကိုယ်နဲ့ နှစ်ယောက်ထဲနေကြမယ်၊ ကြော့ သီချင်းတွေကြိုက်သလောက်ဆို၊ ကိုယ်ကနားထောင်မယ်၊ ဗိုက်ဆာတော့ ငါးမျှားစား၊ သစ်သီးတွေခူးစား၊ ရွှေလဲမလိုဘူး၊ ငွေလဲမလိုဘူး"

"ကျန်းမာရေးလိုတယ်လေ ဆန်းရယ်၊ ကြော့က သေကောင်ပေါင်းလဲဖြစ်ပါပြီတဲ့ ဆန်းဘယ်လိုလုပ်မလဲ၊ ဆန်းက သေကောင်ပေါင်းလဲဖြစ်ပါပြီတဲ့ ကြော့ဘာလုပ်ရမလဲ"

"ကိုယ်ဖြစ်ရင်တော့ ကြည့်သာနေလိုက်၊ သေပေစေ၊ ယောကျ်ားပဲ"

"ဩ ... ကြော့က တစ်ယောက်ထဲကျန်ခဲ့ရမယ်"

"လိုက်မသေနိုင်ဘူးလား၊ ကြော့သေသွားရင် ကိုယ်က လိုက်သေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆန်း တကယ်လိုက်သေမသေ ... သိချင်လို့ကို၊ ခဏလောက်သေကြည့်လိုက်ချင်တယ်၊ ကိုယ်ကသာ သေရတာကြီး အဖတ်တင်မှာ၊ သူ့ဖြင့် ... မိန်းမ ယူမှာ"

"မယုံရင်သေကြည့် ... တကယ်၊ သေကြည့်လိုက်"

"ဆန်းရယ် ... စောစောသေစေချင်နေပြီနော်"

ဆန်းရယ်၏။ ကိုယ့်ကိုသေဖို့ပြောပေမယ့် ကြော့ စိတ်မဆိုးနိုင်ပါ။ ဆန်းနှင့်ရောရယ်ရင်း၊ မိခင်ရင်ခွင်မှာ က လေးဆိုးလို ခေါင်းခွေ့နေမည့် ဆန်းပုံစံကိုမြင်မိသည်။ ချစ် လိုက်ရတာဆန်းရယ်၊ ဒါပေမယ့် ... ဒီအချစ်တွေကို တစ် နေ့နေ့မှာ ကြော့ ပြန်လည်သိမ်းယူရမယ်ဆိုတာ သိနေပါ တယ်။

"ဟိတ် ... ကြော့၊ လာ ... လာ ... ၊ အရေး ကြီးလို့ လိုက်ခဲ့"

"အို ... ဘယ်လဲဆန်းရဲ့"

နေခင်းဘက်ဆို၊ ဆန်းက ကြော့တို့တိုက်ခန်း



လေးသို့ လာလည်လေ့ရှိသည်။ ကြော့နှင့် စကားတွေပြော ကြသည်။ ကြော့က သံတံခါးကိုသာ ဂျက်ထိုးလျက် သစ် သားတံခါးမကြီးဖွင့်ကာ၊ လှေခါးမှအဆင်းအတက်လုပ်သူ ကိုင်းအတွက် မြင်သာထင်သာညှော်ခန်းမှာထိုင်၍ ညှော်ခံစ ကားပြော၏။ ယှဉ်ထိုင်လျှင်တောင် မျက်နှာချင်းတစောင်း ဘားတိုက်ကြီးမို့ စကားပြောလို့မကောင်းတာနှင့်၊ အလယ် မှာ စားပွဲခြားလျက် မျက်နှာချင်းဆိုင်ထိုင်ပြီးပြောကြသည်။ ကြော့ကတော့ ... ဟိုဟိုသည်သည် ကိုးကြင်းကိုးကျောင်း ချောင်ကြိုချောင်ကြား လျှောက်သွားတာနှင့်စာလျှင်၊ ခုလို က ဣန္ဒြေရှိ၊ သိက္ခာရှိဟု ယူဆ၏။ ကြော့က ဆန်းကိုကျွေး မွေးဖို့၊ မီးဖိုထဲဝင်၍ ကော်ဖီဖျော်ခြင်း၊ လက်ဖက်သုပ်ခြင်း ပြုလုပ်သော်လည်း ကျေးဇူးတင်စရာကောင်းလှသောဆန်းက ယ်တော့မှ မီးဖိုထဲတွေဘာ[...] ိုက်လာလေ့မရှိပါ။ သူ့ဘာသာ ညှော်ခန်းမှာ ဣ[...]

"ကြာတယ်ကွာ ..[...]

... ဆိုတ[...]

ဆန်းမေမေသိသွားသည့်[...]

"မိန်းကလေးတေ[...]

မှောက်တာမဟု[...]

ကုန်ရှုံးရင် တ[...]

မှာ နှစ်ယော[...]

www.burmeseclassic.com



"ဆန်း တကယ်လိုက်သေမသေ … သိချင်လို့ကို၊ ခဏလောက်သေကြည့်လိုက်ချင်တယ်၊ ကိုယ်ကသာ သေရတာကြီး အဖတ်တင်မှာ၊ သူ့ဖြင့် … မိန်းမ ယူမှာ"

"မယုံရင်သေကြည့် … တကယ်၊ သေကြည့်လိုက်"

"ဆန်းရယ် … ဆော်တော်သေစေချင်နေပြီနော်"

ဆန်းရယ်၏။ ကိုယ့်ကိုသေဖို့ပြောပေမယ့် ကြေ့ စိတ်မဆိုးနိုင်ပါ။ ဆန်းနှင့်ရောရယ်ရင်း၊ မီခင်ရင်ခွင်မှာ က လေးဆိုးလို ခေါင်းခွေ့နေမည့် ဆန်းပုံစံကိုမြင်မိသည်၊ ချစ် လိုက်ရတာဆန်းရယ်၊ ဒါပေမယ့် … ဒီအချစ်တွေကို တစ် နေ့နေ့မှာ ကြေ့ ပြန်လည်သိမ်းယူရမယ်ဆိုတာ သိနေပါ တယ်။

❀ ❀

"ဟိတ် … ကြေ့၊ လာ … လာ … ၊ အလေ ကြီးလို လိုက်ခဲ့"

"အို … ဘယ်လဲဆန်းရဲ့"

နေ့ခင်းဘက်ဆို၊ ဆန်းက ကြေ့တို့တိုက်ခန်း



လေးသို့ လာလည်လေ့ရှိသည်။ ကြေ့နှင့် စကားတွေပြော ကြသည်။ ကြေ့က သံတံခါးကိုသာ ဂျက်ထိုးလျက် သစ် သားတံခါးမကြီးဖွင့်ကာ၊ လေခါးမှအဆင်းအတက်လုပ်သူ တိုင်းအတွက် မြင်သာထင်သာသည့်ခန်းမှာထိုင်၍ ညည့်ခံစ ကားပြော၏။ ယှဉ်ထိုင်လျှင်တောင် မျက်နှာချင်းတစောင်း စားတိုက်ကြီးမို့ စကားပြောလို့မကောင်းတာနှင့်၊ အလယ် မှာ စားပွဲခြားလျက် မျက်နှာချင်းဆိုင်ထိုင်ပြီးပြောကြသည်။ ကြေ့ကတော့ … ဟိုဟိုသည်သည် ကိုးကြင်းကိုးကျောင်း ချောင်ကြီးချောင်ကြား လျှောက်သွားတာနှင့်စာလျှင်၊ ခုလို က ဣန္ဒြေရှိ၊ သိက္ခာရှိဟု ယူဆ၏။ ကြေ့က ဆန်းကိုကျွေး ဖို့လွှဖို့၊ မီးဖိုထဲဝင်၍ ကော်ဖီဖျော်ခြင်း၊ လက်ဖက်သုပ်ခြင်း ပြုလုပ်သော်လည်း ကျေးဇူးတင်စရာကောင်းလှသောဆန်းက ယယ်တော့မှ မီးဖိုထဲတွေဘာတွေ ဝင်လိုက်လာလေ့မရှိပါ။ ဧည့်ခန်းမှာ ဣန္ဒြေရှိစွာ ထိုင်ကျန်ရစ်တတ်၏။

"ကြာတယ်ကွာ … မြန်မြန်"

… ဆိုတာမျိုးတော့ လှမ်းအော်၏။ ဒါကို ဆန်းလေးသိသွားသည့်နေ့မှာ ဆူတော့၏။

"မိန်းကလေးတွေသာ လင်ကုန်ရှုံးရင် တစ်သက်လုံး မှောက်တာမဟုတ်ဘူး၊ ယောကျ်ားလေးလဲ မယား ကုန်ရှုံးရင် တစ်သက်လုံးမှောက်တာပဲ၊ တို့ခန်းထဲ မှာ နှစ်ယောက်ထဲတဲ့ …

www.burmeseclassic.com

www.burmeseclassic.com



"သန့်ရှင်းပါတယ်ဆိုတာ ချေးစားပြောရင် ကြိုက်တတ်လို့စားတယ်ပဲထင်မယ်၊ ဘယ်သူမှမယုံဘူး၊ သူ့သူ့အစ်မနဲ့သူ့ခဲအိုပြန်လာပြီး၊ ရ.ဝ.တ. တို့ ဘာတို့လူကြီးတွေခေါ်လာ၊ တစ်ခါထဲ လက်ထပ်ခိုင်းမှ မိန်းမအရနောလို့သေတဲ့တစ္ဆေဖြစ်မယ်" ... တဲ့။

"မမေကလဲ မိန်းမစောစောယူတာနဲ့တော့ မသေပါဘူး၊ သေလဲတစ္ဆေဖြစ်မယ်လို့ ဘယ်သူပြောလဲ" ... ဆိုတော့ ...

"မမေပြောတယ်၊ သူများပြောမှယုံမှာလား၊ မမေပြောတော့ မယုံဘူးလား" ... တဲ့။ မမေက ကြော့ကို "ဖြတ်" လို့ တစ်ချက်လွှတ်အမိန့်မထုတ်ပါ။ အနေအထိုင်ကိုသာ ဆင်ခြင်ခိုင်းသည်။ ယောက်တယ်မှာ သီချင်းဆိုသောအသက်မွေးဝမ်းကျောင်းဟာ သမာအာဇီဝပေမယ့် ငါးခုံးမပုပ်ပုပ်ကလေးဆာ့ကြောင့် ဒီအသက်မွေးဝမ်းကြောင်းကို မမေ လက်မခံနိုင် ... ဟုဆိုထား၏။ ခြုံပြောရလျှင်တော့ မမေသဘောမတူလှပါ။ မကြည်ဖြူလှပါ။ ဒါကို ဆန်းသိပါသည်။ မေမေတားသည့်နေ့မှစ၍ နေ့ခင်းနေ့ခင်း ကြော့တို့တိုက်ခန်းသို့ လာလည်ခြင်းအလုပ်ကို ရပ်စဲရသည်။ ကြော့ သီချင်းဆိုသည့်နေရာကိုပဲလိုက်သွားတာ၊ ကြော့အလှည့်ပြီးသည်အထိ စောင့်ပြီးမှ စကားပြောတော့လဲ၊

"ကြော့ရှင်းခင်တို့က အမဲတစ်ကောင်ပဲချိတ်





...ထားသလား၊ အချဉ်တစ်ကောင်ပဲဖမ်းထားလား" ... ဆို...လို့ ပတ်ဝန်းကျင်အပြောက၊ ကြော့ရောဆန်းပါ သိကျွ...ရ၏။ ချစ်သူနှစ်ဦးက ရန်ကုန်တစ်မြို့ထဲနေပြီး တစ်ခါ...တစ်ခါ စာရေးကြသည်။

"ရည်းစားချင်းစာရေးတဲ့ခေတ် ကုန်ပြီဆိုပေ...မယ့် စာတိုက်ကို လုပ်ကျွေးရပြန်ပြီလေ ဆန်းရယ် ... ...ရင်းအောက်မေ့တာပဲ" ... အစချီလျက် ...

သွားပါသည် လာပါသည် နေပါသည် ထိုင်...ပါသည်၊ ဘာမှမဆန်းသော ထမင်းစားရေသောက်အလုပ်...ပါ၊ တစ်ခုမကျန်ရေးတော့ စာအိတ်ကြီးထူလျက်၊ ဝတ္ထု...တစ်ပုဒ်လောက်ရှိလေ၏။ အဲသည်လိုနှင့် မတွေ့ကြရတာ...ပတ်လောက်အကြာမှာ၊ ဆန်း ... နေ့ခင်းဘက်ကြီး...ရောက်လာပြီး၊ လာ ... လာ ... ခေါ်တော့တာလေ။

"ဘယ်လဲ ဆန်းရဲ့"

"ဘယ်ဖြစ်ဖြစ် ... ခဏလေးပါ၊ လိုက်ခဲ့"

"အိမ်ကြီးသော့ခပ်ခဲ့ရမှာ"

"အစ်မတွေမရောက်ခင် ပြန်ပို့မယ်"

ကြော့ ... အဝတ်ထလဲတာတောင် ကြ...

...ပြီဟု အော်ဟစ်ကြိမ်းမောင်းနေသေးသည်။ တိုက်...ခပ်ပြီး ဆင်းလိုက်လာတာမှာ၊ ကြော့ဆီမှာ...ကလေးတစ်လုံးပဲ ပါလာခဲ့သည်။ ဆန်း...

www.burmeseclassic.com

www.burmeseclassic.com



နေရာက ဆန်းတို့ အင်ဂျင်နီယာလောင်းတွေ ကျောင်းပိတ်ကုန်း အလုပ်စုလုပ်နေကြသည့်နေရာ။ ဆောက်လုပ်ရေးကုမ္ပဏီကြီးမှာ ကန်ထရိုက်ရပြီး ငွေကလေး လုံးလုံးခဲခဲရလိုက်တော့၊ မိဘတွေဆီကလဲ ထပ်တောင်းပြီး၊ ရပ်ကွက်ထဲမှာ အိမ်တစ်လုံးဝယ်သည်။ အိမ်ရှင်နှင့်အခန်းပေးအခန်းယူစနစ်မဟုတ်ပါ။ အိမ်တစ်လုံးလုံးကို အပြတ်ဝယ်ခြင်းဖြစ်၏။ ပြီးတော့ ဖျက်ချ၊ သုံးထပ်တိုက်ဆောက်၊ ယောင်ကောင်ပုံစံဆိုတော့ ခြောက်လွှာ။ ခြောက်ထပ်ပဲထားပါတော့၊ အဲဒီအပေါ်မှာမှ အပေါ်ဆုံးထပ်၊ ခေါင်မိုးထပ်ပေါ့လေ၊ တစ်ထပ်ထပ်တင်ထားသည့်အလွှာကကျတော့ လှေခါးခြားလျက် တစ်ခြမ်းသဘောမျိုးမဟုတ်ဘဲ၊ ပြင်ကျယ်ကြီးဖြစ်ကာ ကျယ်ဝန်းပြန့်ပြောလျက်ရှိသည်။

"လာ ... လာ ... "

တစ်ခေါ်ထဲခေါ်လျက် အပေါ်ဆုံးထပ်ထိ အပြေးတက်ခဲ့ရသည်။ အောက်ထပ်တွေမှာ အလယ်လှေခါးခြားလျက် တစ်ဖက်ကို ခြောက်လွှာစီမို့ စုစုပေါင်း ဆယ့်နှစ်လွှာ၊ အပေါ်ဆုံးထပ်ပြင်ကျယ်ပျံ့ပျူးကြီးနှင့်ပေါင်းတော့ ဆယ့်သုံးလွှာ။ အောက်ထပ်တွေမှာ၊ တချို့ခန်းက ပြီးနေပြီ၊ တချို့ခန်းက မပြီးသေး၊ ဆောက်ဆဲ။ ပြီးနေပြီဆိုတာတွေထောင်ငွေကြေးပြီးမို့ အမြန်ချော အချောသပ်ပေးရတာမျိုးဖြစ်လျက် နေဖို့အတွက် လူတွေပြောင်းမလာကြသေးပါ။ တိုက်ကြီးတစ်





တိုက်လုံးမှာမှ အလုပ်သမားက ဟိုအထပ်မှာတစ်ယောက်နှစ်ယောက်၊ ဒီအထပ်မှာ တစ်ယောက်နှစ်ယောက်ရှိ၏။ စုစုပေါင်းရှိလှ ဆယ်ယောက်။ အုတ်သယ်၊ သဲသယ်အလုပ်မဟုတ်တော့ဘဲ၊ အခန်းဖွဲ့၊ ကြွေပြားကပ်လုပ်ငန်းတွေမို့ အမျိုးသမီးအလုပ်သမားလည်း တစ်ယောက်မျှမတွေ့တော့။

"ဘယ်လိုဖြစ်လာတာလဲ ဆန်းရယ်"

အပေါ်ဆုံးထပ်သို့ရောက်တော့၊ ကြော့ ... လျှာထွက်လုနီးပါး မောနေသည်။ လုံလုံခြုံခြုံတံခါးနှင့် သော့နှင့်ပေမယ့် အင်္ဂတေစော်တွေနံဆဲ၊ ကြမ်းခင်းကလည်း သံမံသလင်း၊ အခန်းလည်း မဖွဲ့ရသေး၊ ဘာဆိုဘာမှမရှိသောထပ်ကြီး။

"ကြော့ ... ကိုယ့်ကိုချစ်တယ်နော်"

"မေးနေရသေးလား ဆန်းရယ်"

"ကြော့မှာ သတ္တိရှိလား"

"ဘာအတွက်လဲဟင်"

ကြော့ ... ရေးတေးတေးသဘောပေါက်လိုက်ပါ၏။ ဆန်းမေမေက ဆန်းကို ကြော့လိုမိန်းကလေးမျိုးနှင့် ဘယ်မှာလွှယ်ကူစွာ သဘောတူနိုင်ပါ့မလဲ။

"ဆန်းက ကြော့ကိုခိုးလာတာလား"

ဆန်းက မချိုမချဉ်ပြုံး၍ ခေါင်းညိတ်သည်။

"ဒါ ... ဒီလောက်အရင်လိုစရာလားကွယ်၊ မမတို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်စိတ်ပူမလဲ၊ ပြောပြီး ရုံးမှာလက်ထပ် လဲရတာပဲ၊ ခုတော့ ... မမတို့ပြန်လာရင် ဘယ် လိုပြန်ဝင်တော့မလဲ"

"သူတို့မှာ သော့ပိုမရှိဘူးလား"

"ရှိတော့ရှိတာပေါ့၊ ဒါပေမယ့် ... ကြော့က အိမ် စောင့်နေတော့၊ သော့ပိုကို ယူသွားမလား၊ အိမ်မှာ ကျန်ခဲ့မလား၊ မသေချာဘူး"

"ဒါတွေထားလိုက်စမ်းပါကြော့ရယ် ... ကိုယ် ကြော့ ကိုချစ်လွန်းလို့ မခွဲနိုင်လို့ ကြံဖန်ကြံရကြံခဲ့တာ"

"ဆန်းအိမ်က မိန်းမယေးစားနေပြီလား"

"အင်း"

"ဘယ်တော့လဲ"

"ဘယ်တော့ဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားဘူး"

"ကြော့ အိမ်ပြန်ပါရစေဆန်းရယ်"

"ဟာ ... မိန်းမခိုးလာပါတယ်ဆိုမှ"

"ကြော့မှာ အဝတ်အစားလဲမပါဘူး၊ ကြော့စုထားတဲ့ ပိုက်ဆံနည်းနည်းလဲ အိမ်မှာကျန်ခဲ့တယ်၊ ကြော့က မမအိမ်မှာကပ်နေရတာပေမယ့် ကြော့မှာ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ရှိပါတယ်၊ ခဏလေးပဲဖြစ်ဖြစ်ပြန်ပါရစေ"

"မပြန်ရဘူးကွာ"

"ဆန်းရယ် ... စိတ်လိုက်မာန်ပါရှိလိုက်တာ၊ စိတ်





ကို နည်းနည်းလျှော့ပါ၊ ကြော့တောင်းပန်ပါတယ်၊ တစ်ရက်နှစ်ရက်အတွင်း ပြန်လက်ထပ်တာပေါ့၊ နည်း နည်းပါးပါးတော့ စီစဉ်ပါရစေ ဆန်းရယ်"

"မရဘူးကွာ"

"ခက်တော့တာပဲ"

"ကိုယ်ခဏပြန်မယ်"

"သူကျတော့"

"ဒီမှာ ဖျာမရှိ ခေါင်းအုံးမရှိ၊ သံမံသလင်းပေါ် ဘယ် လိုအိပ်မလဲ၊ စားစရာလဲမရှိ၊ ခဏကြာဗိုက်ဆာလာ မှာ၊ သောက်ရေအိုးတစ်လုံးလဲမရှိ၊ နေတာကတော့ ဒီအထပ်မှာနေလို့ဖြစ်တယ်၊ မကြာပါဘူး၊ ကိုယ်ပြန် စီစဉ်ပြီး ပြန်သယ်လာခဲ့မယ်၊ ကြော့ခဏလေးစောင့် နေ"

"ကြော့ပါလိုက်ခဲ့ပြီး ဝိုင်းလုပ်ပေးမယ်လေ"

"ဘယ်ဖြစ်မှာလဲ၊ နှစ်ယောက်တွဲကြီးမြင်သွားလို့ဘယ် ဖြစ်မှာလဲ"

"ဘယ်သူမြင်လို့ မဖြစ်မှာလဲ"

"ဘယ်သူမြင်လို့မှ မဖြစ်ဘူး၊ မိန်းမခိုးတယ်ဆိုတာ တိုးတိုးတိတ်တိတ်ကိစ္စ"

"ကြော့ကြောက်တယ်"

"ဘာကြောက်စရာရှိလဲ၊ တံခါးဂျက်ထိုး ပိတ်သား



www.burmeseclassic.com

www.burmeseclassic.com



သော့ခပ်ထား၊ ဒီမှာ သော့ဂလောက်နဲ့သော့၊ ကြော့ ကိုယ်ပြန်လာရင် တံခါးကို တစ်ချက်တစ်ခါခေါက် မယ်၊ နောက်တစ်ခါ တစ်ချက်ခေါက်မယ်၊ ပြီးတော့ သုံးချက်ဆက်တိုက်ခေါက်မယ် ...

"ခေါက် ... ခေါက် ... ခေါက်ခေါက်ခေါက် ... မှတ်မိတယ်နော်"

ကြော့ရင်ထဲမှာ လေးကျသွားရသည်။ မမြင်နိုင်စွမ်းသော အကာသိုလ်ထုပ်ကြီး ရင်ဘတ်ပေါ်လာဖိထားသလို နင့်နင့်ပိုးပိုးရှိ၏။ ချစ်သူနှစ်ဦး နီးရမည့်ခရီးမှာ မပျော်ရွှင်နိုင်ဘဲ မျက်ရည်ဝဲလာရတော့သည်။

"ငိုချင်လိုက်တာဆန်းရယ်"

မေဖေနှင့်မေမေကို သတိရလိုက်သည်။ ဖေဖေနှင့်မေမေတို့ရေ၊ မေမေ့သမီးဟာ ဂလောဂချေ၊ ကလေကဝ၊ အုတ်ကြားမြက်ပေါက်၊ ရေမျောကမ်းတင်၊ ဒိုက်ဖတ်ဆန်တဲ့ ဘဝမျိုးနဲ့ အိမ်ထောင်ကျတော့မယ်၊ ဖေဖေတို့မေမေတို့သာရှိရင် ဒီလိုဘယ်ဟုတ်ပါ့မလဲနော်။ ကြော့လဲ မိန်းမသား၊ တစ်သက်မှာ တစ်မင်္ဂလာဆိုတဲ့ ကိုယ့်ဘဝစွန့်ပွဲလေးကို မြရိပ်ညိုရွှင်ရယ်ဟိုတယ်ကြီးမှာ တက်လုပ်ခွင့်မကြုံရင်တောင်မှ ကိုယ့်အိမ်ကိုယ့်ယာမှာ၊ အနည်းဆုံး ဘုန်းကြီးလေးငါးပါးတော့ ဆွမ်းကျွေးပြီးမှ မိသားဖသားငီပီ ကျက်သရေရှိရှိ၊

ကြော့ မျက်ရည်ကျလေသည်။





"မငိုပါနဲ့ကြော့ရယ်၊ ခုပဲ ... မောင်ပြန်လာမယ်"

"ရှင်"

သူ့ကိုယ်သူ "မောင်" ဟု တစ်ခါမှ မသုံးစဘူး သုံးလိုက်တာကို ကြော့ အလန့်တကြား ကြည်နူးရင်းရိုးရွံ့ထိတ်လန့်ခြင်းများစွာလည်း ဖြစ်ထွန်းရသည်။

"မောင် ... ဆန်း၊ ကြော့ အိမ်ပြန်ချင်တယ်"

သူ့အကြိုက်ခေါ်ပေးရင်း မျက်ရည်ကျပြန်၏။ ဆန်းက ခေါင်းခါသည်။ သော့နှင့်သော့ဂလောက်ကို ကြော့နားမှာချသည်။ သူ့ရှပ်အင်္ကျီတွေ ဘောင်းဘီတွေကို လှျောက်နှိုက်တော့ ပိုက်ဆံအထပ်ပေါက်စလေးတွေ ထွက်လာ၏။ ကြော့နားမှာ ချသည်။

"မောင်ယူသွားလေ"

"မောင့်မှာရှိတယ်"

ခုမှ ... ဆန်းကိုင်ထားသော စက္ကူအိတ်ညိုကြီးတစ်ခုကို သတိထားမိ၏။ ဆန်းဆွဲထုတ်တော့ လက်ထပ်စာချုပ်။

"ကြော့ ... ထိုး"

"ဒါ ... တရားရုံးတို့ ရဲစခန်းတို့၊ အနည်းဆုံး ရ.ဝ.တ ရုံးဖြစ်ဖြစ်လောက်မှာတော့ ထိုးရမှာ မဟုတ်ဘူးလားမောင်ရဲ့၊ ခုလောလောဆယ်ကြီး ထိုးလိုက်ဖို့လိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တာတွေ မောင်ကြည့်ဖြည့်မယ်၊ ကြော့အိမ်ပြန် ပြေးမှာစိုးလို့ ထိုးခိုင်းတာ"

ဆန်းရယ် ... မောင်ရယ်၊ မောင်က ဒီနေရာမှာသေပြီးကျန်ရစ်ခဲ့ဆိုရင်တောင် အသက်ရှုရပ်ပြီး ကျန်ရစ်ခဲ့မယ့်ကြော့၊ မောင့်နှုတ်ထွက်စကားတစ်ခွန်းကို ဗျာဒိတ်တစ်ခုလို ဦးထိပ်မှာပန်ဆင်မယ့်ကြော့၊ မောင်ခေါ်ရင်လာခဲ့ပြီး၊ မောင်နှင်ရင်လဲ ပြန်မယ့်ကြော့၊ မောင်က မုန်းလွန်းလို့ ဒီမျက်နှာမကြည့်ချင်ပါဘူးဆိုရင် ဘယ်တော့မှ မောင့်ဆီမျက်နှာလာမပြမယ့် ကြော့၊ မောင့်မှာ အကူအညီလိုလို့ ကြော့လာကူပါဆိုရင်၊ အသက်ကိုတောင်စွန့်ဖို့ ဝန်မလေးတဲ့ ကြော့ပါကွယ်။

"နေခဲ့" ဆိုရင်၊ နေရာကတောင် မရွေ့စေရပါဘူး။

"မောင် ... ရွှေ့မယ်"

မောင်ကတော့၊ သွားတော့မယ် ... ဆိုတဲ့ အဓိပ္ပါယ်နဲ့ ခေတ်ပေါ်ဇန်းစကားကိုပြောသွားတာပါပဲ။ ကြော့ရင်ထဲမှာကျတော့ "ရွှေ့" ဆိုတဲ့စကားဟာ နိမိတ်မရှိသလိုပဲ။ မောင်ကြားဘူးလားဟင်။

နှန်းရဝေ ... မန်းမြေမှာ စံပယ်လှိုင်တော့
ခံပန်းခိုင်ယာယီရွှေ့ရတယ်
တောလေ့ရှာသုံး ... ဆိုတာ။ ကြော့ကတော့



မေမေဆိုနေကျ ရွှေးချိုးလေးအဖြစ် သိနေရတာပါ။ ကြော့သာ ကိုးတန်းထိပဲ တက်ရပေမယ့် မေမေကကျတော့ တက္ကသိုလ်မှာ မြန်မာစာအဓိကနဲ့အောင်မြင်ခဲ့သူပါမောင်ရယ်။ ရှေးမြန်မာ သီချင်းဆိုဝါသနာပါတာမျှလေးတွေ မေမေရှုတ်လေ့ရှိတယ်။ ဟာ မေမေ့ဆီကရတာဖြစ်မှာပါ။

ဆန်းက လက်ထပ်စာချုပ်နှစ်စောင်လုံးကို သိမ်း၏။ ကြော့တွက် တစ်စောင်မဟုတ်ဘူးလား ... မေးလဲ ပြန်ပြေးမှာ စိတ်မချလို့ပြောမယ့်တူတူ၊ တောင်းလဲမနေတော့ပါဘူး။

"တဲ့ ... တာ"

ကြော့ခေါင်းကို သုံးလေးချက်ပုတ်ပြီး နှုတ်ဆက်တာကျတော့ ရွှတ်နောက်နောက်နဲ့။ ကြော့ချစ်တဲ့မောင်ရယ်။ မောင်လှေခါးကဆင်းသွားတော့၊ တံခါးလိုက်ပိတ်၊ သော့ပါခတ်၊ တစ်ယောက်ထဲကျန်ရစ်ရင်း မေမေဆိုဘူးတဲ့ ရွှေးချိုးလေးက ကြော့နှုတ်ခမ်းမှာ ပန်းတစ်ခိုင်လိုလာပွင့်လေရဲ့။ ဆိုမိတယ်မောင်ရယ်။

နှန်းအလယ်
ပန်းစံပယ်မပေါ်ခိုက်ဟာမို့၊ အလိုက်ကယ်တော်
တန်သင့်ရုံပ၊ ခံပွင့်ကိုကုံး။
နှန်းရဝေ
မန်းမြေမှာ စံပယ်လှိုင်တော့၊ ခံပန်းခိုင်ယာယီ



www.burmeseclassic.com

www.burmeseclassic.com



ရွှေရတယ် (ကွယ်)၊ တောလေ့ရှာသုံး။

တစ်သက်တာအရေး၊ တစ်ဘဝလုံးအရေးကြီး အတွက်၊ မောင့်စကားလေးတစ်ခွန်းကို ဗျာဒိတ်လို့ရှက်ပြီး ကျန်ရစ်ခဲ့တဲ့ အမိုက်မ ... ကြော့ရှင်းခင် ... ပါ မောင်ရယ်။

❀ ❀

## အခန်း(၅)

ထားထဲမှ ရှိုက်သံလေးတစ်ချက် သဲ့သဲ့လွင့်၏။

...ယက်ရှင်ကြော့က မျက်ရည်ဝဲရုံရယ်။ ငိုနေလို့လဲ မကုန်၊ တစ်...တော့ပြီလေ။

"အဲဒီနေ့က ဆန်းဆန်းဆိုတဲ့လူကို ကြော့ နောက်ဆုံး တွေ့လိုက်ရပြီး နှစ်နှစ်နီးပါးကြာမှ၊ မနေ့က ကြော့ကို ဆိုင်မှာသီချင်းဆိုရင်း ပန်းကုံးလာစွပ်တော၊ တိုးတိုးလေး ကျိတ်ပြောသွားတယ်၊ ခွင့်လွှတ်ပါကြော့



www.burmeseclassic.com

www.burmeseclassic.com



ရယ် ... ဘဲ့"

"ကြော့ ... အဲဒီတိုက်ကြီးထဲမှာ ညအိပ်ခဲ့ရတာလား"

ဝေကကြောက်တတ်သူမို့၊ သူ့အရင်ဆုံးကြောက်လိုက်မိတာကတော့ သရဲပါပဲ။ ကြော့က ခေါင်းညိတ်သည်။ အားလုံးကဝိုင်းကြည့်နေတာမို့ ဝါကျွန်မိုက်အလင်းထဲမှာ ကြော့ ခေါင်းညိတ်တာ၊ ကြော့မျက်ဝန်းမှာ လက်ခနဲဖြစ်သွားတာကို အားလုံးမြင်လိုက်ကြရပါ၏။

"တော်တော်မှကြောက်ရဲ့လား ကြော့ရယ်"

"အဲဒီတုန်းက ကြောက်ခဲ့တာကို ခုပြန်စဉ်းစားရင်ခု ... တဆတ်ဆတ်တုန်အောင်ကြောက်တုန်းပဲ။ ထိုင်စရာဆိုလို့ ဘီလပ်မြေခွံလေးတစ်လုံးပဲရှိတဲ့ အင်္ဂတေသားကြမ်းကြမ်း ဘီလပ်မြေစော်နံ့နံ့အခန်းမှောင်မှောင်မဲမဲကြီးထဲမှာ တစ်ညလုံး ငုတ်တုတ်မိုးလင်းရင်း၊ ဝါနက်ကျရင် ကြော့အသုဘကို ဘယ်သူလာချမှာလဲ တွေးမိတယ် ...

"တစ်ညလုံး ခေါင့်ရင်းက မိုးချုပ်လာတော့ အောက်ဆင်းရကောင်းမလားတွေးပါသေးတယ်၊ တစ်တိုးလုံးကုန်အောင်စားမိတာတောင် မစင်မှန်းမသိတဲ့ကြော့က သူ့စကားတစ်ခွန်းကို မပယ်ရှားရဲဘူး ...

"မေရယ် ... တဖြည်းဖြည်းနဲ့ မှောင်လာလိုက်တာ၊ မေရယ် ... ကြော့သေလုချောပါးပဲ"





မေက ကြော့ကိုယ်ကိုဆွဲယူလိုက်သည်။ ကြော့က မေ့ကိုမှီလိုက်၏။

"ပထမတော့ ဗိုက်ထဲကဆာသေးတယ်၊ ညနက်လာလေလေ၊ ကြောက်တာကများတော့ ဗိုက်လဲမဆာတော့ပါဘူး။ ညတကာ့ညတွေထဲမှာ အဲဒီညဟာ အရှည်ဆုံးပါပဲ၊ မိုးလင်းဖို့နှေးလိုက်တာ။ တစ်ကမ္ဘာလောက်များကြာသလားထင်မိတယ်၊ နည်းနည်းလေးမိုးလင်းလာပြီး ငှက်အော်သံလေးတွေ ကြားရတော့ အားတက်လိုက်တာ ...

"ကြော့စာစ်ယောက်ထဲမဟုတ်တော့ဘူးလေ၊ ကြော့အေးမှာ ငှက်ကလေးတွေရှိတယ်၊ အဲဒီတိုက်နဲ့ကပ်နေတဲ့ မန်ကျည်းပင်ကြီးပေါ်မှာ ငှက်ကလေးတွေရှိတယ်၊ ငှက်သံကိုကြားရတာတောင် ကျေးဇူးတင်လိုက်တာ ...

"အဲဒီအချိန်မှာ သူသာပြန်ရောက်လာရင်၊ ထိုင်တောင်ရှိခိုးမိမယ်ထင်တယ်၊ နောက်တစ်နေ့လဲ တစ်နေကုန်၊ သူရောက်မလာ၊ လူဆိုတာလဲ ညှင်းသိုးသိုးနဲ့၊ တစ်ကိုယ်လုံးလဲနံစော်၊ ဘီလပ်မြေတွေကလဲ ဟိုပေဒီပေ မျက်တွင်းကဟောက်ပက် ...

"ကြော့ ဘယ်လောက်ရုပ်ပျက်ဆင်းပျက်နဲ့စိတ်ပြတ်သပ်နေမယ်ဆိုတာ စဉ်းစားသာကြည့်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့။ ဖြစ်မှဖြစ်ရလေ ကြော့ရယ်။ ပို ပုဂ္ဂိုလ်က တမင်ချိုးဘောတော့လဲ မဟုတ်ဘူးထင်ပါရဲ့၊ သူ့မှာ ဘယ်လိုအခက်အခဲတွေများရှိနေပါလိမ့်၊ သူ့ဘက်မှာ ပြဿနာက ဘယ်လောက်ကြီးကြီး၊ မိန်းမသားတစ်ယောက်ကို ဒီပုံစံ ဒီအခြေအနေနဲ့ ဒီလိုပစ်ထားသင့်သလား။

"ကြော့ ... နောက်တစ်ညဆက်အိပ်သေးလား"

"နှစ်နေ့ကုန်နဲ့ တစ်ညလုံးလုံးစောင့်ခဲ့ပြီးပြီ။ နောက်တစ်ညသာဆက်အိပ်ဖြစ်ရင်၊ ကြော့အလောင်းကိုတောင်ပုပ်စော်နံမှ လူတွေသိမှာ၊ ကြော့အိမ်ပြန်တယ်"

"ဟယ် ... အိမ်ပြန်တယ်"

"ပြန်ရတာပေါ့သက်ရယ် ... နည်းနည်းပါးပါးနေဝင်ရီတရောအချိန်ထိစောင့်ရတယ်၊ တိုက်ထဲမှာကယောကျ်ားအလုပ်သမားတွေရှိတယ်၊ သူတို့တက်လာမှာလဲကြောက်လိုက်တာ၊ စဉ်းစားကြည့်နော် ...

"အပေါ်ဆုံးထပ်မှာ အလုပ်ရှိလို့တက်လာပါပြီတဲ့၊ အထဲကတံခါးပိတ်ထားတယ်ဆိုတာ လူရှိလို့ပေါ့၊ ဒီထဲမှာ ဘယ်သူရှိနေမယ်လို့ သူတို့ထင်ကြမလဲ။ ဘယ်လိုလူကောင်းသူကောင်းမှတော့ ရှိနေမှာ မဟုတ်ဘူး၊ ယောကျ်ားဆိုလဲ သူခိုး၊ မိန်းမဆိုလဲ မိန်းမပျက်၊ ဒါပဲရှိတော့မှာပေါ့ ...

"အလုပ်သမားတွေပြန်ချိန်ကို စောင့်ပြီး၊ ဘယ်သူ



မှမရှိမှ ဆင်းမယ်ဆိုလဲ၊ လှေခါးအောက်ဆုံးကပ် တံခါးရွက်ပိတ်သွားရင်ဒုက္ခ၊ ဆင်းလို့မရပြန်ဘူးဖြစ်မှာကြော့ဒုက္ခလေ"

"ကြော့ရယ်"

ထားက ငိုရှာ၏။ ကြော့ ... တင်းထားသည့်မြဲးမှ စီးကျလာသော မျက်ရည်စတွေကို ကြမ်းတမ်းစွာသုတ်ပစ်သည်။ သူ့အတွက် မငိုဘူး ... ဟု အမြဲတမ်းကိုယ့်မာနကို ကိုယ်လွှင့်ထူထားခဲ့တာပါ။

"ကြော့ဆင်းလာတာကို၊ နောက်ဆုံးမှပြန်တဲ့ သူတို့ထဲကအလုပ်သမားခေါင်းဆောင်တွေ့သွားတယ်"

"အရမ်းအံ့သြမှာပဲ၊ ကြော့လဲ ဘယ်လောက်ရှက်လိုက်မျက်နှာပူလိုက်မလဲ"

"ထားစရာတောင်မရှိပါဘူး၊ ဒီမျက်နှာကြီး လှီးပစ်ချင်တာ၊ တက္ကစီသမားကလဲ စုတ်ပြတ်သတ်နေတဲ့မိန်းမကို အကဲခပ်တယ်၊ အိမ်ရောက်တော့မှ ဆိုးလိုက်တာ ... "

"သူတို့ဘယ်လိုဝင်ကြလဲ"

"သော့ပြင်တဲ့သူခေါ်ပြီး သော့ဖျက်ဝင်ရဟယ်တဲ့။ အဲဒီနေ့က၊ အိမ်မှာရှိတဲ့အိမ်သော့အပိုပါမသွားဘူးတဲ့နှစ်ရက်နဲ့တစ်ည အိမ်ကပျောက်သွားပြီး၊ ဒီအစားအစာနဲ့ပဲ မျက်တွင်းဟောက်ပက်၊ ချိနဲ့နဲ့၊ ဘယ်မလိုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ စုတ်တီးစုတ်ပြတ်မကို အိမ်မှာလက်မခံနိုင်တော့ပါဘူးတဲ့။ သူတို့ပြောတာ မှန်ပါတယ်"

"ကိုယ့်ညီမ ဘာဖြစ်လာသလဲဆောင် မမေးကြဘူးလား"

"မေးပါတယ်၊ ကြော့က အမှန်အတိုင်းဖြေလိုက်တယ်"

"မယုံကြဘူးလား"

"ယုံတယ်မယုံဘူးဆိုတဲ့အဆင့်ထိ တွေးပုံမရပါဘူး၊ ကြော့ကို လက်မခံတော့ဖို့ပဲ ဆုံးဖြတ်ပြီးသားဖြစ်နေတာပါ၊ အဲဒီနေ့တော့ မိုးလဲချုပ်ပြီဆိုတော့ ဆွေမျိုးသံယောဇဉ်နဲ့ တစ်ညအိပ်ခွင့်ပေးတယ်"

"တော်ပါသေးရဲ့နော်"

"နောက်တစ်နေ့မှာ အဆောင်ရှာပြီးနေတာပါပဲ။ ဘယ်ဆွေမျိုးနဲ့မှလဲ သွားမနေချင်တော့ဘူး၊ ဒီလိုဖြစ်ပျက်ခဲ့တဲ့မိန်းမသားတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာကို ဘယ်မိသားစုကမှ ယုံကြည်လက်ခံရဲမှာမဟုတ်ဘူး၊ မေ ... ကြော့ပြောပြတာတွေ မေယုံလား"

"ယုံတယ်ကြော့။ လောကမှာ အကောက်ကျစ်ဆုံး၊ အယုတ်မာဆုံး၊ အတ္တအကြီးမားဆုံးလူအမျိုးအစားတစ်စားရှိနေတယ်ဆိုတာ မေယုံတာပဲ"

"သူ ... ဘာဖြစ်လို့ အဲဒီလိုလုပ်တာလို့ ကြော့ထင်လဲ"



"အတ္တပေါ့ သက် ... သူ့အိမ်က သူ့ကို မိန်းမပေးစားမယ်လုပ်တော့ သူလိုချင်တာ သူယူမယ်ဆိုပြီး၊ မရဲဘဲ ကျွဲပြိုစီးဆိုသလိုပေါ့၊ သူ့ဇာတ်သူမနိုင်ဘဲခင်းတဲ့အထဲမှာ ကြော့က ဓားစာခံဖြစ်ရတာ ...

"သူပြန်လာဖို့အခက်အခဲရှိမယ်၊ လာဖြစ်ဖို့ မကြိုးစားတော့တာလဲ ဖြစ်နိုင်တယ်၊ ကြော့ဟာ တစ်နည်းနည်းနဲ့ အိမ်ပြန်ရောက်သွားမှာပဲလို့ တွေးမယ် ...

"မွဲတစ်ပေါက်လဲ မစွန်းသေးဘူးဆိုတော့၊ ကြော့ဘဝမပျက်နိုင်ဘူးလို့ တိမ်တိမ်တွေးမယ်ထင်ပါရဲ့။ မိန်းမသားဆိုတာ အသွားမတော်တစ်လှမ်း။ ကိုယ်ကောင်းဆမယ့်လဲ ခေါင်းရွေ့တတ်လွန်းလို့ ...

"ထိန်းသိမ်းနိုင်လွန်းကာမှ တော်ရုံကျတာ၊ မွဲတစ်ပေါက်မစွန်းပါဘူးဆိုတာ၊ လူလယ်ခေါင်ကျမ်းကျိန်ပြီး ဆရာဝန်နဲ့ အစစ်ဆေးခံသက်သေထူ[ထူး]ရှိတာမှမဟုတ်တာ၊ အဲဒီလိုလုပ်လဲ အရှက်ကွဲတာပဲ၊ ဘာထူးလဲ"

"သူလက်ထပ်သွားလား"

"သိမှာစိုးလို့၊ သတင်းစာဖတ်ရင်တောင် မင်္ဂလာသတင်းကို မဖတ်ဘူး၊ သေတာလဲ မသိချင်လို့ ရသရေးနာမည်တွေမဖတ်ဘူး၊ သူနဲ့ပတ်သက်ရင် သေတာလဲ မသိချင်ဘူး၊ ရှင်တာလဲ မသိချင်ဘူး၊ အဲဒါ ...

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက အရှင်လတ်လတ်ကြီးတွေ့လာခဲ့တော့ ...

"ကြောက်လိုက်တာမေရယ်၊ ကြောင် ဒုက္ခဖြစ်မှာသိပ် ကြောက်တာပဲ၊ ကြောင်ကို နားလည်ပါ။ ဒီညီအစ်မ ငါးယောက်ထဲက မောင်းမထုတ်လိုက်ပါနဲ့လို့ တောင်း ပန်ချင်တာပါမေရယ်"

မေက ကြောင်ကို မျက်ရည်သုတ်ပေးလိုက်သည်။

"သွေးသောက်ညီအစ်မတွေပဲ ကြောင်။ သေမှခွဲကြတာ ပေါ့။ ဒါပေမယ့် ... ဒီထဲက ဘယ်သူမှအိမ်ထောင် မပြုရဘူးဆိုလိုပါဘူး၊ အိမ်ထောင်ရက်သားကျသွား ရင်လဲ အဆေးရောက်သွေးသောက်တွေပဲပေါ့"

"ကျေးဇူးတင်ပါတယ်မေ"

မေကို အားလုံးဝိုင်းကြည့်လိုက်ကြသည်။ ကြည် ညိုမျက်ဝန်း၊ အားကိုးမျက်ဝန်း၊ ကျေးဇူးမျက်ဝန်းနှင့် လေး စားမျက်ဝန်းတွေ မေ့ထံမှာ စုပြုံကျရောက်သည်။ မေက ပြုံးလိုက်၏။ လောကစံဆိုတာ ဒီလောက်တော့ နိုပ်စက် ကလူပြုမှုတတ်တာပဲ။ ကြံ့ကြံ့ခံနိုင်ဖို့သာ လိုရင်းလေ။



"ဒီမှာလေ ... စာတန်းဆွဲထားပါတယ်၊ ဝယ်ယူ ပြီးပစ္စည်း ပြန်လဲမပေးပါ ... တဲ့။ လူကြီးမင်း ကျေနပ်လို့ ဝယ်သွားပြီးသားပစ္စည်းကို ပြန်လဲမပေး နိုင်ပါဘူး"

အရောင်းစာရေးမလေးက ချိုချိုသာသာရှင်းပြ ...။ သူတို့ အထက်အထက် အုပ်ချုပ်သူများက မျက်နှာ ...ားနှင့် လေယူလေသိမ်းကို တော်တော်ဂရုစိုက်ညွှန်ကြား ...ားပုံရသည်။

"နေ့ကူးသွားရင်တော့ ဟုတ်တာပေါ့၊ အခု ... ကျွန် တော်က ခုဏကလေးတင်ဝယ်သွားတာ၊ မမှတ်မိဘူး လား ကျွန်တော့်ကို"

"ကျွန်မတို့ဆိုင်မှာ ဝယ်ယူအားပေးတဲ့သူကများတော့ မျက်နှာတွေ မှတ်မထားမိပါဘူး"

"ကျွန်တော် ... အိမ်ရောက်ရောက်ချင်း ထုတ်ကြည့် တယ်၊ ဝတ်ကြည့်တယ်၊ မရဘူး၊ ကြပ်နေတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ၊ အပေါ်စားလဲမဟုတ်ဘူး၊ ခင်ဗျားတို့ရောင်းတဲ့ဈေးလဲကြည့်အုံး၊ လေးထောင် ကျော်"

**Alain Delon** ဆိုသည်က နာမည်ကြီး ပြင် ...စ်မှဝင်သော ရယ်ဒီမိတ်ရှုပ်အင်္ကျီ။ မြန်မာပြည်တွင်းသို့ ...ဘော်ကြီးတွေဆိုက်ပြီး အထည်ပေါင်းထောင်သောင်းချီပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝင်တတ်သောပစ္စည်းမျိုးလဲမဟုတ်၊ ပြင်သစ်ပြည်ကထွက်မေမယ့်၊ ချုပ်ခလုပ်အားခနည်းသော နိုင်ငံတွေကို ပို့ချုပ်ခိုင်းပြီးမှ ပြင်သစ်ပြည်ထဲ ပြန်ယူ၊ ပြင်သစ်တံဆိပ်တပ်ပြီး နိုင်ငံတကာသို့ ပို့ကုန်အဖြစ်ပို့သော အမျိုးအစားလည်းမဟုတ်။

ပြင်သစ်ပြည်ထွက်စစ်စစ် ဖြစ်တာက တစ်ကြောင်း၊ ပြင်သစ်မှ ပြန်လာသူ၊ ပြင်သစ်သို့ရောက်ခဲ့သူတွေသာ၊ ကိုယ်ဝတ်ဖို့ ပြန်ရောင်းဖို့၊ အလွန်ဆုံးမှ တစ်ဒါဇင်လောက် နှစ်ဒါဇင်လောက်ဝယ်လာနိုင်ခဲ့သည့်အမျိုးအစားဖြစ်တာတစ်ကြောင်း၊ မြန်မာပြည်မှာဆိုသော တံဆိပ်ကိုကြားဘူးသူတောင် နည်းပါလိမ့်မည်။ ရုပ်မားကက်ကြီးတွေအဖို့မှာတော့ ဤသို့ ရှားပါးပစ္စည်းတွေကို ရှာဖွေစုဆောင်းရသည်။ အထုပ်လိုက်အပိုးလိုက် ရောက်လာတာတွေလည်း ဝယ်တင်ရသည်။ တစ်ထည်ချင်း နှစ်ထည်ချင်းဆိုသလို၊ နိုင်ငံခြားပြန်တွေက လာရောင်းသည့်အခါ အစင်းသိအကြောင်းသိဆိုလျှင် ဝယ်တင်ရသည်။ တချို့ကျတော့ နိုင်ငံခြားမှာအမျိုးရှိလို့ သုံးစေချင်လို့မြန်မာပြည်မှအမျိုးကို ပို့ပေးတာ၊ ရောင်းစားလျှင် ဈေးကောင်းရနိုင်မှန်းသိသူက၊ မဝတ်ရက်ပဲလာရောင်းတာမျိုးလည်း ကိုယ့်ထဲကဆိုလျှင် ဝယ်တင်လိုက်ရသည်။

အဲဒါမျိုး ရှားရှားပါးပါး ပစ္စည်းစစ် ပစ္စည်းမှန်ရဖို့အတွက်၊ တကူးတက လိုက်ရှာသူတောင် တစ်ယောက်



နဲ့ထားရသည်။ ကိုယ့်ကုန်တိုက် ဒါမှနာမည်ကြီးမှာလေ။

"ဘယ်မှာမှ ရှာမရရင်၊ အဲဒီကိုသွား"

... ဆိုတဲ့နာမည်ကို လိုချင်လွန်းလို့ ရှားရှားပါးပါးဝယ်တင်ထားသောပစ္စည်းတွေကို စိတ်ကြိုက်ရွေးဖို့တောင် သိပ်များများရှိတာမဟုတ်ပါ။

"ဒါကတော့ သူ့ပစ္စည်းနဲ့ သူ့ဈေးပါပဲ"

"ရှယ်အင်္ကျီတစ်ထည် လေးထောင်ကျော်ငါးထောင်နီးပါးပေးထားရတာ"

"ဟုတ်ကဲ့ ... သူ့တန်ဖိုးနဲ့သူပါ။ ရှစ်ရာ၊ တစ်ထောင်တွေလဲရှိတာပါပဲ"

"ကြပ်နေတယ်ဗျ၊ လဲပေးမှဖြစ်မယ်"

"ဝယ်ယူပြီး ပစ္စည်းပြန်လဲခွင့်မရှိတာလဲတစ်ကြောင်း၊ နောက်ပြီး Alain Delon, Paris က ဒီတစ်ထည်ထဲကိုရှိတာပါ၊ လဲခွင့်ရှိတယ်ဆိုရင်တောင် လဲပေးဖို့ပစ္စည်းမရှိပါဘူး"

"ဒါဖြင့် ... ခင်ဗျားတို့ငွေ ပြန်အမ်းလိုက်ပေါ့၊ အင်္ကျီပြန်ယူ"

"အဲဒီလိုလဲလုပ်ခွင့်မရှိပါဘူး"

"မကျေနပ်ဘူးဗျာ၊ တစ်ခုခုတော့ လုပ်ရမှဖြစ်မယ်၊ ခင်ဗျားတို့အထက်မှာ မန်နေဂျာရှိရင်၊ မန်နေဂျာနဲ့စကားပြောမယ်"

www.burmeseclassic.com

www.burmeseclassic.com



အရောင်းစာရေးမလေးက တော်တော်စိတ်ညစ်နေပုံရသည်။ ဘေးနားကဆိုင်ထိုင်တွေလဲ စိတ်တိုဒေါသထွက်ကြပြီ။ ခုတစ်ရက်နှစ်ရက်အတွင်းမှာမှ၊ စတိုးဆိုင်ကြီးတစ်ခုလုံး အလုပ်သမားတွေအားလုံးကို ဆိုင်ရှင်ကတွေ့ပြီး၊ အရောင်းစာရေးတွေ သည်းခံစိတ်ရှည်ဖို့ ညွှန်ကြားထားသည်။ ဖြစ်နိုင်လျှင်တော့ ခလေးဆိုးကြီးလို လာပြီးကျီကျနေသူအား ရန်တွေ့လွှတ်၊ ရိုက်လွှတ်ချင်လှပါပြီ။

"ဒါဖြင့် ... ခဏစောင့်ပါ"

စာရေးမလေး၊ ကော်ရစ်ဒါကို ဖြတ်၍ အခန်းတစ်ခုထဲသို့ ဝင်သွားတော့သည်။ အဲသည်နားတစ်ဝိုက် ကောင်တာငါးခုတိတိကို အုပ်ချုပ်သူက သက်နှင်းကြင်ပါ။ ညနေဆိုင်ပိတ်သည့်အခါ၊ ကောင်တာတွေမှ အပ်နှံလာသောစာရင်းနှင့်ပိုက်ဆံ အဝင်အထွက်ကို ရေတွက် စာရင်းကိုက်ညှိနှိုင်းရသူလည်းဖြစ်သည်။ သည်ကောင်တာငါးခုနှင့်ပတ်သက်လျှင် သက်နှင်းကြင်သြဇာညောင်း၏။ လုပ်ပိုင်ခွင့်လည်းရှိသည်။ စာရေးမလေးလာပြောသမျှ နားထောင်၏။ ပြီးတော့ လွှတ်လိုက်ပါ ... ဟု ပြောလိုက်သည်။

"ဝင်ခဲ့ပါရစေ"

အသံနှင့်အတူ ရောက်ရှိလာသူက ဧရာမလူထွားကြီး။ စောစောက၊ ကလေးဆိုးကြီးလိုကျီတိုက်ဆိုးနဲ့နေပေမယ့် အရပ်ကြီးမြင့် လူကြီးဝကာ ဘီလူးသဘက်ကြီးလို



ပုံစံမဟုတ်ပါ။ အရပ်က တော်တော်မြင့်၏။ ခြောက်ပေကို အားအေးလေးပြည့်မည်။ အသားက ကြည့်ကောင်းရုံပြည့် ည်မို့ လှပသောလူထွားကြီးသာဖြစ်လျက်၊ ကြောက်စရာ လူးကြီးပုံစံမျိုးမဟုတ်ပါ။

"ထိုင်ပါ"

သက်နှင်းကြင်ရှေ့တည့်တည့် ကုလားထိုင်ကို ကသာခွဲထိုင်၏။ သက်နှင်းကြင်က သူ့ကို စေ့စေ့ကြည့် ည်။ သူ့မျက်နှာက နုနုလေး။ သေချာကြည့်လေနုလေ။ စေတုန်းက သုံးဆယ်ကျော်လောက်များရှိမလား မှန်း ကာ၊ သူ့မျက်ခုံးနှစ်ခုဆုံရာအလယ်၊ နှာတံရင်းမှာ စေ့ ကြည့်ရင်း အကဲခပ်တော့မှ ရှိလှ နှစ်ဆယ်ကျော်လေး။ စ်မငါးယောက်ထဲမှာ အငယ်ဆုံးနှင့်မှ ရွယ်တူလောက် ည့်ကောင်လေး။

နှာတံစင်းစင်းချွန်ချွန်ကလေးက ပါးပါးလျား ရှိသည်။ မျက်ခုံးနှစ်ခုက အပြားခပ်ကြီးကြီးပေမယ့် မွှေးနေတာမျိုးလည်းမဟုတ်၊ မျက်ခုံးတစ်ပင်ချင်း၊ ပင်ပေါ်တစ်ပင်တင်နေတာကို မြင်ရရုံ၊ ကြည့်ကောင်း ၏။ မျက်ရစ်တော့ သိပ်မရှိ၊ မျက်အိမ်ကျယ်ပေမယ့် ရစ်နည်းသည်မို့ မျက်လုံးပြူးပြူးဟု ပြောလို့မရ။ ပုံဆန်းလေးက၊ အပေါ်နှုတ်ခမ်းအလယ်စုလျှ အပေါ် ချွန်တက်နေ၏။ တော်တော်ကြည့်ကောင်းသည့်ကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးပါ။ သူ့မိဘများ သူ့ကို ဘယ်လောက်ချစ်လိုက်ရှာလေမလဲ။

တကယ့်ကို အပြစ်ကင်းကင်းချောချောစင်စင်နှင့် ချစ်စရာလေး။

"ဖြစ်ပုံကိုပြောပြပါ၊ ကျွန်မ ဘာကူညီရမလဲ"

ကောင်လေးက သူ အကျိုးဝယ်တာက စပြောပြသည်။ သက်နှင်းကြင် ခပ်ပြုံးပြုံး နားထောင်၏။

"အဲဒါ ... ပိုက်ဆံပြန်လိုချင်တယ်။ လဲစရာလဲမရှိဘူးတဲ့"

"ရှင့်ကို ပိုက်ဆံပြန်ပေးရင် အကျီထားခဲ့မှာလား"

"ထားခဲ့ရမှာပေါ့၊ ငွေပြန်အမ်းတယ်ဆိုရင် ပစ္စည်းပြန်ထားရမှာပေါ့"

"ရှင်နဲ့ တကယ်မတော်တာရောဟုတ်ရဲ့လား"

"ဟာ ... အစ်မကြီးက ကျွန်တော့်ကို လူညာထင်လို့လား"

"ထားပါတော့ ... ရှင့်ကို မေးခွန်းနည်းနည်းပါးပါးမေးပါရစေ၊ ပိုက်ဆံပြန်အမ်းတယ်ဆိုတာ လုံးဝထုံးစံမရှိပေမယ့်၊ ကျွန်မ ပြန်အမ်းလိုက်ပါ့မယ်၊ ရှင်က ကျွန်မမေးတဲ့မေးခွန်းတချို့ကိုတော့ မှန်မှန်ကန်ကန်ဖြေရလိမ့်မယ်၊ ဘယ့်နှယ်လဲ ဖြေမလား"

"ဖြေမယ်"



"ကတိပေးလား"

"ဘာကတိလဲ"

"မှန်မှန်ကန်ကန်ဖြေပါ့မယ်ဆိုတဲ့ကတိ"

"ကျွန်တော် လူညာမဟုတ်ဘူးလို့ ပြောပြီးပြီ"

သက်နှင်းကြင် ပြုံးဖြစ်သွားရပြန်၏။

ခုတလော ... ညီအစ်မငါးယောက်ထဲမှာ ထူး[illegible]းမှုလေးတွေဖြစ်ထွန်း၏။ ကိုယ့်ထူးခြားမှုလေးတွေလဲ ကိုယ်[illegible]ပြန်ပြောထားကြသည်။ အိမ်ကို တယ်လီဖုန်းဆက်တာက [illegible] ဆန်းသည်။ မိန်းမသားတွေချည်းမို့ ယောကျ်ားလေးတချို့[illegible]းဆက်ပြီး ရိကြရစ်ကြတာက ရှိးသလောက်တောင်ရှိနေ[illegible]။ ပြန်လည်နှိပ်ကွပ်ပေးလိုက်ရုံနှင့် "မလွယ်" မှန်းသိပြီး [illegible]ပန်းမခံ၊ နောက်ဆုတ်သွားကြသူတွေ များသည်။ ခု[illegible]လော ဆက်နေသည့်ယောကျ်ားတစ်ယောက်ကကျတော့ မေ[illegible] ညီအစ်မငါးယောက်လုံးနှင့် ခင်ချင်တာပါတဲ့။

မေတို့အုပ်စုကို တစ်ဖွဲ့လုံးမြင်ဖူးပြီး၊ တစ်[illegible]ယောက်ကို သဘောကျသူရှိသည်။ ကိုယ်မြင်ဖူးသည့်[illegible] သဘောကျသူရှိသည်။ ငါးယောက်လုံးနှင့် ခင်ချင်[illegible]ဆိုတာကျတော့၊ ဤလူထူးလူဆန်းလေးတစ်ယောက်[illegible]ရှိသေးသည်။ သူသည် ... ညီအစ်မငါးယောက်ကိုမြင်[illegible]ရသေး။ တစ်ယောက်စီ လိုက်အကြည့်ခံရဦးမည်ဟု [illegible] ဖေဒင်ဟောထားသည်။ ညဘက် [illegible]ချင်းဆိုသူကို

www.burmeseclassic.com

www.burmeseclassic.com



ပန်းကုံးစွပ်ရင်း မြင်ဘူးအောင်ကြည့်သွားဖို့ကျတော့ လွယ်၏။ သက်နှင်းကြင်တို့လို၊ ခင်ထားတင်တို့လို၊ မေသီဂီရှည်တို့လို အလုပ်ထဲမှာ အိမ်ထဲမှာ အခန်းအောင်းနေကြရသူတွေကို မြင်ဘူးအောင်လိုက်ကြည့်ဖို့ဆိုတာက ဖန်တီးယူမှရမည့်ကိစ္စဖြစ်၏။

မှားကာမှမှားရော။ ခုကိစ္စ ... ဖန်တီးယူတာဟုပဲ သက် ထင်၏။

"ရှင့်နာမည် ကိုဆန်းဆန်းလား"

"မဟုတ်ဘူး"

"ကိုကျော်ရဲနီလား"

"မဟုတ်ဘူး"

မေးမည့်သာမေးရ၊ ကိုကျော်ရဲနီတော့ မဟုတ်လောက်ဘူးဟု ထင်ထားသည်။ ကိုကျော်ရဲနီက ထိုပုဂ္ဂိုလ်လေးထက် အသက်ကြီးပါလိမ့်မည်။

"ကိုတင်ညွှန့်လား"

"မဟုတ်ဘူး"

ကြွေကို ဆန်းဆန်းဆိုသော အတိတ်၏အရိပ်ညိုထဲမှ ရန်သူတော် လက်ဟောင်းကြီး ကိုယ်တိုင် ပန်းကုံးလာစွပ်သောညက ...

"ကျွန်တော့်နာမည် တင်ညွှန့်ပါ" ... ဟုပြောကာ ပန်းကုံးစွပ်သွားသောသူကလည်း တူးထူးခြားခြား



...ိုက်ကြည့်သွားကြောင်း ကြွေက ပြန်ပြောထားသည်။

"ကိုနေရဲလား"

"မဟုတ်ဘူး"

"ဒါဆို ... ရှင့်နာမည်ဘယ်သူလဲ"

"နေထက်"

"အော်"

သက် ... လူမှားတာဖြစ်နိုင်၏။ မေးချင်...တွေလည်း မေးပြီးပြီ။ သူ့ပိုက်ဆံပြန်ပေးမည်ဟုလည်း ...ပြီးသားဖြစ်နေပြီ။ ဤပိုက်ဆံက ဆိုင်ကိုပြန်သွင်းလို့ ...မဟုတ်သည်မို့ သက် စိုက်ဝယ်ထားလိုက်ရမှာဖြစ်သည်။ ...ရင်းထိုင်ရင်း လေးထောင်ခုနစ်ရာ ထွက်ရမှာ သက် နှ...ပါသည်။ သို့ပေမယ့် ... မတတ်နိုင်တော့ပါ။

"ဒီမှာ ... လေးထောင့်ခုနစ်ရာ။ ကျွန်မတို့ဆိုင်က ပစ္စည်းပြန်လဲပေးရိုး၊ ငွေပြန်အမ်းရိုး လုံးဝထုံးစံမရှိပါဘူး၊ ရှင့်ကိုကျတော့ ကျွန်မသိချင်နေတာရှိလို့ မေးပြီး ငွေပြန်အမ်းတာပါ။ နောက်တစ်ခါ ဒါမျိုး လုံးဝမရတော့ပါဘူး။ နောက်တစ်ခါ ရှင် ပစ္စည်းဝယ်မယ်ဆိုရင်၊ သေသေချာချာစဉ်းစားတွေးတောဆုံးဖြတ်ပြီးမှ စိတ်နိုင်မှဝယ်ပါ။ စိတ်မနိုင်ဘဲဝယ်သွားပြီး၊ ဒါမျိုးပြန်လာလုပ်ရင် ဘယ်ဆိုင်ကမှ ဒီလိုငွေပြန်မအမ်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သက်က ပိုက်ဆံလေးထောင့်ခုနစ်ရာကို ေ
ထက်ရှေ့မှာ ချပေးလိုက်သည်။ ပိုက်ဆံပုံသေးမှာတော့ ေ
ထက်တင်ထားသည့် ရုပ်အင်္ကျီထုပ်လေး။

"ကျေးဇူးတင်ပါတယ်"

နေထက် မတ်တပ်ထရပ်၏။ ပိုက်ဆံကိုကောက်
မကိုင်သေးပါ။

"ခင်ဗျားမသိသေးတာ တစ်ခုပြောပါရစေ"

သက် စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။
ကိုလျှာရှည်လေး။ ရှေ့ကောင်တာမှ အရောင်းစာရေးမလေး
ဆက်ဆံရေးကျွဲလှချည့် ... ဟု တိုင်တောတော့မည်ထင်၏။

"ကိုဆန်းဆန်းတို့ ကိုကျော်ရဲနီတို့တော့ ကျွန်တော်
မသိပါဘူး"

ဟင်။ မျှော်လင့်မထားသည့်ဝါကျမို့ သက် အံ့
ဩသွားရသည်။ ကိုဆန်းဆန်းတို့ ကိုကျော်ရဲနီတို့တော့ မ
သိပါဘူးဆိုတော့၊ ရှင်က ဘယ်သူ့ကိုသိသတုန်း ... ဟု
မေးလိုက်ချင်၏။

"ဒါပေမယ့် ... နေရဲရယ်၊ တင်ညွှန့်ရယ်၊ နေထက်
ရယ်ဟာ ... တစ်ယောက်ထဲပဲ"

"ရှင်"

"နာမည်ရင်းက တင်ညွှန့်။ ဘယ်လောက်မလှတဲ့နာ
မည်လဲ။ အဲဒါနဲ့ ကဗျာဆန်မလားလို့ နေရဲ ... ဆို



ပြီး ကိုယ့်ဘာသာမှည့်ကြည့်တာ၊ တချို့က နေပူထဲ
လယ်နေရဲပါတယ်ဆိုတော့ မိုးရွာထဲလဲ နေရဲပါမှာပဲတဲ့၊
တော်တော်နေပူမရှောင် မိုးရွာမရှောင်ပါတဲ့သူပဲထင်
မှာစိုးလို့ ...

"နာမည်ပြောင်းမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။
ကျွန်တော် ... နိုင်ငံသားစိစစ်ရေးကတ်ပြားရလာပြီ။
ကျွန်တော့်နာမည် နေထက်"

သက် ... မင်သက်ငေးနှင့် ကြောင်နေစဉ်မှာ
ပိုက်ဆံကိုမယူ၊ သူ့ရုပ်အင်္ကျီထုပ်လေး သူကောက်ယူပြီး
ထွက်သွားတော့သည်။

"ဖရက် ... ထမင်းစားမယ်"

ဖရက်က ဖတ်လက်စမဂ္ဂဇင်းစာအုပ်ကို ခေါင်း
အုံးသို့ ချလိုက်သည်။ ဖရက် ... မြန်မာပြည်မှာ
...ကိုပျော်နေ၏။ သင့်တင့်ရုံတတ်သော မြန်မာစာကို ...
...စင်းဖတ်ခြင်းဖြင့်၊ သင့်တင့်ရုံတတ်သော မြန်မာစကား
... ရုပ်ပြကာတွန်းဖတ်ခြင်းဖြင့်၊ လှုပ်...တို့၏ အပေါင်းအ

www.burmeseclassic.com

www.burmeseclassic.com



သင်းတွေနှင့် ပေါင်းသင်းခြင်းအားဖြင့် တော်တော်လေးတတ်လာခဲ့ပြီဖြစ်ရတာကိုလည်း ကြိုက်၏၊ ထမင်းကတော့ … ပဲဟိုနိုင်ငံမှာနေကထဲက သုံးလေးရက်တစ်ခါဆိုသလို စားဖြစ်ခဲ့သည်။ မေမေတို့က … လန်ဒန်ကိုရောက်ကာစကဆိုလျှင် ညတိုင်း ထမင်းချက်စားခဲ့သည်တဲ့။ ညစာတစ်နပ်ကို မြန်မာထမင်းဟင်း ချက်ဖြစ်အောင်ချက်စားခဲ့သည်တဲ့။ ဖေဖေနှင့်မေမေသာခေါ်စေလျက် မြန်မာစကားကို အိမ်မှာ တွင်တွင်ပြောပေးပေမယ့်၊ ဖရက် အမြဲတမ်း ကြားနေရတာ၊ ကျောင်းမှာ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းတွေကြားမှာ၊ ပြီးတော့ အမြဲတမ်း သုံးစွဲကြားနာနေရတာ အင်္ဂလိပ်စကားပဲမို့ အင်္ဂလိပ်စကားက မကျွမ်းကျင်ဘဲမနေရ၊ ကျွမ်းသွားရသည်။ အင်္ဂလိပ်စာနှင့်အင်္ဂလိပ်စကားသည်သာ ဖရက်အဖို့ ပိုမိုလွယ်ကူစွာ သုံးနှုန်းနိုင်သော ဘာသာရပ်ဖြစ်ခဲ့သည်။

"လာ … ဖရက်၊ မင်းအမေက ဖေဖေမေမေခေါ်ဖို့ သင်ခဲ့တာတော့ တော်ပါတယ်၊ ဖရက်ဆိုတဲ့နာမည်ကြီးမှည့်ထားတာတော့ မကောင်းဘူး"

"ကျောင်းတက်တော့ မြန်မာနာမည်စာလုံးပေါင်းကိုသူတို့ အသံထွက်ရတာခက်တယ် ဘာဘရဲ့၊ ပီအောင်မခေါ်တတ်ဘူး"

"အင်္ဂလိပ်နာမည်မမွှဲဘဲ၊ မြန်မာနာမည် ထင်းခံထား



တဲ့ ဘွဲ့ရကျောင်းသူကျောင်းသား မြန်မာလူမျိုးတွေ မရှိဘူးလား"

"ရှိပါတယ်ဘာဘ။ သိပ်ချီးကျူးစရာကောင်းပါတယ်၊ မိသားစုတစ်စုထဲ ရှိပါတယ်"

"အင်း … ကြားရတာ ကျက်သရေရှိလိုက်တာ"

"ဘာဘက ကျွန်တော်နဲ့ ဘယ်လိုတော်စပ်ပါသလဲခင်ဗျ"

"အဖိုးလေးတော်မှာပေါ့၊ မင်းအမေက ငါ့တူမအရင်း"

ဖရက် … ယခု တဲခိုနေသောအိမ်ကလည်း …ိုးလေးအိမ်ပါပဲ။ မေမေ့ဦးလေးအရင်းပါပဲ။ ဒီတော့ … … တခြားအိမ်မှလာလည်သောဘာဘနှင့်ဆို ညီအစ်ကို …ရင်းပေါ့။ ဒီက အဖိုးလေးကိုကျတော့ ဘိုးဘိုးခေါ်ရပြီး၊ …လည်နေသောအဖိုးလေးကိုကျမှ "ဘာဘ" ခေါ်ရတာ၊ …ရက်၊ သိပ်တော့နားမရှင်းသေးပါ။ သော်ဇင်ထွန်းကိုမေး …ရပါဦးမည်။ သော်ဇင်ထွန်း … ဆိုတာက ဖရက်နှင့် … ယောကျ်ားလေး။ သူ့အောက်က တစ်ယောက်က …ကျားလေးပဲ၊ ကျော်သွင်ထွန်း … တဲ့။ ဖရက်ထက် …ည်းငယ်သည်။ ဒီအိမ်မှ ဘိုးဘိုး၏မြေးအရင်းများ …ဇင်ထွန်းတို့အဖေ ဦးကျော်ထွန်းက ဘိုးဘိုးသား… ဦး …ထွန်းက မေမေနှင့်မောင်နှမဝမ်းကွဲတဲ့။ …ဇင်ထွန်း …ကျော်သွင်ထွန်းတို့ညီအစ်ကိုကျတော့ ဖရက်နှင့်ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဝမ်းကွဲတဲ့။ ဆွေမျိုးတော်စပ်ပုံများကို တော်တော်ကြီးမှတ်သားရသည်။ ဖေဖွေ့ဘက်က အမျိုးနည်း၏။ ရန်ကုန်မှာ တစ်အိမ်ပဲရှိသည်။ နယ်မှာလည်း တစ်အိမ်ထဲတဲ့၊ နည်းနည်းပါးပါးသွေးဝေးသောဆွေမျိုးတချို့ကျတော့ အဆက်အဆံကွဲပါးကာ ဘယ်ပြောင်းလို့ ဘယ်ရွှေ့ကုန်ပြီလဲမသိတဲ့။

မေမေ့အမျိုးတွေအားလုံးလိုလိုကတော့ ရန်ကုန်ရောက်နေကြပြီ။ ဆွေမျိုးအိမ်တွေ ရှစ်အိမ်လောက်ရှိ၏။ သို့ပေမယ့် ... ရွှယ်တူမိန်းကလေး၊ ယောကျ်ားလေးတွေဆိုနှစ်ဝမ်းကွဲတွေချည်း။ သုံးဝမ်းကွဲ၊ လေးဝမ်းကွဲတွေလည်းရှိသည်။ မေမေ့အမျိုးတွေက စည်းလုံးတော့ သုံးလေးဝမ်းကွဲလည်း ချစ်ချစ်ခင်ခင်၊ ရွယ်တူညီကိုမောင်နှမတွေဆို၊ သူငယ်ချင်းတွေပြန်ဖြစ်နေကြပုံက ပျော်စရာ။ တကယ်ဆို ... ဖရက်က သော်ဇင်ထွန်းတို့အိမ်မှာ သိပ်မပျော်ပါ။ ယောကျ်ားလေးသာဆို၊ ရိုးလွန်းအေးလွန်း၏။ အသက်ပဲ နှစ်ဆယ်ကျော်ပြီ။ ဘွဲ့လည်းရထားပြီ။ ခုထိ တစ်နေရာရာသွားချင်လျှင် မိဘထံမှာ ခွင့်တောင်းရဘုံး၊ ဘယ်အရာမဆို မိဘခွင့်ပြုမိန့်ကျမှ လုပ်နေရသော သော်ဇင်ထွန်းကို သနားဘောင်သနားချင်သည်။ သို့ပေမယ့် ... ခမမေက ဒီအိမ်မှာပဲတည်းခိုင်း၏။

"ဆွေမျိုးထဲမှာ ပိုက်ဆံအချမ်းသာဆုံးဆိုတော့၊ ရသောက်ရ တည်းခိုရတာ ဘာမှအားနာစရာမရှိဘူး၊



ရောက်ပြီး သော်ဇင်ထွန်းက သိပ်လိမ္မာတာ၊ ခုခေတ်မှာ အရွယ်မှာ ဒီလောက်လိမ္မာတဲ့သားမျိုး၊ မြန်မာပြည်မှာတောင် ရှားနေပြီ" ... တဲ့။

ဟုတ်ပါရဲ့။ တကယ့်ရှားပါးပစ္စည်းလေး။ သူ့ ဝတ်တောင် သူ့ထက် လည်လည်ဝယ်ဝယ်ရှိဦးမည်။ ဖရက် လုပ်ချင်သည့်အလုပ်တွေအတွက်တော့ သော်ဇင်ထွန်းက ကူညီ ပါသည်။ သူကသာ ရိုးရိုးအအ၊ သူ့သူငယ်ချင်းလှဝင်းက တော်သလောက် ရန်ကုန်မြို့ကို ခါးစောင်းတင်မည့်ဆရာ လောင်း။ ဆေးတက္ကသိုလ်ကျောင်းသား။ လှဝင်းလိုလူ နှင့် အဆက်အသွယ်ရလို့မို့ ဖရက် စုံစမ်းချင်တာတွေ မေးခွင့်ရ၊ သိချင်တာတွေသိခွင့်ရ၊ သွားချင်လုပ်ချင်တာ တွေ သွားခွင့်လုပ်ခွင့်ရခဲ့တာပါ။

"ခင်းအမေတို့က ဘယ်တော့လာမှာလဲ"

"မေမေ နောက်ဆုံးကွန်ထရက်ပြည့်ဖို့ ရှစ်လလိုပါသေးတယ်၊ အဲဒါပြီးရင်လာပါမယ်၊ ကျွန်တော်က ကျောင်းပြီး ... ပြီး အလုပ်ဝင်ရတော့မှာဆိုတော့၊ ဟိုမှာဝင်ရင် တို့လို့တန်းလန်းနဲ့ ကျွန်တော် ... ကျန်ရစ်မယ်၊ အရွယ်ရောက်လာတော့လဲ အင်္ဂလိပ်မနဲ့ ရှမှာကြောက်တယ်တဲ့ ဘဘရဲ့"

"ဒါပေါ့"

"မြန်မာချွေးမ လိုချင်တာလေ၊ အဲဒီတော့ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မဝင်ရသေးဘဲ၊ ကျောင်းပြီးနေချိန်၊ စိတ်လေမယ်၊ မြန်မာပြည်ပြန်နှင့်၊ ရန်ကုန်မှာ တိုက်ဆောက်နှံ့ ဆိုပြီး လွှတ်လိုက်တာပါ"

"မြေကြီးက ရှိပြီးသား ဘဘရဲ့၊ သူတို့ပိုက်ဆံပို့လို့ ဖေဖေဝယ်ပေးထားတာ၊ အင်းယားမြိုင်ထဲမှာ၊ သုံး မူးတောင်ကျယ်တယ်၊ မြေကြီးချည်းပဲ"

"တယ်ဟုတ်ပါလား"

"ဝယ်ထားတာ လေးငါးနှစ်ရှိလို့တော်သေးတယ်၊ ဆို ... မကပ်နိုင်တော့ဘူး"

"ဟုတ်တယ်ကွ ... မင်းတို့မြန်မာပြည်က သူဌေး တယ်ပေါတာပဲ၊ စကားပြောလိုက်ရင် သိန်းကို ရ ချိုထောင်ချိုပြီး ပြောကြတယ်"

"အောင်မယ် ... ငါတို့မြန်မာပြည်ဆိုတော့၊ မင်း က ဘာလူမျိုးမို့လဲ"

"ဆောရီးကွ၊ မင်းကလဲ အချွန်နဲ့လာမ,မနေပါနဲ့ ဘဘ ထတီးနေပါဦးမယ်"

သော်ဇင်ထွန်းနှင့်ဖရက်ကာ သူငယ်ချင်းညီ ကိုဖြစ်နေသည်။

"ဘဘ ... သော်ဇင်ထွန်းဆိုတဲ့ လူရိုးလူအေး၊ တော်နဲ့ပေါင်းလို့ ပျက်စီးစပြုနေပြီ၊ ဦးဦးက တော့်ကိုရိုက်ချတော့မယ်ထင်တယ်"



"အချိန်တန်လို့ နွားပိန်ကန်တာပါကွာ။ ယောကျ်ား လေးတစ်ယောက်ဟာ သေတပန်သက်တဆုံး ထုံထိုင်း ထူအနေရမယ်လို့ ဘယ်ရှိမလဲ"

"ဦးဦးက လည်ဝယ်တာကိုကြိုက်ပါတယ်ကွ၊ ငယ် ငယ်တုန်းကတော့ အလည်လွန်ပြီး၊ လည်လွန်းတဲ့ ဘီး ချိုးသင့်မှာစိုးလို့ ချုပ်ချယ်ခဲ့ရတာ၊ ခုဟာက .. အကျင့်ပါပြီး ဆက်လိမ္မာနေတာပါ၊ သူ့ကိုယ်ပိုင်ဆုံး ဖြတ်ခွင့်ပေးထားပါပြီ၊ မင်းကောင် ... ရည်းစား တောင်ထားတော့မှာ "

"ဟ ... တယ်ဟုတ်ပါလား၊ ဦးဦးပြောတာဟုတ် လားသော်ဇင်ထွန်း"

"ငါကကြိုက်နေတာပါကွာ၊ ပြောတောင်မပြောရသေး ဘူး"

"ဘယ်သူလဲ"

"ဟိုမှာလေ ... အကြင်နာဝေ ... တဲ့"

ဟိုက်၊ ဟိုက်ခနဲဖြစ်မသွားဖို့ မနည်းသတိထား ရပါ၏။ စားလက်စထမင်းတောင် သီးမလိုဖြစ်သွားရ ၏။ ဘယ်တုန်းက ဝယ်ကပ်လိုက်ပါလိမ့်။ အင်ဒိုနီးရှား ပါတိတ်တွေသွင်းသောကုမ္ပဏီ၏ကြော်ညာပိုစတာ ပါ လိပ်တွေအလိပ်တွေကို ဖြန့်လျက် အစီတွေအဆင် ခွဲပြထားသောပြုံးအလှပိုင်ရှင်မိုဒယ်လေးက "အ



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာဝေ” ဆိုပါလား။ ဒီနာမည်မျိုးက ရှားမှာမို့၊ နာမည်တူတော့ မဖြစ်နိုင်ပါ။ ပြီးတော့ ... အကြင်နာဝေဆိုတာ မိုဒယ်ကောင်မလေးဆိုတော့၊ ဒီအကြင်နာဝေဟာ ဟိုအကြင်နာဝေပဲဖြစ်ရမည်။ ဖရက် ... စားလက်စထမင်းကို လက်စသတ်လိုက်၏။ ရေခဲသေတ္တာဖွင့် ရေအဝသောက်ပြီးမှ ထမင်းစားခန်းနံရံမှာ ချိတ်ထားသော ဝေါလ်ရှိ ပိုစတာစာရွက်ကြီးဆီ လျှောက်လာခဲ့သည်။ လှလိုက်တဲ့ကောင်မလေးပါလား။

“ချမ်းသာပေးပါကွာနော်”

“စဉ်းစားရဦးမယ်”

ချမ်းသာပေးသင့်မပေးသင့်ဆိုတာ တကယ်ကို စဉ်းစားရဦးမှာ။ ဖရက်ကို လောဘကြီးတယ်ပဲပြောပြော၊ ခုချိန်မှာ မေကြော့သက်ထားဝေထဲက ဘယ်သူ့ကိုမှ ချမ်းသာမပေးနိုင်သေးပါ။ တစ်ယောက်ကိုရွေးပြီးပြီဆိုလျှင်တော့ ကျန်သည့်လေးယောက်ကို ချမ်းသာပေးပါမည်။ ချမ်းသာပေးမည့်သူစာရင်းထဲမှာ အကြင်နာဝေ ပါချင်မှပါမည်ပေါ့။ ပါချင်လည်းပါသွားနိုင်သည်ပေါ့။

မေ့ကို မမြင်ဘူးသေးပါ။ ကြော့နှင့်သက်ကို မြင်ဖူးခဲ့ပြီ။ ထားကိုလည်း မမြင်ဖူးသေးပါ။ ဒါဟာ ဝေဆိုတော့ ဝေ့ကိုလည်း သက်ရှိထင်ရှားမဟုတ်တောင် ဓာတ်ပုံအနေနှင့် မြင်ဖူးပြီ။ ကြော့၊ သက်နှင့်ဝေတို့ဟာ တစ်





ယောက်တစ်မျိုးစီ လှကြတာပဲ။ ဘယ်သူက ဘယ်လိုပိုလှသလဲဆိုတာ ဖြေရခက်သလို မေးဖို့လည်းခက်ပါ၏။ အဲသည်လိုဆို ... မေနှင့်ထားဟာလဲ ဒီလိုပဲ အလှပဂေးလေးတွေဖြစ်နေနိုင်တာပဲပေါ့။

“သွားပါပြီ”

သော်ဇင်ထွန်းလည်း ထမင်းလက်စသတ်လိုက်၏။

“ဖရက်နဲ့ပြိုင်ရရင်တော့ ရှုံးပြီ”

“စောစောစီးစီး စိတ်ဓာတ်မကျနဲ့လေ”

“မကျလို့မရဘူး၊ ရှုံးကိုရှုံးမှာ၊ အရုပ်ကစရှုံးနေပြီ”

သော်ဇင်ထွန်းဟာ လူပုကလေး မဟုတ်ပါ။ ယောကျ်ားတစ်ယောက်အနေနှင့် ပေမီဒေါက်မီရှိပါ၏။ ငါးပေနှင့်ရှစ်လက်မ။ ခြောက်ပေတီတီပြည့်နေသော ဖရက်အရပ်နှင့်စာတော့ လေးလက်မတိတိ နိမ့်ပါးနေလေပြီ။ ပြီးတော့ ... သော်ဇင်ထွန်းလည်း အသားဖြူတာပါပဲ။ သို့သော် ... ဖရက်ရဲ့အသားက ဖြူတယ်ပြောရမလား၊ ညိုတယ် ပြောရမလားမသိ၊ ဖြူသလိုလို၊ အညိုသွေးဖျော့ဖျော့လားပြေးသလိုလိုနှင့် အဲဒီအပေါ်မှာမှ ပလပ်စတစ်ကြည်ပါးပါးတစ်ထပ်အုပ်ထားသလို၊ သူ့အသားပေါ်မှာ ကြည်စင်ရေ လဲ့လပ်လက်နေတာ အလွန်ထူးခြားပါ၏။ ဒီအသားအရေ ပိုက်ကပ်ဆရာတွေ လိုက်လိမ်းယူလျှင်တောင် ရမည်မ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါ။ ဆပ်ပြာတိုက် မျက်နှာသစ်ပစ်လိုက်ရုံနှင့် အဆီကင်းကာ သူမှုတကော မိတ်ကပ်ပါးပါးလူးထားသည့်အသားရောင်မျိုးဖြစ်သွားတာကတော့ ရှေးကုသိုလ်ပဲဖြစ်မည်။

ကဲကိုဘယ်လိုယှဉ်နိုင်မလဲ။

"မေမေကလဲ သဘောမတူရတဲ့ကြားထဲ"

သော်ဇင်ထွန်းက၊ ကလေးဆိုးကြီးလိုပြောလိုက်သည်။

"ဘာဖြစ်လို့တဲ့လဲ"

"ယောကျ်ားလေးနဲ့ကွဲရဲလို့တဲ့ကွာ ... မိုဒယ်ဆိုတော့ တစ်ခါတလေ စုံတွဲသရုပ်ဆောင်ရတာရှိတာပေါ့။ ပွဲပါတာလိုက်လို့"

"ဒါတော့ ... မင်း ဖီးလ်ရှိရင်ဆက်လုပ်ပေါ့"

"ရှိတယ်"

ဖရက်က ... ဖီးလ်ရှိရင်တွေ ဘာတွေပြောတတ်နေတာနားထောင်ပြီး အကျဉ်သွင်ထွန်းက ဝင်ရယ်၏။

"မင်းအပိုင်းက မင်းကဏ္ဍ၊ ငါ့အပိုင်းက ငါ့ကဏ္ဍ"

"ချမ်းသာမပေးနိုင်ဘူးလား"

"မဆုံးဖြတ်ရသေးဘူး"

"သေကွာ"

သော်ဇင်ထွန်း၊ သူ့နဖူးသူရိုက်နေသည်ကို ဘာနှင့်သူ့အဖေက ကြည့်၍ရယ်နေ၏။ မြန်မာမိသားစုဆွ





ပွင့်လင်းကြသားပဲ ...၊ ဟု ဖရက်တွေးမိသည်။ ဘာလုပ်လုပ်၊ ဘယ်သွားသွား၊ မိဘထံ ခွင့်တိုင်နေရသည့် ရွှယ်တူသော်ဇင်ထွန်းကိုကြည့်ကာ ဒီအိမ်မှာနေဖို့ စိတ်ပျက်ခဲ့ရပေ ယေ့် ခုလိုဆိုတော့လဲ စိတ်ပျက်စရာရှိမည်မထင်တော့ပါ။ သူ ... လွတ်လပ်သားပဲ။ လိမ္မာနေတာသာဖြစ်လျက် ချုပ်ချယ်ခံနေရတာမှမဟုတ်ပဲ။

"အိမ် ... ဘယ်သူနဲ့အပ်လဲ"

"လှဝင်းတို့တိုက်ဆောက်တဲ့အင်ဂျင်နီယာပဲ ဖေဖေ၊ ကုမ္ပဏီအသစ်လေ၊ လူငယ်တွေစုထောင်ထားတာ နာမည်တောင်မေ့နေပြီ၊ လှဝင်းအပ်ပေးတာ"

ဦးဦးမေးခွန်းကို သားသော်ဇင်ထွန်းက ဝင်ဖြေပေး၏။

"ဖောင်ဒေးရှင်းချပလား"

"ဖေဖေ ... သံတိုင်တွေတောင်ထောင်နေပြီ၊ မြန်တယ်ဖေဖေရဲ့"

"ကောင်းတယ် ... ရှစ်လအတွင်းပြီးရင်တော့ သူတို့အလာမှာ အဆင်သင့်တက်နေရုံပဲ"

"ပြီးမှာဦးဦး။ သူတို့က အလုပ်သမားတွေကိုလဲ နိုင်တယ်၊ အလုပ်ချိန်မှာ မခိုနဲ့၊ နားချိန်မှာ အပြတ်နား၊ နေ့တွက်လဲ သူများထက် ပိုပေးထားတယ်၊ ကိုယ့်လူ တခြားကပိုပေးပြီးလာခေါ်လို့ ထွက်သွားတာမျိုးမ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့ မြန်ပါတယ်"

"အေး ... အေး၊ ကောင်းတယ်၊ အခန်းတွေဖွဲ့မှ လိုက်ကြည့်ဦးမယ်"

သော်ဇင်ထွန်း ရေချိုးတာကြာလျှင်တောင်၊ အခန်းတံခါးလိုက်ခေါက်ကာ ... အအေးမိမယ်၊ မြန်မြန်ချိုးဟု ပြောတတ်သောဦးဦးက မြန်မာပြည်မှာပြန်မွေးပေမယ့် အမေရိကားနှင့်အင်္ဂလန်နှစ်နိုင်ငံမှာ စုစုပေါင်း ... နှစ်ပေါင်းနှစ်ဆယ်ကျော်နေလာခဲ့သည့် တူဝမ်းကွဲဖရက်ကိုဖြင့် ဘာတစ်ခုမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ၊ စိတ်ကြိုက်လွှတ်ထားခဲ့ပါ၏။

"ငှက်ပျော်သီးစားဦးမလား ဖရက်"

"ဟင့်အင်း ... မုန့်စားမလို့လား"

"အေး"

"ထမင်းမဝလို့လား"

"ဝတယ်"

"ထမင်းဝနေမှ ငှက်ပျော်သီးက ဘာဖြစ်လို့ထပ်စားဦးမှာလဲ၊ နည်းနည်းပါးပါးချဉ်တဲ့ ဂျူစ်တစ်ခုခုသောက်တာမှ ဟုတ်ဦးမယ်"

"အချိုတဲ့တာကွာ"

"အဖိုးကြီးဂိုက်ကလေးဖမ်းပေး၊ သုံးဆယ်မပြည့်ခင် ဗိုက်ရွှဲလာလိမ့်မယ်၊ ပြီးရင် ... မင်း တစ်ရေးသွား





အိပ်ဦးမှာမဟုတ်လား"

"ကျောင်းမပြီးခင်က ဒီအချိန်စာကျက်ရတာ၊ ကျောင်းပြီး အလုပ်မဝင်ခင် ... ခဏစမတ်ကျတုန်း ဖိမ်နဲ့နှပ်ပါရစေကွာ"

"နှပ် ... နှပ်၊ ဗိုက်ရွှဲရင် ဘယ်ကောင်မလေးမှ မကြိုက်ဘူး"

သူ့ကို မနှပ်ဖို့တားပေမယ့်၊ ကိုယ်တိုင်ကျတော့ နှပ်ဖို့ ကိုယ့်အတွက်ပေးထားသောအခန်းထဲ ဝင်ခဲ့၏။ တံခါးကို ဂျက်ထိုး၍ပိတ်သည်။ နည်းနည်းအိုက်စပ်သည်မို့ ခြင်ထောင်တစ်ထပ်ပဲချိန်ကာ မှန်ပြတင်းတံခါးတွေ ဖွင့်လိုက်၏။ မြစ်နိုင်လျှင် အဲယားကွန်းလေးဖွင့်၍နေချင်၏။ မြန်မာပြည်ရာသီဥတုကို ကျင့်သားမရသေးသည်မို့ ဖရက် အရမ်းအိုက်ပါ၏။ မိုးရွာလည်း အိုက်တာပါပဲ။ ဆောင်းတွင်းကျမှ နေလို့ကောင်းရုံရှိမှာ။ ဒေါ်လေးက မီတာခတွေကျလွန်းကြောင်း ပြောသံကြားထားတာနှင့် အလိုက်သိစွာ အဲယားကွန်းမဖွင့်ဘဲနေလိုက်သည်။

မိမိခန္ဓာကိုယ်ကြီးကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်၏။ ယပ်တဖျပ်ဖျပ်ခပ်ရသည်။ ဆယ်လူလာတယ်ဖုန်းလေးကို ဘောင်းဘီအိတ်ထဲမှ ထုတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အကြင်နာဝေနဲ့ ပြောချင်လို့ပါခင်ဗျ"

"အဲ ... ဝေမရှိပါဘူး၊ ဒီနေ့ ရှူတင်ရှိလို့၊ အပြင် သွားပါတယ်"

"ဝေ" နှင့်ပတ်သက်လာသောယောကျ်ားသံတိုင်းကို ကိုယ့်လာရောချင်သည့်သူတွေအဖြစ် ဘုပြောလွှတ်၍မရပါ။ ဝေ့ကို ကုမ္ပဏီတွေက၊ လုပ်ငန်းရှင်တွေက၊ ဓာတ်ပုံရိုက်ဖို့၊ ဝေါလ်ရှိတို့ ပိုစတာတို့ တီဗီကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာရိုက်ဖို့ အလုပ်စကားပြောကြသူတွေက ယောကျ်ားတွေချည်းမို့ပါ။

"အော် ... မေသီဂီရှည်ထင်တယ်"

ခံ့ခံ့ထည်ထည်ဂိုက်ဖမ်း၍ မေးလိုက်၏။

"မေက ... ဈေးသွားပါတယ်ရှင့်"

"ဒါဖြင့် ... အဲဒီကပြောနေတာ ဘယ်သူပါလဲခင်ဗျ"

"ခင်ထားတင်ပါ"

"ဩ ... အလုပ်မသွားဘူးလား"

"ကျွန်မ ... တုပ်ကွေးနည်းနည်းရထားလို့ ခွင့်ယူထားပါတယ်"

အသံကလေးက တော်တော့်ကို ထူးခြားသည်။ ဩရှရှနှင့် ချိုချိုကလေး၊ တစ်ချက်တစ်ချက် နှစ်တိမ်ဝင်သွားပုံလေးက၊ နားထောင်မိသူက၊ မြေကြီးထဲထိ လိုက်တူး



...း သိမ်ပိုက်နားဆင်ရတော့မလောက်ကို စွဲမက်ဖွယ်ရှိ၏။

...စ်နေ့က ဝိုင်းပြီး တစ်ယောက်တစ်မျိုးဖုန်းဆက်စဉ်က ...လေးတစ်ခုခု ဖောက်တော်သာသည် ... လို့တော့ သ...းလိုက်မိသား။ မြန်မာပြည်ပြန်ကာနီး ... မေမေဆု...ိုက်တာ နားထဲမှာ ကြားယောင်လာ၏။

"ဘေးခပ်သိမ်း ရန်ခပ်သိမ်း အန္တရာယ်ခပ်သိမ်း ငြိမ်းပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ ထိမယ့်ခလုတ်ဆုတ်ပါစေ၊ သွားလေရာလာလေရာမှာ ရွှေကြာပွင့်လန်း၊ လသစ်ဆန်း၊ ပန်းကောင်းပွင့်သကဲ့သို့၊ အသံကြားသနားကြပါစေ၊ မျက်နှာမြင် ချစ်ခင်ကြပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပါစေ" ... တဲ့။

ရှစ်လလောက်ခွဲရမည့်သားအတွက် မေမေက ...ရည်လေးစမ်းစမ်းနှင့် ဆုပေးသည်။ ခရီးထွက်ကာနီး ...နံပါးကို ထိုင်ကန်တော့နေသော ယဉ်ကျေးမှုကို အင်...သူငယ်ချင်းတွေက လက်ဖျားခါ၍ ချီးကျူး၏။ မြန်မာ...မိသားစုတွင်း ရင်းနှီးချစ်ခင်ပုံကို သူတို့ အံ့ဩကြ...။ ကြေကြေကွဲကွဲပုံစံလေးကို၊ သူတို့ မမြင်ဘူးကြပါ။ ...သည့် မေမေ့မျက်ရည်တွေ စီးကျမလာစေဖို့ ... ...ာသဖောက်ကာ ...

"ငါတော့ ဆုမပေးတတ်ဘူး၊ ...အမေပြော

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်းပဲ" ... ဟုဆိုတော့ ဖရက် ရယ်လိုက်မိတာကို လည်း သူတို့ အံ့သြကြသည်။ ကြေကွဲဆွတ်ကြင်လွမ်းမောဖွယ် တချိုတရိအပြုံးနှင့်ခံစားမှုလေးက ခုနစ်လရှစ်လလောက်ခွဲရမည့် သားအမိချင်းတွေထဲမှာ ဖြစ်ထွန်းသည်တဲ့လား။

သူတို့ဆီမှာတော့ "ဘိုင့် ... ဘိုင်" ဟု တစ်ခွန်းပြောလျှင် လုံလောက်၏။ မြန်မာ့ယဉ်ကျေးမှုသည် နက်နဲသိမ်မွေ့၏။ ထူးခြားမြင့်မြတ်၏။ မေတ္တာတရားကို ရှေ့မှာထား၏။ ဖရက်၏ တက္ကသိုလ်မှ ရင်းနှီးသောဆရာတစ်ဦးကရောင် ဖရက်တို့မိသားစုဆက်ဆံရေးကို တွေ့မြင်ကာ အားကျအတုခိုးရမည်ဟု ချီးကျူးဖူးလေ၏။

"မေမေ ... ကျွန်တော့်ကိုပေးလိုက်တဲ့ဆုနဲ့ပြည့်စုံတဲ့ကောင်မလေးတစ်ယောက်ကို ကျွန်တော်တွေ့နေပြီ မေမေ၊ သူ့အသံလေးက ချစ်စရာ သနားစရာနဲ့ စိတ်ဝင်စားဖွယ်၊ စွဲငြိဖွယ်လေး

"ဟိုအဆိုရှင်က အသံကောင်းအဆိုကောင်းပေမယ့် အနုပညာတစ်ခုအဖြစ်ပဲ ခံစားလို့ရတယ်၊ ဒီအသံလေးက ရင်ထဲကို တိုးဝင်တယ် မေမေရေ"

... ဟု ညကျ မေမေ့ဆီ ဖုန်းဆက်လိုက်လျှင် မေမေက ဘယ်လိုပြောမလဲ။ မေမေပြောတဲ့ကောင်မလေးဟာ အသံကလေး ... ရင်ထဲစွဲသွားရတဲ့ကောင်မလေးသာဆို ဘယ်လောက်ကောင်းမလဲ။



"ဝေနဲ့ကိစ္စရှိရင် ကျွန်မကိုမှာခဲ့လို့ရပါတယ်ရှင်"

"ဓာတ်ပုံရိုက်ဖို့ကိစ္စပါ၊ ကျွန်တော် ... ပြိုင်ပွဲတစ်ခု ဝင်ချင်လို့၊ ကိစ္စမရှိဘူး အကြင်နာဝေနဲ့တွေ့မှပဲ ပြောပါတော့မယ်၊ နောက်တစ်နေ့ ဖုန်းထပ်ဆက်ပါ့မယ်"

"ဘယ်သူဆက်တယ်လို့ပြောထားလိုက်ရမလဲရှင်"

"ကျွန်တော်က နာမည်မကြီးသေးတဲ့ ဓာတ်ပုံဆရာ ဖရက်ပါ။ ခုမှ ကြိုးစားတုန်းမို့ ကျွန်တော့်နာမည်ပြောလဲ အကြင်နာဝေသိနိုင်မယ်မထင်ပါဘူး၊ နောက်နေ့မှ ထပ်ဆက်ပါ့မယ်၊ ခင်ဗျား ... မနက်ဖြန်အလုပ်ဆင်းနိုင်မှာလား"

"ရှင် ... ဘာဖြစ်လို့ပါလိမ့်"

"ကျွန်တော်၊ အကြင်နာဝေကို ဓာတ်ပုံရိုက်ရင် ခင်ဗျားကို မိတ်ကပ်ဆရာမအဖြစ် ငှားချင်ပါတယ်၊ ခင်ဗျား အဲဒီလိုလိုက်ပြင်ပေးလား"

"ကျွန်မက ဆိုင်ပိုင်ရှင်မဟုတ်ပါဘူး၊ ငှားချင်ရင် ပိုင်ရှင်ဆီမှာပဲ ငှားရပါတယ်၊ ကျွန်မတို့က အလုပ်အပေါ်မှာ Percentage ပါစင်းတော့ချ်နဲ့ရတဲ့သူပါ၊ ဆိုင်ရှင်က သူထည့်ချင်တဲ့သူကိုထည့်ပေးလေ့ရှိပါတယ်၊ ဘယ်သူနဲ့မှ ပြင်ချင်ပါတယ်လို့ ... သီးခြားပြောင်းဆိုရင်လဲရပါတယ် ...

"ကျွန်မ ... ဝေ့ကို သိပ်ပြင်ပေးချင်တယ်၊ ဝေ့ရှ



www.burmeseclassic.com

www.burmeseclassic.com



တင်နဲ့ ကျွန်မအားတဲ့ရက်နဲ့လဲ မဆုံဘူး၊ နောက်ပြီး ဝေ့ကို လာငှားကြတဲ့ကုမ္ပဏီတွေက သူတို့စိတ်ကြိုက် မိတ်ကပ်ဆရာခေါ်ပေးတာပါ၊ ဝေကလဲ ခင်ထားတင် ကိုခေါ်ပေးပါလို့ ပြောရမှာ နှုတ်မရဲဘူး ...

"ကျွန်မခေါ်ချင်တဲ့သူခေါ်လာပါရစေ ... လို့လဲ ချေး မများရဲဘူး၊ ဝေက တကယ်သစ်စမဟုတ်လား၊ ပိုက်ဆံ လဲသိပ်ရသေးတာမဟုတ်ဘူး၊ လူသစ်တန်းဆိုတော့ ကိုယ့်ကို မိုဒယ်အဖြစ်လာငှားကြတဲ့သူကိုပဲ ကျေးဇူး ပြန်တင်နေရတာ ...

"ရှင်ရိုက်မယ့်ဓာတ်ပုံကိစ္စမှာ ကျွန်မကိုငှားချင်တယ်ဆို ရင်တော့၊ ကျွန်မဆိုင်ရှင်ကိုပဲ လာပြောပါ၊ ခင်ထား တင်နဲ့ပြင်ချင်ပါတယ်လို့ နာမည်ဖော်ပြပေးပါ၊ ကျေး ဇူးတင်ပါတယ်ရှင်၊ ကျွန်မသူငယ်ချင်းကို ကျွန်မက သိပ်ပြင်ပေးချင်နေတာ ...

"ဒါမှမဟုတ် ကျွန်မအားတဲ့ရက်မှာ ရှင်ရိုက်မယ်ဆို ရင်တော့၊ ကျွန်မအတွက် မိတ်ကပ်ကြေးပေးစရာမ လိုပါဘူး၊ မေတ္တာနဲ့လိုက်ပြင်ပါ့မယ်၊ ရှင်လဲ လူတစ် ယောက်စာ အကုန်အကျသက်သာသွားတာပေါ့"

"ကျွန်တော် ... စီစဉ်ပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

"ဒါပဲနော် ... ဘိုင့်ဘိုင်"





"ဟုတ်ကဲ့"

မြန်မာပြည်ပြန်ရောက်မှ "ဘိုင့်ဘိုင်" မပြော ဖို့ သတိထားနေပါလျက် ... ယောင်ရမ်းထွက်သွားမိသေး သည်။ "ကောင်မလေးတွေနဲ့ပြောရင်၊ အပြီးသတ်မှာ ဘိုင့် ဘိုင်ပြောရင် နည်းနည်းပါးပါး ညုကလီယားဖြစ်တယ်ကွ၊ ပျော့တိချွဲဖတ်လိုလိုပေါ့" ... တဲ့။

လုဝင်းပို့ချထားသည့် သင်တန်းပါ။

"ခေတ်ကြီးက ပြောင်းသွားပြီကွ၊ အရင်ခေတ်တုန်း ကဆို မိန်းကလေးတစ်ယောက်ကို ကြိုက်ရင် သေ လုအောင်လိုက်ယူရတယ်၊ ငိုပြ"

"ဟာ ... မငိုနိုင်ပါဘူး၊ ငိုစရာမှမဟုတ်တာ"

"လန်ဒန်သားရဲ့၊ ငိုပြဆိုတာ မျက်ရည်ထွက်ဖို့ပြော တာမဟုတ်ဘူး၊ မျက်နှာ ငယ်လေးနဲ့ချော့မော့တာ"

"သိဘူးကွာ"

"လိုက်နိုင်လွန်းမှ ရတာကွ။ ခက်ခက်ခဲခဲ။ ခုခေတ် ကျတော့ တစ်မျိုး။ ဂရုမစိုက်ပါဘူးဆိုတဲ့ပုံစံနဲ့နေ၊ ကိုယ်ကြိုက်တဲ့ကောင်မလေးရှေ့မှာ ရှူပြပုပ်ပြ၊ မျက် နှာထားတင်းတင်းနဲ့ မာနကြီးပြ၊ ကောင်မလေးတွေ က ကြွေရော"

"မဖြစ်နိုင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံပေါဖို့တော့လိုတယ်၊ ငါးရာတန်အုပ်လိုက်ကိုင်ပြီး ဆယ်လုံးလားပုန်းနဲ့တိုပယိုတာမော့ခ်တူးနဲ့ဆိုရင် ကိုယ်က မျက်နှာကိုသာချီသား"

"ခဲပေါက်ခံရရောလား"

"ငါ့အမေ ငါ့ကိုရှုတ်ရှုတ်ပြတဲ့ ကာဗျာတစ်ပုဒ်ရှိတယ်ကွ။ မေတ္တာစာဆိုလား။ အမေက မြန်မာစာနဲ့ကျောင်းပြီးထားတာ၊ ဦးပုညတဲ့၊ ရှေးစာဆိုကြီးရေးတာပေါ့၊ အမေက ငါ့ကို အဲဒီလို တင်းတင်းနေဖို့ပြောတယ်

"ငါ့ကို ဆယ်လူလာတာပ်ဆေးတယ်၊ ခါးမှာချိတ်၊ ကားကတော့ အဖေ့ကား ခွဲစီးရတော့ ပါဂျရိုး ... အမေပြောတာရှုတ်ပြမယ် ...

"ဗျာဆံပိုက်၊ ဗျာဆံခါ၊ အမျိုးတွေလာလွှန်းလို့၊ ငါ ဆရာတော်၊ ကျောင်းပေါ်က၊ ကြိမ်ခေါင်လို့ချရသေးသည်တဲ့၊ မင်းနားလည်လား"

"မလည်ဘူး"

"နားရွက်ဖုံးရုံဆံပင်လေးမျိုးပေါ့၊ ခုခေတ်တော့ ဒါပဲရှိတာပဲ၊ အဲဒီလိုဆံပင်နဲ့ဆိုတော့ ကောင်မလေးခယ်ငယ်ငယ်လေးတွေ အမျိုးပေါက်စလေးတွေပေါ့၊ ဦးပုညကျောင်းပေါ် တက်တက်လာလွှန်းလို့ ကြိမ်နဲ့တောင်ရိုက်ချရသေးတယ်တဲ့"

"ဟား ... ဟား"





ဖရက်က သဘောကျစွာရယ်၏။

"ဥသျှစ်တစ်တင်း၊ နှမ်းတစ်တင်းခေတ်ကိုရောက်နေပြီတဲ့၊ အဲဒါရောသိလား"

"မသိဘူး"

"တင်းတောင်းသိလား၊ သိမှာမဟုတ်ပါဘူး၊ ဆန်တစ်တင်းဆန့်တဲ့တောင်းကြီးတစ်လုံးကွာ၊ ဥသျှစ်သီးရောသိလား၊ အဲဒီထဲကို ဥသျှစ်သီးထဲ့ရင် ဘယ်နှစ်လုံးဆန့်မလဲ၊ ဆန့်လှ ... နှစ်ဆယ်သုံးဆယ်၊ ထားကွာ အလွန်ဆုံး လေးဆယ် ...

"အဲဒီတောင်းထဲ နှမ်းစေ့တွေထဲ့ရင် ဘယ်နှစ်စေ့ဝင်မလဲ"

"ဟာ ... ဘယ်ရေနိုင်မလဲ၊ ကုဋေကဋာပေါင်းများစွာပေါ့"

"အဲဒီ ကုဋေကဋာပေါင်းများစွာသောမိန်းမနဲ့ သုံးလေးဆယ်သောယောကျ်ားနဲ့မှ သွားညီတာတဲ့၊ မြန်မာ့လူဦးရေတိုးတက်မှုနှုန်းမှာတောင် ယောကျ်ားတစ်ရာမှာ မိန်းမက တစ်ရာနဲ့ဆယ့်လေးယောက်ဖြစ်နေပြီ ...

"ဥသျှစ်သီးနဲ့နှမ်းကတော့ ကွာလွန်းပါတယ်၊ တင်စားတာမို့ထားတော့၊ ယောကျ်ားတစ်ယောက်မှာ ဘုန်းကြီးဝတ်တဲ့သူနဲ့ လူပျိုကြီးတွေဖယ်ရင် အဲဒီထဲက ကျန်

www.burmeseclassic.com

www.burmeseclassic.com



တာကမှ မိန်းမတစ်ရာနဲ့ ဆယ့်လေးယောက်အတွက်"

"မိန်းမထဲမှာလဲ သီလရှင်နဲ့အပျိုကြီးတွေ ဖယ်ရဦးမယ်"

"တွေ့တူပဲထား၊ ဘာပဲဖြစ်ဖြစ်၊ မိန်းမဆယ့်လေးယောက် ပိုနေတယ်၊ အဲဒီမိန်းမတွေက ပိုက်ဆံပေါပြီး စူပုပ် ခက်ထန်နေတဲ့ယောကျ်ားတွေဆီ ပြေးကပ်လိမ့်မယ်။ ရည်းစားမရမှာမပူနဲ့၊ စိတ်သာချ"

"လှဝင်းရေ ... မိန်းမတွေချောင်းရိုက်ခံရလို့လဲ သေနေဦးမယ်၊ မင်းလိုသာဆို နန့်ပျာပျာတွေမှ ယောကျ်ားရတော့မလိုဖြစ်နေပြီ၊

"ငါ့အမေ အရမ်းစိတ်ဆိုးပြီး ခဏခဏပြောတဲ့စကားတစ်ခွန်းရှိတယ်သိလား၊ ရုပ်ရှင်တွေ ဗီဒီယိုတွေ ဝတ္ထုတွေထဲမှာ မိန်းကလေးကစပြီး ရည်းစားစကားပြောတာတွေ ရိုက်ပြရေးပြတာ၊ မြန်မာ့ယဉ်ကျေးမှုကို ခါးလယ်က ဓားနဲ့ပိုင်းသလိုပဲတဲ့၊ ဒီကြားထဲ ... လစ်ဗင်းတူဂဲသားဆိုတဲ့ စကားလုံးကိုလဲ ဝတ္ထုတွေက လူငယ်တွေထဲသွင်းလာသေးတယ် ...

"မြန်မာပြည်ကြီးတပြည်လုံးကို မီးတင်ရှို့ပစ်လိုက်တာကမှ၊ မြန်မာ ... ဆိုတဲ့ ဖွဲ့မာန်နဲ့ ပြာပုံပေါ်ကထပြီး ပြန်လည်ထူထောင်လို့ရသေးတယ်တဲ့၊ ကောင်မလေးတွေပါးစပ်ဖျားကို လစ်ဗင်းတူဂဲသားရောက်သွားတာ၊



အမျိုး၊ ဘာသာ၊ သာသနာနဲ့ယဉ်ကျေးမှုပါ အရင်းအမြစ်ကစပြီး ပြိုလဲမယ့်ကိစ္စ၊ ဘာနဲ့မှ ပြန်လည်ထူထောင်လို့မရဘူးတဲ့ ...

"အဲဒါကို အရှက်မရှိ လူနည်းစုတစ်စုက အကောင်းမှတ်ပြီးပြောနေကြပြီတဲ့၊ အဲဒီကိစ္စ၊ မြန်မာလူမျိုးနဲ့ ဘာမှမဆိုင်ဘူးကွ၊ မြန်မာ့ ယဉ်ကျေးမှုမှာ အလွန်အောက်တန်းကျပြီး သိမ်ဖျင်းယုတ်ညံ့၊ စက်ဆုပ်ဖွယ် အလုပ်တဲ့"

"မင်းတို့အမေက မြန်မာချစ်စိတ် တော်တော်ပြင်းတာပဲ"

"ပြင်းတယ်။ ယဉ်ကျေးမှုလဲထိန်းတယ်၊ ငါကလဲ ခပ်လည်လည်ကောင်ဆိုတော့ ငါ့ကို အမြဲပြောတယ်၊ ခေါင်းထဲမှာ ဦးနှောက်ရှိတယ်၊ စဉ်းစား၊ ကြိုက်တဲ့သူယူနိုင်တယ်၊ မြေးအင်ကြီးထိန်းရတဲ့နေ့ဟာ မေမေသေတဲ့နေ့ပဲတဲ့"

"ဘာလဲ မြေးအင်ဆိုတာ"

"အင်ဆိုတာ အတုကိုပြောတာ"

"အော် ... မြေးအတု၊ ဟား ... ဟား"

"အဲဒါ ... မင်းရည်းစားထားချင် ရုပ်ချင်[illegible]ချင်ရင် မာ့ခ်တူးစီး၊ ပါဂျရိုးစီး၊ ဖြစ်နိုင်ရင် မ[illegible]ဒ်းစီး၊ ဆယ် လူလာခါးချိတ်၊ ငါးရာတန်အုပ်[illegible]တွေ ဘာရိဗ်ကော့စ်[illegible]

www.burmeseclassic.com



အပြည့်ထည့်၊ ဣန္ဒြေသိက္ခာနဲ့တဲ့၊ အပျိုအင်ဝေလာလိမ့်မယ်၊ မင်းက ခပ်တည်တည်နဲ့ တင်းတင်းနေရုံပဲ"

"မနိုင်သေးပါဘူးကွာ"

"ဣန္ဒြေသိက္ခာနဲ့၊ တန်ဖိုးရှိ ကျက်သရေရှိ၊ မြန်မာ့ယဉ်ကျေးမှုစစ်စစ်ထဲက မိန်းမသန့်သန့်လေးလို့ချင်ရင်တော့၊ ရှေးထုံးကိုပယ်လို့မရသေးဘူး။ သွားဒုံးထောက်ချေ။ မင်းဆီ သူက ပြေးကပ်မှာမဟုတ်ဘူး"

"မိန်းမဆယ့်လေးယောက်ပိုနေတယ်ဆို"

လှဝင်းက ရယ်နေ၏။ ဖရက်က တွေးလိုက်သည်။ မေကြော့သက်ထားဝေဟာ ... ပိုနေတဲ့ မိန်းမဆယ့်လေးယောက်လို အမျိုးအစားထဲကတော့မဟုတ်တန်ကောင်းဘူးထင်ပါရဲ့၊ ဟုတ်ခဲ့ရင်လဲ မေမေက ဘယ်လိုမှ သဘောတူကြည်ဖြူနိုင်တော့မှာမဟုတ်၊ ဒါကြောင့်ခို့လဲ ... "ပွင့်ပွင့်လင်းလင်းဖွင့်မပြောဘဲ အဝေးကစုံစမ်း။ ဖြစ်နိုင်ရင်တော့ မေမေက၊ ထားခဲ့တဲ့ကတိ တည်ချင်တယ်၊ မိန်းကလေးက ပျက်ပျက်စီးစီးဖြစ်နေရင်တော့ ဖမေ့သားကို ကတိတစ်ခုအတွက် မစတေးနိုင်ဘူး၊ ဥာဏ်ကိုလျှာသုံး" ... ဟု မှာလိုက်တာ။ ဒီတစ်ခါ မေမေ့ဆီဖုန်းဆက်ရင် ...

"ရန်ကုန်မှာ ချက်ဖော်လော်လီနေတဲ့ မိန်းမတချို့ရှိနေပြီ မေမေ၊ လျှပ်ပေါ်လော်လီသလားတော့ မေးမနေ



...တော့" ... ဟု ပြောပြလိုက်လျှင် လန်ဒန်ရောက်မေမေ ...သူးတွေတောင်ဆောင့်တိုးသွားနိုင်ပါ၏။ မြန်မာမကလေး ...တွေ့ရယ် ... ။ မြန်မာ့အလှနဲ့ ဘာဖြစ်လို့များ ရောင့်ရဲဖွာ ...လှကိုင်ရတာလဲ။

ကိုယ်မြင်ဘူးထားပြီဖြစ်သော ကြော့ရှင်းခင်နှင့် ...က်နှင်းကြင်တို့ကတော့ လှဝင်းပြောသည့်ပုံစံထဲ မဝင်ပါ။ ...ကြော့ရှင်းခင် ... ရက်စဘောရင့်မှာ သီချင်းဆိုနေတာတောင် ...လုံခြုံခြုံ၊ ထူထူထဲထဲ၊ "အသံကိုသာရောင်းပြီး အလှအပ ...အချဲ့ကို မရောင်းတဲ့သီချင်းသံယ်" ... ဟု လှဝင်း ...တောင် ချီးကျူးရသည်။ ဒီလိုပဲဖြစ်ရမည်ပေါ့။ ကိုယ့်ဝါ ...မှာ ကိုယ့်အနုပညာနှင့်ကိုယ်အသက်မွေးတာ၊ ခန္ဓာကိုယ် ...တို့ ထုတ်ပြဖို့မှမဟုတ်ဘဲ။ ကြော့ရှင်းခင်လိုအဆိုတော်မျိုး ...တော့ လေးစားရပါမည်။ သက်နှင်းကြင်ကတော့ မပြော ...တော့၊ လုပ်ရမည့်အလုပ်ကိုက၊ တည်တည်ခံ့ခံ့၊ လေ ...လေးစက်အခန်းထဲမှာ ထည်ထည်ဝါဝါကြီး၊ မျက်နှာထား ...ည်း ကျက်သရေရှိစွာ ဣန္ဒြေကြီးနှင့်။ အဲသည်နှစ်ယောက် ... စိုးရိမ်သည့်အချက်မှကင်းလွတ်ပြီ။

အသံလေးစွဲငြိဖွယ်ဖြစ်သော ခင်ထားတင်ကို ...ချင်လှပါပြီ။ အကြင်နာဝေက ရုပ်ကလေးလှပြီး သူ ... ပြဲ ဒယ်ဆိုပေမယ့် သိက္ခာရှိမျက်ဝန်းလေးနှင့်ပါ။ မေ့ ... အထူးပြောစရာတောင်လိုမည်မထင်ပါ။ အိမ်ထဲက

www.burmeseclassic.com



အိမ်ပြင်တောင် သိပ်မထွက်ဘဲ၊ စာဖတ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ အိမ်အလှပြင်ခြင်း၊ တစ်ခါတစ်ရံ မီးဖိုချောင်ဝင်၍ ချက်ပြုတ်ခြင်းတို့နှင့်သာ အချိန်ကုန်နေတတ်သူမို့ အားလုံးထဲမှာ မိန်းမအပီသဆုံး၊ သိက္ခာအကြီးဆုံးတောင်ဖြစ်နေဦးမည် သေးသည်။ မေမေကြိုက်မည့်ပုံစံထဲ - ကွက်တိဝင်မည့်အမျိုးသမီး။

ငါးယောက်လုံးနဲ့ ခင်ချင်ပါသည်ကွယ်။

## အခန်း(၆)

"ငါ ... အရမ်းသူဌေးဖြစ်ချင်တယ်ကွာ"

"သဒ္ဒါမှားနေပြီမောင်ထူးရဲ၊ သူဌေးအရမ်းဖြစ်ချင်တယ်လို့ပြောရတယ်"

"အကွက်လောက်စောင့်ချောင်းနေရင် ပွေးကွက်ပဲရမယ်"

"သွား ... ရှုံလိုက်တာ"

မိသက်က ထူးနောင်၏ကျောပြင်ကို အုံးခနဲ

www.burmeseclassic.com

www.burmeseclassic.com



ထုလိုက်၏။ ထူးနောက်ကျောကြီးတစ်ပြင်လုံး ကော့တက်သွားရသည်။

"တကယ်လုပ်ရှုသလား၊ နာလိုက်တာ"

"သေစေချင်လို့"

"မေတ္တာထားတယ်လား"

နှစ်ယောက်လုံး ရယ်လိုက်ကြသည်။ အဲသည်နှစ်ယောက်ဟာ ငယ်သူငယ်ချင်းစစ်စစ် ပြောမနာဆိုမနာကြပါဆိုလျှင် လူတိုင်းယုံ၏။ ယုံသည့်အတိုင်းလည်း မှန်၏။ သူတို့နှစ်ယောက်ဟာ ချစ်သူတွေလည်းဖြစ်ကြပါသေးသည်ဆိုလျှင်တော့ မည်သူမျှ ယုံမည်မထင်ပါ။ သို့ပေမယ့် ... သူတို့ တကယ်ပဲချစ်သူတွေဖြစ်ကြပါ၏။ ငယ်ငယ်ကယက တစ်လမ်းထဲမှာ (တစ်လမ်းထဲမှာဆိုရာ၌ ဆင်းရဲသားရပ်ကွက်တစ်ခု၏လမ်းတစ်လမ်းထဲမှာ ... ဟုဆိုမှ ပိုမိုတိကျပါမည်) ကြီးပြင်းခဲ့ကြသည်။ မူလတန်းတူတူ၊ အလယ်တန်းတူတူ၊ အထက်တန်းတူတူ။ ပြီးတော့ မိဘနှမ်းပါးတာချင်းလည်း တူတူမှာ ထူးနောင်က မိစုံဖစုံရှိသေးသည်။ မိသက်က မေတစ်ယောက်ပဲရှိ၏။

"ဆင်းရဲတာချင်းတူတူမှာ ငါက ပိုဆင်းရဲပါတယ်ကွ၊ အဖေတောင်မရှိဘူး၊ နင့်ထက် အဖေလျော့တယ်"

သည်စကားကို မိသက် ရယ်၍ပြော၏။ … သားယောသားကျနေပြီ။ လောကမှာ ရှားပါးခြင်း၊ ဆင်းရဲခြင်း၊ …



…။ မပြည့်စုံခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ မည်သူကမျှ ဆေးဖော်…ဘက်မလုပ်လိုခြင်း၊ ဆွေမျိုးစုအလယ်မှာ မျက်နှာငယ်…။ အမေက ချစ်လွန်းလို့ အသည်းအသက်ကို အပ်နှင်း… ချစ်ခင်ကြင်နာရပါသည် ... ဟူသော အဓိပ္ပါယ်နှင့် "…သက်နှင်းကြင်" ... ဟု နာမည်လှလှလေးမှည့်ထားတာ…၊ နာမည်ကို အားနာလိုက်တာဟု နှိမ့်နှိမ့်ချချ အပြစ်…ခံရခြင်း ... စသော အရှုံးခံစားချက်တွေများလွန်းလို့ …တို့က ထုံနေပြီ။ ပေနေပြီ။ တော်ရုံဝမ်းနည်းစကား… ရယ်၍ပြောနိုင်၏။

"နင်ကလဲ ... ဒါ ရယ်ပြီးပြောရမယ့်စကားလား"

"ငိုပြီးပြောရမလား။ ကဲ ... ငါငိုမယ်၊ ငါ့အဖေ ပြန်ရှင်လာမလား၊ ဒါမှမဟုတ် သိပေါက်မလား၊ နင်ဖြေ"

"စကားပြောလိုက်မှဖြင့် အငေါ်ကလဲတူးပါ့၊ ဒါကြောင့် နင့်ကို ဘယ်သူမှမကြိုက်တာ၊ ငါတစ်ယောက်ထဲ ... ဘယ်သူမှမကြိုက်တဲ့ကောင်မလေးဆိုပြီး သနားလို့ ကြိုက်ထားရတယ်"

"အေး ... ငါကလဲ၊ ငါမှပြန်မကြိုက်ရင် တစ်သက်လုံး ရည်းစားရဖို့လမ်းမရှိတဲ့ ရုပ်စုတ်ကိုသနားလို့ ပြန်ကြိုက်ထားတာ"

ချစ်သူတွေတဲ့။ ခေါ်ကြသုံးနှုန်းပြီးပုံက၊ မိ

www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့၊ မောင်ထူးတဲ့။ တာကယ်ဆို "သက်နှင်းကြွင်" တို့ "ထူးနောင်" တို့ နာမည်လေးတွေ လှရှာသားရယ်နှင့်။ ပြီးတော့ ... လူကလေးတွေလည်း လှပါ၏။ ဥစ္စာခနမှာ ဂျသိုလ်ကက ညှံ့ရှာတော့ ရုပ်ရည်ရူပကာဘက်မှာ၊ သဘာဝတရားကြီးက မဲတင်းပေးလိုက်ပုံရသည်၊ နှစ်ယောက်လုံးအသားလေးတွေဖြူကြသည်။ မျက်ခုံးမျက်ဆံလှကြသည်။ နှာတံပေါ်ကြသည်။ ရုပ်ချောလေးတွေ။ ပြီးတော့ ... ဆင်းမှုသည်သာဆို၊ ဖြူဖြူသန့်သန့်နှင့်၊ ရှိသလောက်ကလေးနှင့်ကြော့ရှင်းလှပအောင်၊ သပ်ရပ်ခံ့ထည်အောင် ဝတ်တတ်စားတတ်ကလေးတွေလည်းရှိကြသည်။ တန်ဖိုးနည်းပိတ်စလေးတွေနှင့်ချုပ်ထားပေမယ့် သပ်ရပ်ကြော့မော့သောအဝတ်အစားလေးတွေဟာ သူတို့ကိုယ်ပေါ်သို့ရောက်သွားသည့်အခါမှာ၊ နိုင်ငံခြားမှ အသင့်ဝတ် (Ready Made ရယ်ဒီမိတ်) ဝင်လာသောပစ္စည်းကလေးတွေလား ထင်ရ၏။ အဲသည်ကုသိုလ်လေးတစ်ခုစီမှလွဲလျှင်၊ ဉာဏ်ပညာနှင့်ကျောင်းစာကျတော့လည်း ထူးလှသည်မရှိ။ သူများတန်းတူ။ အောင်ရုံကလေးအောင်ကြလျက်၊ ဆရာဝန်ဖြစ်ဖို့၊ အင်ဂျင်နီယာဖြစ်ဖို့ရယ်လို့ မှန်းနိုင်ကြသူများမဟုတ်ပါ။

"မိသက် ... ငါ့ကို တစ်ခါတလေ ရိုရိုသေသေချစ်ချစ်ခင်ခင်လေး ဆက်ဆံပါလား"

"အောင်မယ် ... ဘာကြီးကျယ်တာလဲ"





"ကိုယ့်ရည်းစားပဲ နည်းနည်းပါးပါးချွဲပါလား"

"ကိုကိုရေ ... "

"ဟာကွာ"

မိသက်လုပ်ပြလိုက်သည့်အမူအရာက ရှောက်ဆီးဆေးပြားထရောင်းတော့မည့်ပုံစံမို့ မောင်ထူးက မိသက်ကျောကို အုန်းခနဲထု၏။ ကိုယ့်ချစ်သူ ကိုယ့်ငယ်သူငယ်ချင်းကို မိန်းမသားပေမယ့် ညှာတာသည်မရှိ၊ အားကုန်နှီးပါးထုလိုက်သည်မို့ မိသက် ... ကျောကော့တက်သွားရပြန်၏။

"ဒီလောက်လုပ်ရသလား"

"အား"

မိသက်က မောင်ထူးကို ဖမ်းကိုက်ပစ်လိုက်၏။

"ခွေးမ ... ခွေးစိတ်က ဝင်ဝင်လာတယ်"

"ကိုယ့်ရည်းစားပဲ နည်းနည်းပါးပါး ညှာညှာတာတာထုပါလား"

"နင့်တုန်းကလဲ အဆုပ်ကွာအောင်ထုထားတာပဲ"

"ဒါနဲ့ပဲ ... အသည်းစုတ်အောင် ပြန်ထုရသလားဟဲ့၊ နင်က အဆုပ်ကွာ၊ ငါက အသည်းစုတ်သွားရင် နှစ်ယောက်လုံးသေပြီး၊ ယောကျ်ားလေး မိန်းမလေးတောင် မရဘူးလိုက်ဘဲနေမယ်"

"အေးကွာ ... ဒီတစ်သက်မှာ ရှားရှားပါးပါးရည်းစားလေးတစ်ယောက်ရထားတော့ မိန်းမလေးရချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းလဲချမ်းသာချင်တယ်။ ချမ်းသာချင်တဲ့စိတ်ပာ
သော တတ်တဲ့ရောဂါဆိုရင် ငါ့သေအာ
ဆယ်ခါလောက်ရှိ ပြီ"

"နင်က ဘာဖြစ်လို့ ဒီလောက်ချမ်းသာချင်နေရတာ
လဲ"

နင်တစ်လုံး ငါတစ်လုံး သမီးရည်းစားခုံ
မျိုးကတော့ ရှာမှရှားပါလိမ့်မည်။ ပြီးတော့ ... သူတို့
အခွင့်အရေးရသောချစ်သူတွေလည်း ရှားပါလိမ့်မည်။ တ
နောင်အိမ်မှာပဲဖြစ်ဖြစ်၊ သက်နှင်းကြင်အိမ်မှာပဲဖြစ်ဖြစ်၊ သ
တို့တွေက စားရေအိမ်၊ သောက်ရေအိမ်၊ ဝင်ချင်သည့်နေရာ
ဝင်၊ ထွက်ချင်သည့်နေရာထွက်၊ လိုချင်တာရှိယူသွား၊ ဘ
လာပေးမလဲ လက်ခံသည်။ နှစ်အိမ်သာဆို၊ တစ်အိမ်ထဲ
မိဘချင်းလည်း ရင်းနှီးပြီးသား၊ ညီကိုမောင်နှမတွေလို
ဖြစ်နေသည်။ ဤမျှ ရင်းနှီးလွန်းပေမယ့် သူတို့နှစ်ဦး
ဖြူစင်သောမေတ္တာတွေက မှဲ့စွန်းမထင်ပါ။ ကိုယ်ကျင့်တရ
ထိန်းကြသည်။ တစ်ယောက်မေတ္တာကို တစ်ယောက်က တ
ဖိုးထား၍ လေးစားသည်။ ဘယ်လိုမှ ကဗျာမဆန်ပေမ
သူတို့ရင်ထဲက အချစ်လောက် စိတ်ကူးယဉ်ကြတာတော့ရှ
မည်။ သို့ပေမယ့် ... မြေနိမ့်ကြသူတွေမို့ လုံ့စိုက်ခံရပါ

"လွတ်လွတ်ကင်းကင်းလဲ ရှိကြတော့မယ် မထင်ပါ
ဘူး" ... တဲ့။





ပတ်ဝန်းကျင်က ဝေဖန်၏။ အဲသည်အခါကျ
မိသက်အတွက် ထွေးနောင်က အရမ်းစိတ်မကောင်းဖြစ်ရသည်။
မိသက်ကို အားနာသည်။ မိသက်အတွက် ကိုယ့်ကိုကိုယ်
ထိန်းသည်။ မိသက်တို့ကတော့ ပြေးရန်တွေ့ပစ်လိုက်၏။
ဖက်သတ်ဖို့လည်း သိပ်ဝန်လေးတာမဟုတ်၊ နည်းနည်းက
လေးမျှ ဆတ်ဆတ်ထိမခံ၊ ဖက်သတ်ဖူးပေါင်းလည်း များ
ပြီ။ ကျောင်းမှာ။ ရပ်ကွက်ထဲမှာ။ မတရားလာစော်ကားလို့
ကတော့ ဘယ်တုံးကမျှ ခေါင်းငုံ့ခံခဲ့သူမဟုတ်ပါ၊ မိသက်
တို့က ရန်လာမစနှင့်။ လူသာနေမည်။ သတ္တိက မနေဘူး
ဟုဆို၏။ ဒါဟာသတ္တိမဟုတ်၊ မိုက်ရူးရဲ၊ အောက်တန်းစား
ဟု သူများတွေပြောကြသည်။ မိသက် ဘယ်တုံးကမျှ ဂရု
မစိုက်ခဲ့ပါ။

"ကိုယ့်ကိုကိုယ် ကောင်းအောင်နေတယ်၊ ဘယ်သူ့
မှ သွားမစော်ကားဘူး၊ မဟုတ်တာလဲမလုပ်ဘူး၊ ဆစ်
ဆစ်ကလေးတော့ လာမထိနဲ့၊ ဒက်ခနဲဆို ဒေါက်
ခနဲပဲ၊ အောက်တန်းကျရုံမကလို့ အဝီစိထိကျကျ၊ မို
သက်တို့လို ကျောထောက်နောက်ခံမရှိတဲ့ ဆင်းရဲသား
က ဒီလောက်မှ အစွယ်ထုတ်ပြမထားရင်၊ တစ်စစီ
တောင် မကြွေဘူး၊ အမှုန့်ဖြစ်နေတာကြာပြီ" ...
တဲ့။

"ပြောစမ်းပါ ... နင်က ဘာဖြစ်လို့ ဒီလောက်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာချင်နေရတာလဲ"

"ငါ ... ကောင်းကောင်းနေချင်တယ်၊ ငါ့မိဘကိုလဲ ကောင်းကောင်းထားချင်တယ်၊ နင့်ကိုလဲ ကောင်းကောင်းထားချင်တယ်၊ အဖေနဲ့အမေ၊ ညှော်မထဆန်စားနေရတာလဲ မကြည့်ရက်ဘူး၊ ကျွေးချင်တယ်ကွာ၊ ပေါ်ဆန်းမွှေးနဲ့ကြက်သားဟင်းနဲ့"

"ချီးတော့ကျူးပါရဲ့၊ ဒါပေမယ့် ... ငါတော့ ကြက်သားမကြိုက်ဘူး၊ စက္ကူစုတ်ဝါးရသလိုပဲ"

"နင့်ကိုလဲ ဟော်တယ်တက်မက်လာဆောင်ပြီး၊ ကောင်းရမ်းယူချင်တာပေါ့ဟာ"

"အလို"

"ဟာ ... ငါ အကောင်းပြောနေတာ"

"ကျေးဇူးပဲ"

"ချမ်းသာဖို့အတွက် တစ်ခုခုလုပ်ရမယ်ဆိုရင် ငါလုပ်ချင်တယ်"

"ဓားမြထွက်တိုက်ပါလား"

"ဒါမျိုးပြောတာမဟုတ်ပါဘူးဟာ၊ ငါပင်ပင်ပန်းပန်းကြိုးစားတာမျိုး၊ တစ်မြို့တစ်နယ်သွားပြီး သက်စွန့်ဆံဖျား အလုပ်လုပ်ရတာမျိုးလုပ်ရရင်လဲ လုပ်ချင်တယ်"

"ဖားကန့်သွားပြီး ကျောက်တူးဖို့များ စိတ်ကူးပေါက်



နေပြီလားမောင်ထူးရေ။ ကျောက်တူးသမားတိုင်းဟာ လောပန်လောင်းတွေပါ ... "

မိသက်က "လောပန်လောင်း" သီချင်းကို သံနေသံထားနှင့် ဆိုပြလိုက်သည်။ ပြီးတော့ ရယ်ပြန်၏။

"လုပ်မနေနဲ့၊ လော်ပန်တော့မဖြစ်ဘူး၊ အိပ်ချ်အိုင်ဗီနဲ့ ဆေးစွဲပြီး ဘယ်ချောင်သွားကုပ်ကုပ်ကလေး သေနေမှန်းမသိလို့ မသာတောင် မချရဘဲနေမယ်"

"ပြောလိုက်မှဖြင့် မိသက်ရယ်"

"မဟုတ်လို့လား"

"အဆင်ပြေတဲ့လူတွေလဲရှိမှာပါ"

"အနည်းဆုံးတော့ စုတ်ပြတ်ပြီး ငှက်ဖျားရလာတာပါပဲကွာ၊ အရင်းအနှီးကို သိန်းနဲ့သန်းနဲ့ချီပြီးသွားနိုင်မှကောင်းတာပါ"

"ငါ ... ထီလဲသိပ်ပေါက်ချင်တာပဲ၊ ထီပေါက်တဲ့ပိုက်ဆံကျတော့လဲ သန့်ရှင်းတယ်လေ"

"ပေါက်ချင်ရင်ထိုးပေါ့၊ ထီတစ်စောင်ဖိုး နင်တတ်နိုင်လို့လား၊ ငါတော့ မတတ်နိုင်ဘူး၊ အဲဒီငါးဆယ်ကို ဆန်ဝယ်ရတယ်"

"နင် ... ထီမထိုးဘူးလား"

"မထိုးဘူးဆိုတာထက်၊ မထိုးနိုင်တာ၊ ပြောတယ်ကွာ၊ မစားရမသောက်ရ၊ ပေါက်မပေါက်လဲမသိမထင်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကံဆိုးနေတာ"

"နင်ဘာလုပ်မလဲ"

လောလောဆယ် … ဆယ်တန်းကလေးတွေ ကိုယ်စီအောင်ထားကြသည်လေ။

"မူလတန်းပြဆရာဖြစ်သင်တန်းတက်ရင် ကောင်းမလား၊ သားဖွားဆရာမသင်တန်းတက်ရင်ကောင်းမလား၊ အဲဒီကနေ ဘွဲ့နာပြုတက်ပြီး စပယ်ရှယ်နှစ်တွေဘာတွေဖြစ်ရင်လဲ ပိုက်ဆံရတာယ်ကွ၊ ခုဆို … အိမ်မှာလိုက်ပြီး လူနာစောင့်ရရင် … နေ့ရှစ်ရာ၊ ညရှစ်ရာတဲ့ကွ"

"ပွလုချည်လား၊ ဘယ်တော့ဖြစ်မှာလဲ"

"ဘာမှကိုမလုပ်ရသေးတာ။ နင်ရော"

"ငါက အဝေးသင်တက္ကသိုလ်တော့တက်မယ်၊ ဆိုက်ကားနင်းရင်ကောင်းမလား၊ တက္ကစီဆွဲရင်ကောင်းမလားလို့"

"မြင်းလှည်းမောင်းပါလား"

"ဘယ်မလဲ နင့်မြင်းလှည်း"

"ပိုင်းလော့လုပ်ပြီး၊ လေယာဉ်ပျံမောင်းလဲရတာပဲ"

"တော်စမ်းပါ၊ ဘာလုပ်ရမှန်းမသိရတဲ့ကြားထဲ။ ဆိုက်ကားက စပေါ်သိပ်တင်စရာမလိုဘူး၊ တက္ကစီက စပေါ်တင်ရတယ်၊ တင်စရာစပေါ်မရှိဘူး"



"နင်က မောင်းရောမောင်းတတ်လို့လား"

"တတ်နေပြီ။ လိုင်စင်လဲရထားပြီ"

"အလို … ငါ့ရည်းစားက တယ်ဟုတ်ပါလား"

"ကျော်သိန်းကျေးဇူးကွ"

"သီတင်းကျွတ်ရင် ထိုးမုန့်နဲ့သွားကန်တော့ဦးမယ်"

"ထိုးမုန့်က ဘာဖြစ်လို့လဲ"

"သေလုအောင်ချိုလို့၊ ငါမကြိုက်လို့၊ ဒီဘဝလှူထားမှ၊ နောက်ဘဝစားနိုင်မယ်၊ အချိုလေးဘာလေးတဲ့ရတာပေါ့ကွာ"

"မိသက်နော် … ငါပိတ်ထုချင်စိတ်ပေါက်လာပြန်ပြီ"

မောင်ထူး တကယ်မထုရဲပါ။ လက်မှာကိုက်သောသွားရာအကွင်းကြီးက ခုထိနီရဲတုံးလေ။

"နင်ရော မချမ်းသာချင်ဘူးလား"

မိသက်က အဟီးဟု ရယ်ပြီးမှဖြေ၏။

"လူပဲချမ်းသာချင်တာပေါ့။ အမေဈေးရောင်းနေရတာလဲ ငါသနားတယ်၊ ငါက ငါ့လုပ်စာနဲ့ အမေ့ကိုကျွေးနိုင်ရင်တော်ပါပြီ။ ငါ့အမေက ညှော်မထလဲ ဇေးဇင်ပါတယ်"

"နင်တကယ်ပဲ နာ့စ်လုပ်မလို့လား"

"လျှောက်စိတ်ကူးနေတာပါဟာ၊ စပီကာတက်ပြီး နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ခြားသားဆီ အိမ်ဖော်လုပ်ရင်တောင် တစ်လကို ဒေါ် လာငါးဆယ်လောက်ရရင် တော်ပါပြီ"

"ရမယ် ... ဆောင့်နေ၊ ခုခေတ်နိုင်ငံခြားသားတွေ က အိမ်ဖော်ကို ကျုပ်နဲ့ပဲပေးတော့တာ၊ ဈေးတော့ ကြီးတယ်"

"သူတို့က ဈေးမျက်တာကွ၊ ပေးပါတယ်၊ အိမ်ဖော် ကို တစ်လနှစ်ထောင်လဲပေးတယ်၊ သုံးထောင်လဲပေး တယ်၊ ဒရိုင်ဘာဆိုလဲ တစ်သောင်းတွေဘာတွေတောင် ပေးတာ၊ မြန်မာအိမ်တွေက အိမ်ဖော်ကို အားလုံး တတ်မှ တစ်ဆောင်၊ ထောင့်နှစ်ရာ၊ ထောင့်သုံးရာ ပေးနိုင်တော့ အိမ်ဖော်တွေက နိုင်ငံခြားသားအိမ်မှ လုပ်ချင်တယ်"

"နင်တောင်လုပ်ချင်သေးတာ"

"ငါက ရွဲ့ပြောတာဟ။ နိုင်ငံခြားသားအိမ်မှာ နှစ် ထောင်ရတဲ့အိမ်ဖော်က ထမင်းမစားရဘူးကွ၊ သူတ့ က ဆန်တို့ ချဉ်ရေဟင်းတို့စားတာမှမဟုတ်တာ၊ သူ တို့စားတာကို မကျွေးဘူး၊ ကျွေးလဲ မြန်မာအိမ်ဖော် တွေက မစားနိုင်ဘူး၊ ထမင်းပဲစားချင်တာ ...

"ဒီတော့ ... ကိုယ့်ဘာသာချက်စားရတယ်၊ မြန်မာ အိမ်တွေမှာ၊ ထမင်းလဲစားရတယ်၊ အဝတ်အစားလဲ ပေးတယ်၊ ရတဲ့လခက အသားတင်စုမိတယ်၊ နှစ်



ထောင်ထဲက ကိုယ့်ထမင်းကိုယ့်ဟင်းပြန်ချက်စားကြည့်၊ ဘယ်လောက်ကျန်မလဲ"

"ဒါဖြင့် ဘာလို့လုပ်နေကြတာလဲ"

"စမတ်ကျမယ်ထင်လို့လားမှမသိတာ၊ လူတကာ ဒေါ် လာအော်နေတဲ့ခေတ်ဆိုတော့၊ သူတို့လဲ ဒေါ်လာနံ့ရှူ ရ နည်းလား"

"နင်တော့လေ ... ဒါကြောင့် လူမုန်းများတာ"

"ငါကလဲ ဘယ်သူ့မှမချစ်ပါဘူး"

"ငါ့တစ်ယောက်ထဲပေါ့"

"အဲဒါတောင် ခပ်မုန်းမုန်းရယ်"

"ငါတို့ ဘယ်တော့လက်ထပ်ကြမလဲ"

"နင်သူဌေးဖြစ်တဲ့နေ့လေ"

"နီးပြီ"

"အေး"

"ပြန်မယ်"

ထူးနောင်က မိသက်အမေကို လှမ်းနှုတ်ဆက် ...။ ပြီးမှ မိသက်နားကပ်လာကာ၊ တိုးတိုးလေးကပ်မေး ...ည်။

"ချစ်လား"

"အေး"

သူတို့ လက်ဝါးချင်းရိုက်လိုက်ကြသည်။ အဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါ သူတို့နှစ်ဦးပြန်ကာနီးတိုင်း နှုတ်ဆက်လေ့ရှိသည့်အလေ့အကျင့်ကလေးပါပဲ။

"တစ်ခါတလေ ကဗျာဆန်ဆန်လေးပြောပါလားဟယ်၊ နေ့တိုင်း ... အေး၊ ချည်းပြောတယ်"

"ချစ်တာပေါ့ မောင်ထူးရယ်၊ အမေပြီးရင် နင်ပဲရှိတာ၊ ငါ့ကိုနားလည်ပြီး သည်းခံနိုင်တာလဲ နင်နဲ့နင့်မိသားစုပဲရှိတယ်။ ကျေးဇူးလဲတင်ပါတယ်"

"နင်က သိပ်မစွာရင် သိပ်ချစ်စရာကောင်းတာ"

"ဟုတ်လား၊ မစွာဘဲနေလိုက်မယ်"

"ဘယ်နှစ်ရက်နေမလဲ"

"တစ်ရက်"

"တစ်ပတ်နေကြည့်မလား"

"ပျင်းတယ်"

"တစ်ပတ်ထဲ၊ ကတိပေး၊ ငါ့ကိုချစ်ရင်ကတိပေး"

"ပေးတယ်ကွာ"

နှစ်ယောက်ထဲမှာ ထူးနောင်က နည်းနည်းပါးပါး ပို၍ သိမ်မွေ့တာအမှန်ပါ။ ခုတစ်ခါကျမှ တကယ်ပြန်ဖြစ်မှာမို့ ထူးနောင်က အသံတိုးတိုးလေးနိမ့်၍ ဒုတိယအကြိမ်မေးရပြန်၏။

"ချစ်လား"

"သိပ်ချစ်တာပဲ"



အမလေး ... ဟုအော်ကာ ထူးနောင် ထမှန်လိုက်ချင်၏။ မိသက်အသံလေးက တိုးတိုးဖွဖွ၊ ညင်ညင်ညက်ညက်ကလေး။ ပြီးတော့ ... ခေါင်းကလေးငုံ့လိုက်သေးသည်။ မျက်ဆန်နက်နက်ကလေးကို ဖွေလို့၊ နှုတ်ခမ်းဝန်းဝန်းလေးကို စုလို့စူလို့။ အမူအရာပြည့် အစွမ်းကုန်ထုတ်သုံးလိုက်သည်မို့ ထူးနောင်ခမျာမှာ တစ်သက်တစ်ခါ လူဖြစ်ကျိုးနပ်ရတော့သည်။

သိပ်လှတဲ့ သက်နှင်းကြင်လေး။

ထူးနောင်တို့က အသားဖြူလို့ လှရည်သန့်သည်ဆိုပေမယ့် သက်နှင်းကြင်လိုမျက်နှာပေါ်ရှိသမျှ တစ်ခုချင်း အကုန်လုံးလျှောက်လှနေတာမဟုတ်ပါ။ မိသက် ...ပြုမကွဲ့လို့သာ။ ဒီမျက်နှာ၊ ဒီကိုယ်လုံးလေးနဲ့များ မူလိုက်ရွဲ့လိုက်လေလျှင် ယောကျ်ားတစ်ရာမှာ တရာ့တစ်ဆယ်လောက်က ပစ်ကျကုန်မှာသေချာ၏။ စွာတေးလန်နေလို့တော်ပါသေး။ မိသက် ... ငါတောင်းထားတဲ့ကတိကို ဘွာခတ်ပြီကွာ၊ နင်မစွာဘဲ တစ်ပတ်နေဆိုတာလေ။ မနေနဲ့တော့။ စွာသာစွာ။ နင်က မစွာရင် အရမ်းချစ်ဖို့ကောင်းတော့ နင့်ကိုဝိုင်းကြိုက်ကုန်ကြလိမ့်မယ်။ စွာသာစွာပါ စွာတေးလန်မရယ်... ဘွာ ... ဘွာ ... ဟုသာ ပြောလိုက်ချင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ် … ဒီရပ်ကွက်၊ ဒီလမ်းနှင့် "ဦးဟန်" နှင့် ဘာမျှပတ်သက်စရာမရှိပါ။ ဦးဟန် သွားနေကျမရှိသော နေရာမျိုး။ ခုချိန်မှာ လောလောဆယ်အားဖြင့် သိန်းနှစ်ဆယ် ကျော်တန်နေသည့် နံပါတ်တစ်ခွေး (၁၈) မာ့က်တူး (Mark II) ကြီးကို ရွှံ့စင်မှာစိုးလွန်းလို့ကို ခြင်ထောင်ချထားရလောက် စိတ်ကူးတာ။ တူဖြစ်သူ ကျော်သိန်းဆတ်သော့လို့။

"ဦးဟန် ကားကြီးစီးချင်တယ်၊ သော့ပေးပါ ဦးဟန်ရာ၊ လုပ်ပါ"

ကျော်သိန်းက ကားသရဲ။ ကားအလွန်ဝါသနာပါ၏။ ကားကြိုက်၏။ ဘယ်လိုကားသစ်တစ်စီးပဲ တွေ့ရတွေ့ရ။ သူတက်မောင်းလိုက်ရမှ၊ ဒါမှမဟုတ်၊ ကားပိုင်ရှင်က သူ့ဘာသာမောင်းလျှင်လည်း ဘေးကထိုင်လိုက်စီးလိုက်ရမှ။ ကားမောင်းတတ်ကာစမှသည် ယနေ့ထိ ကျော်သိန်းကားမောင်းဖို့ဆို ဘယ်လိုမှမငြိုငြင်ခဲ့။ အိမ်ကလူတွေ ဘယ်သွားကြမလဲ။ သွားချင်ရာသွား။ တာဝတိံသာ။ အဝီစိလား။ ကျော်သိန်း ကားမောင်း၍ပို့မည်။ စောင့်ဘော့မစောင့်ရစေနှင့်။ စောင့်ရမည်ဆိုလျှင် ဆီပိုထည့်ပေး။ စောင့်ချိန်မှာ လမ်းကြိုလမ်းကြား ဝင်ပတ်၍မောင်းနေမည်။ ဓာတ်ယာဉ်နှင့်လက်နှင့်ထိနေခွင့်ရသမျှ ကျော်သိန်းပျော်၏။ သူငယ်ချင်းထူးနောင်ကို သူ့ကားအနာခံ၍ သူ့ကားနှင့်သူ ကိုယ်တိုင်စေတနာ့ဝန်ထမ်း ကားမောင်းသင်ပေးထားတာသာ



…ည့်တော့။

ထူးနောင်မှာ ကားပိုင်ရှိလာဖို့မလွယ်။ ထူးနောင် …ကားမမောင်းတတ်လို့လည်း ဘာမှမဖြစ်။ ကားပိုင်မှမရှိဘဲ။ …ပြီပေမယ့် သူ ကားဝါသနာပါတိုင်း သူများပါမယ်ထင်၏။ …သူမောင်းချင်တိုင်း သူများလည်း မောင်းချင်မယ်ထင်၏။ …သူငယ်ချင်း … မောင်းရပါစေ။ သူသင်ပေးထားသည်။

"ဦးဟန် … သော့ပေးကွာ၊ မပေးရင်လဲကားလျှောက်စီးမယ်၊ လာ … ထ"

ဦးဟန်ကို ဆွဲထူလိုက်၏။

"ဦးဟန်" ဟု ကျော်သိန်းခေါ်သူ၏နာမည် …မိုးက "ပြည့်စုံဟန်" ။ တကယ်လည်းပဲ ပြည့်စုံ၏။ …ကျော်သိန်းနှင့်ဆို၊ ဦးလေးတစ်ဝမ်းကွဲတော်သည်။ တူဝရီး …ပေမယ့်၊ အသက်ချင်းက ရှစ်နှစ်ကျော်ကျော်လေးကွာသည်။ …ငယ်ငယ်ကထဲက လူကြီးတွေက "ဦးဟန်" ဟု သင်ပေးခဲ့ …ပြီးသာ ဦးဟန်ဖြစ်နေရတာ၊ စင်စစ်၊ ကိုဟန်၊ ကိုကိုဟန်၊ …ကိုကြီးဟန် … သည်လောက်ခေါ်ဖို့ပဲရှိသည်။ ဦးဟန်ဟု …ခေါ်ရခြင်းနောက်တစ်ကြောင်းလည်း ရှိသေးသည်။ လေးစား …ရလို့၊ ကြောက်ရလို့။ ဘယ်လိုပင် ညီအစ်ကိုလောက်ရှိရှိ၊ …သူငယ်ချင်းပေါင်း ဘယ်လိုပဲပေါင်းပေါင်း၊ ဦးဟန်ကို တူ… …တွေတူမတွေ၊ ညီအစ်ကိုမောင်နှမဝမ်းကွဲတွေ …လုံးက ကြောက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည်ဆိုတာ ... အသက်ချင်းမတိမ်း မယိမ်းတွေထဲမှာ သူတစ်ယောက်ထဲက တိမ်းယိမ်းပြီး ရှ နစ်လောက်ကြီးနေလို့။ ပြီးတော့ ... အလိုလိုက်တတ်ပေ မယ့် မျက်နှာထားကြီးတည်လို့။ ရှေ့အင့် ... ရှေ့အင့် နှင့် မုန့်ဖိုးပဲဖိုးပေးတတ်လွန်းတာကိုလည်း ရချင်လို့။ အ ကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် ဦး ဟာန်ကိုတော့ ကြောက်ရသည်။ ကျော်သိန်းတို့အမျိုးက လု ချမ်းသာမျိုးပါ။ အဆင်းရဲဆုံးဆိုသောသူက ခြံတစ်ခြံ၊ တိုက် တစ်လုံး၊ ကားတစ်စီးနှင့် တစ်လဝင်ငွေတစ်သိန်းလောက် တော့ရှိတတ်သည်။ ဒီထက်မက ပေါများပြည့်စုံသူတွေချည်း မို့ သူဌေးမျိုးဟု တကယ်ခေါ်နိုင်၏။ အဲသည်သူဌေးတွေ ကြားထဲမှာ အဌေးတကာ့အဌေးဆုံးက "ဦးညွန့်ဟာန်" ဆို သောပုဂ္ဂိုလ်ကြီး။ သူက တော်တော်ကြီးချမ်းသာသော သူ ဌေးသမီးနှင့်လက်ထပ်၍ သမီးကြီး လုလွန်းဟာန်နှင့်သားငယ် ပြည့်စုံဟာန်ကို မွေး၏။ နှစ်ဖက်စည်းစိမ်ပေါင်းကာ လုလွန်း ဟာန်တို့မောင်နှမ ... ဌေးချင်တိုင်းဌေး၊ ပေါချင်တိုင်းပေါ ကာ၊ ချမ်းသာချင်တိုင်းချမ်းသာတော့သည်။

ဖြစ်ချင်တော့ ...

လုလွန်းဟာန်က ရန်ကုန်မှာ အိမ်ထောင်ကျပြီး ဩစတြေးလျကိုပြောင်း၏။ အဲသည်မှာ အလုပ်သွားလုပ် သည်။ မိသားစုကိုခေါ်သည်။ မိဘနှစ်ပါးက လိုက်သွားခဲ့



။ ပြည့်စုံဟာန်ကျတော့ သွားချည်လာလှည့်။ ဩစတြေး မြန်မာပြည်ကို အိမ်ဦးနှင့်ကြမ်းပြင်သဘောထားကာ ရင်းသန်းရင်း ပြည့်စုံဟာန်သည် ရှိသမျှစည်းစိမ်အမွေပုံ မှာ ထိုင်ဖြစ်တော့သည်။ ဟိုနိုင်ငံသားခံယူလိုက်ပြီဖြစ် လုလွန်းဟာန်တို့မိသားစုက မြန်မာပြည်မှ ချမ်းသာသ စုစုကို စွန့်လွှတ်၏။ ပြည့်စုံဟာန်တစ်ဦးတည်းပိုင်သည်။

... ဩစတြေးလျမှာ မိဘနှစ်ပါးလည်းမရှိတော့ ။ လုလွန်းဟာန်တို့မိသားစုပဲကျန်သည်မို့၊ တူနှင့်တူမလေး သွားမတွေ့ဖြစ်တာတောင်ကြာပြီ။ ဟိုနိုင်ငံမှာ မာစီဒီး သူဌေးစာရင်းဝင်ပြီး ဂုဏ်ရှိ၍ လုလွန်းဟာန်တို့က မာ း‌သည့်။ ပြည့်စုံဟာန်အတွက် မွေးနေ့လက်ဆောင်ကို တာ ကိုရိုနာမော်ဒယ်တူးတစ်စီးပို့ပေးသည်။ အဲသည်မော်ဒ ကြီးကို ကျော်သိန်းက မောင်းချင်စီးချင်နေတာလေ။

"ဟော့တောင် ... ငါချော့ချွဲသွားစရာရှိသေးတယ်"

အမျိုးထဲမှာ ပြည့်စုံဟာန်တစ်ယောက်က ထူး ခြား ခရစ်ယာန်ဘာသာဝင်ဖြစ်၏။ တစ်ဆွေလုံး မျိုးလုံးက ဗုဒ္ဓဘာသာပေမယ့် ဦးညွန့်ဟာန်လက်ထပ်ခဲ့ ခရစ်ယာန်ဘာသာဝင်ဖြစ်၏။ သားနှင့်သမီးမွေးလာ ပေါ်မှာ မိမိနှစ်သက်ရာဘာသာကို လေ့လာပြီးမှ သ ကြည်သလို ကိုးကွယ်ကြဖို့ ခွင့်ပြု၏။ အဲသည်သား ရွှေတိဂုံဘုရားလည်း သွားသည်။ ချာ့ချ်လည်းတက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်နှစ်သက်ယုံကြည်ရာနှင့်ကိုယ်ပါ။ ထူးဆန်းတာက ... များသောအားဖြင့် သားက ဖခင်ဘက်သို့လိုက်တာပြီး သမီးက မိခင်ဘက်သို့ ပါသွားတတ်ကြမြဲလိုလိုပဲမဟုတ်လှလွန်းဟန်က အဖေ့သမီး၊ ပြည့်စုံဟန်က အမေ့သား။ လှလွန်းဟန်က ဗုဒ္ဓဘာသာ၊ ပြည့်စုံဟန်က ခရစ်ယာန်ဘာသာ၊ မောင်နှမနှစ်ယောက် တစ်ယောက်သက်ဝင်ယုံကြည်ရာဘာသာကို ကျန်တစ်ယောက်က ဖေးမကူညီကြသေး၏။

ခုတော့ အမျိုးထဲမှာ ပြည့်စုံဟန်တစ်ယောက်ထဲ ခရစ်ယာန်ဘာသာဝင်ဖြစ်ကာ အသက်သုံးဆယ်ပြည့်သည့်တိုင် လက်မထပ်ဖြစ်သေး၊ သူကြိုက်သောမိန်းကလေးကိုလည်းရှာမတွေ့သေး၊ သည်အတိုင်းနှင့် အရိုးထုတ်သွားခဲ့လျှင်သူရေးသားခဲ့သော သေတမ်းစာအရ ဆွေမျိုးသားချင်းတွေက ခွဲဝေခံစားကြရမည်မို့ လူကြီးတွေက မမက်မောသော်လည်း၊ တူ တူမနှင့် ဝမ်းကွဲမောင်နှမတွေအဖို့ သိန်းထောင်ပေါင်းများစွာသော အမွေတွေ (ခြံတွေမြေတွေ တိုက်တွေနှင့်စီးပွားရေးလုပ်ငန်းတွေ) ကို မျှော်လင့်ချင့်စဖွယ်ကြီးလည်းဖြစ်နေ၏။ အဲသည်တစ်ချက်ကြောင့်လည်း "ဦးဟန်" နှင့်ဆန့်ကျင်ဖို့ဝန်လေးကာ၊ ဦးဟန်ကို ကြောက်ကြရသည့်အချက်တွေထဲမှာ၊ ဒါလည်းပါ၏။

"ဆန်းအေးလဲမဟုတ်ဘဲနဲ့ ဦးဟန်ကလဲ"

"ဖာသာတစ်ယောက် နေမကောင်းတာ ဖီစီရှင် (Physician ဆေးပေးကုသမှုသမားတော်) သွားပြပေးမလို့ကွ"



"ဒါများ ... လွယ်လွယ်လေး၊ ကျွန်တော်လိုက်မောင်းပေးမှာပေါ့၊ သွားချင်ရာသွားစမ်းပါ။ ကျွန်တော့်မှာဘာအလုပ်ရှိတာလိုက်လို့၊ အချိန်တွေပိုလွန်းလို့၊ တစ်နာရီ တစ်ဆယ်နဲ့လိုက်ရောင်းမလားတောင် စဉ်းစားနေတာ၊ အချိန်မရှိတဲ့သူတွေ ဝယ်ကြ"

"ပြောတော့မယ်"

ဦးဟန်က ကျော်သိန်းခေါင်းကိုထု၏။ ကျော်သိန်းက မရှောင်ဘဲ ကိုယ်ကိုသာ ပုချလိုက်သည်။

"သဘော ... သဘော"

ကျော်သိန်း ... ဆေးခန်းအော်ကာ ဦးဟန်လက်ထဲမှ ကားသော့ကိုပေးနေပါလျက် ဆွဲလု၏။ ဖာသာတစ်ယောက်ကို ဆရာဝန်ပြရာတွင် ဆေးခန်းမှာ သွားစောင့်ပြရတာမျိုးမဟုတ်ပါ။ ခင်သောဆရာဝန်ကြီးက မေတ္တာဖြင့်လာကြည့်ရှုပေးသည်ကို အိမ်လိုက်ပြရတာမို့ ခဏလေးနှင့်ပြီး၏။ ကားသော့ကို ချော့ချမှာ ပြန်ချထားခဲ့ပြီးသည်ထိ ကျော်သိန်းကားမောင်းလို့မဝသေး။ သူငယ်ချင်းထူးနောင်ကို သတိရသည်။ ဒီကောင် ... ကားပိုင်မရှိပါဘဲ ကားကြိုက်တဲ့ကောင်။ ဝါသနာပါ၏။ ဒီမှာ့ခ်တူးကြီးသော ကိုယ့်ကားမောင်းလျှင်တော့ ထူးနောင်ကို ကိုယ်ချင်းစာစိတ်နှင့် ပေးမောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်၏။ သို့ပေမယ့် ... ဦးဟာန်ကားဖြစ်နေသည်။ ပေး မောင်းလို့တော့ ရမှာမဟုတ်၊ ဒီကောင် စီးဖူးတယ်ရှိအောင် သွားခေါ်မည်။ ကိုယ့်အိမ်ကိုယ်ခေါ်သွားပြီးမှ၊ ဘော်ဒါတွေ ဆုံချင်လဲဆုံ၊ မဆုံလဲ တစ်ခုခုပေါ့၊ လက်ဖက်ရည်ဆိုင်ထိုင် ချင်လဲထိုင်၊ ...းလမ်းထဲသွားချင်သွား၊ သူတို့အုပ်စုက သ လကားနေရင်း ...းလမ်းထဲ လမ်းလျှောက်နေရတာလည်း ဝါသနာပါ၏။ ပြီးတော့မှ ပြန်ပို့။ ရတာပဲ။

"ဦးဟာန် ... ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို သွားခေါ်ဖို့ရှိတယ်၊ တဆက်ထဲသွားလိုက်မယ်နော်၊ ပြီးတော့ ... ကျွန်တော်တို့နှစ်ယောက်ကို အိမ်မှာ ထားခဲ့ပေါ့၊ ဒီနေ့အဖို့ရာ ဦးဟာန့်ကားကို ဒီလောက် စီးရရင်တော်ပြီ"

ဦးဟာန် ခေါင်းညိတ်၏။

ကျော်သိန်း ကားမောင်းလို့မဝသေးဘူးထင်ပါ ရဲ့။ ဒီကားကို မောင်းချင်လွန်းလို့ တကူးတက အိမ်လာ ပြီး ပူဆာခဲ့သောကောင်။

"ဒေါ်လေးလေးဆီမှာ ကျွန်တော့်အတွက် မွေးနေ့လက် ဆောင်လှမ်းတောင်းရဦးမယ်"

ကားမောင်းထွက်ရင်း၊ ကျော်သိန်း ကား... ကိုသဘောကျစွာ ပြော၏။ ဒေါ်လေးလေး ... ဆို... လှလွန်း ဟာန်ကိုခေါ်ခြင်းဖြစ်၏။





"စာရေးပြီးတောင်းကြည့်ပေါ့"

တစ်နှစ်နေလို့ စာတစ်ကြောင်းရေးရမှာပျင်းသော ...ကျော်သိန်းအတွက်၊ ကားလှမ်းတောင်းလို့ကတော့၊ မရမှာ ...ချာ၏။ ကျော်သိန်းမိဘတွေနှင့် ဖုန်းဆက်ဖြစ်ချိန်မှာလည်း ...ကျော်သိန်းက အိမ်မှာရှိခဲ့၏။ လှလွန်းဟာန်က သတင်းမေး ...ရပေမယ့် ကျော်သိန်းက အမေ့မေ့အလျော့လျော့။ ကား ...ချင်မှ အဒေါ်ဝမ်းကွဲကို သတိရနေ၏။

"နောက်တစ်နှစ် ဦးဟာန်မွေးနေ့ကျရင် မာစီဒီးစ်လှမ်း တောင်းလိုက်ပေါ့၊ အဲဒီကျမှ ဒီကား ... ကျွန်တော့် ကိုပေး"

"မင်းစိတ်ကူးကောင်းတယ်နော်"

ဦးဟာန်က နောက်သည်မို့ ကျော်သိန်းရယ်၏။

"ဘယ်တွေလျှောက်သွားနေတာလဲကွာ ... ကလေး တွေလဲ ကိုယ့်အိမ်ထဲ ကိုယ်မနေဘဲ လမ်းပေါ်ဆင်း ဆော့နေရတာယ်လို့၊ တစ်လမ်းလုံး လူပြည့်လို့ပါလား ကွာ"

ဦးဟာန်က ဘေးမှထိုင်စီးသူဖြစ်၏။ ကျော်သိန်း ...မောင်းသူ။ ဒီလမ်းထဲလာနေကျမို့ ဒီကလေးတွေကြား ...ကားမောင်းရတာ ကျော်သိန်းအဖို့တော့ ရိုးနေပြီ။

"ဦးဟာန် ... ဦးဟာန်၊ ဒီလမ်းမျိုး ဒီရပ်ကွက်မျိုး မ ရောက်ဖူးတာသေချာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မေမေက ဖြူသို့ပရိသတ်လေ။ ဖြူသီအရမ်းကြိုက်တာ၊ မေမေ ဆိုဆိုနေတဲ့သီချင်းတစ်ပုဒ်ရှိတယ်၊ ဒီလို ... လူ့ဘဝရှိသေးလား ... တဲ့"

"ငါလဲ သိပါတယ်ကွ"

"ဒီလိုလူ့ဘဝတွေရှိသေးတယ် ဦးဟာန်၊ လေ့လာဦး"

အဲသည်လမ်းထဲမှာ အိမ်ပေါက်စသေးသေးနိမ့်နိမ့်လေးတွေ ကျန်နေသေးသည်။ ကန့်လန့်ရိုက်တိုက်ဆောက်တာတွေက ဆောက်ပြီးပြီ။ လေးထပ်တိုက်ပိန်ပိန်လေးက ယောင်ကောင်ပုံစံဆိုတော့ ရှစ်ထပ်၊ ဆယ့်ခြောက်ခန်းဖြစ်ပြီး မိသားစု ဆယ့်ခြောက်ခုက ပေအစိပ်ပေငါးဆယ်မြေရှိယာထဲ အထပ်တွေ မြင့်လျက်နေကြရတာမို့ လျှဦးရေသိပ်သည်း၏။ ထူထပ်၏။ ဆေ့နိုင်သည့်အရွယ်ယောကျ်ားလေးတွေဆို ကိုယ့်တိုက်ခန်းပေါ်မှ ဆင်းလာကာ လမ်းပေါ်မှာပဲဆော့ကြသည်။ အိမ်ပေါက်စလေးတွေက ကလေးတွေကျတော့လည်း လမ်းပေါ်ပဲ ဆင်းလာတာပါပဲ။ လူနေရပ်ကွက်ဆင်းရဲသားလူတန်းစားဆိုတာ လမ်းပေါ်ဆင်း၊ ပေါင်းကြသင်းကြ၊ ရင်းနှီးကြ၊ ကူညီကြ၊ ကိုယ့်အိမ်မှာ ဘယ်လောက်ပဲမွဲနေနေ၊ သာရေးဆိုလည်း တစ်ရပ်ကွက်လုံးအရေး၊ နာရေးဆိုလည်း တစ်ရပ်ကွက်လုံးအရေးမို့၊ သာရေး ... နာရေးက အစ လုလုပပဖြစ်ကြရတာ မြန်မာ့မိရိုးဖလာဓလေ့ထုံးစံက



လေးပဲဖြစ်ပါ၏။

"ဖြေးဖြေး ... တိုက်မိပါ့မယ်ကွာ"

"ပိုင်ပါတယ် ဦးဟာန်ရ၊ စိတ်ချ"

"ငါ့ကားပိန်မှာစိုးလို့ပြောတာမဟုတ်ဘူးကွ၊ ကလေးတစ်ယောက်ခြေကျိုးလက်ပြတ်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ တစ်သက်လုံးသွားရော၊ မင်းလဲ ဂျေးပဲ"

ကျော်သိန်းရယ်လိုက်၏။

"ဟာ ... ဟိုကောင်မလေးလှလှချည်လား"

ဆိုသည့် အံ့ဩဝါကျတ နှုတ်ခမ်းပြင်ပသို့ရောက်မလာခဲ့ပါ။ သက်နှင်းကြင်ကို ဦးဟာန် မြင်ဘူးသွားလိုက်၏။ နွမ်းနွမ်းပါးပါးလေး။ သူ့ဈေးသမီးကလေးသာဆို အလှအပပံ့ပိုးမှု အဝတ်အကျပစ္စည်းများစွာနှင့် မယ်စကြာဝဠာရွေးပွဲတောင် ဝင်လို့ရနိုင်မည့်အလှပဂေးမလေး။ တောက် ... ဆင်းရဲနေရသလားကွာ။ ရင်ထဲခံစားရသမျှ ဖွင့်ပြောလိုက်ရရင်တော့ ကျော်သိန်းက ...

"ဦးဟာန်ကယ်တင်လိုက်လေ" ... လို့ ပြောမှာသေချာ၏။ ဦးဟာန်က ဆွေမျိုးထဲမှာ တစ်ယောက်ထဲ သီးသန့်လိုဖြစ်နေ၏။ လူကြီးပိုင်းထဲ ဝင်ဖို့ကျတော့ သူ့အသက်ကငယ်နေ၏။ စီးပွားရေးအရတော့ "ဦးပြည့်စုံဟာန်" အဖြစ်ဖြင့် လေးဆယ်ကျော်ငါးဆယ်အရွယ်ပိုင်းတွေနှင့် ဆက်ဆံနေရသည်။ အမျိုးထဲကလူကြီးပိုင်းတွေထဲမှာတော့ "ပြည့်

www.burmeseclassic.com



စုံဟာန်" သည်ငချွတ်။ ကျော်သိန်းတို့အုပ်စုထဲကျတော့ "ဦးဟာန်" သည် လူကြီးတစ်ပိုင်း။ ကျော်သိန်းတို့နှင့်တန်းတူလောင်ရဲသည့်စိတ်က လက်ကျန်ပြတ်လေပြီ။

"လှလိုက်တဲ့ကောင်မလေး"

မိသက် ... သူ့အိမ်ရှေ့မှာချထားသည့် ရေတိုင်ကီရှေ့မှာ အဝတ်ထိုင်လျှော်နေခြင်းဖြစ်၏။ အသားလေးက ဝင်းပပ။ လှရက်နိုင်အား။ ဦးဟာန် ရင်ဖိလိုက်ချင်သည်။ အပျိုပဲဖြစ်မှာပါ။ ငယ်ငယ်လေးရှိသေးတဲ့ဟာကို၊ နှစ်ဆယ်ဘယ်ပြည့်လိမ့်ဦးမလဲ၊ ကျော်သိန်းလောက်တောင်ရှိမယ်မထင်။ တူဝရီးအရွယ်လို့ပြောလျှင်ရနိုင်ပေမယ့်၊ မောင်နှမအရွယ်လဲဖြစ်နိုင်နေသေးတာပဲ။

သက်နှင်းကြွင်က လျှော်ပြီးသောအဝတ်တွေထလှမ်းသည်။ ကျော်သိန်းက သက်နှင်းကြွင်တို့အိမ်နှင့်မျက်စောင်းထိုး၊ ထူးနောင်အိမ်ပေါ်သို့တက်သွားခိုက်၊ ဦးဟာန်က ကားထဲမှာကျန်ခဲ့ပြီး၊ စိတ်တိုင်းကျငေးကြည့်နေခွင့်ကို ရနေ၏။ ကားမှန်က ရွှေပြဒါးရောင်။ ရွှေရောင်တောက်နေသည့်ပြဒါးရောင်မို့ ကားထဲကလူ ဘာလုပ်လို့ဘာကိုင်နေမှန်း အပြင်မှလူက မသိရပါ။ မမြင်ရပါ။ ကားထဲကသာမြင်ရသည်။ အပြင်မှလူက ကားနားလာရပ်ကြည့်လျှင်တောင် ပုကွကွဖြစ်နေသော ကိုယ့်ပုံပဲကိုယ်မြင်ရမှာဖြစ်သည်။ ဦးဟာန် ... သက်နှင်းကြွင်ကို ငေးချင်တိုင်းငေးပေတော့။



အဝတ်ထလှမ်းတော့ သူ့အရပ်အမောင်းနှင့် အဝတ်ရေစို ကိုယ်လုံးကလေးကို တွေ့ရပြန်၏။ မျက်နှာလေးတင်လှတာမှမဟုတ်ဘဲ၊ သေးကျင်သိမ်ခွက်နေသော ခါးကလေးက အဲသည်နေရာမှ အသားတွေကို ဆောက်နှင့်ထွင်းထုတ်ထားသလားထင်ရသည်။ လှုပ်ရှားဟန်ကလေးသွက်လက်၏။ နှဖူးဝင်းဝင်းပေါ်မှာ ကဘိုကရိုကျနေသော ဆံနွယ်လေးတွေက ၊ ကိုင်ကြည့်ခွင့်သာရလျှင် ပိုးသားမျှင်လိုနူးညံ့အိစွေးနေမှာပဲဟု ဦးဟာန်တွေး၏။

"မိသက် ... ဘာဟင်းချက်လဲ"

ကျော်သိန်းနှင့်ထူးနောင်တို့ ကားနားရောက်လာကာ ကျော်သိန်းက လှမ်းမေးပုံထောက်တော့၊ သူတို့သူငယ်ချင်းတွေထင်ပါရဲ့။

"ရှင်တို့မစားနိုင်ပါဘူး၊ ကျုပ်တို့အိမ်က ထမင်းဟင်းကို၊ မေးမနေနဲ့၊ ဖြေလဲ လေကုန်ရုံပဲ"

ပြုံးလိုက်တော့မှ ပါးချိုင့်ကလေးက ခွင့်ဝင်သွားလိုက်တာ၊ လက်ဆစ်တစ်ဝက်စာလောက်များရှိမလားပဲ။ ပိုလှသွားရပြန်ပါပြီ။ ဖြေပုံပြုံးပြုံးကလေးက ဘယ်လိုချစ်ဖို့ကောင်းမှန်းကိုမသိ။ "ရှင်" "ကျုပ်" ဆိုသောအသုံးအနှုန်းက နားထဲမှာ နည်းနည်းတော့ ထောင့်၏။ ဒါပေမယ့် ထဲဒါ ခုခေတ်ဒီမိုင်းဖြစ်နေပြီ။

"နင်က ဟင်းချက်ကောင်းတယ်ဆို" မောင်ထူးပြော

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့မေးရတာ"

လှငယ်နစ်ယောက် ကားပေါ်ရောက်လာ၏။ "မီသက်တော့ မပြောနဲ့၊ ကန်စွန်းကြီးရှက်ချဉ်ရေကို ဟင်းခပ်မပါဘဲ ခွေမျိုးမေ့အောင်ချက်နိုင်တယ်၊ မန်ကျည်းသီးမှည့်နဲ့ စိမ်းစားငပိနဲ့ ပြုပ်သီးနဲ့ ... ဒါပဲပါတယ်"

ထူးနောင်က ဝိုင်ရင်းချီးကျူးလိုက်ပုံကိုဆောက်တော့၊ ဤသူငယ် ဟိုအိမ်မှာ ထမင်းစားနေကျထင်ပါရဲ့။ ကားက ညင်ညင်သာသာလေးပဲ လျှောထွက်ပေမယ့် ဦးဟာန်ရင်ထဲတော့ တုံ့ခနဲဆောင့်ဆွဲလိုက်သလို တင်းခနဲ ဖြစ်သွားရသည်။ ရင်ထဲသို့ ပထမဆုံးဝင်ရောက်လာသော ... အိမ်ထောင်ပြုရန်စိတ်ကူး ... ။

လေးလဆိုသောအချိန်ကာလကို၊ လေးကမ္ဘာလောက်ကြာသည်ဟုတော့ မဆိုလိုပါ။ လေးနှစ်လောက်ခောင့်ရသလားတော့ထင်သည်။ ဦးဟာန်၏ "သက်နှင်းကြင်စစ်ဆင်ရေး" မှာ ပထမဆုံး ... ထူးနောင်အတွက် ခင်မင်



ရာခင်မင်ကြောင်း ကုမ္ပဏီတစ်ခုမှာ အလုပ်ရှာပေးရသည်။ ...ဝေးသင်တက္ကသိုလ်တက်နိုင်ဖို့ ကူညီရသည်။ ကျော်သိန်း...တစ်ဆင့် တူ၏သူငယ်ချင်း နှမ်းပါးသော်ကလေးတွေကို ကူညီသော မတိမ်းမယိမ်းဦးလေးကြီးနေရာကို ယူရ၏။ ပြီး...တော့ ... သက်နှင်းကြင်ကိုကျတော့ ကိုယ့်ကုမ္ပဏီမှာအ...လုပ်ခန့်ပေးလိုက်သည်။ လေးလအတွင်းမှာ သက်နှင်းကြင်...လုပ်ဘက်လာသလို ခင်မင်ရင်းနှီးမှုကလည်း အတိုင်းထက်...လွန်၏ ကျေးဇူးရှင်အဖြစ် လေးစားကြည်ညိုခံရလွန်းလို့...တတ်မထိုင်တတ်တော င် ဖြစ်ရ၏။

"သက်နှင်းကြင် ဟင်းချက်ကောင်းလွန်းလို့တဲ့" ...

အကြောင်းပြချက်ရှိ၏။ တစ်လ ... တစ်လ၊ ...က်နှင်းကြင်တို့အိမ်သို့ အကောင်းဆုံးဆန်အိတ် ပို့သည်။ ...ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ပုစွန်၊ ငါးအမျိုးမျိုး ဝယ်ပို့၏။ ...က်နှင်းကြင်က ချက်ပြုတ်ကာ ချိုင့်နှင့်ထည့်ယူလာရသည်။ ...ကုမ္ပဏီမှ ဦးစားပေးဝန်ထမ်းများသာ ကြိုပို့သောဖယ်ရီနှင့် ...က်နှင်းကြင်ကို ကြိုပို့၏။ အကြောင်းပြရှိသည်။

"ဦးပြည်စုံဟာန်စားမည့်ထမင်းချိုင့် ဖိတ်ကုန်မှာစိုးလို့"

မျက်စိတွေကတော့ ဒေါက်ထောက်ကြည့်ကြ...ပြီ။ သို့ပေမယ့် ဦးဟာန်က အနေမှန်သည်။ မိန်းမ...နှင့်ပတ်သက်ပြီး ဘယ်တုံးကမျှ ရှုပ်ရှုပ်ယှက်ယှက်မကြား...ရ၊ ဘယ်သူ့ကိုမှလည်း စိတ်မဝင်စား မဆွတ်ပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ညွတ်ကျနေသူတွေကိုတောင် လွတ်အောင်ရှောင်နေရတာမို့၊ မျက်စိဒေါက်ထောက်သူတွေ တစ်လအတွင်း မျက်စိတွေ ညောင်းကုန်၏။ အတင်းပြောချင်သူတွေ တစ်လအတွင်း ပါးစွေညောင်းလျက် ပါးစပ်တွေပိတ်ကုန်၏။

"ဦးဟာန် ... သိပ်များများကြီးဝယ်မပို့ပါနဲ့၊ စားခကုန်ရင် ထားစရာရေခဲသေတ္တာလဲမရှိဘူး၊ လုံးထား၊ ပြုတ်ထား၊ ကြော်ထား ... လုပ်ရတာ ဦးဟာန်ရဲ့"

ကိုယ့်ကျေးဇူးရှင်ကို သက်နှင်းကြင် ညတိုင်း ရှိခိုးပြီးမှအိပ်၏။

"ဟုတ်သားပဲ ... ရေခဲသေတ္တာတစ်လုံးဝယ်ပို့လိုက်မယ်လေ"

"မလုပ်ပါနဲ့ ... အိမ်ပြိုကျမယ်ဦးဟာန်ရဲ့၊ ပြီးတော့ မီးအားလဲမနိုင်ပါဘူး၊ ညည ... နှစ်ပေမီးချောင်းလေးတောင် မလင်းလို့ မီးလုံးမှိန်မှိန်လေးနဲ့နေရတာ"

"ကန်ထရိုက်လေးဘာလေးနဲ့စပ်ပြီး ကန်ထရိုက်ဘိုက်ဆောက်ဖို့ စိတ်ကူးမရှိဘူးလား"

"ရှိပါတယ်၊ အိမ်လဲမပြင်နိုင်ဘူး။ ကျွန်မတို့က သားအမိနှစ်ယောက်ထဲဆိုတော့ ဘာမှပြောစရာဆိုတာလဲမရှိဘူး"

"မောင်ထူးနောင်တို့အိမ်ရော"

"သူတို့က ရောင်းတော့မှာ၊ သူတို့ ဘာဘိယာဘ...





အခန်းပြန်ရမယ်၊ ပိုက်ဆံလဲရမယ်တဲ့"

"အဲဒီကန်ထရိုက်နဲ့ စကားမပြောဘူးလား"

"အဲဒီကန်ထရိုက်က လုပ်ငန်းသိပ်အကြီးကြီးလုပ်နိုင်တာမဟုတ်ဘူး ဦးဟာန်ရဲ့၊ ခပ်မွဲမွဲထဲက ရိုးရိုးသားသားလုပ်စားနေတာတဲ့။ တစ်လုံးပြီးမှတစ်လုံးဆောက်နိုင်မယ်တဲ့၊ သူတို့အိမ်ပြီးလို့ အခန်းတွေရောင်းထွက်သွားရင်တော့ ကျွန်မတို့အိမ်ဘက်လှည့်နိုင်မယ်ထင်တယ်တဲ့၊ သူများနဲ့လဲ မလုပ်ရဲဘူး ဦးဟာန်ရယ် ... ကန်ထရိုက်တွေ ညာတာတွေပြည့်လို့ဆို"

"လူညာဆိုတာကတော့ ဘယ်လောကမှာမဆိုရှိတာပေါ့ကွယ်"

"ဦးဟာန်ကို အရမ်းကျေးဇူးတင်ပါတယ်၊ အမေက ဆိုလဲ ကျေးဇူးရှင်တဲ့။ အမေ နေထိုင်မကောင်းဖြစ်ချိန်နဲ့ ဦးဟာန် ကျွန်မတို့အိမ်ရှေ့မှာ ကားလာဆိုက်ချိန် ဟာ သိကြားမင်းဆင်းမသလိုပဲ၊ ခုဆို ... ကျွန်မ အလုပ်ရတော့ အမေ့ကို ဈေးမရောင်းခိုင်းတော့ဘူး၊ ဆေးဖိုးလဲ လုံလောက်ပါတယ်၊ ပိုက်ဆံလောက်ပါတယ် ဦးဟာန်ရယ် ... ဆေးတွေဝယ်မပေးပါနဲ့"

ဦးဟာန်က ... မျက်စိရှေ့ အမြင်မ...လျှင် လက်နှေးနေတတ်သူမဟုတ်ပါ။ သွားရင်း...ရင်းဆိုသလို ကြုံတွေ့ရသမျှ အကူအညီလိုသူတိုင်းကို ...ညီတတ်...



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးဟန်ရဲ့ ပင်ကိုကောင်းစိတ်ဓာတ်တစ်ခုပါ။ ဦးဟန်က ခြွေလို့ကြွေလို့ဆိုတာမျိုးနှင့်တော့ မည်သူကမျှ တလွဲမထင်မြင်ကြပေ။ အလုပ်ထဲမှာရှိသမျှ လူ၊ ကြုံသမျှအခက်အခဲ၊ ဦးဟန်က ကူညီခဲ့သည်ချည်း။ ဒီလောက်များပြားလှစွာသော စည်းစိမ်ဥစ္စာတွေ ဦးဟန်တစ်ယောက်ထဲ စားလို့ဘယ်ကုန်နိုင်မှာလဲ။ ခုလို ကုမ္ပဏီဖွင့်ပြီးအလုပ်လုပ်နေတယ်ဆိုတာကလည်း၊ အလုပ်မရှိဘဲ လူပျင်းလူဖျင်းဖြစ်သွားမှာစိုးလို့ရယ်၊ လူကုံထံလောကသားချင်းပေါင်းသင်းဆက်ဆံ လူရာဝင်နေဖို့ရယ်သာ အဓိကဖြစ်၏။ အလုပ်မလုပ်ဘဲ တစ်သက်လုံးထိုင်စားရုံမက ထိုင်ဖြုန်းလို့လဲ မကုန်နိုင်။ ကုန်သွားတော့လဲ ဘာအရေးကြီးလဲ။ အခ်မဆီ လိုက်သွားရုံပဲဖြစ်၏။

သက်နှင်းကြင်က ဦးဟန်ကို အရမ်းခင်၏။ လေးစားကြည်ညို၏။ ကျေးဇူးရှင်အဖြစ် ညတိုင်းရှိခိုးပြီးမှအိပ်၏။ ထူးနောင်လည်း ထိုနည်းတူ။ ဦးဟန်အတွက်ဆိုလျှင်တစ်ရုံးတည်းသမားဖြစ်သော သက်နှင်းကြင်က ပျာနေအောင်ဂရုစိုက်၏။ နဂိုကထဲက သူများပြောလျှင် သိပ်ဂရုမစိုက်တတ်သော သက်နှင်းကြင်က ဦးဟန်ကို ပျာနေသည့်အတွက်ဘယ်သူတွေ ဘာပြောမလဲ၊ အတွေးထဲထဲ့သူမဟုတ်ချေ။ သည်တော့ ... ဦးဟန်နှင့်သက်နှင်းကြင်တို့ဆက်ဆံရေးက လေးအတွင်း (ဦးဟန်ရင်ထဲ ခံစားချက်ဆိုတော့ လေးနှစ်ခန့်)





သိပ်ကိုရင်းနှီးနီးကပ်ခဲ့ရလေတော့သည်။

"သက်နှင်းကြင်"

ဦးဟန်က နာမည်ကို အပြည့်အစုံခေါ်၏။ ...သည်းအသက်ကိုနှင်းအပ်၍ ကြင်နာခြင်းဟူသောအဓိပ္ပါယ်...လေးကို မြတ်နိုးလှပါ၏။ သက်၊ နှင်း၊ ကြင်၊ တစ်ခုချင်း...ပါကြည့်သည်။ မကြိုက်။ သက်နှင်းကြင် ... ဟု အပြည့်...နံခေါ်လိုက်ရမှ ရင်ထဲပြည့်ဝသွားသလို ခံစားရသည်။

"ရှင် ... ဦးဟန်"

ကဗျာကရာထူးပုံလေးကိုက၊ ဖြစ်နိုင်လျှင် ကျုံး...ပြီး၊ မမလှလွှမ်းဟန်ရှိရာ ဩစတြေးလျဆီထိတိုင် ခေါ်...သွားပြီးတော့တောင် ပြလိုက်ချင်၏။

"ကျွန်တော် ... သိပ်ချစ်တဲ့ကောင်မလေးပါလာပြီမမရေ"

ဟု ပြောချင်၏။ မမက သူ့ဆီလိုက်လာဖို့ပြော...ကြ လိုက်မသွားမိတာ၊ သက်နှင်းကြင်ကလေးနှင့် ဖူးစာ...ဖို့ပဲဖြစ်မည်။

"အေးအေးဆေးဆေး စကားပြောချင်လို့၊ တို့ ဒီနေ့အလုပ်ပါးတယ်"

"ဟုတ်ကဲ့ ... ကျွန်မကလဲ ဦးဟန်ပြောပြောတဲ့ ဦးဟန်တို့အမျိုးတွေအကြောင်း နားထောင်ရတာ သိပ်ပျော်တာပဲ။ မစားရဝခမန်းနဲ့ ကိုယ်ပဲ ...ကယ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာရတော့မလိုလို၊ တကယ်မချမ်းသာဘူးတော့ သာတဲ့ ဗိဒိယိုကားမှ ကြည့်ချင်သလိုပေါ့ ဦးဟာန်ရ

"ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ဆိုရင် မကြည့်ချင်ဘူး ကိုယ်ကိုတိုင်က ဆင်းရဲလှပြီ၊ သူများဆင်းရဲတာ ထပ် ကြည့်နေစရာမလိုပါဘူး၊ 'ဆင်းရဲတာများ ... လက် တွေ့ပဲဟာ၊ လက်တွေ့ဟော့တ်သေးတာပဲ သိချင်တယ်"

"သောကြာသမီးနော်၊ ဒီကစကားပြောချင်ဘယ်လို ကာရှိသေးတယ်၊ သူပြောပြီးသွားတာက ဝါကျပေါ် များစွာ"

ဦးဟာန်ရယ်လိုက်သည်။ ဦးဟာန်ရယ်လျှင် သိ ချို၏။ ဦးဟာန်၏မျက်နှာက ချောသည်ဆိုတာမျိုးထက် သည်၊ ကျက်သရေရှိသည်ဆိုသည့်ဘက်သို့ ရောက်၏။ ကို အဖေ၊ ကိုယ့်ဦးလေး၊ ကိုယ့်အစ်ကို၊ ဘာပဲတော်ခွင့်ရရ၊ ဦး ဟာန်နှင့် ဆွေမျိုးတော်ခွင့်ရမည်ဆိုလျှင် ကိုယ့်ဆွေမျိုးထဲက တစ်ယောက်ယောက်ကို ကြိုက်ရာယူပါ ဦးဟာန် ... လို တောင်ပြောချင်၏။ ဒါဟာ ... ဦးဟာန်ချမ်းသာလွန်းလို့ စည်းစိမ်တွေခံစားဖို့ထက် ဦးဟာန်ကိုပုဂ္ဂိုလ်ရေးအရ သိးသန့် ကြည်ညိုရလွန်းလို့ပဲဖြစ်၏။

"ဦးဟာန်က ဒေါ်လေးလေးနဲ့ ဘာဖြစ်လို့သွားမနေတာလဲ ဟင်"

"ဟိုမှာ ဖေဖေတို့ မေမေတို့မှလဲ ရှိမှမရှိတော့တာ"



"ဒါပေမယ့် ... အစ်မရှိတာပဲ၊ လူတကာသွားချင် နေကြတာ၊ ဦးဟာန်သွားမနေတာ မထူးဆန်းဘူးလား ဟင်"

သွေးသားသံယောဇဉ်မျိုးဝင်ပြီမို့၊ သက်နှင်းကြင် စကားပြောလျှင်၊ "ဟင်" "နော်" "ရယ်" ဆိုတာလေးတွေ ပါ၏။ ချိုနွဲ့၏။ ညင်သာပျော့ပျောင်း၏။ သက်တမ်းနှင့် ချစ်ခဲ့သော ချစ်သည်းအူနှင့်ဆိုလျှင်တောင် ဤသို့မညင် မချွဲနွဲ့စဘူးပါ၊ ဦးဟာန်ကိုကျတော့ တစ်ခါတစ်ခါ ချွဲ ဖြစ်တာပါ၊ ဦးဟာန်ရဲ့ မြင့်မြတ်ကြီးမားသောစိတ်ထား ကြောင့်၊ သူ့တစ်ရုံးလုံးလည်း သူ့ကို ချွဲချွဲနွဲ့ လိုသမျှအကူအညီတောင်းနေကြတာပါပဲ။ တစ်ခုတော့ ၏။ ဦးဟာန်က စိတ်ဓာတ်တော့ပြတ်သားသည်။ လိုက် ကူညီခြင်းသည် ကိုယ့်ဆုံးဖြတ်ချက်သာဖြစ်ရမည်။ အ လျောက် အခွင့်အရေးယူတတ်သူတွေကို၊ မျက်နှာထား တင်းနှင့်ပြောကာ သုံးလစာပေး၍ အလုပ်မှ ချက်ချင်း ၏။

တရင်းတနှီးပူဆာတာမျိုးရသည်။ ဆင်ခြေတက် နည်းနည်းပါးပါး ... လိုက်လျောမှုအပေါ် အခွင့် ရေးယူလျက် လူပျော့ထင်ပြီး အပြိုင်ငြင်းရဲလာတာမျိုး၊ ဖြစ်ချင်တာမျိုးဆို၊ နည်းနည်းကလေးမျှ ညှိနှိုင်းမခံ ဦးဟာန့်စိတ်ဆိုးပြီဆိုလျှင် စကားရှည်ရှည် မပြောတတ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအလုပ်ထွက်တော့" ... ဟုဆိုကာ သုံးလစာ ငွေထုပ်ကို ဆုတ်ခဲ့ပစ်ချတော့၊ အမိုးအနွားရှိလူက ငွေရကြောင်း လက်မှတ်ထိုးယူထားလိုက်ဖို့တို့ဘာတို့ မန်းကတန်းထလုပ်ရသည်။ ဒါမျိုး အလိုက်တသိထမလုပ်သူလည်း နောက်ထပ်သုံးလစာ ဘုတ်ခနဲပစ်ချလျက် ... ထွက်ပဲ။

"ကျွန်တော်ဘာဖြစ်လို့လဲဆရာ၊ ဘာလုပ်မိလို့လဲ" ... ဟု သွားလျှာမရှည်လေနှင့်။

"ယောကောင် ... အပြစ်ဆိုတာ ရှာရင်ရတာယ်၊ လဲအပြစ်တွေနဲ့ ငါလဲအပြစ်တွေနဲ့၊ ငါ့အပြစ်ကို တို့သည်းမခံနိုင်ရင်လဲ မင်းတို့ထွက်၊ မင်းတို့အပြစ်ကို ငါကသည်းမခံနိုင်ရင်လဲ ထုတ်မှာပဲ ...

"ဒီမှာ သုံးလစာယူ၊ လက်မှတ်ထိုးပြီးပြန်၊ လူတွေက အလိုက်တသိဝင်လုပ်ကြ၊ ကိုယ့်တာကိုယ်မကျေရင်လဲထွက်ပဲ၊ မင်း ... ပိုက်ဆံယူ အေးအေးပြန်သွားရင်ကောင်းမယ်၊ အပြစ်တွေလာမနေနဲ့ ...

"တစ်းစီပြီးရှာပြလိုက်ရရင် သုံးလခမရဘဲ ထဲတန်းရောက်သွားမယ်၊ ကိုယ့်အကြောင်းကိုယ် စဉ်းစား" ... တဲ့။

အဲဒါကြောင့် ... ဦးဟန်ကို ကြောက်ကြရပါ၏။

"ငါ့ကို ထောင်ထဲပို့နိုင်လောက်တဲ့အပြစ် ရှာနိုင်ရင်လဲ ရှာကြ၊ သူရှာကိုယ်ရှာပေါ့၊ ဘယ်သူဝင်လို့ ဘယ်သူထွက်မလဲ၊ စမ်းကြည့်" ... တဲ့။

အဲသည်လိုတူးခြားသောစရိုက်နှင့် ဦးဟန်သည် လူဟာကာ၏ချစ်ကြောက်ရိုသေခြင်းကိုခံယူရရှိပါ၏။

"သက်နှင်းကြင် ... ဩစတြေးလျရောက်ဖူးချင်လား"

"ဟာ ... အရမ်းရောက်ဖူးချင်တာပေါ့၊ ရောက်မှမရောက်ဖူးတာ"

"နေရောနေချင်လား"

"တစ်သက်လုံးတော့ နေနိုင်မယ်မထင်ဘူး ဦးဟန်ရယ် ကိုယ့်တိုင်းပြည်ကိုလွမ်းမှာ"

"မမတို့လဲ ရောက်ကာစကတော့ လွမ်းလိုက်တာ၊ ပြန်လာမှာ ... စကားကို နှုတ်ဖျားက မချပါဘူး၊ သွားတာကိုလဲ အံ့ဩပါတယ်၊ ဒီမှာ ကိုယ့်ပညာလေး ကိုယ့်အရင်းအနှီးနဲ့ လူမွေးလူတောင်မပြောင်နိုင်ဘူးဆိုရင် ...

"သွားပါ၊ ပိုက်ဆံသွားရှာပါ၊ အိုးတိုက်ရတိုက်ရ၊ ပန်းကန်ဆေးရဆေးရ၊ အလောင်းတွေပဲ ရေးဆေးရဆေးရ၊ ယောကျ်ားလေးကိုပြောတာနော် ...

"ကိုယ့်နိုင်ငံမှာကိုယ် သူဌေးစာရင်းဝင်ပြီး ခိမ်နဲ့နေ





www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါလျက်၊ ထွက်သွားတဲ့လူတွေ အံ့သြတယ်။ ဒီမှာဆို ထမင်းချက်နဲ့ဒရိုင်ဘာနဲ့ မာလီနဲ့ သူဌေးကြီးလို ဓိမ်နဲ့နေရတယ်၊ ဟိုကျတော့ အိမ်ဖော်စရိတ်ကြီးလွန်းလို့ မငှားနိုင်ဘူး ...

"ကိုယ့်ဘာသာချက်စား၊ ကိုယ့်ပန်းကန်ကိုယ်ဆေး၊ ညစာတစ်နပ်လောက်သာ ကောင်းကောင်းစားရတာ၊ မနက်စာဆို ဖြစ်သလိုပြေးလွှားစားသွား၊ နေ့လယ်စာကို၊ ကော်ဖီတို့ စနက်ခ်စ် (Snacks) ခေါ်တာပေါ့၊ ဟမ်ဘာဂါတို့ဘာတို့လောက်နဲ့ တင်းတိမ်၊ မြန်မာတွေ ညစာတစ်နပ်ပဲ ထမင်းချက်စားရတဲ့ဆီကို သွားတာ အံ့လွန်းလို့"

"ဒေါ်လေးလေးတို့လဲ ဒီလိုပဲလား"

"ဒီလိုပဲ။ ပြေးလွှားနေရတာပဲ။ စိတ်မောလူမောပို ဟောလီဒေးဆိုရင် အပြတ်နားကြတာ။ တို့ ဟိုသွားရင် မမလေးကို သနားတာနဲ့၊ သူပြန်ရောက်မလာခင် ညစာချက်ပေးထားရတယ်။ ပြီးတော့ ... တို့က သူတို့လို ပြေးလွှားပြီး စိတ်မောတဲ့ဒဏ်ကို မခံနိုင်ဘူး။ မေမေ့အမွေလေ။ သွေးတိုးနဲ့နှလုံး"

"ဟင် ... နှလုံးရောဂါက မျိုးရိုးလိုက်တတ်လို့လား"

"လိုက်တယ်ထင်တာပဲ၊ သိပ်မသိပါဘူးကွာ၊ ငယ်





ငယ်တုန်းကထဲက ချူချာတော့ ရောဂါအကြောင်းတွေမေ့ထားလိုက်တယ်။ ခုလဲ တစ်ခါတစ်ခါ သိပ်ကောင်းတာမဟုတ်ဘူး၊ နိုင်ငံခြားသွားနေလို့ ဘယ်ရမလဲ၊ နေလဲ မနေချင်ပါဘူး။ ကိုယ့်ပြည်ပဲ ကိုယ်ပျော်တယ်"

ရောဂါရှင်က ရယ်၍ပြောသည်မို့ သက်နှင်းကြင်ပါ ရောရယ်သည်။

"တို့လိုလူမျိုးက မြန်မာပြည်မှာဆို ဓိမ်နဲ့နေလို့ရတယ်၊ တစ်ယောက်ထဲဖြစ်နေပေမယ့်၊ အခြွေအရံတွေ ကြိုက်သလောက်ထားနိုင်တယ်၊ ဟိုမှာဆိုရင် ကိုယ့်ထမင်းကိုယ်ချက်စားရမှာ၊ လူနေမှုအဆင့်အတန်း ဘယ်လိုမြင့်တယ်ပြောပြော၊ မြောက်ကျွန်းမှာလို ပတ္တမြားတုံးကြီး ဖိုခနောက် (ခုံလှောက်) လုပ်ပြီးတော့ ... တော့ ထမင်းမချက်နိုင်ပါဘူးကွာ"

"ပတ္တမြား တုံးကြီး ... "

"အေးလေ ... ဒါတောင်မသိဘူးလား၊ လေးကျွန်းတမြင်းမိုရ်သီလား"

"မြင်းမိုရ်တောင်ကြီးက အလယ်က၊ ဘေးမှာ ကျွန်းကြီးလေးကျွန်းလေ၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း၊ ကျွန်းမတို့နေတဲ့ကမ္ဘာကတောင်ကျွန်း၊ ဦးဟန်တို့ဘာသာက ဒါတွေယုံလို



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘယ်ဘာသာပဲဖြစ်ဖြစ်၊ ဗဟုသုတဆိုတာတော့ ရှိရတာပေါ့ကွ။ မြောက်ကျွန်းမှာဆိုရင် ထမင်းချက်ဖို့ အုတ်ခဲသုံးခုနဲ့ ဖိုခုနောက်လုပ်မဲ့အစား ပတ္တမြားတုံးတွေနဲ့လုပ်တယ်တဲ့။ လျှပ်စစ်မီးမလိုဘူးတဲ့။ ပတ္တမြားတွေက လင်းတဲ့အရောင်နဲ့ ညည မီးမထွန်းဘဲနေနိုင်တယ်တဲ့၊ သွားလည်ချင်သေးလား၊ အဲဒီမြောက်ကျွန်းကို"

သက်နှင်းကြွင် တခိခိရယ်လိုက်၏။ ဦးဟာန်နှင့် စကားပြောရလျှင် အလွန်ပဲပျော်ပါ၏။ ဦးဟာန်၏ မျက်နှာခန့်ချောကြီးကိုကြည့်ပြီး အလွန်လည်း ကြည်ညိုပါ၏။ ဦးဟာန်ကလည်း သက်နှင်းကြွင်ကိုအားကြည့်နေရမည်ဆိုလျှင် ထမင်းတောင်မဆာ။ ကျွန်းမာရေးက အလိုလိုကောင်းလေ၏။ အမောတွေပြေကုန်၏။ စိတ်တိုဒေါသထွက်လျှင် သွေးတွေအရှိန်းတိုးကာ မျက်နှာကြီးရဲလျက် ထန်တင်းနေတတ်သမျှ သက်နှင်းကြွင်ရဲ့အပြုံးရှေ့မှာ ရောဂါတွေအကုန်ပျောက်လေ၏။ ဗီးဖြူဖန်ခါးသာဆို ငုံထားချင်တယ် … ဆိုသောစကားက ခုခေတ်လူငယ်တွေကြားမှာ မသုံးတော့ပြီဆိုတာသိ၏။ သို့ပေမယ့် … ဦးဟာန်ကတော့၊ သက်နှင်းကြွင်ကို တကယ်ပဲ သကြားလုံးလေးလို ငုံထားချင်၏။ ဒီလိုအတွေးဝင်မိတာသည်ပဲ … ဦးဟာန်၏ ရင်ရော်မှုလားတော့မသိပါ။



"သက်နှင်းကြွင်"

"ရှင် … ဦးဟာန်"

ဘယ်လိုမျှ မျိုသိပ်၊ ဖိနှိပ်၊ ချုံးဖွဲ့ထားလို့မရတော့သည့် အချစ်လုံးကြီးက ပေါက်ကွဲထွက်ဖို့ လည်ချောင်းဝမှာ လာဆို့၏။ ပြောဖို့စောသေးတယ် … စောသေးတယ် … ဟု ကိုယ့်ကိုကိုယ် ဆုံးမသည်။ ပြောမထွက်နိုင်သည်းပါ၏။ ရှက်လည်းရှက်သည်။ တကယ်တန်းကျတော့ ကိုယ်တကယ်မြတ်နိုးတန်ဖိုးထားအပ်သူထံမှာ ချစ်စကားဆိုဖို့ရာသည် နည်းနည်းနောနောအခက်အခဲကြီးမဟုတ်။ လူတော်ကောင်လေးတွေ ဘယ်လိုပြောနေကြသလဲ။ ကျော်ကြားမှာတောင် ပြေး၍ တပည့်ခံလိုက်ချင်ပါသေးသည်။

"သက်နှင်းကြွင်"

ပြောမထွက်တိုင်း၊ ဒီနာမည်ကိုပဲ ထပ်ခေါ်ဖြစ်သည်။ သက်နှင်းကြွင် ခေါင်းကလေးငုံ့ကျသွားသည်။ ဦးဟာန်၏ တောက်ပလွန်းသောမျက်ဝန်းတွေထဲမှာ တစ်စုံတစ်ခုကို ရှာသဲကွဲစွာ တွေ့ရှိလိုက်ရသလိုပါပဲ။ ယုံလည်းမယုံရဲ။ ရင်ထဲမှာလည်း ထင်မြင်၊ ဆန့်ကျင်ဘက်ခံစားမှုဖြင့် သက်နှင်းကြွင်ရင်ထဲ တဒိုင်းဒိုင်းခုန်၏။ ကိုယ်ကလေးများ သိမ့်သိမ့်တုန်ချင်သည်။

"သက်နှင်းကြွင်"

ထပ်ခေါ်ပြန်၏။ ခေါ်လေငုံ့လေ။ ဒီခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



မဖော်ဝံ့တော့ဘဲ ရင်ခုန်နှုန်းသာ ပို၍မြန်လာခဲ့သည်။ ငိုချ စိတ်ဖြင့် ဝမ်းနည်းလာ၏။ တစ်ခုခုကို လက်လွှတ်ဆုံးရှုံး ရတော့မှာမျိုးနှင့် မချိတင်ကဲဖြစ်လာရသည်။ ဦးဟာန်ရယ မိသက်မှာ အားကိုးရတဲ့အစ်ကိုကြီးတစ်ယောက်၊ ဦးလေးသ ချင်းတစ်ယောက်အဖြစ်ရှိနေချင်ပါတယ်။

"ဘာလို့ငိုင်နေတာလဲ သက်နှင်းကြင်၊ ကိုယ်ပြောမယ့် စကားကို ကြိုသိနေလို့လား"

ဦးဟာန်ရယ် ... သိနေသလိုလိုကနေ ထင်ရှ စွာသိသွားရပြီထင်ပါတယ်။ ပြောစရာစကား တစ်ခွန်းရယ လို့ ဦးဟာန်ရင်ထဲမှာ ရှိနေခဲ့ရင်၊ ဦးဟာန်ရဲ့ ပြည့်စုံလှသေ စွမ်းအားများနဲ့ ဖိနှိပ်ဖုံးဖိလိုက်ပါတော့လားရှင်။

"ကိုယ် ... သက်နှင်းကြင်ကို လက်ထပ်ချင်တယ်"

ဝါကျအဆုံးမှာ ... ဦးဟာန်ရင်ထဲ မောသွ သည်။ ရင်ထဲဆို့နေသည့်အချစ်လုံးကြီးက မျိုချလို့လဲမရ ဖွင့်ပြောလို့လဲ ကုန်မသွား၊ တင်းဆဲကြပ်ဆဲနှင့် မချိမဆ ခံစားရင်း သွေးခုန်နှုန်းတွေမြန်လာရသည်။ သွေးတိုးပြီလေ

"လက်ထပ်ချင်တယ်လို့ဆိုတော့ အဆင့်ကျော်လိုက်တ လို့ ထင်စရာရှိတယ်၊ တ ယ်တော့ ကိုယ်တို့အရွ မှာ သိက္ခာရှိတဲ့အတည်အကျစကားကို အရင်ဆို တာပါ။ သက်နှင်းကြင်ကို တို့ချစ်တယ် ... ချစ်ပ မှ၊ ကိုယ့်ညီမအငယ်ဆုံးလေးလိုရော၊ ချစ်သူ



ယောက်လိုရော၊ ကိုယ်ပြုစုပျိုးထောင်ရမယ့်တန်ဖိုးကြီး ရတနာလေးတစ်ခုလိုရော ... "

လေအေးပေးစက်တပ်ထားသည့် အခန်းထဲမှာ ယ်၊ စိတ်ထဲမှာ ဓောချွေးပျံလာရသည်။ ဦးဟာန် ... တ်နိုးဆုံးပစ္စည်းလေးကို ကြည့်မဝ၊ ချစ်မဝနှင့်ဆောက် ည့်ရာမရ ခံစားရ၏။ ရင်ထဲမှာ ယိမ်းထိုးလှုပ်ရှား၏။ ပြင်ချင်းချစ်ခဲ့ရသောအသည်းနှလုံးလေးကို ဒီအခြေအနေ က်လာအောင် ကိုယ်ပဲ မြှင့်တင်ခဲ့တာလေ။ ဒီထက် ဒီ လှတဲ့ အမြင့်ဆုံးတစ်နေရာမှာထားပြီး၊ ကိုယ်ကပဲ မော့ ကြည့်စားရမယ်ဆိုရင်တောင်၊ ရှိသမျှသိက္ခာတွေ ဝေါခနဲ ချလိုက်ချင်ပါရဲ့ မသည်းအူလေးရယ်။

"ကိုယ်ဆက်မပြောတတ်တော့ဘူးကွာ၊ လူကြီးတစ် ယောက်အနေနဲ့ ပြောရတာခက်လဲခက်တယ်၊ ရှက်ဖို့ လဲကောင်းတယ်၊ မပြောဘဲလဲ နေလို့ပြီးတဲ့ကိစ္စမဟုတ် ဘူး။ ဒီကိစ္စအတွက် ... သက်နှင်းကြင်စဉ်းစားပါ၊ အချိန်ယူစဉ်းစားပြီးမှ အဖြေပေးပါ၊ ကိုယ်စောင့်နိုင် တယ် ...

"သက်နှင်းကြင် ... ကိုယ့်ကို ဟိုဘီရိုပေါ်ကဆေး"

"ဟုတ် ... ဟုတ်ကဲ့"

သက်နှင်းကြင် ... ပေါက်ပေါက်ရှနေသည့် ည်တွေကို မသုတ်အားပါ။ ခါတိုင်းလို ယူပေးနေကျ

www.burmeseclassic.com

www.burmeseclassic.com



မို့ ဆေးကိုသုံးသည်၊ ရေတစ်ခွက်ခပ်ပေးလိုက်သည်၊ ဦးဟာ က မျက်စိမှိတ်ထားသည်မို့ သက်နှင်းကြင်ပါးပြင်ပေါ်မှ မျက်ရည်စက်တွေကို မတွေ့မြင်နိုင်ပါ။

"ကျေးဇူးတင်ပါတယ်ကွယ် ... နင်တယ်လို့လဲ ထင်ပါနဲ့၊ ကိုယ်တစ်ယောက်ထဲနေချင်တယ်"

"ဦးဟာန် ဖြစ်ရဲ့လားဟင် ... ဆရာဝန်ခေါ်ပေးရမ လား၊ အိမ်ပြန်နားမလား"

"ဖြစ်တယ် ... ဖြစ်တယ်"

သက်နှင်းကြင် ... အခန်းထဲမှမထွက်မီ ပါး ပြင်ပေါ်မှ မျက်ရည်စတွေကိုတော့ သိမ်းဆည်းဖြစ်လိုက်၏။ ကိုယ့်အလုပ်စားပွဲလေးသို့ ကိုယ်သွားထိုင်သည်။ ခေါင်းထဲ က တစစ်စစ်ကိုက်လာ၏။

"မငြိမ်း"

"ဟယ် ... သက်နှင်းကြင်၊ နေမကောင်းဘူးလား"

"ခေါင်းကိုက်လွန်းလို့ မငြိမ်းရယ်၊ ကျွန်မ ပြန်မ လို့၊ ဦးဟာန်မေးရင်ပြောလိုက်ပါ"

"အေး ... အေး၊ ကားရှိလား"

"ကိစ္စမရှိပါဘူး၊ ကျွန်မ တက္ကစီငှားသွားလိုက်မယ်"

သက်နှင်းကြင် ကိုယ့်ပစ္စည်းလေးတွေ ကိုယ် ကောက်သိမ်းသည်။

"ကားမှန်မှာ စတစ်ကာအနက်တပ်မထားတဲ့တက္ကစီ

မှန်ဖြူနဲ့ဟာကို ရွေးစီးနော်"

"ဟုတ်ကဲ့ပါ"

ရုံးခန်းထဲမှ ထွက်ခဲ့သည်။ ဒူးဆစ်မှဖြတ်ချ လိုက်သလို ဤရုံးခန်းအတွင်းမှာ ကိုယ်ခြေထောက်ဒူးဆစ် နေရာက ပြုတ်ကျကျန်ရစ်ခဲ့သလို ချိနဲ့ယိမ်းယိုင်စွာထွက် လာခဲ့သည်။ မောင်ထူးကို သတိရ၏။ မောင်ထူး ဘယ်လို ခံစားရမလဲ။

❀ ❀

"ငါတော့ သေးချင်တာပဲ မောင်ထူးရယ်၊ အဲဒါနဲ့ အ လုပ်မဆင်းတော့ဘူး"

"ကိုယ့်ကြိုက်ပါတယ်ဆိုတဲ့လူဆီမှာ အလုပ်မဆင်းဘဲ နေတာတော့ မှန်တယ်၊ ဒါပေမယ့် ... "

ထူးနောင်က သက်နှင်းကြင်ကို မျက်စိမျက် နှာပျက်ယွင်းစွာဖြင့်ကြည့်၏။

"ဦးဟာန်က နင့်ကို တကယ်လက်ထပ်မှာဆိုရင်ကော နင် ယုံလား"

"ဒါတော့ ယုံတယ်၊ သူလူကြီးပဲ၊ ... ကားကို ပေါက်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပဲစားဘယ်ပြောပါ့မလဲ"

"သူဟာ တကယ့်လူကြီးလူကောင်းစာရင်းဝင် သူဌေးတစ်ယောက်ပဲ"

"ဟုတ်တယ်လေ ... ဘာဖြစ်လဲ"

"မိသက် ... ငါဟာ နင့်ရည်းစားအနေနဲ့မဟုတ်ဘူးနော်၊ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ပြောရရင် ဦးဟန်လိုလူမျိုးကို နင်မငြင်းသင့်ဘူး"

"သြ ... ငါက လက်ခံရမယ် ... "

"နင် တစ်သက်လုံးကောင်းစားမယ်၊ နင်ရော ငါရော အိပ်မက်ထဲမှာတမ်းတနေတဲ့ စည်းစိမ်ချမ်းသာတွေ နင်ခံစားရမယ်၊ သူဌေးမျိုးဆက်သွေးလေးတွေကို မွေးခဲ့နိုင်မယ်၊ ကိုယ့်အတွက်၊ ကိုယ့်အမေအတွက်၊ ကိုယ်ကမွေးလာမယ့်သားသမီးတွေအတွက်"

"မောင်ထူးရယ် ... ငါက ဦးဟန်နဲ့ အနီးစပ်ဆုံးနေရတဲ့လူပါ၊ ငါပိုသိပါတယ်။ နင်မရှိရင်တော့ ငါ ဦးဟန့်ကို လက်ခံဖြစ်ဖို့များတယ်၊ ဒီလိုပြောလို့ နင် စိတ်မဆိုးနဲ့၊ ငါက ဘွင်းဘွင်းသမား"

"မဆိုးပါဘူး။ ငါမရှိရင် လက်ခံမယ်ဆိုတော့၊ ငါမရှိတော့ဘူးကွာ"

"ဘယ်သချိုင်း သွားသေမှာမို့ နင်က မရှိရမှာလဲ"

"နောက်ဆုတ်ပေးမလို့"



"ဟား ... ဟား"

မိသက်က အော်ရယ်၏။ ရယ်ရတယ်ဟော့ ..

... ဟု ထအော်ပေးလိုက်သေးသည်။

"အချစ်သူရဲကောင်းကြီးရေ့ ရှင်က နောက်ဆုတ်ပေးနိုင်ပေမယ့်၊ ကျုပ်က လက်မလွှတ်နိုင်ဘူးတော်ရေ့"

ဒီစကားကို ရှက်ရှက်နှင့် ရယ်၍ပြောလိုက်ရသည်။ မောင်ထူးကလည်း ရယ်၏။

"ငါ့ရည်းစားလေးက သစ္စာရှိလိုက်တာ၊ နင် ... ငါ့ကိုတော်တော်ချစ်လား"

"တော်တော်မုန်းတာ"

ဆွဲဆိတ်ပစ်လိုက်ပြန်၏။

"နို့ပ်စက်ပေါ့ ... ဦးဟန်သာဆိုရင် နင်ဒီလိုလုပ်ရဲဖို့ဝေး"

"တော်ပြီကွာ၊ ဦးဟန်အကြောင်း မေ့ကြစို့"

"နင်က ဦးဟန်ကို စိတ်ဆိုးတာလား"

"မဆိုးဘူး၊ သနားတာပဲရှိတယ်၊ ငါလိုက်လျောမပေးနိုင်တဲ့အတွက် သနားတယ်၊ ငါ့မှာသာ အမြွာညီမတစ်ယောက်ရှိရင် ဦးဟန့်ကိုပေးစားပါတယ်။ ဦးဟန့်ဆီမှာ အလုပ်လုပ်လို့တော့မဖြစ်တော့ဘူးကွာ၊ နင့်ကုမ္ပဏီကလူကြီးနဲ့ခင်ရင် ငါ့အတွက်ပြောပေးအုံး"

"ပြောကြည့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဟန် တကယ်သနားဖို့ကောင်းတယ်ကွာ၊ ငါ့
လာကြိုက်ရတယ်လို့၊ သူ့ဒုက္ခသူရှာတာပဲ"

"တကယ်တမ်းကျတော့ ငါလဲ နင့်ကိုမခွဲနိုင်ပါ
ဟာ၊ နမြောလိုက်တာ"

"သေနာ"

"အကောင်းပြောစမ်းပါ၊ ကိုကိုလေးဘာလေး တ
ခါတလေခေါ်ပါလား"

"သေပါလား၊ စောစောတုန်းကဖြင့် လူမမာသော
ဖို့ချက်တဲ့ ကြက်စွပ်ပြုတ်ထဲက ကြက်ခေါင်းလို
သွေးတစ်စက်မှမရှိဘူး"

"စိုးရိမ်တာပေါ့ အချစ်ရယ်"

မိသက် ... ဟီးခနဲရယ်သည်။ မောင်ထူး
လည်းရယ်၏။

"နင် ... ငါ့ကိုပစ်မသွားမှာ တကယ်နော်"

"မယုံသေးဘူးလား"

"ယုံချင်လွန်းလို့ မေးနေတာ"

"မနက်ဖြန်ကစပြီး ဦးဟန်ဆီမှာ အလုပ်ထွက်စာတင်
လိုက်မယ်၊ တစ်ခါထဲလဲ ငြင်းမယ်၊ စာရေးလိုက်
မယ်ကွာ၊ မျက်နှာချင်းဆိုင်ပြောရမှာလဲ အားနာတယ်၊
ဖုန်းလဲမဆက်ရဲဘူး၊ ငါဒိုချင်တယ်"

"ဒိုခဲ့သေးလား"



"ဒိုမိတယ်"

"ငါမကြိုက်ဘူးနော်"

"မကြိုက်ရင် ... လဲသေ"

"ငါ့လူကြီးကို ပြောမယ်၊ နင့်အတွက်အလုပ်"

"ပြောဟာ ... ငါ၊ အမေ့ကိုတောင် ဒီကိစ္စမပြော
ရသေးဘူး၊ နင့်ကို အရင်ပြောတာ"

"ဘာဖြစ်လို့လဲ"

"နင့်အပေါ်မှာ သစ္စာရှိချင်လို့ပေါ့၊ နင့်ကိုချစ်လို့ပေါ့
ဟာ ... ကဲ"

ဒီတစ်ခါတော့ နာအောင်မလုပ်ဘဲ၊ သာသာ
လေးတွန်းလိုက်သည်။

အချစ်ဆိုတာ အဲဒါပဲလေ။ အချစ်ဆိုတာ ရင်
ထဲမှာတွန်းအားမဲ့စွာပေါ်ပေါက်ဖြစ်ထွန်းလာတတ်သောအရာ။
အချစ်မှာ ခိုင်လုံသောအကြောင်းပြချက်မရှိပါ။ နှလုံးသား၏
ခံစားချက်သီးသန့်သာလျှင်ဖြစ်၏။ ဘာကြောင့်ချစ်ပါသည်။
ဘာကိုချစ်ပါသည်ဟူ၍ ထုတ်နူတ်ဖော်ပြလို့မရ။ ချစ်မိပြီ
ဆိုလျှင်တော့ အရာရာကို ချစ်ခြင်းဖြင့်ထုံမွှန်းနေမိတော့သည်။
ရင်ထဲမှာ အချစ်ရှိနေလျှင် အချစ်က အရာရာကိုဖန်ဆင်းနိုင်
၏။ ဖန်ဆင်းရှင်လည်းဖြစ်၏။ အချစ်ကြောင့် ဆင်းရဲခြင်း
ကိုလည်း ရင်ဆိုင်ဝံ့သည်။

နေပူထဲမှာ နေရဲတာ၊ ခရီးလမ်းကို ဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲတာ၊ ဆူးမွေ့ယာပေါ် အိပ်ရဲတာ ... ဒါတွေအားလုံးဟာ အချစ်ကြောင့်ပဲဖြစ်ပါ၏။ ကိုယ့်ချစ်သူ၏မျက်နှာသည်သာ ကိုယ့်ကမ္ဘာ။ မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံမှာကြင်လည် သ၍ ဒုက္ခချည်းဟု ဟောကြားခဲ့လေ၏။ အခြားဘုံတွေမှာ ကြင်လည်ခဲ့ဘူးသလား၊ မကြင်လည်ခဲ့ဘူးလား၊ မိသက်မသိပါ။ နောင်းဘဝတွေကို မိသက် ပြန်မမြင်နိုင်ပါ။ နောက်ဘဝတွေမှာ ဘာဖြစ်ဦးမလဲ ... လဲ မိသက်မသိပါ။ လက်ရှိလူ့ဘဝ၊ ယခုမိသက်ဖြစ်ရသည့်ဘဝကတော့ တကယ့်ကို ဒုက္ခတောပါပဲ။ ခရောင်းလမ်းနှင့် ဆူးမွေ့ယာပါပဲ။ မွှေမှေ့လယ်မှာ အပူတောကို ဖြတ်လျှောက်ရသလိုပါပဲ။ အဖမဲ့၏။ ဆင်းရဲ၏။ အားကိုးရာမရှိ။ မိသက်ဘဝ ဒုက္ခရောက်ပါသည်။ ဒုက္ခဘုံဆိုတာ မိသက် ယုံကြည်လက်ခံပါ၏။

သို့ပေမယ့် ...

မိသက် အမြဲငိုမနေခဲ့ပါ။ ထာဝရစိတ်ဆင်းရဲခြင်းလည်း ဖြစ်မနေပါ။ ကိုယ့်ဘဝလေးကိုယ်နေပျော်ချိန်ရှိပါသည်။ ကြည်နူးရိပ်မှာလည်း အမောပြေဖူးပါသည်။ ဒါဟာ ... မိသက်ရင်ထဲမှအချစ်ကြောင့်ဟု ထင်ပါ၏။ ချစ်ရလွန်းသူကို ထားခဲ့လျက် စည်းစိမ်ပုံကြီးပေါ်သို့ ရွှေလှေခါးဖြင့် ... တစ်ယောက်ထဲတက်မသွားနိုင်ပါ။ ရွှံ့အလူးလူး သဲအပေပေနှင့် မြေမျက်နှာပြင်ပေါ်မှာပဲ၊ ချစ်သူ့ရင်ခွင်ထဲ တိုးခွေ့မှေးစက်လိုပါ၏။ မိသက်အချစ်ကိုပဲ တန်ဖိုး



ထားသည်။ ကိုးကွယ်သည်။ သက်နှင်းကြင်ဆိုသော သူ ဝင်းရဲမလေးက ... သူ့အချစ်ကို သိန်းထောင်ပေါင်းများ ဖြာနှင့်စက်၍မလဲနိုင်ခဲ့ပါ။ မလဲခဲ့ပါ။

မင်းနားလည်စမ်းပါ မောင်ထူးရယ်။ မင်းကို သိပ်ချစ်တယ်။

ကြည်ညိုလေးစားရပါသော ဦးဟန်ရှင့် ...

ဦးဟန်ရှေ့မှာ ဒူးထောက်ခေါင်းငုံ့လို့လည်းပြောချင်ပါသည်။ ဖုန်းထဲမှလည်း အသေအချာရှင်းပြချင်ပါသည်။ သို့ပေမယ့် ... ကျွန်မငိုမိမှာသေချာသည်မို့ စာနှင့်ပဲရေးပြပါရစေဦးဟန်ရှင့်။

ကျွန်မမှာသာ အမြွာညီမတစ်ယောက်ရှိသေးလျှင် ဦးဟန်အတွက် မွေးနေ့လက်ဆောင်အဖြစ်သက်ရှိလူသားတစ်ယောက်ကိုပေးဆပ်ချင်မိပါသည်။ ဦးဟန်၏ကျေးဇူးတွေကို ဦးထိပ်မှာပန်ဆင်လျက် ထမင်းရှင်အဖြစ်၊ ညအိပ်ရှင် ကာနီးတိုင်း ဦးဟန်ရှိရာအရပ်သို့ မှန်း၍ရှိခိုးကန်တော့ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဟာန်ကဲ့သို့သော အဖိုးတန်လူသားတစ်ယောက်မှာ အစစအရာရာ လိုလေသေးမရှိအောင် ပြည့်စုံစေလိုသည့်ဆန္ဒ၊ မပြည့်စုံသေးသောကွက်လပ်ကျန်ခဲ့ဆိုလျှင်လည်း အသက်စွန့်၍ ဖြည့်ဆည်းပေးလိုသောဆန္ဒ၊ ကျွန်မမှာ တကယ်ရှိကြောင်း၊ သစ္စာဆို၍ ပြောရဲပါ၏။

ဦးဟာန်ကသာ ခေါင်းခေါက်ရွေးချယ်မည်ဆိုလျှင် ခေါင်းခေါက်ခံနိုင်ခွင့်အတွက် တိုးဝှေ့ရောက်ရှိလာမည့် ဦးခေါင်းပင်လယ်ပြင်ကြီးကိုလည်း ကျွန်မ မြင်ယောင်မိပါ၏။ ဦးဟာန်မှာ ဘာအပြစ်မျှမရှိပါ။ မိန်းမသားတစ်ဦးအနေနှင့် ငြင်းပယ်သင့်သောပြစ်မှဲ့မျိုး တစ်ခုတလေတောင်စွန်းထင်း၍မနေပါ။ ဦးဟာန်သည် ချစ်ကြည်ညိုလေးစားဖွယ်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါသည်။ ဦးဟာန်၏ဆင်းသက်လာသော မျိုးရိုးကလည်း ဝင်ဆန့်ချင်ဖွယ်ကြီးဖြစ်ပါ၏။ ဦးဟာန်ပိုင်ဆိုင်ထားသော စည်းစိမ်ဥစ္စာများမှာလည်း မက်မောဖွယ်ကြီးဖြစ်လို့နေပါ၏။

ဦးဟာန်၏ ချစ်ခင်နှစ်သက်မှုကို ခံယူရရှိသောမိန်းကလေးမှာ "ကမ္ဘာ့ကံအကောင်းဆုံးမိန်းမသား"... ဆိုသောဘွဲ့ထူးကြီးကို ဆွတ်ခူးနိုင်သူဖြစ်ပါ၏။ သို့သော်ငြားလည်း...

ကျွန်မ ဝမ်းနည်းကြေကွဲစွာ ငြင်းဆိုပါရစေ ဦးဟာန်ရယ်။

ဦးဟာန်ဆိုသော လူကြီးလူကောင်းတစ်ယောက်၊ ကျွန်မ ဘဝထဲသို့ရောက်ရှိမလာမီ နှစ်ပေါင်းများစွာကပင်၊





...ဆိုသော သက်နှင်းကြင်မှာ ချစ်ဦးသူရှိခဲ့ပြီးဖြစ်ပါသည်။ ...နှံသီသော မောင်ထူးနောင်ပါပဲ။ ကျွန်မသည် မောင်...ကိုစွန့်လွှတ်စွန့်ခွာ၍ ထွက်ပြေးမလာနိုင်ပါ။ မောင်ထူး...လွှတ်ဆုံးရှုံးရမှာကိုလည်း အသက်နှင့်စက်၍ ကြောက်...။ သစ္စာရှိသောမိန်းမသားအဖြစ်လည်း ကျွန်မ၏တန်...ရာသက်ပန်ဝတ်နိုးသွားချင်ပါသည်။

ဤကမ္ဘာတွင် တန်ဖိုးထားဖွယ်ရာများ...
...ရှိသည့်အနက်၊ ကျွန်မ အမက်မောဆုံးမှာ ကျွန်မရင်...ချစ်နှင့် မောင်ထူးရင်ထဲမှအချစ်၊ ကျွန်မတို့နှစ်ယောက်...အလှန် တည်ရှိအပ်သော. သစ္စာတရားတို့သာလျှင်ဖြစ်...။ ဦးဟာန် နားလည်ပေးနိုင်လိမ့်မည်ထင်ပါသည်။ ကျွန်မ "မိန်းမမိုက်" အဖြစ်... ဦးဟာန် အပြစ်တင်ပါ။ ...ကြေကွဲအားနာစွာ ကန်တော့လိုက်ပါသည်။ ဤစာ...ဦးဟာန် ကုမ္ပဏီမှ ရှုတ်ထွက်ခွင့်စာကိုပါ ပူးတွဲ...သည်။ ဦးဟာန်ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်လျက်။

"စာ" မမည်လှသော စာတန်းကြီးတစ်ခုကဲ့...စာ၏အောက်ခြေမှာ လက်မှတ်မထိုးဘဲ၊ သက်နှင်း...မိုးရီးပဲရေးထားသည်။ ဦးဟာန်ခေါက်လိုက်သည့်...” ကြီးကိုသာ သက်နှင်းကြင်ကြားခွင့်ရလျှင် အ...ောင်မှ လန့်ဖျပ်ထွက်သွားနိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဟာန် ရုံးမလာနိုင်တော့ခြင်းနှင့် သက်နှင်းကြင် ရုံးပြောင်းသွားခြင်း … တိုက်ဆိုင်မှုနှစ်ခုက ရိုးသားစွာပဲ ဖြစ်ထွန်းခဲ့၏။ ဦးဟာန်က နေမကောင်းလို့၊ သွေးတိုးနေလို့ အစကထဲက လူအားကြီး လူပျင်းကြီးဖြစ်သွားမှာစိုးလို့ အလုပ်လုပ်နေသော ဦးဟာန်က ကျန်းမာရေးမကောင်းသည့်အခါ အလုပ်မှာ ယုံကြည်ရသောသူငယ်ချင်းတစ်ယောက်ကို အစားခန့်ထားလျက်၊ ဦးဟာန်ကိုယ်တိုင်တော့ အလုပ်သို့လုံးဝမလာနိုင်တော့ခြင်းဖြစ်သည်ဟု ယုံကြည်လိုက်ကြလေ၏။ သက်နှင်းကြင်ကျတော့ … ဒီရုံးမှာထက် လစာပိုများသော အခြားကုမ္ပဏီတစ်ခုမှာ ဦးဟာန်ကပဲပြောပြီးထည့်ပေးလိုက်ခြင်းဖြစ်သည်။ ဤကုမ္ပဏီမှာတော့ ဤလစာထက်ပိုပေးနိုင်သော ရာထူးအဆင်သင့်မရှိ။ ဟိုမှာက ရှိနေ၏။ လူဆိုတာ ဒီလိုပဲတိုးတက်ရာတိုးတက်ကြောင်းရှာကြရတာချည်းဖြစ်၏။ ဦးဟာန်ရော သက်နှင်းကြင်ပါ ရုံးမှ ပြိုင်တူပျောက်သွားခြင်းသည် အလွန်ရိုးသားသောဖြစ်ရပ်တစ်ခုအနေနှင့် ကျန်ရစ်၏။

ဦးဟာန်က …

"မောင်ထူးနောင်၊ ကိုယ်မသိဘဲမှားလိုက်မိတဲ့အမှားအတွက် တောင်းပန်တယ်၊ လူကြီးတစ်ယောက်ဖြစ်နေတဲ့အတွက်၊ ရှက်ဖို့လဲကောင်းတယ်၊ မောင်ကျော်သိန်းတို့သိသွားရင်တောင် ကိုယ်မျက်နှာပူစရာဖြစ်လို့



မင်းတို့မှာ အပန်းမကြီးဘူးဆိုရင် မပြောဘဲထားစေချင်တယ်၊ သက်နှင်းကြင်ကိုလဲ မင်းရဲ့ရုံးမှာ လျှောက်လွှာတင်ခိုင်းလိုက်ပါ၊ မင်းတို့ဘော့စ်ကို ကိုယ်ပြောပေးမယ်။ ဒါပေမယ့် …. ကိုယ်ပြောပေးမှန်း သက်နှင်းကြင်မသိစေနဲ့"

… ဟု ဖုန်းဆက်၏။ ဒီနောက်မှာတော့ လုံးဝဆက်အသွယ်မရှိဖြစ်သွားရသည်။ ထူးနောင်က ဦးဟာန်ကို ကိုယ်ချင်းစာလျက် ကျော်သိန်းကို တကယ်မပြောဘဲပြုထား၏။

"ငါတို့နှစ်ယောက်ကြားမှာ ခိုင်မြဲနေတဲ့သံယောဇဉ်ကို၊ ဦးဟာန်ဆီမပို့နိုင်တာကလွဲရင်၊ ဦးဟာန်အတွက် ငါတို့အားလုံးလုပ်ပေးရအောင်နော်" … ဟု သဘောတူကြ၏။ ဦးဟာန်ပြောပေးသော၊ ထူးနောင်လုပ်နေသော ကုမ္ပဏီမှာပဲ သက်နှင်းကြင်ဝင်လုပ်သည်။ ဦးဟာန်နေမကောင်းဘူးဆိုတော့၊ နှစ်ယောက်လုံး သွားရောက်ပြုစုချင်ပါ၏။ သို့ပေမယ့် … သူတို့ကိုမြင်လျှင် ဦးဟာန်စိတ်မကောင်းဖြစ်မှာစိုးသည်မို့ မသွားဖြစ်ကြပါ။ စင်စစ် … မသွားလို့လည်း ဘာမှမဖြစ်ပါ။ ဦးဟာန်မှာ ဆရာဝန်တွေ၊ ဆရာမတွေ၊ အသိမိတ်ဆွေသားချင်းတွေ၊ တပည့်တပန်းတွေ ဝိုင်းဝိုင်းလည်နေ၏။ နှစ်ယောက်တည်းမို့ ဦးဟာန် အထီးမကျန်ပါ။ အပြင်ပန်းပေါ့လေ။ ရင်ထဲတော့ ဘယ်သူဝင်ကြည့်နိုင်မှာမို့သိနိုင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဟာန် ... ဒီနေ့ကုတင်ပေါ်မှဆင်း၏။ ဆရာဝန်က အိပ်ရာပေါ်မှ လုံးဝမထရ အမိန့်ထုတ်ထားသည်။ ဒီနေ့ လမ်းလျှောက်ခွင့်စပေးသည်။ ဦးဟာန် ... အိပ်ခန်းပြတင်းဆီသို့ ဖြေးဖြေးလျှောက်လာ၏။ ဇာခန်းဆီးကို ဘေးသို့ ဖယ်၏။ ခြင်စကာတံခါးကိုပါ ဖွင့်လိုက်တော့၊ မှလကာပင် မှန်တံခါးဖွင့်ပြီး ဒေါက်ထောက်ပြီး ပြတင်းမှတစ်ဆင့် လေပြေအေးက စိမ့်စိမ့်ကလေးဝင်လာသည်။ ဆောင်းတွင်းမို့ လေအေးဖေးစက်ပိတ်ကာ မှန်တံခါးဖွင့်ရုံ၊ ခြင်စကာတံခါးတစ်ထပ်ပိတ်ရုံနှင့်နေခဲ့တော့ လတ်ဆတ်လေကို မရှူရတာတောင်ကြာပြီ။ လေသည် အဆုပ်တွင်းသို့ အေးမြလတ်ဆတ်မှုတွေသွင်းပေးသည်။ အဝေးသို့ငေးရင်း ကိုယ့်ခြံထဲမှာ ယိမ်းထိုးလှုပ်ရှားနေသည့်အုန်းပင်ကြီးကိုတွေ့၏။ အုန်းသီးတွေကလည်း အများကြီး။ အပေါ်ပိုင်းမှာ အလေးချိန်စီးလျက် လေတိုက်တိုင်းယိမ်းခွဲနေပုံမှာ ခါးလယ်မှ ကျိုးကျမလားဘင်ရ၏။ အုန်းပင်ကြီးကိုကြည့်ကောင်းကောင်းနှင့်ကြည့်ရင်းသတွေးရောင်စုံက ရင်ထဲမှာ သက်တန့်တစ်ခုလိုဖြစ်ထွန်း၏၊

သက်တန့်ရောင်အတွေးတွေထဲမှာ သက်နှင်းကြင်၏မျက်နှာလေးက မင်းမူလျက်ရှိသည်။

"သိန်းထောင်ပေါင်းများစွာသော စည်းစိမ်တို့ကိုစွန့်လွှတ်၍ အချစ်ကိုသာ ပိုမိုတန်ဖိုးထားပါသည်" ... တဲ့။



တိကျသောမိန်းမ။ ပြတ်သားသောမိန်းမ။ ပြီးတော့ အလွန်တရာ မိုက်မဲသောမိန်းမ။

"တော်တက် ... အချစ်ကို ကိုးကွယ်သတဲ့"

တောက် ... ခေါက်သံက ကျယ်လောင်စွာထွက်ပေါ်မလာခဲ့ပါ။ ရင်ထဲမှာပဲ ပဲ့တင်ထပ်ရင်း ဟိန်းထွက်သွားသည်။ ကျန်းမာရေးက ဒေါသသံကို ပြင်းပြင်းထုတ်နိုင်လောက်အောင်မကောင်းတင်းသည့် ကိုယ့်ကိုကိုယ် ဒေါသပြန်ထွက်ရသည်။ ဒီအသက်ဒီအရွယ် ဒီစည်းစိမ်မျိုးနှင့် ယောကျ်ားတစ်ယောက်တာ ဒီလိုပဲ "ဂီလာန" ကြီးဖြစ်နေသတဲ့လား။ ကိုယ့်မှာအသက်နှင့်မျှသောရောဂါတွေက ဖိစီးလွှမ်းလှ၏။ ဆယ်နှစ်သားလောက်က အသည်းရောင်အသားဝါဖြစ်ဖူးသည်။ တကိုယ်လုံး ဆနွင်းခဲလို ဝါထိန်တုံးကြီးဖြစ်လျက်၊ လနှင့်ချီ၍ ကုသယူခဲ့ရသည်တဲ့။ ပျောက်သွားပြီးသည့်အခါမှာ ကိုယ်ဖြစ်ခဲ့ဖူးတာတောင် ကိုယ်မေ့ခဲ့သည်။

"ယက်ပါတိုက်တစ်ဘီ ဖြစ်ဖူးလား"

ဆရာဝန်ကမေးမှ ပြန်စဉ်းစားယူရသည်။ အသည်းရောင်အသားဝါရောဂါဖြစ်ဖူးတာပေါ့၊ အဲသည်တုန်းကဖြစ်ခဲ့တာ၊ အေလားဘီလားစီလားတော့ မသိ။

"ဆယ်နှစ်သားလောက်က ... "

"ဘီလို့ပြောလား"

ဦးဟာန်ခေါင်းခါပြ၏။ ဘယ်လိုသိမလဲ၊ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



နှံ့က ဖေဖေတို့မေမေတို့ကိုပြောချင်လဲပြောခဲ့သည်။ ပြောချင်မှလည်းပြောမည်။ တချို့သမားတော်ကြီးတွေဟာ နှုတ်ကနည်းပါဘိသနှင့်။ လူနာကသာ ကိုယ့်ရောဂါကိုယ်ပြောမပြလျှင် တစ်ခွန်းမျှမမေးသော ဆရာဝန်မျိုးကရှိသေးသည်။ သူ့ဘာသာစမ်းသပ်ယူရတာကို လူနာပြောသမျှ နားထောင်ရတာထက် ပိုယုံကြည်ပုံရ၏။ ပြီးလျှင် ဆေးသောက်ဖို့ပေးလိုက်ကာ ရောဂါအကြောင်း ရှင်းမပြဘဲ လွှတ်လိုက်တာမျိုးလည်းရှိသည်။ လူနာဆိုတာ ကိုယ့်ရောဂါသည်သာ ကမ္ဘာမှာအကြီးဆုံးထင်ထားတော့ ဆော်ရဲ့တန်ရှဲ့ဟာ စိတ်ထိခိုက်တာနှင့် ဆိုးသွားနိုင်သည်ထင်သလားမပြောတတ်ပါ။

ပြည့်စုံဟန် ဆယ်နှစ်သားက ကီစ္စကို မမှတ်မိ။ ဆရာဝန်က ရှင်းပြလျှင်တောင် ဖေဖေတို့မေမေတို့က ဆယ်နှစ်သားကလေးကို ဘယ်ထပ်ပြီးရှင်းပြခဲ့မှာလဲ။

"အဖေ ဘာရောဂါနဲ့ဆုံးလဲ"

"အသည်းကင်ဆာ ... ညြစတြေးလျ သွားတုတာပဲ၊ မရဘူး"

"အမေကရော"

"မြန်မာလို လွယ်လွယ်ပြောတော့ လေဖြတ်တယ်ပေါ့ဗျာ၊ သွေးတိုးပေါ့"

ဆရာဝန်ကို ပြန်ရှင်းပြလိုက်သည်။ မြို့ဗိုလ်လုပ်နေသည့်ဆရာဝန်ကိုလည်း စိတ်တိုချင်၏။



"ကျွန်တော့်မှာ ဘာရောဂါဖြစ်နေလဲ၊ ကျွန်တော်သိချင်တယ်၊ သွေးတော့တိုးတယ်၊ သွေးတိုးတာတော့သိတယ်၊ လူပင်ပန်းစိတ်ပင်ပန်းတဲ့အခါမှာ ခံရတယ်၊ တကယ်လို့ သေနိုင်လောက်တဲ့ရောဂါဖြစ်နေရင်လဲ ကျွန်တော် အမှန်အတိုင်းပဲသိချင်တယ်၊ ကျွန်တော် ယောကျ်ားပဲ၊ လုပ်စရာရှိတာလေးတွေလုပ်သွားဖို့ရှိတယ်၊ ကျွန်တော့်အစ်မကလဲ ညြစတြေးလျမှာ ၊ သူကလဲ သူ့ကိုမှာစေချင်မလား၊ ကျွန်တော့်ကို လှမ်းခေါ်ချင်မလားမသိဘူး"

အဲသည်လောက် ဝါကျရှည်ရှည် ပြောရတာတောင် အတော်ပင်ပန်းသည်။ ဆရာဝန်က တော်တော်ကြီးကြိုးစားနေပုံရသည်။

"ကျွန်တော် ... ခင်ဗျားအစ်မနဲ့ တိုင်ပင်ချင်တယ်၊ ဖုန်းနံပါတ်ပေးနိုင်မလား" ... တဲ့။

ကိုယ်ဘာဖြစ်နေလဲ။ သွေးတိုးရောဂါတစ်ခုထဲတော့မကနိုင်ဘူးထင်၏။ လူက ရက်ပိုင်းအတွင်းမှာ ချုံးချုံးကျသွားတာ သိသာလှ၏။ သက်နှင်းကြင် အလုပ်မဆင်းသောနေ့၊ သက်နှင်းကြင်ထံမှ စာရသောနေ့၊ ကိုယ်ရုံးမှာမနိုင်တော့၍ အိမ်ပြန်လာခဲ့သည်။ အိမ်မှာ တစ်ယောက်ထဲပေါက်ကွဲရပုံကို ပြန်မတွေးချင်တော့ပါ။ နှစ်ရက်သုံးရက်အတွင်း အရက်တွေချည်းဖိသောက်ဖြစ်ခဲ့၏။ အရက်ဟာ ပြည့်

www.burmeseclassic.com

www.burmeseclassic.com



စုံဟန်နှစ်သက်သောအရာမဟုတ်ခဲ့ပါ။ ခုတော့ ... သောက်ချင်နေ၏။

ရှက်သည်၊ ခံပြင်းသည်။

နာမည်က "ပြည့်စုံဟန်"။ တလောကလုံးမှာ မပြည့်စုံတာ ဘာမျှမရှိ၊ လိုချင်သမျှရခဲ့သည်။ ခုတော့ ... အတာမ်းတဆုံးနှင့်အမက်မောဆုံးပစ္စည်းတစ်ခု ဆုံးရှုံးပြီ။ နာမည်က ပြည့်စုံဟန်ဖြစ်နေရတာ ဘာအသုံးကျတော့မှာလဲ။ ဘယ်မှာပြည့်စုံတော့လို့လဲ၊ ဒီလိုဖြစ်လာလိမ့်မည်လို့ ဘယ်တုံးကမျှ အိပ်မက်ထဲတောင် မမက်ဘူးခဲ့တာ။ မိန်းမတစ်ယောက်ကို လက်ညှိုးထိုး ခေါင်းခေါက်ပြီး ယူနိုင်လိမ့်မည် ထင်ခဲ့တာ။ ခုတော့ ... မလောက်လေးမလောက်စား၊ ဆင်းကလည်းဆင်းရဲသေး၊ ပေါက်စနမက ငြင်းသတဲ့။ သူ့ရည်းစားနှင့်ကိုယ်နှင့်များ ယှဉ်ကြည့်ပါအုံး။ အဖက်ဖက်က ယှဉ်ပါ။ အသက်တစ်ခုမှလွဲလျှင် အားလုံး ကိုယ်သာသည်။ အရပ်အမောင်းတောင်သာသေး။ သက်နှင်းကြင်နှင့်ထူးနောင်ယှဉ်ရပ်နေလျှင် အရပ်ချင်းကတူနေသည်။ မင်္ဂလာဆောင်လျှင်တောင် ဘီးဆံထုံး ထုံးပြီး ဒေါက်ဖိနပ်စီးခွင့်မရမှာသေချာ၏။

တောက်။

ခေါက်မိပြန်၏ း ဒီတောက်။ တောက်တွေခေါက်ရလွန်းလို့၊ အားမရတိုင်း၊ လည်ချောင်းထဲထိတိုင် အား





ရတိုင်း လည်ချောင်းကတောင်နာ၏။ အာခေါင်ကို တိုး ရလွန်းသော လျှာဖျားကလည်းနာ၏။ တောက်သံကတော့ တိုးလေ၏။

"စိတ်ကို အေးအေးငြိမ်သက်စွာထားပါ" ... တဲ့။

ဘယ်မှာအေးအေးနိုင်မလဲ။ ငြိမ်သက်နိုင်မလဲ။

ရင်ထဲကပူ။ ခေါင်းထဲကဆူ။ ဘာတစ်ခုမျှစားချင်စိတ်မရှိ။ အေးတွေကလည်း ဘယ်လာက်များပြင်းနေလဲ၊ ခုချိန်ထိ တစ်ကျောင်းမဖြူးသေးသောဆံပင်တွေ ... ဖြူရမည့်အချိန်လည်း ရောက်သေး။ သုံးဆယ်ဆိုတာ ဆံပင်ဖြူရမယ့်အချိန်မှမ ဟုတ်တာ ... အဲသည် အုံကောင်းမဲနက်လှသောဆံပင်တွေ မှာ ခုတလော ခေါင်းထဲ လက်ငါးချောင်းထိုးသွင်းဆွဲဖွ ပစ်လိုက်လျှင် တစ်ချေးကြီးကျွတ်ပါလာသည်။ မှန်ထဲသွား ကြည့်လျှင် ဘယ်လောက်စုတ်ပြတ်သတ်နေမည့်ရုပ်ကို တွေ့ မှာလဲ။ ရင်ထဲမှာ ပူတာထက် ပိုပူလာသည်။ ဒေါသတွေ ကြောက်ထဲတိုးကာ ဆွေးခုန်ဒုန်းတက်ပြီဆိုတာ သိလိုက်၏။

"ဦးဟန်ရို ... ဖုန်းလာပါတယ်"

တံခါးဝမှာ ဖုန်းလွှရပ်လာ၏။ အဲဒါ ... ကျော်သိန်းတို့လိုပဲ ဝမ်းကွဲတွေ။ သူက ကျောင်းပိတ်တုန်းမို့ လူအားဖြစ်နေပြီး ဦးဟန်နေမကောင်းတော့ ဦးဟန်အိမ်မှာ ပြောင်းနေပေး၏။

"ဒေါ်လေးလေး ... ဦးဟန်လေ ... အလုပ်တွေရှည်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်သောက်တာတဲ့၊ နေ့ရော၊ ညရောတဲ့၊ သုံးရက် ဆက်တိုက်တဲ့ခင်ဗျာ ... အမြဲပဲ နည်းနည်းပါးပါး စားတယ်၊ ထမင်းလုံးဝမစားဘူး၊ မူးပြီးအိပ်ပျော်သွား တုန်းပဲ ခဏနားတယ်၊ နိုးလာတာနဲ့ ပြန်သောက်၊ အမူးလွန်နေတုန်းခဏရယ်၊ ပြန်နိုးလာပြန်သောက်၊ ပြောလို့လဲမရဘူး၊ ပုလင်းပေါင်းဆိုတာ ဘယ်နှစ် ပုလင်းမှန်းတောင် မသိတော့ဘူးတဲ့။ သောက်လို့ကုန် တဲ့ပုလင်းလဲရှိတယ် ...

"မကုန်ခင် ရိုက်ခွဲပစ်တဲ့ပုလင်းလဲရှိတယ်။ ဖန်ခွက် တွေဆိုတာလဲ ပေါက်ပေါက်ခွဲထားလိုက်တာ ဘယ်နှစ် ဒါဇင်မှန်းမသိဘူးတဲ့"

... ဟု ဩဇာကြီးလျှထိ ဖုန်းလမ်းဆက်တိုင် တန်းပေးသူမှာ ဖုန်းလှူဖြစ်၏။ တစ်ယောက်ထဲနေသော ဦး ဟန်ကို တပည့်တွေက မထားဆီးရဲသမျှ ခိုင်းတိုင်းလုပ်ပေး နေရပြီး၊ ဖုန်းလှူရောက်လာမှ တိုင်၊ ဖုန်းလှူက လှလွန်းဟန် ကိုတိုင်။

"ကျေးဇူးပဲဖုန်းလှူ၊ မင်းအမေကိုပြောလိုက်၊ ဓွတ်သွား ဆွဲထူ၊ ဆရာမခေါ်၊ လူနဲ့သူနဲ့တူအောင် သန့်ရှင်းရေ လုပ်ပြီးမှ ဆရာဝန်ပြ၊ ပြီးရင် အကျိုးအကြောင်းပြန် ဆက်နော် ... မောင်ဟန် လူကောင်းပဲ ...

"အသိဉာဏ်ရှိတဲ့ကောင်၊ ဒါမျိုးမဖြစ်ရဘူးဆိုတာ သူ





သိရဲ့သားနဲ့ဖြစ်သွားတာ၊ အကြောင်းရှိမယ်၊ အဲဒီ အကြောင်းကို ဒေါ်လေးလေးသိချင်တယ်"

... ဆိုသည့် ညွှန်ကြားချက်ရမှ ဖုန်းလှူအမေ ခင်ဖုန်းယဉ်က ဦးဟန်တို့အိမ်ပေါ်ပြေးလွှားရောက်လာခဲ့ရ သည်။ အမျိုးတွေထဲမှာ ဦးဟန်ကိုပြောရဲဆိုရဲ နိုင်နင်းသူတစ် ယောက်မျှမရှိ။ လှလွန်းဟန်၏အမိန့်ဖြင့်သာ ခင်ဖုန်းယဉ် က လာရောက် ဓွတ်လုပ်ရခြင်းဖြစ်၏။ ဤနည်းအားဖြင့် ဦးဟန် ဆရာဝန်ပြဖြစ်သွားတာ၊ ဖုန်းလှူက လှလွန်းဟန်ဆီ နေ့စဉ်သတင်းပို့နေတာပါ။

"ဘယ်ကဖုန်းလဲ ဖုန်းလှူရယ်၊ ငါ ... ဘယ်မှာ အောက်ဆင်းပြီးပြောနိုင်မလဲ"

ဟုတ်သားပဲ။ ဖုန်းလှူက အောက်ထပ်မှဖုန်း နှင့် ဒေါ်လေးလေးဆီ သတင်းပို့နေတာ။ ကော့ဒ်လက်စ်ဖုန်း (Cordless Phone) တစ်ခု ဦးဟန်အခန်းထဲမှာ မူလကရှိ ပေမယ့် ဦးဟန်နေမကောင်းမှ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ ဖယ်ရှားထားခဲ့တာလေ။

"ဒေါ်လေးလေးပါ ... ဒါဆို၊ ကော့ဒ်လက်စ်ယူလာပေး ရမလား"

"နေ ... နေ ... ငါ့ဆယ်လူလာနံပါတ်နဲ့ ပြန် ဆက်လို့ပြောလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

နေမကောင်းလို့ ဆယ်လူလာလည်းပိတ်ထား တာ။ ဦးဟန်ကော့ဒ်လက်စ်နှင့် မပြောချင်ပါ။ အောက်ထပ် ဖုန်းမှ တစ်ယောက်ယောက် (ဖုန်းလူလဲဖြစ်နိုင်သည်) နား ထောင်မှာစိုးသည်။ မမကိုပြောချင်နေတာလဲ ရင်ထဲမှာ သိပ် များနေပါပြီ။ အခန်းဝထိသွားပြီး တံခါးကိုသော့ချပိတ်လိုက် ၏။ အိပ်ရာပေါ်ပြန်ရောကတော့ ဆော်ဆော်ကြီးမောနေသည်။ အခန်းတံခါးသော့ကို နေမကောင်းဖြစ်ကတည်းက သော့မချ ဘာ။ ခုသော့ချလိုက်မိပြီ။ ကိုယ် ... တကယ်လို့ တစ် ခုဆို ဘယ်လိုလုပ်မလဲ။ ကိုယ့်ကို အချိန်မီကယ်ဆယ်နိုင် ကူညီသူ ဘယ်လိုဝင်မလဲ။

ဒီအထိတွေး၏။

ဦးဟန်မသေနိုင်သေးပါ။ မသေချင်တာမဟုတ်။ မသေနိုင်သေးတာဖြစ်၏။ လုပ်စရာတွေကျန်သေးသည်။ တစ် ခုတော့ရှိ၏။ ဦးဟန်နေသောအခန်းက သော့ချလိုက်လျှင် အပြင်မှသော့နှင့်ဖွင့်မှရ၏။ အဲဒီသော့ကလည်း ဦးဟန်၏ မှာဆိုပေမယ့် ရေချိုးခန်းကူးတံခါးကိုတော့ ဆွဲရုံဆောင်မရ ဘဲ ဖွင့်ထားသည်။ အဲသည် ရေချိုးခန်းက ဟိုဘက်ခန်းရေ ချိုးခန်းနှင့် ဆက်လျက်၊ အလယ်ခေါင်မှ အုတ်ထရံက ခေါင် မိုးထိမမြင့်၊ ခေါင်မိုးမျက်နှာကျက်နှင့်ကာရံထားသော အုတ် ထရံကြားမှာ သုံးပေလောက် လစ်လပ်နေ၏။ အဲသည်ရေ ချိုးခန်းထဲသို့ ဟိုဘက်အိပ်ခန်း (လောလောဆယ် ဖုန်းလူ





နေသည်) ထဲမှဝင်၊ ရေချိုးခန်းချင်းကျော်ဝင်လျှင် ဦးဟန် အခန်းထဲသို့ရောက်နိုင်၏။ တစ်ခုခုဆို ... ဖုန်းလူရောက်လာ ပါပဲ။

"မောင်ဟန်"

"မမ"

ခေါ်သံမှာ ငိုသံစွက်သွား၏။ မမအသံကိုကြား တော့ ဝမ်းနည်းသွားသည်။ မေမေ့ကို သတိရ၏။ မေမေ အသေဆောရှာ၏။ သူ့အသက်အရွယ်နှင့်သူဆို နေနိုင် သေးသည်။ ဖေဖေလည်းတူတူ။ အသက်သုံးဆယ်ဆိုသည့် လူရွယ်တစ်ယောက်ဟာ မိစုံဖစုံရှိနေနိုင်သေးသည်။ ကိုယ့် မှာရှိတော့။ ကိုယ်ကံဆိုး၏။ မေမေရှိတုန်းကဆိုလျှင် အ ပြီးကို ဂရုစိုက်ခဲ့တာ။ ဒီသမီးနှင့်ဒီသားကို မုန်လိုကြည့် မှာသည်။ ရေချိုးခန်းချင်းကျော်ကူးလို့ရအောင် ဖွဲ့စည်းထား ဆောင် မေမေ့အစီအစဉ်ပါ။ မေမေတို့များ ရေချိုးတာ ကြာလျှင် ကပ်လျက်ရေချိုးခန်းထဲမှ လာအော်၏။

"အအေးမိမယ်ထွက်တော့" ... တဲ့။

အိမ်သာတက်တာကြာလျှင် ... "လိပ်ခေါင်း ထွက်မယ်တောင်တော့" ... တဲ့။ လွန်ရော၊ အဲသည်လောက် ပဲ။ ဒါကိုတွေးမိတော့ ရယ်ချင်ပြုံးချင်စိတ်ဝင်၏။ မျက် ရည်ဝဲဝဲနှင့်ပြုံးမိရင်း၊ မမကို မေမေ့ကိုယ်စား အစ်ကိုးဖြစ် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"လှူမိုက်ကလေးရေ ... မမလာခဲ့မယ်"

လှလွန်းဟန်က ရယ်၍ပြော၏။ ရယ်ပြောသည်ဆိုကထဲက မမ သိပ်စိုးရိမ်ပူပန်နေပြီဆိုတာ ဦးဟန်သိလိုက်၏။

"မမဆီ ဆရာဝန်က ဖုန်းဆက်သလား"

"မဆက်ပါလား ... ဘယ်ဆရာဝန်လဲ၊ မင်းကိုကုတဲ့ဆရာဝန်လား"

"ဟုတ်ကဲ့"

"ဟင့်အင်း ... ဘယ်သူမှမဆက်ဘူး၊ ဆက်မယ်ပြောလို့လား"

"ဆက်ချင်လို့တဲ့၊ ဖုန်းနံပါတ်တောင်းသွားတယ်"

"မင်း ပြောစကားနားမထောင်ဘဲ၊ မိုက်မဲနေရင်တိုင်ဖို့တန်းဖို့ဖြစ်မှာပေါ့၊ လိုရမယ်ရတောင်းထားတာဖြစ်မယ်၊ ခုချိန်ထိ မင်းက ပြောစကားနားထောင်တုန်းမို့၊ မဆက်သေးတာဖြစ်မယ်၊ မင်း ... သက်သာရဲ့လား"

"သက်သာပါတယ်မမ"

"မောလား ... စကားပြောရတာ"

"အိပ်ရာပေါ်မှာလှဲပြီးပြောတော့ ရပါတယ်"

"မင်းယောက်ဖနဲ့ မမနဲ့ လာခဲ့မလို့၊ ကလေးနှစ်ကောင်ထဲထားခဲ့ရမှာဆိုတော့ စိတ်ညစ်နေရသေးလို့ကွ၊ ဒါပေ





မယ့် ... တို့နှစ်ပတ်ထဲနေခွင့်ရမှာ"

"ဒါဆိုလဲ မလာခဲ့ပါနဲ့ မမရယ်၊ သွားရလာရ ပင်ပန်းတာနဲ့ နေရမှာနဲ့ မကာမိပါဘူး"

"ဘာပဲဖြစ်ဖြစ် တွေ့ရတာပေါ့"

"ဒါဆိုလဲ ... ကျွန်တော် နည်းနည်းပါးပါးသက်သာလာမှ လာခဲ့ပါလား။ ဟိုဟိုဒီဒီ တူတူသွားလာလည်ပတ်ရတာပေါ့။ ဒါမှမဟုတ်၊ ကျွန်တော် ဒီထက်ဆိုးမှလာခဲ့ပါ၊ ကျွန်တော့်အတွက် အသုဘရှင်အဖြစ်အသုဘာချရတာပေါ့"

"မောင်ဟန် ... "

"မမ ... ဒါဟာ သဘာဝကျတဲ့စကားပဲ၊ မမလက်မခံနိုင်ဘူးလား။ မမကိုးကွယ်တဲ့ ဗုဒ္ဓဘာသာတရားတော်မှာ သေခြင်းတရားကို မြတ်စွာဘုရားသော်မှ မလွန်ဆန်နိုင်ဘူးလို့ ဟောကြားခဲ့တယ်ဆို၊ လူဟာသေဖို့အတွက် ပြင်ဆင်ပြီးသားဖြစ်ရမယ်ဆို။ သေရင်ကိုယ့်နောက်ကို ဘာမှပါမလာဘူး၊ ကုသိုလ်နဲ့အကုသိုလ်ပဲပါတာမို့ အကုသိုလ်နည်းပြီး ကုသိုလ်များအောင်နေရမယ်ဆို။ သေဖို့အတွက် ပြင်ဆင်ရဦးမယ်… မမရဲ့ ...

"ကျွန်တော်ကိုးကွယ်တဲ့ဘာသာအရတော့ … ရဲ့အလိုတော်အတိုင်းပဲ။ ဘုရားသခင်… တော်မူ…

www.burmeseclassic.com

www.burmeseclassic.com



လဲ သွားရုံပေါ့။ ဘုရားသခင်ရဲ့မေတ္တာတော်ဟာ ကျွ
တော့်အပေါ်မှာ ကြီးမားပါတယ် မမရယ်"

လှလွန်းဟန် ... မျက်ရည်ပေါက်ခနဲကျသွာ
ရတာ၊ ဆယ်လူလာဖုန်းပေမယ့် တီဗီဖန်သားပြင်မပါသည်
မို့ ဦးဟန်မတွေ့လိုက်ရပါ။

"မင်းတို့အဖြစ်က ကြေကြေကွဲကွဲနဲ့ ရယ်ဖို့လဲကောင်း
တယ်။ မောင်နှမနှစ်ယောက်မှာ အစ်မက ဗုဒ္ဓဘာ
သာ၊ မောင်က ခရစ်ယာန်၊ ဗုဒ္ဓဘာသာက ခရစ်ယာန်
များတဲ့တိုင်းပြည်ကို ရောက်နေပြီး၊ ခရစ်ယာန်ကိုး
ကွယ်တဲ့မောင်က ဗုဒ္ဓဘာသာများတဲ့နိုင်ငံမှာ ကျန်
ရစ်တယ်"

... ဟု လှလွန်းဟန်ခင်ပွန်းက ပြောဖူး၏။

"မလာရသေးဘူးဆိုလဲ မလာသေးဘူးပေါ့၊ တွေ့တော့
တွေ့ချင်တယ်၊ မင်းမှာတဲ့အချိန်မှာ လာမယ်၊ မမှာ
ဘဲမနေပါနဲ့ မောင်ဟန်ရယ်၊ မှာနော်"

အသံက နစ်ဝင်မြုပ်တိမ်သွားသည်မို့၊ တစ်
ဖက်ကမမ၊ မျက်ရည်လျှင်လည်းဝဲ။ ဒါမှမဟုတ် ... ငိုနေ
ပြီတောင်ဖြစ်နိုင်၏။ ကိုယ်တိုင်လည်း ငိုချင်လာသည်။ ပြည့်
စုံဟန်ဆိုတာ ဒီလောက်အားငယ်တတ်တဲ့ကောင်မှမဟုတ်တာ။
သတ္တိတွေဘယ်ရောက်ကုန်ပြီလဲ။ သတ္တိဟာ ကျန်မာရေးနဲ့
ဆိုင်သလား။ လူနေမကောင်းတာနဲ့ စိတ်ဓာတ်တွေပါ ပျော့



ကုန်ရသလား။

"မမ ... ကျွန်တော့်စိတ်ထဲမှာ ဒေါသလဲထွက်တယ်၊
ခံပြင်းတယ်၊ ရှက်တယ်၊ ကိုယ့်ကိုကိုယ်တောင် စိတ်
နာတယ်၊ သေပစ်ချင်တယ် မမရယ် ... လူပျော့ဖြစ်
မှာစိုးလို့သာ"

မမကိုပြောပြဖို့၊ ရင်ဖွင့်ဖို့ စိတ်ကူးထားတာ
ပြီ။ ကိုယ့်ကိစ္စ ... ဘယ်သူ့မှဖွင့်မပြောရဲပါ။ ရွယ်တူ
ချင်းတွေသူငယ်ချင်းအပေါင်းအသင်းမိတ်ဆွေတွေ၊ တချို့က
လူ့ပျိုပဲဖြစ်နေတုန်း၊ တချို့က အိမ်ထောင်သည်တွေ
ဖြစ်နေပြီး ရင်းလည်းရင်နှီးပါသည်။ ဆိုးတိုင်ပင်ကောင်းတိုင်
တွေရှိ၏။ သို့ပေမယ့် ... ရှက်နာကြည်းစိတ်ကြောင့်
ဘယ်သူ့ကိုမျှ ဖွင့်မပြောရဲပါ။ ကိုယ်ဟာ အသုံးမကျတဲ့ကောင်
ယောက်ျားမဟုတ်တဲ့ကောင်လေးတစ်ယောက်နဲ့ ယှဉ်ပြိုင်ရာမှာ ကျ
ရှုံးခဲ့ရတဲ့ကောင်၊ ဘာမဟုတ်တဲ့ကောင်မလေးတစ်ယောက်ရဲ့
ပြင်းပယ်မှုကိုခံရတဲ့ကောင်၊ အလကားကောင်ဖြစ်ခဲ့ရတာ လူ
သိမှာ ရှက်လွန်းလို့ သေတောင်သေချင်၏။ ရင်မဖွင့်ရလေ
ရင်ထဲမှာဖွန်းကြပ်လေနှင့် ရင်ဘတ်ကြီးတစ်ခုလုံး လေးလံနေ
ပါတာ။ ဤကမ္ဘာမှာ ကိုယ်ရင်ဖွင့်စရာ မေမေ့ကိုယ်စား ...
မှာ ဆွေမျိုးမှာသာရှိလျှင် ရင်ခွင်ထဲခေါင်းထိုးပြီး တိုင်တန်းဖို့ရာ
ကိုယ့်အစ်မတစ်ယောက်လုံး ရှိနေသေးသည်လေ။

"ကျွန်တော်ဟာ အလကားကောင်လား မမရယ်၊ အ

www.burmeseclassic.com

www.burmeseclassic.com



သုံးမကျတဲ့ကောင်လား။ ကျွန်တော့်ကို ငြင်းတဲ့ကောင်မလေးဟာ ကျွန်တော်ခေါ်နိုင်းလို့ လူမွေးလူတောင်ပြောင်လာတာ၊ သူ့အမေက အင်းစိန်ရထားကြီးဆိုက်လာရင်၊ ရထားမှသေသေချာချာမရပ်ရသေးဘူး၊ နောက်ကပြေးလိုက် ...

"ပါလာတဲ့ကုန်စိမ်းတွေကို လုယက်ဝယ်၊ အဲဒီနားတင်အမြတ်ယူပြီး ပုတ်ပြတ်နဲ့ပြန်ရောင်းတန်ရောင်း၊ ဈေးထဲသွားထိုင်ရောင်းတန်တာရောင်း၊ မိုးရွာရင်စို၊ နေပူရင်ခြောက်၊ ဒါပေမယ့် ... သူတို့ ဝမ်းမဝကြဘူး၊ ခါးမလှကြဘူး၊ ကျန်းမာရေးတစ်ခါလောက်ဖောက်လိုက်ရင် ကြွေးတင်ရော ...

"အဲဒီအနေအထားက မိန်းကလေးက ကျွန်တော့်ကိုငြင်းတာမမ၊ သူ့မှာ ကောင်လေးရှိတယ်၊ သူ့ကောင်လေးက သူနဲ့ တစ်တန်းစားထဲမှာ တစ်ခုပဲမိုတယ်၊ အဖေပါရှိတယ်၊ ဒါပဲ၊ အဲဒီအမိုက်မကလေးက အချစ်ကိုပဲကိုးကွယ်သတဲ့ မမရယ် ...

"သူတို့သားအမိနှစ်ယောက်နဲ့ ဟိုက သားမိသားဖသုံးယောက်၊ လူငါးယောက်ပေါင်းပြီး ငတ်မွတ်ခေါင်းပါးဖို့ကိုရွေးတယ်၊ စိန်ပုံပေါ်တက်ပြီး ရွှေမကျည်းထောင့်တွေကိုက်စားရမယ့်လမ်းကိုပယ်တယ်၊ ကျွန်တော် ... အလဲထိုးခံလိုက်ရတာမမ ...



"ကျွန်တော်ပြိုင်ပြီး အရှုံးပေးလိုက်ရတဲ့ကောင်လေးဟာ ကျော်သိန်းတို့ ဖုန်းလူတို့လောက်ဆိုရင်တောင်ဖြေသာသေးတယ် မမရယ်၊ ဆယ်တန်းအောင်ထားတာကလွဲရင်၊ အိမ်မှာ ခြံစောင့်လုပ်တဲ့ ဗိုးကြွက်ကသူ့ထက်ပိုဝတ်နိုင်တယ် ပိုသုံးနိုင်တယ်၊ လူမွေးလူတောင် ပိုပြောင်သေးတယ် ...

"ကျွန်တော် ... ရက်ရက်စက်စက်ကို ဖြတ်ရိုက်ခံလိုက်ရတယ် မမရယ်။ ငှက်ပျောပင်တစ်ပင်ရဲ့အလယ်နားကနေ ဓားထက်ထက်နဲ့ တိခနဲတစ်ချက်ထဲအပိုင်းခံရတာနဲ့လဲတူတယ် ...

"ကျွန်တော့်ဘဝဟာ အရင်တုန်းက အထီးကျန်၊ တစ်ပင်ထဲ။ ခုတော့ ... အဲဒီတစ်ပင်ထဲဟာတောင် ငုတ်ကြီးဖြစ်ကျန်ခဲ့သလိုပဲ၊ ကျွန်တော်ချမ်းသာသမျှစည်းစိမ်ဟာ ဘာအဓိပ္ပါယ်မှမရှိဘူး။ ကျွန်တော်လူလုပ်နေသမျှ၊ ဒီအရှက်မရှိတဲ့မျက်နှာကြီးနဲ့ ခုံးရှုံးနေမှာချည်းပဲ"

တဝကြီးပြောချပစ်လိုက်သည်။ ရင်ထဲမှာ မချိ[illegible]နှံ့ခံစားရတိုင်း မျက်ရည်ဝဲ၏။ အသံတုန်၏။ မောကြ[illegible]ပြိုက်ဆို၏။ အော်ငိုချပစ်လိုက်ချင်စိတ်ကို "ယော[illegible]ကျား"[illegible]သည့်မာနနှင့် ပြန်ထိန်းရသည်။ ဦးဟန် ... [illegible]ကယ်ကို[illegible]ဆွေ့ခုန်ခံစားရလေ၏။ မခံချိမခံသာဖြစ်[illegible]နေသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မနိုင်ခဲ့မရရှိလှ၏။ ယင်း ... စပ်ပူစပ်လောင်ခံစားချက်များ အတွက် ဖြေဆေးလုံးဝမရှိ။

"ကျွန်တော် ... ရှုရင်လဲ ပြေးသတ်လိုက်ရမှ၊ ကိုယ့်ကိုကိုယ်ရင်လဲ ဓားနဲ့ပိုင်းချလိုက်မှ ဖြေသာတော့မယ်၊ အဲဒီလောက်ထိ ဆတ်ဆတ်ခါတယ် မမရဲ့၊ အဲဒါနဲ့ အရက်ကို သုံးရက်လား၊ လေးရက်လားတောင် မမှတ်မိတော့ပါဘူး၊ ဆက်တိုက်သောက်ပြီးမှ ... နေမှ အိပ်ပျော်နေမှပဲ ခံသာတယ် မမရယ်"

"ဖုန်းလှုသာ အိမ်ကို ဒီထက်နောက်ကျပြီးမှရောက်လာရင် ... မင်းအလောင်းကို သင်္ဂြိုဟ်ဖို့ပဲကောက်ကြရတော့မယ်၊ ဘယ်ဆွေမျိုးသားချင်းမှ အသက်မီလိုက်မှာမဟုတ်ဘူး"

ဒေါသနှင့်ပြောတာပေမယ့် လှလွန်းဟန် ... ဒီဘက်မှာ မျက်ရည်ကျနေပါ၏။

"အိမ်က အလုပ်သမားတွေအားလုံးကို၊ ဘယ်သူ့မှ မပြောနဲ့ပိတ်ထားတာ"

"ဟိုကောင်မလေးက အခု ... မင်းကုမ္ပဏီမှာပဲလား"

"သူက ထွက်စာတင်လို့ သူ့ကောင်လေးကို ကျွန်တော်သွင်းပေးထားတဲ့ကုမ္ပဏီ၊ ဟိုကောင် ... စိန်ထွန်းအောင်လေ၊ မမသိပါတယ်"

"အေး"



"သူ့ဆီပဲသွင်းပေးလိုက်တယ်၊ ကျွန်တော်သွင်းပေးမှန်း ကောင်လေးသိတယ်၊ ကောင်မလေးကတော့ သူ့ကောင်လေးပြောလို့ရတယ်ထင်နေတယ်၊ ကောင်လေးကို ကျွန်တော်ပိတ်ထားတယ်"

"ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ"

"မသိဘူးမမ၊ အဲဒီလိုလုပ်ရင်ကောင်းမယ်ထင်ပြီး လုပ်တာပဲ"

"မင်း ... ဒီကောင်မလေးကို တော်တော်ချစ်တာပဲ"

"ချစ်ပါတယ်၊ မမပြောတာထက်ပိုမယ်"

"မင်းကိုယ်မင်းလဲ တော်တော်ချစ်တာပဲ"

"ဟုတ်ကဲ့ ... အဲဒါလဲ မမပြောတာထက်ပိုမှာပါပဲ"

"မင်းက စာတွေအရမ်းဖတ်ထားတဲ့သူဆိုတော့ ယောနိသော မနသိကာယ ... ဆိုတာလေးမှ မကြားဖူးဘူးလား"

"ကျွန်တော် ကြားဖူးပါတယ်၊ အသင့်အဟင့်နှလုံးသွင်းပါတဲ့။ အလယ်အလပ်ပေါ့။ မလျှော့မတင်းစောင်းကြိုးညင်း၊ ဒီပါဠိကို မမမမေ့သေးဘဲ ပြောနေနိုင်သေးတာ ချီးကျူးပါတယ်"

"ဘုရားသခင်အလိုတော်အတိုင်းမဟုတ်ဘူးလား မောင်ဟန်"

"ဟုတ်ပါတယ်မမ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကဲ ဘာပြောလဲ"

"လူရောစိတ်ရော နားဖို့၊ ခရီးထွက်နိုင်တာနဲ့ ထွက်လိုက်ရင်ကောင်းမယ်လို့လဲ ပြောတယ်၊ ဆွေမျိုးသားချင်း သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့လဲ ပြောတယ်။ အရက်လိုဟာမျိုးကလွဲရင် ကောင်းကောင်းစား၊ ကောင်းကောင်းနား၊ လုပ်ချင်တာလုပ်လို့လဲ ပြောတယ်"

"လုပ်လေ"

"ဘာမှမလုပ်ချင်ဘူး မမ။ အော် ... တစ်ခုပြောရဦးမယ်၊ ကျွန်တော်က ပြေတော့လေ၊ ကောင်လေးနဲ့ ကောင်မလေးက တိုင်ပင်တယ်ပေါ့။ လူငယ်စိတ်၊ သူရဲကောင်းစိတ်ပေါ့ မမရယ်၊ နောက်မှသာ မှားပါပြီပြောချင်ပြောမယ်၊ လောလောဆယ်တော့ စွန့်စားကြည့်လိုက်ချင်တဲ့စိတ်ပေါ့ ...

"ကောင်လေးက စွန့်ထွက်ပေးမယ်၊ ကောင်မလေးက ကျွန်တော့်ကိုလက်ခံလိုက်ပေါ့လေ၊ သူတို့က ကျွန်တော့်ကို ကျေးဇူးရှင်အဖြစ်သတ်မှတ်ထားကြတာကိုး။ ကျေးဇူးဆပ်မယ်ပေါ့၊ ကျေးဇူးကို အချစ်နဲ့ဆပ်မယ်ပေါ့ ...

"အဲဒီစိတ်ကူးကို ဇီဝိုအာဏာနဲ့ဖျက်တာ ကောင်မလေးရဲ့အမေတဲ့"



"သူ့အမေ ..."

"ဟုတ်တယ် ... ခုခေတ်မှာ ကိုယ့်ကိုကိုယ် သူရဲကောင်းလိုလိုဘာလိုလို စတန့်ထွင်လိုက်မိတာနဲ့ တစ်သက်လုံးစိတ်ဆင်းရဲရမယ်တဲ့။ ကောင်လေးကတော့ ထားပါတော့၊ ကောင်မလေးက ဘာလို့စိတ်ဆင်းရဲရမှာလဲ"

"သူ့အမေက ဘာကြောင်းပြလဲ"

"အလွှာချင်းမတူဘူးတဲ့"

"အဲဒီအမေဖြစ်သူကလဲ သူ့ကိုယ်သူတော်တော်ချစ်တာပဲလို့ မမပြောရင်၊ မင်းက မမပြောတာထက်ပိုဦးမယ်လို့ ပြောဦးမယ်"

"ဒါပေါ့မမရယ် ... မောင်ထူး ... မောင်ထူးဆိုတာ ဟိုကောင်လေး၊ ထူးနောင်တဲ့။ မောင်ထူးယောက္ခမအနေနဲ့ မောင်ထူးဆီကရတဲ့ ရိုသေကျိုးနွံမှုမျိုး ဦးပြည့်စုံဟန်ဆီက၊ မောင်ထူးလောက်တော့ ဘယ်ရပါ့မလဲ။ လေးစားနေရာထားမှုပဲ ရမှာပေါ့။ ဦးပြည့်စုံဟန်ကတော့ ထူးနောင်လို ဘယ်ပျပ်ဝပ်နေမလဲ ...

"ပြီးတော့ ... ထူးနောင်ရှာကျွေးတဲ့ ငစိန်ဆန်ကို ဦးပြည့်စုံဟန်ရှာကျွေးတဲ့ပေါ်ဆန်မွှေးထက် ပိုပြီး ရဲရဲစားဝံ့မှာပေါ့။ ဒီလိုလူမျိုးလဲ လောကမှာရှိသေးတယ်"

"အဲဒါတွေအားလုံးဟာ အတ္တချည်းပါ ငါဆိုတဲ့မာန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ လှုပ်ရှားခံစားနေကြရတာချည်းပဲ။ မောင်ဟန်ရ
မင်းအတွက်ကို မင်း နည်းနည်းပါးပါးလျှော့ချနိုင်ရ
ဒီ့ထက်ခံစားရတာသက်သာလိမ့်မယ် ...

"အချစ်ပဲ။ သူချစ်ချင်တဲ့သူကို ချစ်မှာပေါ့။ ကိုပ
ကိုမချစ်ရကောင်းလားလို့ ယှဉ်ပြိုင်လို့ရတဲ့ကိစ္စလဲ
ဟုတ်ဘူး။ ပြိုင်တယ်ပဲထားဦး၊ မောင်ဟန်။ မင်းပြို
ရတာ လက်သီးချင်းလဲမဟုတ်ဘူး၊ မင်းဘက်က ဖြ
ပစ္စည်းရုပ်ဝတ္ထုအကောင်းစားတွေနဲ့၊ ဟိုဘက်က ဖြ
မဲ့ရုပ်မဲ့ခံစားမှုသက်သက်သာဖြစ်တဲ့အချစ်နဲ့ ပြိုင်ရတာ

"ပုံစံမှမတူတာ၊ ဘက်မဟုတ်ဘူး။ ပြိုင်လို့မရဘူး။
ယှဉ်လို့လဲမရဘူး။ ဒီစကားတွေ၊ မြန်မာလိုလှလှပ
ပြောတတ်နေတုန်းပဲဆိုပြီး မမကို မင်းချီးကျူးဦး"

"တကယ်ချီးကျူးပါတယ်မမ။ ဒါပေမယ့် ... ရုပ်ဝတ္ထု
ပစ္စည်းတွေက သုံးစွဲစားသောက်လို့ရတယ်၊ အသက်
ရှင်ရပ်တည်ရာမှာ ကောင်းကောင်းကြီးအထောက်အ
ကူပြုတယ် မမရဲ့၊ အချစ်က ခံစားရုံသက်သက်ပဲ၊
သုံးစွဲလို့ရလား၊ စားသောက်လို့ရလား"

"ဒါဆိုလဲ ... ဒီလိုအသုံးမကျတဲ့အချစ်အတွက်၊ လူ
အဖိုးတန်ကြီးတစ်ယောက်ကို မထိပါးစေနဲ့လေ"

"အဲဒီအသိတရားကိုရတဲ့အချိန်က နောက်ကျသွားပြ
ထင်တယ်မမရယ် ... ကျွန်တော်မောလာပြီ၊ ဖုန်းချ



လိုက်တော့မယ်။ မမလဲ ဒေါ်လာတစ်ရာကျော်လောက်
ကုန်သွားရောပေါ့၊ မမ ... မလာသေးရင်နေပါ
ဖုန်းတော့ခဏခဏဆက်ပါ"

"ဆက်မှာပေါ့၊ လူလဲလာခဲ့ပါတယ်။ မတွေ့ရတာကြာ
ပြီပဲ။ မင်းကို သကြိုပ်ဖို့မဟုတ်ပါဘူး၊ ရယ်စရာတွေ
ပြောရအောင်ပါ။ ဒါပဲနော် ... မောင်ဟန်။ မင်းနေ
ကောင်းပြီး ကျန်းမာပျော်ရွှင်လာဖို့ မမ ဒီမှာဘုရား
ရှိခိုး၊ ပုတီးစိပ်အဓိဋ္ဌာန်လုပ်ပြီး ဆုတောင်းပေးမယ်"

"ကျေးဇူးတင်ပါတယ် မမ ... ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်"

www.burmeseclassic.com

www.burmeseclassic.com



ပထမတွဲကို ဤနေရာတွင် ခေတ္တနားပါမည်။ ဒုတိယတွဲမှာ ဇာတ်သိမ်းပါမည်။ ကျေးဇူးတင်ပါသည်။

စာချစ်သူတိုင်းကိုချစ်တဲ့
ရွှေဆွယ်ဖေမြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

